မိုးကုတ်ဆရာတော်ဘုရားကြီး

ပခုက္ကူဆရာတော်ဘုရားကြီး

သဒ္ဓါဒီပက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ


ဆရာကြီးဦးကြည်

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာတရားတော်

(ဒုတိယတွဲ)

ဦးကံညွန့်



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး ဦးဝိမလပုံတော်

# ပအောက်ဆရာတော်ဘုရားကြီး



ဦးကုဏ္ဍောဘာသ

ဗုဒ္ဓစမ္မစာရေးဆရာကြီး



ဦးကံညွန့်

# မိုးကုတ်ဆရာတော်ဘုရားကြီး

# ပခုက္ကူဆရာတော်ဘုရားကြီး

သစ္စာဒီပက ကမ္မဋ္ဌာနာစရိယမူလဓမ္မာစရိယ

## ဆရာကြီးဦးကြည်

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာ တရားတော်

## (တတိယတွဲ)

## ဦးကံညွန့်

---

ဖြန့်ချိရေး "အင်ကြွင်းညွန့်" စာပေ

တိုက် (၂၉၁/၅)၊ ရန်ကင်းလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့၊ ☎ : ၅၅၆၄၉၉

ဘာသာရေးဆိုင်ရာစာမူ
ခွင့်ပြုချက်အမှတ် - (၇၈/၂၀၀၃) (၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - (၁၁၅/၂၀၀၃) (၂)
ပုံနှိပ်ခြင်း - ၂၀၀၃ ခုနှစ်၊ မတ်လ
အုပ်ရေ - ၁၀၀၀
တန်ဖိုး ၃၀၀
ထုတ်ဝေသူ - ဦးတင်ရှိန်
စန်းရောင်ရှိန်စာပေ၊
အမှတ် ၄/၁၇၇
မေခလမ်း၊ ဝေဘာဂီမြို့သစ်
မြောက်ဥက္ကလာပမြို့နယ်
ပုံနှိပ်တိုက် - သပြေညို ပုံနှိပ်လုပ်ငန်း
၁၃၇၊ သံသုမာလမ်း၊ သုဝဏ္ဏ
မျက်နှာဖုံးရိုက် - ကျောက်စိမ်းအော့ (ဖ်) ဆက်
၃၃ လမ်း၊ ရန်ကုန်မြို့။
ဖလင် - ဖူဂျီကို၊ (၁၃၅) ၄၈လမ်း
စာအုပ်ချုပ် - ဦးအေးမြင့် (၁၁၄)
၉၂ လမ်း၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | (က-တ) |


## ဓမ္မသဘာဝရှင်းလင်းချက်


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ငါ၊ သူမဟုတ် (နာမ်နှင့်ရုပ်) ဓမ္မသဘာဝသာ | ၁ |
| ၃။ | ရုပ် | ၆ |
| ၄။ | စိတ် | ၁၁ |
| ၅။ | (နာမ်ရုပ်)သည် (ခန္ဓာငါးပါး) | ၂၀ |
| ၆။ | စေတသိက် | ၃၀ |
| ၇။ | (နာမ်ရုပ်) ခန္ဓာရခြင်းသည် (ဒုက္ခ)အစုရခြင်းသာဖြစ်ခြင်း | ၆၀ |
| ၈။ | ခန္ဓာကိုယ် (ရုပ်နာမ်)၏ ဓမ္မသဘာဝ (သေခါနီးအချိန်) | ၇၅ |
| ၉။ | (ရုပ်နာမ်) မဖြစ်ရာအသင်္ခတ (နိဗ္ဗာန်) ၏သုခချမ်းသာ | ၈၀ |

၁၀။ (နိဗ္ဗာန်)ကိုမျက်မှောက်ပြုရန် (သတိပဋ္ဌာန်)နှင့် (ဝိပဿနာ) ကိုအားထုတ်ရပုံ ၈၄

၁၁။ အရိယာဖြစ်ရန်လိုအပ်ပုံ ၉၂

၁၂။ ကိလေသာနှင့်ကိလေသာချုပ် (နိဗ္ဗာန်) ၉၄


## မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားသော ဓမ္မာနုပဿနာတရားတော်


၁၃။ ဓမ္မာနုပဿနာတရားတော် ၁၀၅


## ဆရာကြီးဦးကြည်ဟောကြား တော်မူသော ဓမ္မာနုပဿနာတရားတော်


၁၄။ ဓမ္မာနုပဿနာတရားတော် ၁၁၆


## ပခုက္ကူဆရာတော်ဘုရားကြီးဟောကြား တော်မူသော ဓမ္မာနုပဿနာ(အနှစ်ချုပ်)


၁၅။ ဓမ္မာနုပဿနာတရားတော် ၁၆၀

၁၆။ ဓမ္မာနုပဿနာ (နိဝရဏပိုင်း) ၁၆၃

၁၇။ နိဝရဏရှုနည်း (သင်္ခါရရှုနည်း) ၁၆၅

# မာတိကာ

၃


| | | |
|---|---|---|
| ၁၈။ | ဓမ္မာနုပဿနာ (ခန္ဓာပိုင်း) | ၁၆၈ |
| ၁၉။ | (ဓမ္မ) သဘောတရားရှုနည်း | ၁၉၇ |
| ၂၀။ | ပညတ်နဲ့ ပရမတ် | ၂၁၇ |
| ၂၁။ | နာမသဏ္ဌာန်မရောက်ရန် အမှန်သတိပြု | ၂၂၄ |
| ၂၂။ | ကျမ်းကိုးစာရင်း | ၂၃၃ |

# နိဒါန်း

(ဓမ္မာနုပဿနာ)သည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြစ်၍ (သတိပဋ္ဌာန်) ၏အချုပ်လည်း ဖြစ်ပေသည်။ (ဝိပဿနာ)၏ အထွဋ်အထိပ်လည်းဖြစ်ပေသည်။ (သတိပဋ္ဌာန်) သည် မြတ်စွာဘုရား၏ (နိဗ္ဗာန်) သွားကြောင်းတစ်ခုတည်းသော လမ်းစဉ်အမှန်၊ အဆုံးအမ (သာသနာ) သာဖြစ်ပါ၍ (သတိပဋ္ဌာန်) အားမထုတ်လျှင် (ပဋိပတ္တိ) သာသနာမတည်သကဲ့သို့၊ အားထုတ်ပုံအားအားထုတ်နည်း (သတိပဋ္ဌာန်) မမှန်လျှင်လည်း (ဘာဝနာ) မဖြစ်ပေ။

(သတိပဋ္ဌာန်) တွင် (ကာယနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ္တာနုပဿနာသတိပဋ္ဌာန်၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်) ဟူ၍ (သတိပဋ္ဌာန်) လေးပါးဟောကြားရာ (မြတ်စွာဘုရား) ၏အဆုံးအမ (သတိပဋ္ဌာန်) ကို ကျနစွာအားထုတ်တတ်လို့ အလုပ်မှန်လာပါလျှင် (သောတာပန်) အစ (ရဟန္တာ) အထိ အရိယာ ဖြစ်နိုင်ကြပါသည်။ အရိယာဖြစ်ပုံဟောကြားရာ၌ -

စတုံန္နံ္ကမေသံခေါ်အာဝုသော သတိပဋ္ဌာနာနံပဒေသံ
ဘာဝိတတ္တာ သောခေါ်ဟောတိ - ဟူ၍

(သတိပဋ္ဌာန်) ကိုတစ်စိတ်တဒေသအားထုတ်ပါက (သောတာပန်) မှအရဟတ္တမဂ်ပုဂ္ဂိုလ် (သေက္ခ) ဖြစ်နိုင်ကြောင်း (မဟာဝဂ္ဂသံယုတ်) ပါဠိတော် (ပဒေသသုတ်) တွင်ဟောတော်မူ၍ (သမတ္တသုတ်) တွင် (သတိပဋ္ဌာန်) တရားလေးပါးကို အပြည့်အစုံ (အပြီးအစီး) ပွားများအားထုတ်ပါက အရဟတ္တဖိုလ် (ရဟန္တာ) ပုဂ္ဂိုလ်အထိ (အသေက္ခ) ဖြစ်နိုင်ကြောင်း ဟောတော်မူချက်အရ မြတ်စွာဘုရား၏သာသနာတွင် (အရိယာ) ဖြစ်ခြင်းသည်သာအဓိက ပဓါနဖြစ်ရကား (အရိယာ) ဖြစ်ကြောင်း တရားသည်အလိုအပ်ဆုံး အရေးကြီးဆုံးဖြစ်ပါသည်။

(သတိပဋ္ဌာန်) ကြောင့် (အရိယာ)ဖြစ်သည် (မဂ္ဂင်ရှစ်ပါး) ကြောင့်(အရိယာ)ဖြစ်သည်ဟုနှစ်မျိုးထင်စရာရှိသော်လည်း ကမ္မဋ္ဌာန်းသည်လည်း ဘာဝနာ၊ ဘာဝနာသည်လည်း ကမ္မဋ္ဌာန်းဟုဆိုကြသကဲ့သို့ ဤနှစ်မျိုးတို့သည် ခေါင်းတွဲနှင့်လူစီးတွဲပါမှ (မီးရထား) ဖြစ်သလို စင်စစ်မှာ (မီးရထား)နှင့် သွားသကဲ့သို့တစ်ကြောင်းတည်းသော (ကောသနမဂ်) မှာ (သတိပဋ္ဌာန်) ရော (မဂ္ဂင်) ပါ ပါရလေသည်။ ပါပုံအတိုချုပ်မှာ (သတိပဋ္ဌာန်) သည်အရှုခံ (ရုပ်နာမ်) ဖြစ်၍၊ (မဂ္ဂင်)သည်ရှုဉာဏ်၊ (ရှုဉာဏ်တရားငါးပါး) ပင် ဖြစ်တော့သည်။ ထို့ကြောင့် ရှုကွက် (သတိပဋ္ဌာန်) မှန်ဖို့နှင့် ရှုဉာဏ် (မဂ္ဂင်) မှန်ဖို့ သာအရေးကြီးလှပါသည်။

(သတိပဋ္ဌာန်) ၏ အရှုခံ (ရုပ်နာမ်) ၂ပါးအနက်၊ (ကာယ)= ရုပ် = ဖောက်ပြန်မှု၊ (ဝေဒနာ) = ခံစားမှု၊ (စိတ္တာ) = သိမှု၊ (ဓမ္မာ) သဘာဝသဘောတရားဟူ၍ရှိရာ၊ ထို (သတိပဋ္ဌာန် ၄ပါး) ကို ခွဲ၍ အားထုတ်ရာတွင် (ကာယ၊ ဝေဒနာ၊ စိတ္တာ) သုံးပါးသည် (ပညတ်) နှင့် (ပရမတ်) တွဲလျက်နေသောကြောင့် ထိုသုံးပါးသောတရားကို (ဝိပဿနာဉာဏ်) ဖြင့် (ပညတ်) ကိုဖယ်ပြီး (ပရမတ်) ကိုသိမြင် အောင်အားထုတ်ရပေသည်။

(ဓမ္မာနုပဿနာ)မှာကား (ဓမ္မ) သဘောသဘာဝဖြစ်သော (ပရမတ်)ကိုသာ တိုက်ရိုက်ရှုရသည်ဖြစ်ရာကား (ရုပ်နာမ်) (ပရမတ်) အားလုံးပါဝင်သွားလေသည်။ မြတ်စွာဘုရားသည် (ဓမ္မာနုပဿနာ) ကို (ငါး) ပိုင်းပိုင်း၍ ဟောထားရာ နီဝရဏပဗ္ဗ (နီဝရဏပိုင်း) အရ သင်္ခါရ(ဓမ္မ)များကိုရှုရပေသည်။ ခန္ဓပဗ္ဗ(ခန္ဓာပိုင်း)အရ၊ ခန္ဓာငါးပါး (ရုပ်နာမ်)ဓမ္မ(ပရမတ်) အားလုံးပါဝင်သွားလေသည်။ ထိုမျှမကသေး ကျန်(သုံး)ပါးဖြစ်သော(ပရမတ္တဓမ္မ)ဖြစ်သည့် အာယတန(ဓမ္မ)၊ ဗောဇ္ဈင်(ဓမ္မ)၊ သစ္စာ(ဓမ္မ)တို့သည်လည်း (ဓမ္မာနုပဿနာ)၌ပါဝင်နေ သောကြောင့် (ပရမတ်)ကိုသာရှုပွားရသော(ဓမ္မာနုပဿနာ)ကိုရှုပွား ခြင်းသည် (သတိပဋ္ဌာန်)၄ပါးလုံး ပါဝင် အကြုံးဝင်နေကြောင်းသိသာ ထင်ရှားလှပါသည်။

(ဓမ္မာနုပဿနာ)တွင် ရှုနိုင်သည့် (ပရမတ်) သဘောကို

## (ဃ) နိဒါန်း

(ငါး)ပိုင်းခွဲ၍ ဟောကြားထားရာ၊ ထိုငါးပိုင်းလုံးကိုအနှစ်ထုတ်သော် (ပရမတ္ထဓမ္မ) သာလျှင်ရသည်ဖြစ်၍ သန်ရာ၊ သန်ရာ (ဓမ္မ) ပရမတ်ကို (ဉာဏ်) နှင့်မြင်အောင်အားထုတ်နိုင်ပါလျှင် ကိစ္စပြီးမြောက်ခရီးရောက်သည်သာဖြစ်ပါသည်။

(နိဗ္ဗာန်) ရောက်ကြောင်းတရား (ဓမ္မ) သည် (အဘိဓမ္မတ္ထသင်္ဂဟ) တွင်ပါရှိသည့်အတိုင်း (သင်္ခတ) နှင့် (အသင်္ခတ) နယ်တွင် (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) သည် သာ (ဓမ္မ) တရားများသာဖြစ်ပါသည်။ (ဥေယျမ်)တရားနှင့်လည်းသိနိုင်ပါသည်။ ထို့ကြောင့် (ဓမ္မ) ဆိုသည်မှာ -

| **သင်္ခတနယ် (သင်္ခတဓမ္မ)** | | **အသင်္ခတနယ် (အသင်္ခတဓမ္မ)** |
|---|---|---|
| စိတ် | | နိဗ္ဗာန်(ပရမတ်) |
| စေတသိက် | = ပရမတ် (ရုပ်နာမ်) | |
| ရုပ် | | |
| ပညတ် | = ပညတ် | |

(စိတ်၊ စေတသိက်၊ ရုပ် ကို ကွင်းဖြင့် စုထားသည်)

အထက်ပါအတိုင်း ခွဲကြည့်ခြင်းအားဖြင့် (သင်္ခတ)နယ် (သင်္ခတဓမ္မ) သည် (ပညတ်) နှင့် (ပရမတ်) သာရှိကြောင်း တွေ့ရပြီး (အသင်္ခတ) နယ် (အသင်္ခတဓမ္မ) သည် (နိဗ္ဗာန်) (အသင်္ခတပရမတ်) သာဖြစ်ကြောင်း သိထားရမည်ဖြစ်ပါသည်။ ထို့ကြောင့် လောကကြီး

တစ်ခုလုံးတွင် ဖြစ်ပြီးပျက်နေသည့် (ရုပ်နာမ်) (ပရမတ်) နှင့် အခေါ်အဝေါ် (ပညတ်) တို့သာဖြစ်သည့် (ပရမတ္ထသစ္စာ) နှင့် (သမုတိသစ္စာ) သာအမှန်ရှိပေတော့သည်။ သမုတိသစ္စာ (ပညတ်) နှင့် (ပရမတ္ထသစ္စာ) (ပရမတ်) ဓမ္မသာအမှန်ရှိနေသည်ကို ရှင်းဦးအံ့ -

ပညတ္တိဓမ္မ = (ပညတ်) သဘောနှင့်ပရမတ္ထဓမ္မ = (ပရမတ်) သဘောရယ်လို့ လောကတွင်မကင်းစကောင်းသောတရား (၂)ပါး သည်ရှိပါသည်။ အမှန်တရား (သစ္စာ) နှင့် ပြောလျှင်လောက၌ရှိသော အမှန်တရား (သစ္စာ)သည် သမုတိသစ္စာ (ပညတ်) နှင့် ပရမတ္ထသစ္စာ (ပရမတ်) ဟူ၍သာ (သစ္စာ) အမှန်တရား (ဓမ္မသဘာဝ) ၂မျိုး ၂စားသာရှိပါသည်။

(ဓမ္မ) အနေနှင့်ပြောလျှင် (သင်္ခတဓမ္မ) နှင့် (အသင်္ခတဓမ္မ) ဟူ၍သာ (ဓမ္မ) ၂ပါးရှိပါသည်။ (သင်္ခတ) နယ်တွင် (ပညတ္တိဓမ္မ) နှင့် (ပရမတ္ထဓမ္မ) ဟူ၍ (ပညတ်နှင့်ပရမတ်) ၂မျိုးသာရှိရာ၊ ထို (ပညတ်) နှင့် (ပရမတ်) ကိုသရုပ်သန္တာန်ခွဲပြရပါလျှင်

(ပညတ်) = ဆိုသည်မှာ "သင်္ကေတဝစနံသစ္စံ၊ လောကသမုတိကာရဏာ" ဟုဆိုထားသလို လောကသားများအစဉ်အလာအားဖြင့် အများသဘောတူအပြောအဆို၊ အသုံးအနှုန်း၊ အမှတ်အသားများ

သတ်မှတ်၍ ခေါ်ဝေါ်သုံးစွဲခြင်း၊ မပေါ်လွင်သောသဘောတရားကို ပေါ်လွင်အောင်အမှတ်အသားထုတ်ဖော်၍ ပြောဆိုခြင်း၊ သုံးစွဲခြင်းသည် သမုတိသစ္စာ (ပညတ်) များသာဖြစ်ပါသည်။ တကယ်မရှိသော (ပညတ်) တရားတို့သည် သဘောတရား၊ သတ္တိမရှိ (သဘာဝ) မဟုတ် (အဘာဝ) မျှသာဖြစ်လေသည်။

(ပညတ်) တွင် ၂မျိုးရှိလေသည်၊ တကယ်ရှိသော (ဝိဇ္ဇမာန၊ ပညတ္တိဓမ္မ) နှင့်တကယ်မရှိသော (အဝိဇ္ဇမာနပညတ္တိဓမ္မ) ဟူ၍ နှစ်မျိုးရှိပါသည်။ (ဝိဇ္ဇမာနပညတ်) သည်တကယ်ရှိသော သဘောကို နံမည်တပ်၍ခေါ်ရာ၌ (ဥပမာ) ရုပ်နာမ်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ စေတနာ၊ ဝေဒနာ၊ သညာအစရှိသည့် (သင်္ခတ) လောက၌ ရှိသော စိတ်(၁)ပါး၊ စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါးတို့ ပါဝင်သော (၈၁)ပါးသော (သင်္ခတဓမ္မ)သဘောတရား၏ အခေါ်အဝေါ်များသည် အဟုတ်ရှိတကယ်ရှိသော (ဓမ္မသဘာဝ) ကို နံမည်ပေး၍ ပြောဆိုရရာ၊ အဟုတ်ရှိတကယ်ရှိသော(ပညတ်)ဖြစ်သောကြောင့်(ဝိဇ္ဇမာန ပညတ်)ဟုခေါ်ရပါသည်။

အဟုတ်မရှိ၊ တကယ်မရှိသော (အဝိဇ္ဇမာနပညတ်) သည် (ဥပမာ) - တနင်္ဂနွေ၊ တနင်္လာ၊ ဝါဆို၊ ဝါခေါင်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါဟူသော အခေါ်အဝေါ် (ပညတ်) သည် အဟုတ်မရှိ၊ တကယ်မရှိသော သဘာဝမဟုတ်၊ သဘောတရားသတ္တိမရှိသော

လက္ခဏာမရှိသောအဘာဝ (အဝိဇ္ဇာမာနပညတ်)များသာဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိအခေါ်အဝေါ်အားလုံး၊ သင်္ကေတ၊ အမှတ်အသား၊ နံမည်များ၊ ပုံသဏ္ဌာန်များအားလုံးသည်(အဝိဇ္ဇာမာနပညတ်)တကယ်မရှိသော(ပညတ်)များသာဖြစ်ပါသည်။

"သတ္တောစ၊ သင်္ခါရောစ၊ နာမမုတ္တော၊ ဓမ္မောနာမနတ္ထိ" ဟူ၍ဆိုထားရာ (သတ္တဝါ) ဖြစ်စေ၊ (သင်္ခါရ) ဖြစ်စေ (သတ္တာလောက၊ သင်္ခါရလောက၊ ဩကာသလောက) တို့၌ (အမည်၊ နာမ) (ပညတ်) မှလွတ်သောတရားမည်သည်မရှိပါ။ ကျွန်ုပ်တို့သည် လောကသား (ပညတ်) နယ်သား၊ (ပညတ်)များဖြင့် နေရာတကာတွင် သုံးစွဲပြောဆိုနေရသော (ပညတ်) ရှုထောင့်ကချည်းရှုကြည့်နေကြရသော လောကမှမလွတ်မြောက်သေးသော (ပညတ်) နှင့်နေသော လောကသားများဖြစ်နေကြရပါသည်။

(ပရမတ်) = ဆိုသည်မှာ (လက္ခဏာ) နှင့်တကွသော (သဘောတရား) တို့ရှိသောအကြောင်းအကျိုးမကင်းသော တရားသဘော (ဓမ္မ)ကို (ပရမတ္ထဓမ္မ) ပရမတ်ဟုခေါ်ရပါသည်။ "ပရမတ္ထဝစနသစ္စံ ဓမ္မာနံဘူတာကာရဏာတတ္ထလက္ခဏာ" ဟု (နိဒါနဝဂ္ဂ၊ အင်္ဂုတ္တရ၊ သီလက္ခန်)တို့၌ပါရှိသော (ပညတ်)မဖတ်သော (သဘောတရားသတ္တိ) နှင့် (ကိုယ်ပိုင်လက္ခဏာ) ရှိသောအကြောင်းအကျိုး မကင်းသော၊ ဩကာသလောက၌ရှိသော ရုပ်ဝတ္ထု၊ နာမ်ဝတ္ထုသဘောအားလုံးကို

(ပရမတ္ထတရား) ပရမတ်ဟုခေါ် ရပါသည်။

(ပရမတ်) ဆိုသည်မှာ မဖောက်မပြန်မှန်ကန်သော သဘော လက္ခဏာသတ္တိတွေ အသီးသီးရှိခြင်းကြောင့်လည်း (ပရမတ်) ဟုခေါ် ရပါသည်။ (ပရမတ်) သည် (ဓမ္မ) သဘောတွေကိုသာခေါ် ဆိုခြင်း ဖြစ်ရာ (ဓမ္မ) မှာလည်း (ရုပ်) ဓမ္မ (နာမ်) ဓမ္မတွေသာ (ဉာဏ်) နှင့် သိမြင်ရခြင်းဖြစ်ပါသည်။

(ပရမတ်) ဆိုသည်မှာ ပညတ္တိဓမ္မ (ပညတ်) မှလွတ်သော၊ (ပညတ်) မဟုတ်သော (ဓမ္မ)သည်အတ္တအနက်ရှိသော အရိယာနွယ် ဝင်သူတော်စင်တို့သာလျှင် (ဉာဏ်)နှင့်အာရုံပြု၍ရသောမြင်ကောင်း သောတရား၊ (ဝိပဿနာ) တရား၏ကြွက်စားရာအာရုံတရားဖြစ် ပါသည်။ (ပရမတ်) အာရုံသည် (ပညတ်) ကိလေသာများဖြစ်ကောင်း သည့်တရားမဟုတ်ပေ။

(ပရမတ်) ကိုသာမန်ပုဂ္ဂိုလ်တို့မြင်နိုင်သောတရားမဟုတ် သောကြောင့် "သုဒုဒ္ဒသသုနိပုဏံ ဂမ္ဘီရံဟူ၍ ပါဠိစာပေများ၌ ဟောကြားထားသည့်များလည်း ရှိပါသည်။ (အဓိပ္ပါယ်) မှာ မြင်နိုင်ခဲသော၊ နက်နဲသော၊ နူးညံ့သိမ်မွေ့သော (ဓမ္မ) ဖြစ်သော ကြောင့် (ပရမတ္ထသစ္စာ) ဓမ္မအမှန် (ဓမ္မသစ္စာ) ဟူ၍လည်းခေါ်ရ ပါသည်။

(ဓမ္မ) ဆိုသည်မှာလည်း "ဓမ္မောတိသဘာဝေါ" ဆိုသကဲ့သို့ (ဓမ္မ) သည်သဘော၊ သဘာဝပင်ဖြစ်ရာ (ဓမ္မ) သည်သူ့သဘာဝ သူ့ကိစ္စကိုသူ့ဟာသူဆောင်ရွက်ခြင်းကိုခေါ်ပါသည်။ (သစ္စာ) ဆိုသည်မှာလည်းမှန်ကန်ခြင်းဖြစ်ရာ၊ သူ့သဘောနှင့် သူ့ကိစ္စကိုဆောင်ရွက်နေသည်မှာ မှန်ကန်ခြင်းကြောင့် (ဓမ္မသစ္စာ) ဟူ၍ခေါ်ဆိုရပါသည်။ (ဓမ္မ) တွင် (ပညတ်) နှင့် (ပရမတ်) ဓမ္မသာ ဤလောက၌ရှိနေပါသည်။

(ပညတ်) နှင့် (ပရမတ်)ကိုကွဲလိုလျှင် (အမည်)က အခေါ်က (ပညတ်)ဖြစ်၍ (သဘော)က(ပရမတ်)ဖြစ်ပါသည်။ (သုတ္တန်) တရားတော်များ၌ (ပုဂ္ဂလ) နှင့် (ဓမ္မ) ကိုတွဲဟောရပါသည်။ (ပုဂ္ဂလ) ခေါ် (ပုဂ္ဂိုလ်) က (ပညတ်) ဖြစ်၍ (ဓမ္မ) က (ပရမတ်) သာဖြစ်ပါသည်။ အခေါ်ခံရသည့်သဘောမှာ (ပရမတ်) ဖြစ်၍ ခေါ်ပြောမှုက(ပညတ်) ဖြစ်ကြောင်းခွဲခြားသိရပါမည်။ ထို့ကြောင့် (ပရမတ်)မရှိလျှင် (ပညတ်) မရှိနိုင်ပါ။ (ပရမတ်)ရှိလို့သာ (ပညတ်) ဖြစ်ပေါ်လာရ ပါသည်။

(ပရမတ်) ဉာဏ်ရှိကြသော ဆရာတော်ကြီးများက အမိန့်ရှိကြသည်မှာ- "အရိုးပေါ်အရွက်မဖုံးကြနဲ့" ဟူ၍ဆုံးမကြပါသည်။ အရိုးသည်ပင်စည်၊ လုံးပတ်၊ အကိုင်းအခက်တို့ဖြစ်သည့်အတွက် အရိုးရှိ၍သာအရွက်ဖြစ်လာရသောကြောင့် အရိုးပေါ်အရွက်မဖုံးစေလိုသည်မှာ (ဥပမာ) တင်စား၍ ပြောကြားသည့်စကားဖြစ်ရာ၌

(အရိုး) ကိုမမြင်ပဲ (အရွက်) တွေကိုသာမြင်သည် (ဝါ) (ပရမတ်) ကိုမမြင်ပဲ (ပညတ်) တွေသာမြင်နေကြသည့်အတွက် (ပရမတ်) ကို (ပညတ်) မဖုံးစေသော ဤစကားဆိုလိုရင်းကို သိနိုင်ကြပါသည်။

(ပရမတ်)ကို (ပညတ်)ဖုံးလျှင် (ပရမတ်) ပျောက်ပြီး(ပညတ်) တွေသာရောက်နေပါသည်။ လောကသားပုထုဇဉ်တို့သည် (ပရမတ်) အမှန်တရားပျောက်ပြီး (ပညတ်) ရောက်ခါ (ပညတ်) များကိုပင် အဟုတ်ထင်၍ (ပညတ်) တို့ဖြင့် ပြောဆိုစွဲမှတ်နေကြရာ၌ (ပညတ်) တွေသာရောက်နေသည့်အတွက် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မြင်သည့်အတွက်ကြောင့် တပ်မက်သည့် (တဏှာ)၊ စွဲလန်းသည့် (ဥပါဒါန်) နှင့် ပြုလုပ်သည့် (ကံ) ဖြစ်သည့် (ကမ္မဘဝ) အကြောင်းတရားများကြောင့် (ဇာတိ၊ ဥပ ပတ္တိဘဝ) နှင့် ဘဝတဖန် ပြန်ဖြစ်ကြရာ (ဇာတိ)ရရာ၌(ဇရာ၊ မရဏ)ဖြင့်သေရပြန်ပြီး တစ်ဖန် (ဇာတိ၊ ဇရာ၊ မရဏ) ဖြင့်သံသရာလည်ကြရသည်မှာ အပင်မှမျိုး၊ မျိုးမှအပင်ဆိုသလို သစ်ပင်၊ မျက်ပင်များကဲ့သို့ မဆုံးနိုင်သော ဘဝ သံသရာနှင့် ကြုံတွေ့နေကြရပါသည်။

အကြောင်းမှာ (ပရမတ်) ကို (ပညတ်) ဖုံးသည့်အတွက် ဖြစ်ရပါသည်။ ကလေးငယ်ကလေးဘဝက (ပညတ်) မဖုံးသည့် အတွက် သန့်စင်မွန်မြတ်၍ ကြည်လင်နေကြပါသည်။ သိတတ်သည့် အရွယ်မှစ၍ လူကြီးဖြစ်လာသည့်အချိန်ထိ ကြီးလေချင်လေ

(သံပုရာသီး)မျိုးဆိုသကဲ့သို့ (ပညတ်) တွေဖုံးသွားသောကြောင့် (ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ) ဟူသောအသိများ၊ အမြင်များ၊ အမှတ်များကြသဖြင့် (အဝိဇ္ဇာ၊သင်္ခါရ)ကြောင့် မျိုးဗီဇတွေထုတ်ပေးသည့် (တဏှာ၊ ဥပါဒါန်၊ ကံ) တွေဝင်လာသည့်အတွက် အပင်မှမျိုး၊ မျိုးမှအပင်ဖြစ်သလို သေသည့်အခါ၌ (တဏှာဥပါဒါန်)မလွတ်ပဲ သေကြရသည့်အတွက် မျိုးပွားကာ မဆုံးနိုင်သော သံသရာရေယာဉ်ကြောမှာမျှောနေကြရခြင်းဖြစ်ပါသည်။

အကြောင်းမှာ (ပရမတ်) ကို (ပညတ်) ဖုံးသည်။ (နိဗ္ဗာန်) ကို (ပညတ်) နှင့် (ခန္ဓာ) ဖုံးနေသောကြောင့် ဖြစ်ပါသည်။

(ပညတ်) ပယ်ဖျောက် (ပရမတ်) ရောက်
လက္ခဏာဉာဏ်ပေါက် - ပုဂ္ဂိုလ်ပျောက်
ခန္ဓာလွန်မြောက် - ဉာဏ်ထွင်းဖောက်
မဂ်ပေါက်ဖိုလ်ဝင် - (နိဗ္ဗာန်) မြင်နိုင်ကြပါသည်။

(ပညတ်) ကို ပယ်ဖျောက်တတ်၍ (ပညတ်) နှင့် (ပရမတ်) သဘောတရားများကို (ဉာဏ်၊ ပညာ) ဖြင့် ပိုင်းခြား၍ ခွဲလှန်၍မြင်တတ်သော (ဉာဏ်) ကို (အဘိညာ) = အထူးသိ၊ (ပရိညာ) = ပိုင်းခြား၍သိမြင်သော (ဉာဏ်ကိုရပါသည်။ ထိုဉာဏ်သည် (ခန္ဓာပရမတ်) ကို သိမြင်နေရာ (ပရမတ်) သည် (ဖြစ်ပျက်) ရှိနေခြင်းကြောင့် ထို

(ပရမတ်ခန္ဓာ) ဖြစ်ပျက်ကိုရှုမြင်နေရရာမှ ခန္ဓာလွန်မြောက်သွားသည့်ခန္ဓာမဖြစ်ရာမပျက်ရာမဂ်ပေါက်၊ ဖိုလ်ဝင် (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ကြရပါသည်။

ပရမတ္ထတရားလေးပါးဖြစ်သည့် (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ဟူ၍တကယ်ရှိ အဟုတ်ရှိအမှန်တရားလေးပါးရှိရာ၌ အဟုတ်မရှိ၊ အမှန်မရှိသော (ပညတ်) ကိုပယ်ခွါ၍ အမှန်ရှိသော (နိဗ္ဗာန်) ကို ရောက်ဖို့ရာ၊ အမှန်ရှိသော (ပရမတ်) တရားဖြစ်သည့် (စိတ်၊ စေတသိက်၊ ရုပ်)ခေါ်သည့် (ရုပ်နာမ်) ပရမတ်(အရှုခံ) ကို (ရှုဉာဏ်မဂ္ဂင်) ဖြင့် ရှုရသည့် (ဓမ္မာနုပဿနာ) သည် တန်ဘိုးကြီးလှပါသည်။

(သံသရာ) မှ လွတ်မြောက်ကြောင်း ဖြစ်သော မြတ်စွာဘုရား၏အဆုံးအမ (သာသနာ) ကိုမကွယ်ပျောက်လေအောင် စေတီပုထိုးများတည်ထားကိုးကွယ်ခြင်း၊ (ပရိယတ္တိသာသနာ) မကွယ်ရလေအောင် ရဟန်းပြုကြ၍ (ပရိယတ္တိ) စာပေများလက်ဆင့်ကမ်းနိုင်အောင်သင်အံ့ကျက်မှတ်ကြခြင်း (ပဌာန်း) တရားများရွတ်ဘတ်ကြခြင်းစသည်များဖြင့် (ပရိယတ္တိသာနာ) ကို စောင့်ရှောက်နေကြပါသည်။ သို့သော် (ပဋိပတ္တိ) သာသနာ (အကျင့်) တရားကို စောင့်ရှောက်မှုမှာကား လိုနေပါသေးသည်။ (ပရိယတ်၊ ပဋိပတ်) လမ်းမှန်မရလျှင် (ပဋိဝေဒ) သို့ရောက်နိုင်မည်မဟုတ်ပါ။

မြတ်စွာဘုရားသည် မလ္လာမင်းတို့၏ဥယျာဉ်တော်အတွင်းရှိ အင်ကြင်းပျိုနှစ်ပင်ကြား၌ ပရိနိဗ္ဗာန်စံလွန်တော်မူခါနီး အခါသမယတွင် (ပရိဗိုဇ်သုဘဒ်) အား ဟောကြားခဲ့သည်မှာ -

"ဣမေစ သုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ

အသုညောလောကောအရဟန္တေဟိအဿ"

ဟူသောပါဠိစကားတော်ကို ထောက်ရှု၍ နက်နဲလှသောဘုရားစကားတော်အရ -

(ဘုရား)၏သာသနာမှလွဲ၍ တရားသိသောအရိယာ၊ ရဟန္တာဟူသည်မရှိ၊ ဆိုလိုသည်မှာ (ရဟန္တာ) ဆိတ်သုံးလျှင် (သာသနာ) ကွယ်ပေမည်၊ ဘုရားသာသနာကွယ်ရာ၌ (ရဟန္တာ) မရှိလျှင် သောတာပန်သကဒါဂါမ်အနာဂါမ်တို့လည်း မရှိနိုင် (အရိယာ) ဖြစ်အောင်အားထုတ်ရသည့်တစ်ကြောင်းတည်းသော လမ်း (ဧကာယနမဂ်) ဖြစ်သည့် (သတိပဋ္ဌာန်) တရားသည်လည်း ကွယ်ရပေမည်၊ (ပဋိပတ္တိ) သာသနာကွယ်ချိန်သည် (နိဗ္ဗာန်) ပို့မည့်တစ်ကြောင်းတည်းသောလမ်း (သတိပဋ္ဌာန်) ကစ၍ကွယ်ရပေမည်။ (သတိပဋ္ဌာန်) တရားကွယ်လျှင် (ရဟန္တာ) မှစ၍ (အရိယာ) များကွယ်သွားရမည်မှာအပြန်အလှန်သဘောဖြစ်ပါသည်။

(သတိပဋ္ဌာန်) ကွယ်ရာ၌ နက်နဲသည့်တရားဖြစ်သည့် (ပရမတ္ထဓမ္မ)ကို (အနုပဿနာ)=အဖန်ဖန်ရှုရသည့် (ဓမ္မာနုပဿနာ)

ကစ၍ကွယ်ရပေမည်၊ ပြီးတော့မှစိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ၊ ကာယာနုပဿနာတို့ အဆင့်ဆင့်ကွယ်သွားရပေမည်။

(ဓမ္မာနုပဿနာ) သည်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်ကို ရဟန်းရှင်လူတို့အသိပင်ဖြစ်ပါသည်။ (နေ) လို (လ) လိုထွန်းတောက်ခဲ့သည့်ဆရာတော်ကြီးများ ပေါ်ထွန်းခဲ့ပါသော်လည်း (သတိပဋ္ဌာန် ၄ပါး) ၌ (ကာယာ၊ ဝေဒနာ၊ စိတ္တာ) ဟူ၍ (၃)ပါးသော သတိပဋ္ဌာန်တရားကိုသာ ဟောကြားဖို့ပေါ်ထွန်းခဲ့ပြီး ရဟန်းရှင်လူတို့သိနားလည်အောင်၊ ရှင်းလင်းလွယ်ကူအောင် (ဓမ္မာနုပဿနာ) ကိုဟောကြားဖို့ထင်ရှားသည့်ဆရာတော်ကြီးများရယ်လို့ မပေါ်ပေါက်ခဲ့ပါသောကြောင့် (ဓမ္မာနုပဿနာ) ကျင့်စဉ်ကျမ်းစာအုပ်များရယ်လို့ ပေါ်ထွက်ခဲ့သည်ဟူ၍မရှိခဲ့ပါပေ။တရားပွဲများတွင်(ဓမ္မာနုပဿနာ)တရားတော်ကို သီးသန့်ဟောကြားသည့်ဆရာတော်ကြီးများလည်း မရှိခဲ့ပါသောကြောင့်ယခုခေတ်ရဟန်းရှင်လူတို့ ပြောနိုင်ကြသည်မှာ (ဓမ္မာနုပဿနာ) ဆိုလျှင် (နိဝရဏ) ကိုရှုတာ၊ (သင်္ခါရ) ကိုရှုတာ၊ (သညာ) ကိုရှုတာဟူ၍သာ အပေါ်ရံစကားလုံးလောက်ကိုသာ ပြောနိုင်ကြခြင်းကို သောက်ရှုခြင်းအားဖြင့် မြတ်စွာဘုရား၏ (ဓမ္မာနုပဿနာ) သည်ကွယ်ပျောက်လုနီးနီးဖြစ်ခဲ့ရသည်ဆိုလျှင် မှားမည်မဟုတ်ပါပေ။

(ဓမ္မာနုပဿနာ)တရားတော် (ငါး)ပိုင်းလုံးကို ယခုအခါ ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားသည့်အခါကျမှ (ဓမ္မာ

နုပဿနာ) တရားတော်မြတ်၏ (ကျင့်စဉ်) ကိုမကွယ်မပျောက်ရလေအောင်၊ စာရေးသူရေးသားဖော်ထုတ်ပူဇော်ရာမှ ထွက်ပေါ်လာခဲ့ရပါသည်။ ပထမဦးဆုံးထွက်ခဲ့သည့် (ဓမ္မာနုပဿနာ) တရားတော်မှာနက်နဲလှပါသဖြင့် သာမန်လူများနားမလည်နိုင်အောင် ဖြစ်ခဲ့ရပါသောကြောင့် တရားအခြေခံမရှိသေးသည့်သူများပါ နားလည်ရအောင် ရှင်းလင်းလွယ်ကူစေသည့် ဓမ္မာနုပဿနာ (ဒုတိယတွဲ) ကို ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားချက်များမှကောက်နှုတ်၍ စာရေးသူမှ ထပ်မံဖော်ထုတ်ပူဇော်ရပြန်ပါသည်။

စာရေးသူသည် ပျောက်ကွယ်လုနီးနီးဖြစ်ခဲ့ရသော (ဓမ္မာနုပဿနာ) တရားတော်ကို ထပ်မံရေးသားပြုစုရန် မှီငြမ်းပြုရမည့် ကျမ်းစာအုပ်များကို နှစ်အတန်ကြာအောင် ရှာသော်လည်း မရပဲ ဖြစ်နေခဲ့ရာ (ဒုတိယတွဲ) စာအုပ်ထွက်ပြီးချိန် ယခုနှစ် (၂၀၀၂) ခုထဲရောက်မှ ရန်ကုန်မြို့ရှိ "သစ္စာဒီပက"အဖွဲ့မှ ယောဂီအချို့တို့ စာရေးသူ၏အိမ်သို့ရောက်ရှိလာပြီး ထိုယောဂီတို့က(သစ္စာဒီပက)အဖွဲ့ကိုတည်ထောင်သူ၊ ကမ္မဋ္ဌာနစရိယဖြစ်သူ မူလဓမ္မာစရိယ ဆရာကြီး(ဦးကြည်)၏ကျမ်းစာအုပ်များနှင့် တရားတိပ်ခွေများကိုစာရေးသူအား ပေးအပ်ပြီး ဆရာကြီးဦးကြည်ဟောကြားရေးပြခဲ့သည့် တရားတော်များမှာလည်း(ဓမ္မာနုပဿနာ)တရားများ ပါဝင်ပါကြောင်းနှင့် ဆရာကြီးဟောကြားခဲ့သည့်တရားခွေများကိုနားထောင်ပြီး ဆရာကြီးရေးသား

ခဲ့သော တရားစာအုပ်များကိုလည်း ဘတ်ရှုကြည့်ပါရန် ပြောလာခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ဆရာကြီး၏တရားတိပ်ခွေများကို နားထောင်ပြီး ဆရာကြီး၏တရားစာအုပ်များကို ဘတ်ရှုကြည့်ရာ (ဓမ္မာနုပဿနာ) တရားများပါဝင်နေကြောင်းဓမ္မရသများလည်း ကောင်းမွန်နေကြောင်း တွေ့ရပါသဖြင့် (ဓမ္မာနုပဿနာ) ၂တိယတွဲရေးရန် အထောက်အကူများရရှိလာပါသောကြောင့် "သစ္စာဒီပက" မှ ရောဂီဓမ္မမိတ်ဆွေများကို အထူးကျေးဇူးတင်ရပါသည်။

ထို့အပြင် မိုးကုတ်ဝိပဿနာရောဂီတစ်ဦးကလည်း မိုးကုတ်ဆရာတော်ဘုရားကြီးသည်လည်း (ဓမ္မာနုပဿနာ) ကို ဟောခဲ့ပါကြောင်းဖြင့် တရားခွေတစ်ခွေလာရောက်ပေးအပ်သည့်အတွက် မိုးကုတ်မှရောဂီ ပုဂ္ဂိုလ်ကိုလည်း အထူးကျေးဇူးတင်ရပါသည်။

(ဓမ္မာနုပဿနာ) တရားသိသူ ရဟန်းပုဂ္ဂိုလ်၊ ၂ဦးနှင့် လူပုဂ္ဂိုလ်၁ဦးတို့၏တရားများကိုပါ ပေါင်းစပ်၍ တရားတော်ကိုဒေါင့်စုံ၊ ဘက်စုံတို့ဖြင့် တရားအနှစ်သာရများစွာတို့ဖြင့် (ဓမ္မာနုပဿနာ) တရားတော်ကို ပျောက်ကွယ်မပျောက်ရလေအောင်(တတိယ)အကြိမ် ထပ်မံစောင့်ရှောက် ရန်အတွက် တရားတော်ကိုပူဇော်ရတော့မည်ဟု ဝမ်းသာပီတိဖြင့် ဤ (တတိယတွဲ) (ဓမ္မာနုပဿနာ) တရားတော်မြတ်ကို ၂၀၀၂ခုနှစ်၊ ဝါဆိုလပြည့်နေ့မှ စ၍ ဝါတွင်း ၃လအတွင်း အပြီးရေးခဲ့ပါသည်။

ဤ (ဓမ္မာနုပဿနာ) (တတိယတွဲ) တွင်တရားစာရှုသူများ အား(ပညတ်)နှင့် (ပရမတ္ထဓမ္မ)တို့ကို နားလည်အောင် ဤစာအုပ်၏ "နိဒါန်း"မှစ၍(ဓမ္မသဘာဝ)များကိုသိအောင်(ပရမတ်)ကိုသိအောင် ဓမ္မဉာဏ် (ဝါ) သဘာဝဉာဏ်ရအောင် စာရေးသူ၏အသိဉာဏ်မျိုးနှင့် တင်ဆက်ရုံမျှမက မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့ သော (ဓမ္မာ နုပဿနာ)တရားတော်၊ ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားတော်မူသော (ဓမ္မာနုပဿနာ) တရားတော်နှင့်တကွ သစ္စာဒီပက ကမ္မဋ္ဌာနာစရိယ၊ မူလဓမ္မာစရိယ ဆရာကြီး ဦးကြည် ဟောကြားခဲ့သော (ဓမ္မာနုပဿနာ) တရားတော်များကို ကောက်နှုတ် ပေါင်းစပ်၍ ပျောက်ကွယ်လုမတတ်ဖြစ်နေသော (ဓမ္မာနုပဿနာ) တရားတော်ကို မတိမ်မမြုပ်မပျောက်မကွယ်ရလေအောင် ရဟန်း ပညာရှိ၊ လူပညာရှိတို့ဟောကြားသော ဓမ္မရသများစုံလင်စွာဖြင့် ရရှိသောဓမ္မအင်အားများကို စုပေါင်းထပ်လောင်း၍ ဤ "ဓမ္မာ နုပဿနာ တတိယတွဲ" ကို အထူးတင်ဆက်လိုက်ရပါတော့သည်။

ဓမ္မောဟဝေရက္ခတိဓမ္မစာရီ

ဦးကံညွန့်
၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်
ရန်ကုန်မြို့။

# ဓမ္မာနုပဿနာတရားတော်
# (တတိယတွဲ)

## (ခ)သဘာဝရှင်းလင်းချက်

### ငါ၊ သူ၊ မဟုတ် (နာမ်နှင့်ရုပ်) ဓမ္မသဘာဝသာ

ဤကမ္ဘာလောက၌ ရှိကြကုန်သော အခေါ်အားဖြင့် လူ၊ သတ္တဝါများဖြစ်ကြသည့် မြန်မာဗုဒ္ဓဘာသာများ၊ ဘာသာခြားများ၊ လူမျိုးခြားများ၊ နိုင်ငံခြားသားများသည် ကိုယ့်ဘာသာစကားနှင့် ပြောဆိုနေကြသည်မှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မိမိတို့ထင်မှတ်နေကြသလို ကိုယ့်ကိုယ်ကို (ငါ) တခြားသူကို (သူ) အဖိုကို ယောကျ်ား၊ အမကိုမိန်းမ၊ မွေးထားသည်ကိုသား၊ သမီး စသည်ဖြင့် သမုတ်ထားသည့် (ပညတ်) ထားသည့်အတိုင်း ခေါ်ဝေါ် ပြောဆိုနေကြပါသည်။

လူမျိုးအလိုက်ကိုယ်စကားနှင့်ကိုယ် (ပညတ်) ထားသည့် အတိုင်း (သမုတ်) ထားသည့်အတိုင်း (ပညတ်) များဖြင့် သုံးနှုန်း ခေါ်ဝေါ်ပြောဆိုနေကြသည်မှာ နားလည်ကြသည့်အတွက် ငါ၊ သူ၊

ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သား၊ သမီးဟူသည့်အခေါ် အဝေါ် (ပညတ်) အားဖြင့်ကတော့ မှန်ကြပါသည်။ လောကသား (ပုထုဇဉ်) တို့အမြင်အနေနှင့်တော့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သား၊ သမီးရယ်လို့ ဒီလိုပဲ (လောက)အမြင်ဖြင့် မြင်ကြပေမည်။

သို့သော် ဒီလောကအမြင်သည်ကား ဆိုလျှင်နားလည်အောင် ခေါ်ရသည့်အခေါ်အဝေါ်နှင့်သာ မှန်ပါသော်လည်း တကယ်မရှိသည့်အတွက် အမှန်မြင်မဟုတ်ပါပေ။ ဒီအမြင်၊ ဒီအထင် (ဒိဋ္ဌိ) ကြီးသည့် (နိဗ္ဗာန်)နှင့်ဆန့်ကျင်ဘက်(အမှားအမြင်)ခေါ်သည့်(ဒိဋ္ဌိ) အမြင်ကြီးပင်ဖြစ်နေပါသည်။ ဒီ(အမြင်)ဒိဋ္ဌိသည် (နိဗ္ဗာန်)ရောက်စေသည့် တကယ့်အရှိကိုအရှိတိုင်းအခြေအမြစ် ကျကျမြင်သည့် အမှန်မြင် မဟုတ်ပါပေ။

(လောကီ) နယ်မှ လွတ်မြောက်ပြီးသား (နိဗ္ဗာန်) ကို မျက်မှောက်ပြုပြီးသား (အရိယာ) တို့၏အမြင်မှာ (ပုထုဇဉ်) တို့လို ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟူသည့် (ပညတ်) အမြင်၊ အမှားမြင်ဖြစ်နေသည့် (ဒိဋ္ဌိ) အထင်အမြင်နှင့် မမြင်ကြတော့ပဲ အမှန်မြင်ဖြစ်သည့် (သမ္မာဒိဋ္ဌိ) အမြင် ငါ၊ သူမဟုတ် (နာမ်နှင့် ရုပ်) (ဓမ္မသဘာဝ) အနေဖြင့်သာသိမြင်နေကြပါသည်။ (နာမ်နှင့် ရုပ်) ဆိုသည်မှာလည်း (ပါဠိ) အခေါ်အဝေါ် (ပညတ်) မျှသာဖြစ်လေရာ

(အရိယာ) တို့သည်အခေါ်အဝေါ် (ပညတ်) နှင့်မမြင်ကြပဲ တကယ် ရှိသည့် (အရှိသဘော)ဖြင့် နက်ရှိုင်းနိုင်သလောက် နက်ရှိုင်းစွာမြင်ကြ သည့် ဓမ္မသဘာဝ (သဘော) တရားအမြင် (ပရမတ်) အမြင်ဖြင့် သာသိမြင်ကြပါသည်။

မြတ်စွာဘုရား ဟောကြားသည်မှာလည်း "အရိယာသစ္စာန ဒဿနံနိဗ္ဗာနံ သစ္ဆိကိရိယာစ" ဟူ၍ (အရိယာ) တို့၏အမြင်ကား မှန်၏၊ ထိုအမှန်မြင်ဖြင့်သာ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုနိုင်ပါသည်ဟု ဟောကြားခဲ့ပါသည်။ ကိုယ့်ကိုယ်ကို (ငါ) အခြားလူကို (သူ) ဟူ၍ နားလည်အောင် အာလုပ်ပြု၍ပြောဆိုနေကြသည့်အပြောအတိုင်း ပြောကြရပါသော်လည်း ဤခန္ဓာကိုယ်ကြီးကို (ငါ့ခန္ဓာ၊ ငါ့ကိုယ်) ဟူ၍ စွဲမှတ်ကြပါလျှင် ကိုယ့်ကိုယ်ကို (ငါ) ဟူ၍ထင်မှတ်ကြပါလျှင် ဤခန္ဓာ ကိုယ်ကြီးကို ငါပိုင်ငါဆိုင်သည့် (ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ) ဟူသော သဘောဘက် သို့သက်ရောက်သွားပါသည်။

ဤခန္ဓာကိုယ်ကြီးကို ငါပိုင်၊ ငါဆိုင်သည့်ငါ့ခန္ဓာကိုယ်ဟု ဆိုပါလျှင် မှတ်ယူပါလျှင် ဤခန္ဓာကိုယ်ကြီးသည် (ငါ) ဖြစ်ချင်သလို ဖြစ်ရပေတော့မည်၊ ဤခန္ဓာကိုယ်ကြီးသည် တကယ်ပဲကိုယ်ဖြစ်ချင် သလို (ငါ) ဖြစ်ချင်သလိုဖြစ်ပါ၏လော၊ ငါ့ခန္ဓာကိုယ်ဆိုလျှင် ငါက မနာမကျင်ပါစေနှင့်၊မကိုက်မခဲပါစေနှင့်မညောင်းပါစေနှင့် နာမကျန်း မဖြစ်ပါစေနှင့် (လောဘ၊ ဒေါသ၊ မောဟ) တွေမဖြစ်ပါစေနှင့်

(သောက) တွေမဖြစ်ပါစေနှင့် မအို၊ မနာ၊ မသေပါစေနှင့်ဟု ငါဖြစ်ချင်သလို၊ ငါဖန်တည်းချင်သလို ခန္ဓာကိုယ်ကြီးကလိုက်ပြီးဖြစ်ပါ၏လော၊ ဤခန္ဓာကိုယ်ကြီးသည်ကား ငါပိုင်၊ ငါဆိုင်သည့် ခန္ဓာကိုယ်ကြီးဟုတ်ပါ၏လော၊ လူတိုင်းအိုရမည်၊ နာရမည်၊ သေရပါမည်၊ လူတိုင်း သတ္တဝါတိုင်း သေကြရမည်မှာကေန်မုချဖြစ်ပါသည်။ သေကြရမည်မှာ အလွန်သေချာလှပါသည်။ သေကြရမည်ကို လူတိုင်းလည်း သိကြပါ သည်။ ဘယ်နေ့သေမည်ကိုသာ မသိကြပါပေ။ သို့ပါ၍ဤ (ခန္ဓာကိုယ်ကြီး) သည် ငါပိုင်ငါဆိုင်သည့် (ငါ့) ခန္ဓာကိုယ်ကြီး မဟုတ်ပါတော့ပေ။

ဤခန္ဓာကိုယ်ကြီးသည်ကား ငါ့ခန္ဓာမဟုတ်ပါ။ (ငါ) မဟုတ်ပါ (အတ္တ) ဆိုသည့် (ငါ) မဟုတ်ပါ။ (ငါ) မဟုတ်သလို သူ့ခန္ဓာကိုယ်မှာလည်း (သူ) မဟုတ်ပါ၊ ထို့အတူ (ငါ၊ သူ) ဟူ၍ပြောဆိုနေကြသည် (ယောကျ်ား၊ မိန်းမ) ဟူ၍ ပြောဆိုနေကြသည့် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ သား၊ သမီးဆိုသည်မှာလည်း မဟုတ်တော့ပါ။ ခန္ဓာကိုယ်ကြီး၏အဖြစ်သနစ် တကယ့်အစစ်အမှန်ကား တကယ်အစိုးမရသည့်သူ့သဘောသူဆောင်သည့် ခန္ဓာငါးပါး (နာမ်နှင့်ရုပ်) ရုပ်နှင့်နာမ်ဟု ပါဠိလိုခေါ်ဆိုသည့် (နာမ်) သဘော (ရုပ်) သဘော မြန်မာလို (သိမှု) သဘောနှင့် (ဖေါက်ပြန်မှု) သဘောသာဖြစ်သည့် (ဓမ္မသဘာဝ) များပင်ဖြစ်ပါတော့သည်။

တကယ့် (Realistic) အမှန်သဘောမှာ ခန္ဓာကိုယ်ကြီးသည်

(ဓမ္မ) ဆိုသည့် (သဘော) မျှသာဖြစ်ပေသည်၊ ဘာသဘော (ဓမ္မ) လဲဆိုလျှင် (နာမ်ဓမ္မ၊ ရုပ်ဓမ္မ) သာဖြစ်သည့် (နာမ်) က (သိမှု) သဘော၊ (ရုပ်) က (ဖေါက်ပြန်) သည့်သဘောဆောင်သည်သာဖြစ်ပါသည်။ မြတ်စွာဘုရားဟောကြားသည့် (နာမ်) သဘော၊ (ရုပ်) သဘောကို နောက်ပိုင်း၌ ဘတ်ရှုရင်း ရှင်းလင်းသွားပါလိမ့်မည်။

ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါဟုခေါ်ဝေါ် ပြောဆိုနေကြသည့် (ငါ) သည် (ငါ) မဟုတ်ပါ (နာမ်နှင့်ရုပ်) သာ ဖြစ်ပါသည်။ ငါလည်း (နာမ်နှင့်ရုပ်)၊ သူလည်း (နာမ်နှင့်ရုပ်)၊ ယောကျ်ားလည်း (နာမ်နှင့်ရုပ်) မိန်းမလည်း (နာမ်နှင့်ရုပ်) သားသမီး အဖေအမေ ဦးလေးအဒေါ် အစ်ကိုအစ်မတို့သည်လည်း (နာမ်နှင့်ရုပ်) ကမ္ဘာသူကမ္ဘာသားများသည်လည်း (နာမ်နှင့်ရုပ်) သာအစစ်အမှန် ဖြစ်ပေတော့သည်၊ တရားမသိကြသေးသည့် လူငယ်၊ လူကြီး၊ လူပြိန်း နှင့် ဘာသာခြားတို့ အလွယ်တကူသိနားလည်အောင် ရှင်းဦးအံ့။

(စက်ရုပ်) ကိုလူတိုင်းကြားဘူး၊ မြင်ဘူးကြပါသည်။ သတင်းစာ၊ မဂ္ဂဇင်း၊ တီဗွီ၊ ဗွီဒီယို၊ ရုပ်ရှင်အစရှိသည်တို့၌ မြင်ဘူး ကြပါသည်။ ရိုးရိုးသံပက်ပေး (စက်ရုပ်) ကိုပဲဖြစ်စေ၊ အီလက် ထရောနစ်ကွန်ပျူတာ (စက်ရုပ်) ကိုပဲဖြစ်စေ (စက်ရုပ်) လို့ပဲ ခေါ်ကြ ပါသည်။ (စက်ရုပ်) ၌ (စက်) နှင့် (ရုပ်) ပဲရှိသလို (လူ) ဟုခေါ်ဆို နေကြသည့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ တိရိစ္ဆာန်ဟု

ခေါ်ဆိုနေကြသည့် (လူသတ္တဝါ) တို့တွင်လည်း (စိတ်နှင့်ရုပ်) သာ ရှိကြပါသည်။ (စိတ်နှင့်ရုပ်) သာရှိသည့် (လူ) လို့ခေါ်သည့် (လူသတ္တဝါ) နှင့် (စက်ရုပ်) ကို နှိုင်းယှဉ်ပြပါအံ့။

## ရုပ်

ဤခန္ဓာကိုယ်ကြီးသည် (စိတ်နှင့်ရုပ်)ဟူ၍ အကြမ်းအားဖြင့် ခေါ်ဆိုနိုင်သည်မှာ (စိတ်) ဖြစ်လျှင် (စေတသိက်) ပါပြီးသား ဖြစ်သဖြင့် စိတ် + စေတသိက် = (နာမ်) နှင့် (ရုပ်) သာဖြစ်ပါသည်။ တစ်နည်းအားဖြင့် (နာမ်) ဖြစ်သည့် (စိတ်) နှင့် (ရုပ်) ကြီးပင်ဖြစ် ပါသည်။ (စက်ရုပ်) ၌ (ရုပ်) ဟုခေါ်ဆိုသော (Body) ကိုယ်ထည် မှာ ရိုးရိုးစင်းစင်းကိုယ်ထည် (ရုပ်)သာဖြစ်ပါသည်။ ခန္ဓာကိုယ် (ရုပ်)မှာမူ (စက်ရုပ်) လိုရိုးရိုးစင်းစင်းအခွံအသားမဟုတ်ပါပေ။

(ရုပ်နာမ်) ဖြစ်သည့် ဤခန္ဓာကိုယ်ကြီးသည် (ဓမ္မ) သဘောများပေါင်းစပ်ထားသည့် ခန္ဓာကိုယ်ကြီးပင်ဖြစ်ရာ (ရုပ်) ဓမ္မ သဘောများပေါင်းစပ်သည့် (ရုပ်) ဖြစ်သည့် (Body) ကိုယ်ကြီး သည် (ကာယ) မှ (ကိုယ်) ဟူ၍ ခေါ်ဆိုကြရာ၌ ကိုယ် = ကာယ ဆိုသည်မှာ (အပေါင်း) ဟုအဓိပ္ပါယ်ရပါသည်။ ဘာအပေါင်းလဲ ဆိုလျှင်ခေါင်း၊ ကိုယ်၊ ခြေ၊ လက်၊ အပါအဝင် ခေါင်းမှစသည့် ဆံပင် မွေးညင်း၊ ခြေသည်း၊ လက်သည်းအထိ ဝမ်းထဲမှအူ၊ အဆုပ်စသည့်

ဝမ်းတွင်းသားများအပါအဝင် (၃၂)မျိုးသော အင်္ဂါအစိတ်အပိုင်းများပေါင်းစပ်ထားသည့်အပေါင်းကာယ (ကိုယ်) ဟူ၍ အဓိပ္ပါယ်ရပါသည်။ (၃၂)မျိုးသောကိုယ်ကာယကြီးသည် (ရုပ်) ကြီးပင်ဖြစ်၍ ကိုယ်ကာယခန္ဓာကိုယ် (ရုပ်) ကြီးကို ဓါတ်ခွဲကြည့်ပါလျှင် ဓါတ်ကြီး ၄ပါးသာရ၍ ဓါတ်ကြီး၄ပါး ရုပ် (မဟာဘုတ်ရုပ်) ဟူ၍ခေါ်ဆိုရပါသည်။ ခန္ဓာကိုယ် (ရုပ်) ကြီးကိုရှင်းပြရသော် (မဟာ) = ကြီးသော၊ (ဘူတ)= ထင်ရှားသော၊ (ရုပ်) = ဖောက်ပြန်သော အဓိပ္ပါယ်ဖြစ်ပါ၍ ဓါတ်ကြီး၄ပါး ဖောက်ပြန်သောသဘော (ရုပ်) ဓမ္မသာဖြစ်ပါသည်။

(မဟာဘုတ်) ရုပ်ဖြစ်သောဓါတ်ကြီး ၄ပါး (ရုပ်) မှာ ပထဝီ= မာခြင်း၊ ပျော့ခြင်းသဘောဆောင်ခြင်း၊ တေဇော = ပူခြင်း၊ အေးခြင်းသဘောဆောင်ခြင်း၊ အာပေါ=ယိုစီးခြင်း၊ စေးဖွဲ့ခြင်းသဘောဆောင်ခြင်း၊ ဝါယော = တိုးတိုက်ခြင်း၊ တွန်းကန်ခြင်းဟူသော သဘောဆောင်သည့်ဓါတ်ကြီး ၄ပါး (မဟာဘုတ်ရုပ်) သာအရင်းခံရှိပါသည်။ ဓါတ်ကြီး၄ပါးသဘောတွေနှင့် ဖောက်ပြန်လျက်ရှိသော (ရုပ်) နှင့်ဖွဲ့စည်းထားသည့်ကိုယ်ကာယကြီးသာဖြစ်ပါသည်။

ခန္ဓာကိုယ် (ရုပ်) ကြီးသည် (၃၂)မျိုးသောအခေါ် (ပညတ်) အင်္ဂါအစိတ်အပိုင်းများပါဝင်ပေါင်းစပ်ထားသော (ကာယာ) ကိုယ်ကြီးဟုခေါ်ဆိုရသော်လည်း တကယ်ရှိ၊ အဟုတ်ရှိသော အမှန်ရှိတရားသည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဟူသော ဓမ္မသဘာဝ

(ပရမတ်) ဓါတ်ကြီး ၄ပါး (ရုပ်) နှင့်ဖွဲ့စည်းထားသည့် (မဟာဘုတ်ရုပ်) သည် သာအရင်းခံအမှန်ရှိပါသည်။ ခန္ဓာကိုယ်ဟုခေါ်ဆိုသည့်ပညတ် (ရုပ်) ကြီး၏ဦးခေါင်းနှင့် အရိုးတို့ကို ကိုင်ကြည့်ပါလျှင်မာခြင်းသဘော ရှိမည်၊ ဝမ်းဗိုက်အရေပြားတို့ကို ကိုင်ကြည့်ပါလျှင် ပြော့ခြင်းသဘော ရှိမည်စသည်ဖြင့် (ပထဝီ) ဓါတ်မာခြင်း ပြော့ခြင်းအမှန်ရှိမည်။ လက်ဖဝါး၊ ခြေဖဝါး၊ လည်ပင်းတို့၌ (တေဇော) ဓါတ် ပူခြင်း၊ အေးခြင်း အမှန်ရှိမည်။ ပါးစပ်၊ နှာခေါင်း၊ ကျင်ကြီးကျင်ငယ်၊ တံထွေး၊ သွေး တို့သည် (အာပေါ) ဓါတ် ယိုစီးခြင်း စေးဖွဲ့ခြင်းအမှန်ရှိမည်။ ဝမ်းထဲ၊ အကြောထဲတို့၌ (ဝါယော) ဓါတ် တွန်းကန်ခြင်း သဘောအမှန်ရှိသည့် ဓါတ်ကြီး၄ပါးအမှန်ရှိသည့် မဟာဘုတ် (ရုပ်) ကြီးသာဖြစ်ပါသည်။ မြတ်စွာဘုရားကလည်း မဟာဘုတ် (ရုပ်) သာအမှန်ရှိကြောင်း (ရုပ်) သည် ဖောက်ပြန်သည့် သဘောသာဖြစ်ကြောင်း "ရူပ္ပတီတိခေါ ဘိက္ခဝေ တသ္မာရူပန္တိဝုစ္စတိ" ဟုခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခဇ္ဇနိယ သုတ်တွင်ဟောကြားတော်မူခဲ့ပါသည်။

(ရုပ်) ခန္ဓာကြီးသည် အခုအေးလိုက်၊ တော်ကြာပူလိုက်၊ တော်ကြာတံထွေးများ၊ နှပ်များထွက်လိုက်၊ တော်ကြာလေးထိုး လေအောင့်ဖြစ်လိုက်စသည်ဖြင့် အဟုတ်ရှိအမှန်ရှိနေသည့် ဓါတ်ကြီး ၄ပါး (ပရမတ်) ရုပ်ကြီးသည် ဤကဲ့သို့ ဖောက်ပြန်နေသော ရူပ္ပတီ တိရူပံ = ဖောက်ပြန်တတ်သည့်သဘော (ဓမ္မသဘာဝ) သာဖြစ်

သောကြောင့် (ရုပ်) ဟူ၍သာခေါ်မှ အမှန်ဖြစ်ပါသည်။ သေတော့လည်း ရုပ်အလောင်း၊ ရုပ်ကလပ်၊ မသေမီလည်း ဓါတ်ကြီး ၄ပါး ဖောက်ပြန်နေသည့် (ရုပ်) သာဖြစ်ပါသည်။ ခေါင်းကိုယ်ခြေလက် အစရှိသည့်အခေါ်အဝေါ် (ပညတ်) တွေဖြင့် ခေါ်ဆိုသမုတ်ထားသည့် ဤခန္ဓာကိုယ်ကြီးသည် (ပညတ်ရုပ်) ကြီးပင်ဖြစ်ပေတော့သည် (ပရမတ်ရုပ်) သည် (ဓါတ်ကြီး ၄ပါးရုပ်) ပင်ဖြစ်ပါသည်။ ဤကား ခန္ဓာကိုယ်ကြီးသည် အဆင်း (ရုပ်) ဖောက်ပြန်သည့်သဘာဝ သဘောတရားသာဖြစ်သည့်ရုပ် (ဓမ္မ) သဘာဝသာဖြစ်ကြောင်း ရှင်းလင်းခြင်းဖြစ်ပါသည်။

(ရုပ်) ဆိုသည်မှာ ခန္ဓာကိုယ်တွင်ရှိသော မျက်နှာ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက်စသည်တို့သည် (ပညတ်ရုပ်) ဟုခေါ်သော်လည်း အမှန်ရှိသော (ပရမတ်ရုပ်) ရုပ်ဓမ္မသဘောအားဖြင့် ရုပ် (၂၈) ပါး ရှိလေသည်။ (ရုပ်) ၂၈ ပါးမှာ -

(၁) မဟာဘုတ်ရုပ် ၄ ပါး = (ပူခြင်း၊ အေးခြင်း၊ မာခြင်း၊ ပြော့ခြင်း၊ ယိုစီးခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်းသဘောရုပ်) မဟာ= ကြီးသော = ဘူတ=ထင်ရှားသော အခြားရုပ်တွေထက်ထင်ရှားကြီးမားသည့်အတွက် မဟာဘုတ် (ရုပ်)

| | | |
|---|---|---|
| (၂) | ပသာဒရုပ်-၅ပါး | = (မျက်စေ့အကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်ဓါတ်ခံသဘောရုပ်) |
| (၃) | ဂေါစရရုပ် ၄ပါး | = (အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့သဘောရုပ်) |
| (၄) | ဘာဝရုပ် ၂ပါး | = (အဖို၊ အမဖြစ်သည့်သဘာဝရုပ်) |
| (၅) | ဟဒယရုပ် ၁ပါး | = (နှလုံးအတွင်းစိတ် + စေတသိက် တို့မှီရာ ဝတ္ထုရုပ်ကလေး) |
| (၆) | ဇီဝိတရုပ် ၁ပါး | = (အသက်ရှည်ရန် အစောင့် အရှောက်သဘောရုပ်) |
| (၇) | အဟာရရုပ် ၁ပါး | = (အစားအသောက်၌ပါသော အဆီ အနှစ်အဟာရသဘောရုပ်) |
| (၈) | ပရိစ္ဆေဒရုပ် ၁ပါး | = (ရုပ်ကလပ်စည်းခြင်း မရောရန် ပိုင်းခြားသည့် လဟာနယ်ရုပ်) |
| (၉) | ဝိညတ်ရုပ် ၂ပါး | = (ကိုယ်အမူအရာရုပ်၊ နှုတ်အမူ အရာရုပ်) |

(၁၀) ဝိကာရရုပ် ၃ပါး = (သွက်လက်ခြင်း၊ နူးညံ့ခြင်း၊ ခန့်ညားခြင်းသဘောရုပ်)

(၁၁) လက္ခဏာရုပ် ၄ပါး = (ဖြစ်မှုနှင့် အစဉ်ဖြစ်မှုသဘော၊ ရင့်ယော်မှု၊ ဆွေးမြေ့မှုသဘော၊ ချုပ်ပျောက်သွားခြင်းသဘော)

စသည်ဖြင့် ရုပ်ပေါင်း (၂၈) ပါးရှိပါသည်။

## စိတ်

(စက်ရုပ်) တွင်အတွင်းက (စက်) ရှိပြီး အပြင်က (ရုပ်) ရှိသလို (လူ) ဟုခေါ်ဆိုကြသည့် ဤခန္ဓာကိုယ်ကြီးမှာလည်း အတွင်းက (စိတ်) ရှိပြီး အပြင်ကအဆင်း (ရုပ်) ကြီးရှိနေသည်ကိုအားလုံး သိကြပါသည်။ နိုင်ငံခြားသားများကလည်း (Mind and Body) (စိတ်)နှင့် (ရုပ်) ဟုသိကြပါသည်။ နိုင်ငံခြားသား၊ လူငယ်၊ လူပြိန်း တို့သိကြသော (စိတ်ရုပ်) သည် (နာမ်နှင့်ရုပ်) ဓမ္မသဘာဝသော အမှန်ဖြစ်ပါသည်။

(စက်ရုပ်) တွင် အတွင်းက (စက်) က အလုပ်လုပ်မှအပြင်က (ရုပ်) ကြီးကလှုပ်ရှားရသလို (လူ) ဟုခေါ်ဆိုနေကြသော (ငါ၊ သူ) ဟုခေါ်ဆိုနေကြသော ယောကျ်ား၊ မိန်းမ၊ သားသမီး၊ အဖေ၊ အမေ ဟုခေါ်ဆိုနေကြသော တိရစ္ဆာန်ဟုခေါ်ဆိုနေကြသော သတ္တဝါတို့၏

ခန္ဓာကိုယ်ကြီးမှာလည်း အတွင်းက (စိတ်) ကဖြစ်ပေါ်သည့်အတိုင်း (ရုပ်) ကြီးက လှုပ်ရှားပြီး လိုက်လုပ်နေရသည့် (ဓမ္မသဘာဝ) သဘောတရားသည်သာဖြစ်နေပါသည်။

(ရုပ်) ခန္ဓာကိုယ်ကြီးသည် သူချည်းသက်သက်ဆိုလျှင် ဘာမျှမသိတတ်သည့်အတွက် ဘာမျှမလုပ်တတ်ပါ။ ရုပ်သေးရုပ်ကဲ့သို့ (ပရမတ်) ဖြစ်သည့် (စိတ်)ကကြိုးဆွဲသည့်အတိုင်း (ပရမတ်) ဖြစ်သည့် (ရုပ်) ကလိုက်လုပ်ရပါသည်။ (ရုပ်) သည် (စိတ်) ကခိုင်းသမျှအကုန်လုပ်ရပါသည်။ စိတ် (နာမ်) ပရမတ်ကလည်း ဘာမျှမလုပ်တတ်ပါ။ ခိုင်းတတ်သည့် သဘာဝသည် (နာမ်) ပရမတ်၏သဘာဝသာဖြစ်ပါသည်။ (နာမ်) ပရမတ်က ခိုင်းသမျှလုပ်တတ်သည်မှာ ပရမတ် (ရုပ်) သဘောက သာလိုက်လုပ်နေသည့် (ဓမ္မသဘာဝ) သာဖြစ်သည့်အတွက် ငါ၊ သူ မဟုတ် အဟုတ်ရှိသည့် (နာမ်နှင့်ရုပ်) (ပရမတ်) (ဓမ္မသဘာဝ) သာ ဖြစ်ကြောင်းသိရပါမည်။

(စိတ်) ဆိုသည်မှာလည်း အပြင်က (အာရုံ) များဖြစ်ကြသည့်အဆင်း၊ အသံ၊ အနံ့၊ အရသာ ထိတွေ့မှုဖြစ်သည့် (အာရုံငါးပါး) သည် ခန္ဓာကိုယ်၌ရှိသော မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ဖြစ်သည့် ဒွါရငါးပါးနှင့် (သင်္ခါရ) ကပြုပြင်ပေးမှုကြောင့် တွေ့တိုက်လျှင် (ဝိညာဏ်) ဟူသော (သိမှု) သဘော (စိတ်) သက်သက်မျှဖြစ်ပေါ်သောမြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ်၊ စားသိစိတ်၊

ထိတွေ့သိစိတ်တည်းဟူသော (ဝိညာဏ်) သိစိတ် (၅)ပါး၊ ပဉ္စဝိညာဏ် စိတ်အနေနှင့် သိရုံသာသိသည့် သိတတ်သည့်သဘော (ဝိညာဏ်စိတ်) က စတင်ဖြစ်ပေါ်ရပါသည်။ ဘာရယ်၊ ညာရယ်လို့မသိသေးပါ။ (ပဋ္ဌာန်း ၂၄ပစ္စည်း) ၌ မြတ်စွာဘုရားဟောကြားထားသည်မှာ -

"ရူပါယတနံ စက္ခုဝိညာဏဓါတုယာ၊ တံသမ္ပယုတ္တကာ၊ နဥ္စဓမ္မာနံ အာရမ္မဏပစ္စယေနပစ္စယော

(အာရုံ) နှင့် (ဒွါရ) တိုက်ဆိုင်မှုကြောင့် သိစိတ် (ဝိညာဏ်) ဖြစ်လာလျှင် တံသမ္ပယုတကာနဥ္စဓမ္မာနံအတိုင်း (စိတ်) ကိုမှီတွယ်ပြီး (စိတ်) ကိုချယ်လှယ်မည့် (စေတသိက်) များပါလာပြီး (ဝိတက်) က (အာရုံ) ကို (မနော) ရောက်အောင်ပို့သည့်အခါ၌ (မနော) ဆိုသော ဟဒယနှလုံးသားမှဖြစ်ပေါ်လာသော မနောဝိညာဏ် (မနောစိတ်) ဖြစ်လာမှ (ရုပ်) ကြီးကိုခိုင်းစေလိုသော၊ ပြုပြင်စေလိုသော (စိတ်) ဖြစ်လာရပါသည်။

(သိစိတ်) ကို (ပါဠိ) လိုမြတ်စွာဘုရားက (ဝိညာဏ်) ဟု နာမည်ပေးထားပါသည်။ ထို (သိစိတ်) တစ်ခုဖြစ်လျှင် (စေတသိက်) သည်သိစိတ်နှင့်အတူ ဖြစ်ဘက်၊ချုပ်ဘက်ဖြစ်ပါသည်။ (ဝိညာဏ်) ခေါ်သည့် (သိစိတ် + စေတသိက် + ပညတ်) တို့ ပါဝင်လာမှ (မနောစိတ်) ရယ်လို့အသိပြည့်စုံသော (စိတ်) တစ်ခုဖြစ်ပေါ်ရ

ပါသည်။ မနော (စိတ်) တစ်ခုတွင် (စိတ်+စေတသိက်+ရုပ်) ဖြစ်သည့် (စိတ်) နာမ် + (စေတသိက်) နာမ် + (ရုပ်) ဖြစ်သော (နာမ်နှင့်ရုပ်) ခန္ဓာငါးပါးတပေါင်းတည်း ဖြစ်ပေါ်ပါသည်။ (ဝိညာဏ်+နာမ်+ ရုပ်) ဖြစ်သည့် (စိတ်+စေတသိက်+ရုပ်) သည် (နာမ်နှင့်ရုပ်) သာဖြစ်ပါတော့သည်။

(ဝိညာဏ်+စေတသိက်+ပညတ်) တို့ပါဝင်သော(မနောစိတ်) နှင့် (ရုပ်) ဖြစ်သော (စိတ်ရုပ်) ဖြစ်သည့်အခေါ်အားဖြင့် (လူ) သည် သူ့စိတ်နှင့် သူ့ကိုယ်ပဲ၊ သူလုပ်ချင်ရာလုပ်သည်ဟု ဆိုရိုးစကားရှိသည် နှင့်အညီ (စိတ်) ကခိုင်းသည့်အတိုင်း (ရုပ်) ကြီးကလုပ်နေရသည့် (Natural Impersonal Phenomenon) ဟုခေါ်ဆိုနိုင်သည် Natural =သဘာဝဓမ္မအတိုင်းဖြစ်သော = Impersonal = ဘယ်သူနှင့်မှမပတ်သက်သော ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ မဟုတ်သော (ငါ) မဟုတ်သော (ငါ၊ သူ) မဟုတ် (နာမ်နှင့်ရုပ်) ဖြစ်သည်ကို Phenomenon = ထူးခြားစွာသိမြင်နိုင်သည့် (ဓမ္မသဘာဝ) ဖြစ်ရပ်တစ်ခုသာဖြစ်ကြောင်း အမှန်ကိုသိနားလည်ရပါမည်၊ တကယ်အဖြစ်မှန်ကလည်း (စိတ်နှင့်ရုပ်) ဖြစ်သည့် (နာမ်နှင့်ရုပ်) တို့ သူတို့အလုပ်သူတို့ကိစ္စကို သူတို့ (ဓမ္မသဘာဝ) တို့က လုပ်နေကြခြင်းပင်ဖြစ်ပါသည်။

သွားချင်တာက (စိတ်)၊ သွားတာက (ရုပ်) ဖြစ်သည့်အတွက်

သွားခြင်းမှာလည်း နာမ်ရုပ် (ရုပ်နာမ်) ပင်ဖြစ်ပါသည်။ (ရုပ်) ကြီးသည် (စိတ်) ရှိသည့်အတွက် အခုထိုင်ချင်၊ တော်ကြာထချင်၊ တော်ကြာသွားချင်ဖြစ်နေရပါသည်။ (စိတ်) ကခိုင်းတိုင်း (ရုပ်) က လိုက်လုပ်နေရပါသည်။ သွားချင်သည့်အခါမှာ (စိတ်) က မတိုက်တွန်းရင် (ရုပ်) ကြီးက ရွှေ့ကိုမရွှေ့ပါ။

နာမံ = နာမ်သည်၊ ဂစ္ဆတီကမ္မညတာ =
သွားချင်တာကို အလိုရှိလျှင်
ရူပံ = ရုပ်သည်၊ ဂစ္ဆတိ = သွား၏။

"သွားချင်နေတာ (စိတ်နာမ်) ပါသေချာမှတ်၍ထား
(စိတ်) ကသွားမည်တိုက်တွန်းသည် လှုပ်မည်ဝါယောအား"

(စိတ်) ကတိုက်တွန်းလျှင် (ဝါယော) (ရုပ်) ကလှုပ်ရှားတွန်းကန်မှုကြောင့် (ကိုယ်) ကာယဖြစ်သည့်အပေါင်းအစု (ရုပ်) ကြီးက လှုပ်ရှားသွားရခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးပညာရှိများပြောကြားခဲ့သည်မှာ -

"ပြုချင်၊ လုပ်ချင်၊ တိုက်တွန်းချင်၊ (စိတ်) ပင်အမှန်ပဲ၊
နေရာတိုင်းမှာ (ရုပ်နာမ်) ပါကေန်မှတ်ယူစွဲ" ဟူ၍ မှတ်သားရပါမည်။

လူသတ္တဝါတို့သည် (စိတ်) နာမ်၏တိုက်တွန်းမှုကြောင့် သွားတဲ့ရုပ်ကသွား၊ ရပ်တဲ့ရုပ်ကရပ်၊ ထိုင်တဲ့ရုပ်ကထိုင်၊ စားတဲ့ရုပ်က

စား၊ အိပ်တဲ့ရုပ်ကအိပ်၊ ပျော်တဲ့ရုပ်ကပျော်၊ ငိုတဲ့ရုပ်ငိုနဲ့။ (ငါ၊ သူ) မဟုတ် (နာမ်နှင့်ရုပ်) ပရမတ်တို့ကအလုပ်လုပ်နေကြသော (ဓမ္မသဘာဝ) မျှသာဖြစ်ပါသည်။

စိတ် (နာမ်) မရှိလျှင်စိတ် (နာမ်) ပျက်လျှင် (ရုပ်) ကြီးကားသေမည်သာဖြစ်ပါသည်။ (ရုပ်) အလောင်းအသေကောင်ပဲဖြစ်မည်သာဖြစ်ပါသည်။ လူသေကောင်ထမင်းမစားခြင်းမှာ (စိတ်) မရှိလို့၊ (စိတ်) မရှိတော့သေလို့ထမင်းမစားနိုင်တော့ပါ။ (စိတ်) ရှိလို့စားကြ၏။ စားချင်သည့် (စိတ်) မရှိပဲ (ရုပ်) ကြီးကစားသည့်အလုပ်မလုပ်ပါ။ အိပ်ချင်သည့် (စိတ်) မရှိပဲ (ရုပ်) ကမအိပ်ပါ။ ရယ်ချင်သည့် (စိတ်) မရှိပဲ (ရုပ်) ကြီးက မရယ်ပါ။ ငိုချင်သည့် (စိတ်) မရှိပဲ(ရုပ်) ကြီးက မငိုပါ။ ထို့ကြောင့် စိတ် (နာမ်) အကျိုးကြီးက (ရုပ်)အကန်းကြီးကို ခွစီးစေခိုင်းပြီး (၃၁) ဘုံခရီး၊ သံသရာခရီးသွားနေရသည်သာ ဖြစ်ပါသည်။ (စိတ်နာမ်) အကျိုးကြီးသည် သေသည့်အခါ (သင်္ခါရ)၏ ပြုပြင်မှုကြောင့် သေခါနီးနောက်ဆုံးဝင်လာသည့် (အာရုံ)၏နောက်သို့ လိုက်ထွက်သွားပြီး ထို (အာရုံ) ကပြသည့် ဘဝတစ်ခု၌ (စိတ်) ကတွယ်ရပြီး ပဋိသန္ဓေစိတ် (ဝိညာဏ်+နာမ်+ရုပ်) သွားဖြစ်လျှင် ဤဘဝရှိ (ရုပ်)ကြီးကား(စိတ်)မရှိတော့၍ သေရပါတော့သည်။(ဂေါ)အလောင်းပင် ဖြစ်ရပါတော့သည်။

(စက်ရုပ်) တွင်အထဲက (စက်) လည်သမျှ၊ စက်ကောင်းသမျှ (ရုပ်) ကြီးကအလုပ်လုပ်နေရပါသည်။ (စက်) ပျက်သွားသည်နှင့် (ရုပ်) ကြီးကားသုံးမရတော့ပေ၊ (လူ)လို့ခေါ်နေကြသည့် (စိတ်ရုပ်) ဝါ (နာမ်နှင့်ရုပ်) သာရှိသည့် (ဓမ္မသဘာဝ) သည် အထဲကစိတ် (နာမ်) မရှိတော့လျှင် (စိတ်နာမ်) ပျက်သွားလျှင် ရုပ်ကြီးကားအသေကောင် ရုပ် (ရုပ်) အလောင်းကြီး ဖြစ်ပြီး မကြာမှီပုပ်ပွနံစော်လာတော့မည် ဖြစ်သဖြင့် သုသာန်၌ မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုလ်ခြင်းပြုရပါသည် "စိတ္တဘင်္ဂါမတော လောကော" ဟူ၍ဟောကြားခဲ့ပါသည်။ လောကော = သတ္တလောက (သတ္တဝါ) တို့သည် စိတ္တဘင်္ဂါ = စိတ်ပျက်သွားသည် ရှိသော်၊ ရှေ့စိတ်ပျက်ပြီး နောက်စိတ်မလာသည်ရှိသော် မတော = သေသည်မည်၏ ဟူ၍ဟောကြားခဲ့ပါသည်။

"စိတ္တေနနိယတေလောကော"ဟူ၍ မြတ်စွာဘုရား ဟော ကြားသလိုတကယ်တော့လောဘကြီးဆိုသည်မှာ (စိတ်)ကဖန်ဆင်း သည်သာဖြစ်ပါသည်။(သမာနကေ )"စိတ်ရှိသော"ဆိုသည်မှာ(ပညတ်) ပါသော (စိတ်) တွေဖြစ်နေကြခြင်းပင်ဖြစ်ပါသည်။ (စိတ်) ရှိလို့ရယ်ချင် (စိတ်)ရှိလို့ငိုချင် (စိတ်) ရှိလို့ တပ်မက်ချင် (စိတ်) ရှိလို့ဟိုဟာလိုချင် ဒီဟာလိုချင်ဖြစ်ရ၊ (စိတ်) ရှိလို့ဒေါသထွက်ရ၊ (စိတ်) ရှိလို့ရန်ငြိုးဖွဲ့ရ၊ (စိတ်) ရှိလို့စွဲလန်းရဖြစ်နေသည့် (စိတ်) ဖြစ်ပေါ်တိုင်း (ရုပ်)ကြီးက လှုပ်ရှားရသည်မှာ ပြော၍မကုန်နိုင်အောင်ရှိပါသည်၊ (စိတ်) ရှိလို့

(ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်ပြီးကိုယ့်လောကကို ကိုယ်ဖန်ဆင်း နေကြခြင်းသာဖြစ်ပါ၍ (လောက) ရယ်လို့ဖြစ်နေကြရပါသည်။

သံယုတ်ပါဠိတော် ရောဟိတသုတ်တော်လာ
ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သမာနကေ = သ +မန = (စိတ်) အသိနှင့်တကွဖြစ်သော၊
စိတ်ရှိသော
လောကဉ္စ = လောကကြီးကိုလည်းကောင်း
လောကသမုဒယဉ္စ = လောကဖြစ်ကြောင်းကိုလည်းကောင်း၊
လောကနိရောဓဉ္စ = လောကချုပ်ကြောင်းကိုလည်းကောင်း၊

လောကနိရောဓဂါမိနိပဋိပဒါဉ္စ = လောကချုပ်ကြောင်းအကျင့်ကို လည်းကောင်း အဟံ = ဘုရားရှင်သည်၊ ပညာပေမိ = ပညာဖြင့် ဟောကြားတော်မူ၏ဟု ပခုက္ကူဆရာတော်ဘုရားကြီး ဟောကြားချက် အကျယ်ကို "မဟ္မာနုပဿနာ" (ဒုတိယတွဲ) တွင် ဖော်ပြထားပါသည်။

(လောက) ဆိုသည်မှာ (စိတ်) ကဖန်ဆင်းခြင်းသာအမှန် ဖြစ်ပါသည်။ ကိုယ့်လောကသာယာအောင် ချမ်းမြေ့အောင် (စိတ်) ကသာဖန်ဆင်းခြင်းဖြစ်၏။ ကိုယ့်လောကမသာယာအောင်၊ မချမ်း မြေ့အောင်လည်း (စိတ်) ကပဲဖန်ဆင်းပြန်၏။ (ပညတ်) တွေနှင့်နေ သည့် (စိတ်) သည် (ပညတ်) ကြောင့် ငိုချင်လျှင်ငို၊ ရယ်ချင်လျှင် ရယ်၏။ (စိတ်) ကစိုးရိမ်မှုများဖြစ်လာလျှင်လည်း စိတ်သောက

ဖြစ်ပြီးပူဆွေးငိုကြွေးရပြန်၏။

“စိတ္တေနနီယတိလောကော၊ စိတ္တေနပရိကဿတိ၊ စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝသမန္ဓဂူ”

ဟူသောဓမ္မသင်္ဂဏီအဋ္ဌကတထာ၌ထုတ်ပြသော သဂါထာ ဝဂ်သံယုတ်ပါဠိတော်စာ (၃၆) အရ

လောကော=သတ္တလောကကို စိတ္တေန = (စိတ်) ဖြင့်၊ နိယတိ= ဆောင်အပ်၏၊ လောကော=လောကကိုစိတ္တေန=(စိတ်) ဖြင့် ပရိက ဿတိ=ဆွဲငင်၏ စိတ္တဿ=စိတ်ဟုဆိုအပ်သော၊ ဧကဓမ္မဿ = တစ်ခု သောသဘောတရား၏၊ ဝသံ = အလိုသို့ ၊ သဗ္ဗေဝ = အလုံးစုံသာလျှင် ဖြစ်သော လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့သည် မန္ဓဂူ = အစဉ်လိုက်ရ ကုန်၏။

ထို (စိတ်) ကို (မဂ်) အကျင့်ဖြင့်ကောင်းစွာဆုံးမနိုင်လျှင် (မဂ်ဖိုလ်) စသော ကြီးစွာသော အကျိုးထူးကို ရနိုင်၏ဟု ဧကင်္ဂုတ္တိုရ်ပါဠိတော်စာ (၆) ၌

“စိတ္တဘိက္ခဝေဒန္တံဂုတ္တံရက္ခိတံ
မဟတောအတ္ထာယသံဝတ္တတိ” ဟုဟောတော်မူပါသည်။

ဘိက္ခဝေ = ရဟန်းတို့
ဒန္တံ = ယဉ်ကျေးသော

ဂုတ္တံ = လုံခြုံသော

ရက္ခိတံ = (ရာဂ၊ ဒေါသ) စသည်တို့မကျရောက်အောင်
ကောင်းစွာစောင့်ရှောက်သော

စိတ္တံ = စိတ်သည်

မဟာတော = ကြီးစွာသော

အတ္ထာယ = မင်္ဂဖိုလ်နိဗ္ဗာန်အကျိုးငှာ

သဝတ္တတိ = ဖြစ်၏

(စိတ်) ကိုကောင်းစွာ စောင့်ရှောက်နိုင်ခဲ့သော် (စိတ်) တစ်ပါးတည်းနှင့် မင်္ဂဖိုလ်ရနိုင်သည်ဟူလို

## (နာမ်ရုပ်) သည်ခန္ဓာငါးပါး

(စိတ်ရုပ်) နှင့် ပြဆိုခဲ့သည့်နာမ်ရုပ် (ရုပ်နာမ်) ဟူသည့် (ခန္ဓာငါးပါး) ကိုခေါ်ခြင်းဖြစ်ပါသည်။ (ခန္ဓာ)ဆိုသည်မှာ (အစု) ဟူ၍ အဓိပ္ပါယ်ရပါသည်။ ခန္ဓာငါးပါးသည် (အစုငါးပါး) ပင်ဖြစ်ပါသည်။ ဘာအစုငါးပါးလည်းဆိုလျှင် (ရုပ်နာမ်အစု) ငါးပါးမျှပင်ဖြစ်ပါသည်။ (ရုပ်နာမ်) သည် အစုငါးပါးရှိ၏။ (ရုပ်နာမ်) အစုငါးပါးဖြစ်သည့် ခန္ဓာငါးပါးမှာ - ရုပ်ခန္ဓာ (၁) ပါးနှင့် နာမ်ခန္ဓာ (၄)ပါးပါဝင်ပါသည်။

| ပါဠိလို | မြန်မာလို |
| --- | --- |

(၁)ရူပက္ခန္ဓာ = ရုပ်ခန္ဓာ = (ရုပ်) အစု = ဖေါက်ပြန်မှုသဘောဓမ္မ အစု

(၂)ဝိညာနက္ခန္ဓာ = နာမ်ခန္ဓာ = စိတ်အစု=သိမှုသဘောသက်သက် ဓမ္မအစု

(၃)ဝေဒနာက္ခန္ဓာ=နာမ်ခန္ဓာ=စေတသိက်အစု=ခံစားမှုသဘောဓမ္မ အစု

(၄)သညာက္ခန္ဓာ = နာမ်ခန္ဓာ = စေတသိက်အစု=မှတ်သားမှုသဘော ဓမ္မအစု

(၅)သင်္ခါရက္ခန္ဓာ = နာမ်ခန္ဓာ = စေတသိက်အစု=ပြုပြင်မှု၊ တိုက်တွန်း စေ့ဆော်မှု၊ သဘောဓမ္မ အစုဟူ၍

(နာမ်) က (၄) ခု၊ (ရုပ်) က (၁) ခုဟူ၍အကျယ်အားဖြင့် (နာမ်ရုပ်) ခေါ်သည့် (ရုပ်နာမ်) တွင် (ခန္ဓာငါးပါး) ပါဝင်နေသည်ကိုသိရပါမည်။

## ရူပက္ခန္ဓာ (ရုပ်)

ခန္ဓာကိုယ် (ရူပက္ခန္ဓာ) ခေါ်ဆိုသည့် (ရုပ်) ကြီးသည် နေလို့ ကောင်းလိုက်၊ မကောင်းလိုက်၊ ထုံလိုက်၊ ကျင်လိုက်၊ ကိုက်လိုက်၊ နာလိုက်၊ ပူလိုက်၊ အေးလိုက်စသည်ဖြင့် သူ့ဟာသူအမျိုးမျိုးဖောက်

ပြန်နေသောကြောင့် ရူပတ္တိတိရူပံ = ခန္ဓာကိုယ်ကြီးသည် ဖောက်ပြန်နေသည့် (ဓမ္မ) သဘောရှိသည့်အတွက် သူ့ကို (ရုပ်) ခန္ဓာ (ရုပ်) ရူပက္ခန္ဓာ ဟုခေါ်ဆိုရပါသည်။

**ဝိညာနက္ခန္ဓာ (စိတ်)**

ခေါ်ဆိုသည့်အထက်၌ပြဆိုခဲ့သည့် (ဝိညာဏ်) စိတ်သည် (သိမှု) သဘော (ဓမ္မ)လေးသက်သက်မျှသာဖြစ်ပေသည်။ ခလေးငယ်လေးအသိ၊ ပရွက်ဆိတ်အသိလောက်သာ၊ သိကာမတ္တလေးမျှရှိပါသည်။ ဘာရယ်၊ ညာရယ်၊ ဘယ်ပုံဘယ်နည်းရယ်လို့ မသိသေးပါ။

**ဝေဒနက္ခန္ဓာ (စေတသိက်)**

(ဝေဒနာ) သဘောအစုကိုခေါ်ဆိုပါသည်။ ပါဠိလို (ဝေဒနာ) သည်မြန်မာလို (ခံစားမှု) သဘော (ဓမ္မ) အစုသာဖြစ်ပါသည်။ ကောင်း/မကောင်း၊ ချမ်းသာခြင်း (သုခ) ဝေဒနာ၊ ဆင်းရဲခြင်း (ဒုက္ခ)ဝေဒနာနှင့် ချမ်းသာတာလည်းမဟုတ်၊ ဆင်းရဲတာလည်းမဟုတ်သည့် (ဥပေက္ခာ) ဝေဒနာရယ်လို့ ခံစားတတ်သည့် သဘော (၃)မျိုးလည်းပါဝင်ပါသည်။

**သညာနက္ခန္ဓာ (စေတသိက်)**

(သညာ) သည်မှတ်သားတတ်သည့် သဘောအစု (ဓမ္မ) သာ

ဖြစ်ပါသည်။ နာမ်ခန္ဓာ၄ပါးတွင် မှတ်သားတတ်သည့် (သညာ) သဘောအစုလည်း ပါဝင်နေ၍ လူသည်တိရိစ္ဆာန်ထက် အမှတ်သညာ ပိုပါသည်။ အမှတ်သညာကောင်းသလောက် အတတ်ပညာရှိသည့် အဆင့်အတန်းကလည်းကွာကြပါသည်။

**သင်္ခါရက္ခန္ဓာ (စေတသိက်)**

ပါဠိလို (သင်္ခါရ)၊ မြန်မာလိုပြုပြင်မှု၊ တိုက်တွန်းမှု၊ စေ့ဆော်မှု (ဓမ္မသဘော) များပါဝင်ပါသည်။

ဘုရား၊ ရဟန္တာလို (သစ္စာ၄ပါး) သိပြီးမင်္ဂချမ်းသာ၊ ဖိုလ်ချမ်းသာ(နိဗ္ဗာန်)ချမ်းသာကိုမရသေးသော (သစ္စာ၄ပါး) မသိသေးသော၊ (အရိယာ) စသည်မဖြစ်သေးသော (ပုထုဇဉ်) သာမန်လူတို့တွင်(သစ္စာ၄ပါး)မသိသည့် (အဝိဇ္ဇာ)မသိမှုသည်ရှိနေကြပါသည်။ ထိုမသိမှု (အဝိဇ္ဇာ) မှ ပဋိစ္စသမုပ္ပါဒ်လည်ပုံတို့မှာ -

(အဝိဇ္ဇာ) ကြောင့်ပြုပြင်ချယ်လှယ်သည့် (သင်္ခါရ)ဖြစ်၊ (သင်္ခါရ)ကြောင့် (ဝိညာဏ်) ဖြစ်၊ (ဝိညာဏ်) ဖြစ်လျှင် (နာမ်ရုပ်) ဖြစ်၊ (နာမ်ရုပ်) ခန္ဓာငါးပါးသည် ဒွါရ ၆ပါး (သဠာယတန) အားလုံး၌ ဖြစ်ပေါ်၍ (သဠာယတန) ဒွါရ၆ပါးတွင် အာရုံ ၆ပါးနှင့် တွေ့တိုက်သည့်အခါ (ဖဿ) ဖြစ်၊ (ဖဿ) ဖြစ်လျှင် (ဝေဒနာ) ဖြစ်၊ ဝေဒနာ ဖြစ်လျှင် (တဏှာ) တပ်မက်မှုဖြစ်၊ တပ်မက်မှု (တဏှာ) ဖြစ်လျှင်

စွဲလန်းမှု (ဥပါဒါန်) ဖြစ်၊ စွဲလန်းမှု (ဥပါဒါန်) ကြောင့် (ဘဝ)ဖြစ်၊ (ဘဝ)သည်ပင်လျှင် ဇာတိဖြစ်၊ (ဇာတိ)ဖြစ်လျှင် (ဇရာ)အိုမှု၊ (မရဏ) သေမှု၊ မသေမီလည်း သောကစိုးရိမ်မှု၊ ပရိဒေဝငိုကြွေးမှု၊ စသည့် (ဒုက္ခအစု) တို့သည် ဖြစ်ကုန်ကြရပါသည်။ ဘယ်ဘဝရောက်ရောက်၊ နေ့စဉ်နှင့်အမျှ ခဏမစဲတသဲသဲ ဤဓမ္မအစဉ်အတန်း (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာဖြစ်စဉ်တန်းကြီးသည် မိုးမဆုံးရေမဆုံးသလို ချားရဟတ်ကဲ့သို့ လည်ပတ်လျှက်ရှိပါတော့သည်။ သံသရာလည်လျှက်ရှိနေပါတော့ သည်။

ဤသို့သံသရာလည်ရခြင်းမှာ (ရုပ်နာမ်) ဖြစ်သည့် (ခန္ဓာ ငါးပါး) ရမှုကြောင့်သာဖြစ်ရပါ၍ မြတ်စွာဘုရားသည် (ရုပ်နာမ်) ခန္ဓာငါးပါးရမှုကို (ဒုက္ခ) ရခြင်းဟုဟောပါသည်။

(မြတ်ဗုဒ္ဓ) က လောက၃ပါးရှိ၏ (ဩကာသလောက) သည် ရေ၊ မြေ၊ တော၊ တောင်၊ သမုဒ္ဒရာရှိသည့် ဤလောက၊ (သတ္တလောက) ခေါ်သည့် လူ၊ သတ္တဝါ၊ တိရစ္ဆာန်များဖြစ်ပေါ်နေသည့်လောက၊ (သင်္ခါရလောက) ခေါ်သည့်ဖြစ်ပျက် ပြုပြင်ပြောင်းလဲနေမှု လောက လည်းရှိနေသည့်အတွက် လောက (၃)ပါးရှိ၏လို့ ဟောရခြင်း ဖြစ်ပါသည်။

ထိုလောကသုံးပါး၌ (သင်္ခါရ) လောကဟုခေါ်သည့် ဖြစ်ပျက်

ပြုပြင်နေသည့် (သင်္ခါရ) လောကသည်သက်ရှိ လူ၊ သတ္တဝါ၊ တိရစ္ဆာန်များနှင့် သက်မဲ့ကမ္ဘာကြီးကိုလည်း (သင်္ခါရ) ဓမ္မသဘောဖြစ်သည့် (အကြောင်းနှင့်အကျိုး) ပေါ်မူတည်၍ ဖြစ်လိုက်၊ ပျက်လိုက် အစားထိုးလိုက်နှင့် သတ္တလောကနှင့် ဩကာသလောကကို ကမ္ဘာမပျက်မချင်း ပျက်ပြီးကမ္ဘာပြန်ဖြစ်သည်အထိ (သင်္ခါရ) ကပြုပြင်ပါသည်။ ကမ္ဘာပျက်ပြီးလျှင်လည်း (သင်္ခါရ) အကြောင်းအကျိုးဖြစ်စဉ်က အစားထိုးပြန်သည့်သက်မဲ့ (ဩကာသလောက) နှင့်သက်ရှိ (သတ္တလောက) ကိုဖြစ်လိုက်ပျက်လိုက် အစားထိုးပြုပြင်လိုက်ဖြင့် (ဖြစ်ပျက်) အို၊ နာ၊ သေ (ဇာတိ၊ ဇရာ၊ မရဏ) လမ်းသာသွားနေသည်မှာ (သင်္ခါရ)လောကကြောင့်ပင်ဖြစ်ပါသည်။

လူ သတ္တဝါတို့သည် အကြောင်းအကျိုးပေါ်ဆက်စပ်၍ ဖြစ်ပျက်ပြုပြင်နေသည့် (သင်္ခါရ) လောက (သင်္ခတ) နယ်ထဲ၌ ရှိနေကြသောကြောင့် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ တိရစ္ဆာန်ဖြစ်လိုက်နှင့် ကျင်လည်နေကြရပါသည်။ (ဘုရားရဟန္တာ) တို့သည် (သင်္ခါရ) ကမပြုမပြင်နိုင်တော့သည့် (သင်္ခါရ) အပြုအပြင်ခံမှုမှ လွတ်မြောက်သည့် (သင်္ခါရ) ကုန်မြောက်သည့် (အသင်္ခတ) မဖြစ်မပျက်ရာ (သင်္ခါရ)မှလွတ်မြောက်ရာ (နိဗ္ဗာန်) ချမ်းသာကို မျက်မှောက်ပြုနေ၍ အလွန်ချမ်းသာကြပါသည်။

ခန္ဓာငါးပါး (ရုပ်နာမ်) ရမှုသည် (သင်္ခါရ) ကြောင့်ဖြစ်၏။

(သင်္ခါရ) ကထင်ရှားရှိသည့် မျက်စေ့နှင့်အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အထိအတွေ့တို့ကို မြတ်စွာဘုရား၏အခေါ် (သင်္ခါရ) ကတွေ့တိုက်ပေးသည့်အခါ

"စက္ခုံစပဋိစ္စရူပေစဥပ္ပဇ္ဇတိစက္ခုဝိညာဏံ" ဟုဟောတော်မူသည့်အတိုင်း မျက်စေ့နှင့်အဆင်းကို (သင်္ခါရ) ကတွေ့တိုက်ပေးသဖြင့် မြင်သိစိတ် (ဝိညာဏ်) ဖြစ်ရ၏။ နားနှင့်အသံမှာကြားသိစိတ် (ဝိညာဏ်)၊ နှာခေါင်းနှင့်အနံ့မှာ နံသိစိတ် (ဝိညာဏ်) စားသိစိတ် (ဝိညာဏ်) ထိတွေ့သိစိတ် (ဝိညာဏ်) စသည်ဖြစ်ကြရ၏ (ဝိညာဏ်) သိစိတ်ဖြစ်ရခြင်းမှာ ထင်ရှားသည့်ရုပ် ၂ခုဖြစ်သည့် မျက်စေ့ရုပ်နှင့် အဆင်းရုပ်၊ နားရုပ်နှင့်အသံရုပ် စသည်တို့ကို (သင်္ခါရ) လောကထဲတွင်ရှိနေသည့်အတွက် ဖြစ်တာရော ပျက်တာပါ အစားထိုးတာ စသည်ဖြစ်ပျက် ပြုပြင်တတ်သည့်သင်္ခါရ (ဓမ္မ) သဘောက ပြုပြင်လိုက်သည့်အတွက်

"သင်္ခါရ ပစ္စယာဝိညာဏံ" ဟူ၍

သင်္ခါရကြောင့် သိစိတ် (ဝိညာဏ်) ဖြစ်လာရပါသည်။ (ဝိညာဏ်) သိစိတ် (နာမ်) သည် သူချည်းမဖြစ် (စေတသိက်) နာမ်နှင့် (ရုပ်) အပါအဝင် (ခန္ဓာငါးပါး) နှင့်ဖြစ်လေတော့၏။ ဒါကို ဝိညာဏပစ္စယာနာမရူပံ (နာမ်ရုပ်) ဖြစ်လာ၏။ သိစိတ်တစ်လုံး၊

သိမှုတစ်ခုတွင် (ဝိညာဏ် + စေတသိက်နာမ်နှင့် ရုပ်) တို့ပါဝင်သည့် အတွက် (ဝိညာဏ် + နာမ် + ရုပ်) တစ်နည်းဆိုသော် (သင်္ခါရ) စေတသိက်ကပြုပြင်သောကြောင့် (ပိညာဏ်) နာမ်အပြင် စေတသိက် (နာမ်) နှင့် (ရုပ်) အပါအဝင် (ခန္ဓာငါးပါး) တပေါင်းတည်းဖြစ်ရ ပါတော့သည်။

ဝိညာဏ် (သိစိတ်) ကို (စေတသိက်နာမ်) ခန္ဓာ (၃)ပါး ပါဝင်လာပြီး (ရုပ်) ပါတွေ့ရသိရသည့်အတွက် (ဝိညာဏ်+နာမ်+ရုပ်) ခေါ်သည့် (စိတ် + စေတသိက် + ရုပ်) ပါသည့် (ခန္ဓာငါးပါး) တစ်ပေါင်းတည်းဖြစ်ရပါသည်။ (စိတ်) တစ်လုံးဖြစ်လျှင် (ခန္ဓာငါးပါး) တစ်ပေါင်းတည်းဖြစ်ရပါသည်။

(ဥပမာ) ပန်းတပွင့် (ရုပ်) အဆင်းကိုမျက်စေ့ (ရုပ်) နှင့် (သင်္ခါရ) က တွေ့တိုက်ပေးမှုကြောင့် မြင်သိစိတ် (ဝိညာဏ်) စိတ် နာမ်ဖြစ်ပြီး နှင်းဆီပန်းရယ်လို့ မှတ်သားတတ်သည့် (သညာနက္ခန္ဓာ) စေတသိက်သည် (သညာ)သဘော (ဓမ္မ)ကလည်း နှင်းဆီပန်းရယ် လို့သိစိတ်ကို ပံ့ပိုးပြီးသိစေပါသည်။ နှင်းဆီပန်းကကောင်းမကောင်း ခံစားမှုကိုသိစေလိုသည့် (ဝေဒနာက္ခန္ဓာ) ဝေဒနာ (ဓမ္မသဘော) က လည်း နှင်းဆီပန်းကောင်း၊ မကောင်းခံစားသိမှုအတွက် (စိတ်) ကို ပံ့ပိုးပြီးသိစေပါသည်။ နှင်းဆီပန်းပွင့် (ရုပ်) မြင်မှု (ရူပက္ခန္ဓာ) အစရှိသည်တို့ကို (သင်္ခါရက္ခန္ဓာ)ဖြစ်သည့် (သင်္ခါရ)ကမြင်မှုတစ်ခုလေး

မှာပင် မှတ်သားမှု(သညာ)၊ ခံစားမှု (ဝေဒနာ) စသည်များပါဝင်သည့် ပြည့်စုံစွာသိသော မနော (စိတ်) ခန္ဓာဖြစ်သည့် (နာမ်ခန္ဓာ၄ပါး)နှင့် (ရုပ်ခန္ဓာ၁ပါး)၊ အားလုံးပေါင်း (ခန္ဓာငါးပါး)လုံးရစေမှုဖြင့် ပြည့်စုံသောသိမှုတစ်ခုဖြစ်အောင် စေတသိက် (သင်္ခါရ)က ပြုပြင်ပေးပါသည်။ ကျန်သော ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှုစိတ်တို့၌လည်း သိမှုပြည့်စုံသည့်ဝိညာဏ်သိမှု (နာမ်ရုပ်) ဖြစ်သည့်ဝိညာဏ်စိတ်ခန္ဓာ(၁)ပါး + စေတသိက်ခန္ဓာ (၃)ပါး၊ ရုပ်ခန္ဓာ (၁)ပါးအားလုံး (ခန္ဓာငါးပါး) လုံးပါသည့်စိတ် ဖြစ်အောင်၊ မနောစိတ်နှင့် သိအောင် (ဝိညာဏ်) မှ (နာမ်ရုပ်) ဖြစ်အောင် သိစိတ်တစ်ခုဖြစ်တိုင်း (ခန္ဓာငါးပါး) ရအောင် (သင်္ခါရ) ကပြုပြင်ပေးပါသည်။

ထို့ကြောင့် မြတ်စွာဘုရားက (၃၁) ဘုံလောကတွင် အဟုတ်ရှိ၊ အမှန်ရှိ၊ တကယ်ရှိတရားအနေနှင့် များများစားစားမရှိ (ခန္ဓာငါးပါး) ရသည့် (စိတ် + စေတသိက် + ရုပ်) နှင့် (ခန္ဓာ) မရသည့် (နိဗ္ဗာန်) ဟူ၍အမှန်ရှိတရား (ပရမတ္ထသစ္စာ) အနေဖြင့် (စိတ် + စေတသိက် + ရုပ်+နိဗ္ဗာန်)ဟူ၍ (ပရမတ္ထသစ္စာ) တရား (၄)ပါးသာ အမှန်ရှိကြောင်းသာ ဟောကြားခဲ့ပါသည်။

ခန္ဓာငါးပါး (စိတ် + စေတသိက် + ရုပ်) ဖြစ်သည့် (ရုပ်နာမ်) ရှိသဖြင့် ကိုယ့်လောက၊ သူ့လောက၊ လူ့လောက၊ နတ်လောက၊ တိရိစ္ဆာန်လောကရယ်လို့ ၃၁ဘုံလောကရယ်လို့ ခေါ်ဆိုနေကြရာ၌

အမှန်ရှိနေသည်မှာ (စိတ် + စေတသိက် + ရုပ်) ဖြစ်သည့် (ရုပ်နမ်) (ဓမ္မသဘော) သာရှိကြောင်း (ရုပ်နာမ်) ခန္ဓာမရသည့် (ရုပ်နာမ်) မဖြစ်တော့သည်မှာ (နိဗ္ဗာန်) သာဖြစ်ကြောင်း ဟောကြားတော်မူပါသည်။

(ရုပ်) ကြီး ဖောက်ပြန်နေသည်ကိုလည်း (စိတ်) ကသိအောင် (သင်္ခါရ) စေတသိက် ကလုပ်ပေးပါသည်။ (ဝေဒနာ) ခေါ်သည့်(ခံစား) တတ်မှုတွင် (သုခ) ချမ်းသာတာခံစားတတ်အောင် (ဒုက္ခ) ဆင်းရဲနာကျင်ကိုက်ခဲမှုကို ခံစားတတ်အောင် (စိတ်) ကခံစားရအောင်လည်း (သင်္ခါရက္ခန္ဓာ) သင်္ခါရကပြုပြင်ပေးပါသည်။ ထိုင်လို့ညောင်းလာလျှင်လည်းထရအောင် (သင်္ခါရ) က (စိတ်) ကိုနှိုးဆော်တိုက်တွန်းပေးပါသည်။ (စိတ်) ကသိရပါသည်။ သွားချင်အောင်လည်း သင်္ခါရ (သင်္ခါရက္ခန္ဓာ) ကတိုက်တွန်းပေးပါသည်။ ခန္ဓာကိုယ်မှာ အစာမရှိလို့ အစာတောင်းမှု ဆာလောင်မှုကိုလည်း (စိတ်) ကသိအောင် (သင်္ခါရ) ကတိုက်တွန်းပေးပါသည်။ အိပ်ချင်တာ၊ သောက်ချင်တာ၊ စားချင်တာ အစရှိသဖြင့် (ချင်တာ) တစ်ခုခုဖြစ်အောင်လည်း (သင်္ခါရ) ဓမ္မကစေ့ဆော်တိုက်တွန်းပေးပါသည်။ လောဘ၊ ဒေါသ၊ မောဟဖြစ်အောင် ကောင်းမှု၊ မကောင်းမှု ဖြစ်အောင်လည်း သင်္ခါရ (သင်္ခါရက္ခန္ဓာ) စေတသိက်ကပြုပြင်ပေးပါသည်။

ပြောဟ၊ ပြောဟ၊ လုပ်ဟ၊ ငုပ်ဟဟူ၍လည်း (စေတနာ)

သို့နာမည်ပေးထားသည့် (သင်္ခါရ) ကသာလုပ်ခြင်းဖြစ်၍ (စိတ္တသင်္ခါရ) ခေါ်သည့်စိတ်ကကြံစည်မှု၊ (ဝစီသင်္ခါရ) ခေါ်သည့်နှုတ်ဖြင့် ပြောဆိုမှု၊ (ကာယသင်္ခါရ) ဟုခေါ်ဆိုသည့် ကိုယ်ဖြင့်ပြုလုပ်မှုတို့သည် (သင်္ခါရ) ကြောင့်ဖြစ်၏။ ထို့ကြောင့် (စေတနာ၊ ကံ၊ သင်္ခါရ) သည် အားလုံး အတူတူပဲဖြစ်၏။ (စေတနာ) သည်လည်း (ကံ) ဖြစ်ရာ စေတနာ၊ ကံ၊ သင်္ခါရနှင့် ပြုလုပ်သောစိတ်မှုကိစ္စ၊ နှုတ်မှုကိစ္စ၊ ကိုယ်ဖြင့် ပြုလုပ်မှု(စိတ္တသင်္ခါရ၊ ဝစီသင်္ခါရ၊ ကာယသင်္ခါရ) တို့တွင် (ပုညာဘိသင်္ခါရ) ခေါ်သည့်ကောင်းမှုကုသိုလ်ကံ (အပုညာဘိသင်္ခါရ) ခေါ်သည့် မကောင်းမှုအကုသိုလ်ကံတို့သည် (သင်္ခါရ) စေတသိက်ကြောင့်ဖြစ်ပေါ်လာရပါသည်။ အသက်ရှူထုတ်မှုမှာလည်း (သင်္ခါရ) ကပြုပြင်နေ၏။ နိုးရာမှအိပ်အောင် အိပ်ရာမှနိုးအောင်မှာလည်း (သင်္ခါရ) ကပြုပြင်ပေးပါသည်။ သေရာမှာ ပဋိသန္ဓေဖြစ်ရာမှာလည်း (သင်္ခါရ)ကပါရပါသည်။

## စေတသိက်

(စေတသိက်)ပိုင်း အသေးစိတ်မရောက်မီ စာမျက်နှာ (၂၄)မှစ၍ ပြဆိုခဲ့သော (ခန္ဓာငါးပါး)ထဲမှသင်္ခါရက္ခန္ဓာ (သင်္ခါရ) စေတသိက်ကိုပင် ဆက်လက်ပြဆိုပါအံ့။ (စိတ်)ဖြစ်သည့်(သိ)သဘော (ဝိညာနက္ခန္ဓာ) သည် (ဝိညာဏ်) သိသဘောဖြစ်သည့်ဝိညာဏ် (စိတ်) နာမ်တစ်လုံး ဖြစ်လျှင် (စိတ်)နှင့်အတူဖြစ်ပေါ်ဖြစ်ဖက်၊ ချုပ်ဖော်

ချုပ်ဖက်၊ (စိတ်) နှင့်အတူ အာရုံရှိသော၊ စိတ်နှင့်အတူမှီရာဝတ္ထုရှိသော (စေတသိက်) နာမ်သုံးလုံးကပါရစမြဲဖြစ်ပါသည်။ တကယ်တော့ (ဝိညာဏ်) စိတ် သည် (သိသဘော) သက်သက်မျှသာဖြစ်ရာ (စိတ်) ကိုဘယ်လို ဘယ်ချမ်းသာဖြစ်အောင် (စိတ်) ကို (ပညတ်) တွေနှင့် ရောအောင် (စိတ်) ကိုမှီတွယ်ပြီး ချယ်လှယ်သည့်သင်္ခါရက္ခန္ဓာ (စေတသိက်)သင်္ခါရ သည်(စိတ်)ကို(ရုပ်)ကိုဖြစ်အောင်လည်းလုပ်၏။ ပျက်အောင်လည်းလုပ်၏။ (စိတ်) ကိုခံစားတတ်အောင် မှတ်သား တတ်အောင် လောဘ၊ ဒေါသဖြစ်အောင်၊ ငိုအောင်၊ ရယ်အောင်၊ သောကပဋိဒေဝ ဖြစ်အောင်၊ နှလုံးကွဲသည့်(Heart Attack)ရအောင်၊ သေအောင်လည်း (စေတသိက်) ၅၂မျိုးဖြစ်သည့် သင်္ခါရက္ခန္ဓာ (သင်္ခါရ) ကချယ်လှယ်၏။ သေပြီးနောင်ဘဝဆက်အောင် ရောက်မိ ရောက်ရာ ဘဝ၊ နတ်ဘဝ၊ လူ့ဘဝ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ) အစရှိသည့် အပါယ် ဘဝရောက်အောင်လည်း (သင်္ခါရ၊ ပစ္စယာဝိညာဏ်)အရ သင်္ခါရ (သင်္ခါရက္ခန္ဓာ) စေတသိက်ကပဲပို့ပေးနေပါသည်။

သင်္ခါရကန္ဓာ (သင်္ခါရ) စေတသိက်သည် ကိုယ်၊ နှုတ်၊ စိတ် နှလုံးသုံးပါးလုံးကို သူကပဲပြုပြင်၊ တိုက်တွန်း၊ နိုးဆော်၊ ချယ်လှယ်ပေး နေပါသည်။ ဝေဒနာ (ဝေဒနက္ခန္ဓာ)၊ သညာ (သညာက္ခန္ဓာ) ဖြစ်သည့် ဤနာမ်ခန္ဓာ (၂)ပါးသည်လည်း စေတသိက် ၅၂လုံးထဲတွင် ပါဝင် နေသည့် စေတသိက်နာမ် (၂)ပါးဖြစ်ရာစိတ်ကို (ဝေဒနာ) ခံစား

ရမှန်းသိအောင်လည်း (စေတသိက်) (သင်္ခါရ) ကလုပ်ပေးပါသည်။ စိတ်ကို (သညာ) မှတ်သားတတ်အောင်လည်း စေတသိက် (သင်္ခါရ) ကလုပ်ပေးပါသည်။ ထို့ကြောင့် စိတ် (နာမ်) က (တစ်)ပါး၊ စေတသိက် (နာမ်)က (၃)ပါးရှိရာ၌ (စေတသိက်)နာမ်ကလည်း အမျိုးပေါင်း (၅၂) မျိုးရှိသည့်အထဲမှ ဝေဒနာ(နာမ်)စေတသိက်နှင့်သညာ (နာမ်) စေတသိက် (၂)ပါး ကို စေတသိက် (၅၂) မျိုးထဲမှနုတ်လိုက်လျှင် ကျန်သောသင်္ခါရက္ခန္ဓာ (နာမ်)စေတသိက် (သင်္ခါရ) သည်အမျိုးပေါင်း (၅၀) ရှိနေပါသည်။

စေတသိက် (သင်္ခါရနာမ်) သည် (စိတ် နာမ်) ကိုသိမှုပြည့်စုံအောင် (ခံစားမှု) ဝေဒနာ (မှတ်သားမှု) သညာတို့ဖြင့်သိအောင် နှိုးဆော်၊ တိုက်တွန်းပြုပြင်သည်သာမက (သင်္ခါရက္ခန္ဓာ) စေတသိက် ၅၀ ထဲမှပင် စိတ်တစ်လုံးဖြစ်တိုင်း အနည်းဆုံးစေတသိက် (၇) လုံးဖြင့် နိုးဆော်ပြုပြင်ပေးနေပါသည်။ ဤသို့ပြုပြင်နေကြောင်းမှာ ဓမ္မသဘော (သင်္ခါရ) သဘောဖြစ်သည့်အတွက် (သင်္ခါရ) ကြောင့် (စိတ်) အမျိုးမျိုးဖြစ်နေရပါသည်။

(ပညတ်ရုပ်) တစ်ခုကိုမြင်ခြင်း (ပညတ်) အသံကိုကြားခြင်း၊ အနံ့ကိုနံခြင်း၊ အရသာဖြစ်ခြင်း၊ ကိုယ်ဖြင့်ထိတွေ့မှုစသည့် (အာရုံ) ငါးပါးဖြစ်ရာ၌ ကံဆိုသော (အလုပ်)၊ ကိုယ်ဖြင့်ပြုသောအမှု (အလုပ်)၊ နှုတ်ဖြင့်ပြောသောအမှု (အလုပ်)၊ စိတ်ဖြင့်ကြံစည်သောအမှု (အလုပ်)၊

ဖြစ်သည့် ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံ (၃)ပါး ဖြစ်အောင် (သင်္ခါရက္ခန္ဓာ) စေတသိက် (၅၀)လုံးထဲက (စေတနာ) ခေါ်သော သင်္ခါရက္ခန္ဓာ စေတသိက် (သင်္ခါရ)က (စိတ်) ကိုပြောဟ၊ လုပ်ဟ၊ ကြံဟဟူသော နှိုးဆော်၊ တိုက်တွန်းမှုဖြင့် (စိတ်)ကိုနှိုးဆော်ခြင်း၊ ပြုပြင်ခြင်းကိုဖြစ်စေခြင်းကြောင့် ကံ (၃)ပါးဖြစ်ရပါသည်။

(စေတနာ)ခေါ်သော(သင်္ခါရ)က(စိတ်)ကိုနှိုးဆော် ပြုပြင်မှုကြောင့် ထိတွေ့သည့် (အာရုံငါးပါး) အပေါ်မှာ (စိတ်) ကကောင်းသော၊ မကောင်းသောကြံစည်မှု မနောကံတွေဖြစ်ရ၏။ နှုတ်ကကောင်းသောစကား၊ မကောင်းသောစကားတွေ ပြောဆိုမှုဝစီကံတွေဖြစ်ရ၏။ ကိုယ်ကလည်း ကောင်းတာ၊ မကောင်းတာလုပ်မိလုပ်ရာလုပ်ရခြင်းကာယကံတွေဖြစ်ရ၏။ ဤကား (သင်္ခါရ)ခေါ်သည့် (စေတနာ)စေတသိက်က သိစိတ် (ဝိညာဏ်)ကို တိုက်တွန်းမှုဖြင့် ချယ်လှယ်ခြင်းကြောင့် ကံ (၃)ပါးဖြစ်ရပါသည်။

(သင်္ခါရက္ခန္ဓာ) စေတသိက် (၅၀) ထဲမှတွေ့တိုက်ပေးသည့် (ဖဿ) စေတသိက်က (စိတ်) ကိုဖြစ်စေသည်မှာ၊ မြင်တဲ့အပေါ်မှာကောင်း၊ မကောင်းခံစားတတ်သည့် (ဝေဒနာ) ရအောင်၊ (စက္ခုသံဖဿဝေဒနာ)၊ ကြားသည့်အပေါ်၌ (သောတသံဖဿဝေဒနာ) စသည်ဖြင့် မြင်၊ ကြား၊ နံ၊ စား ထိတွေ့မှုတို့၌ ခံစားတတ်သည့် (ဝေဒနာ)ရအောင် ဖဿ (သင်္ခါရ) စေတသိက်ကအကြောင်း

ပေါ်မှုတည်၍ အကျိုးအမျိုးမျိုးသော (ဝေဒနာ)ခံစားရအောင် ပြုပြင်ပေးပါသည်။

(ဖဿ) ခေါ်သည့် (သင်္ခါရ) စေတသိက်၏ပြုပြင် ဖန်တီးပေးပုံမှာ မိမိရှေ့မှောက်၌ ချင်သီးစားနေသည်ကိုမြင်ရလျှင် (ဖဿ) က တွေ့တိုက်ပေးမှုကြောင့် မိမိမှာသွားကြိမ်းခြင်း၊ သွားရည်ယိုခြင်း (ဝေဒနာ) ခံစားရပါသည်။ ထိုသို့ (ဝေဒနာ) ခံစားမှုတို့ဖြစ်ရသည်မှာ သင်္ခါရ (ဓမ္မသဘာဝ) ကြောင့်ဖြစ်ရပါသည်။ လူတစ်ယောက်တိုက်မြင့်ကြီး၏ခေါင်မိုးအစွန်းအဖျားမှာရပ်နေသည်ကို မြင်ရလျှင် ဖဿ (သင်္ခါရ) ကပြုပြင်သည့်အတွက် မိမိမှာ သဲလှိုက်ရင်ဖိုသောခံစားရမှု (ဝေဒနာ) ဖြစ်ရ၏၊ မြင်ရသည့်အကြောင်းအပေါ်၌ အကျိုး (ဝေဒနာ) ရမှုကိုဖဿ (သင်္ခါရ) စေတသိက်ကဖြစ်စေပါသည်။ မိန်းမ ချောချောလှလှ၊ ယောကျ်ား ချောချောလှလှ၊ ရွှေ ငွေတို့ကိုမြင်ရလျှင် (ဖဿ) ကြောင့် စိတ်၌ နှစ်သက်မှု ကြိုက်မှု (ဝေဒနာ) ကိုရစေပါသည်။

မိန်းမအရုပ်ဆိုးကြီး၊ ယောကျ်ားအရုပ်ဆိုးကြီး၊ ရွံစရာအနူရုပ်ကြီး၊ သူရဲ၊ တစ္ဆေ၊ မစင်၊ အပုပ်ကောင်စသည်တို့ကို မြင်ရလျှင် (ဖဿ)ကြောင့် စိတ်မှာမကြိုက်မနှစ်မြို့သည့် (ဝေဒနာ) ကိုဖြစ်ပေါ်စေပါသည်။ ကြိုက်တာမြင်လျှင် (လောဘ၊ တဏှာ၊ ဥပါဒါန်) လိုချင်မှု၊ တပ်မက်မှု၊ စွဲလန်းမှုတို့ဖြစ်ရပါသည်။ မကြိုက်မနှစ်မြို့သည့် ခံစားမှုဝေဒနာရလျှင် (စိတ်) ၌(ဒေါသ၊ ဒေါမနဿ) ဖြစ်၍မကောင်းစိတ်၊

မကောင်းကံ လုပ်မိသည်ကိုဖြစ်စေပါသည်။ ဤကား (ဓမ္မသဘာဝ)၏ အကြောင်းအကျိုးသာဖြစ်ပါသည်။

မြင်သည့်ကိစ္စတွင် စက္ခုသံဖဿဝေဒနာ၊ မြင်သည့်ကိစ္စ နည်းတူ ကြားမှုကိစ္စမှာလည်း သောတသံဖဿဝေဒနာ၊ နံမှု၊ စားမှု၊ ထိတွေ့မှုစသည့် ကျန်အာရုံ ၄ပါးမှာလည်း ကောင်းတာကြား၊ ကောင်းတာနံပြီး၊ ကောင်းတာစားမိလျှင် (ဖဿ) (သင်္ခါရ) စေတသိက်က စိတ်ကိုနိုးဆော်ပြုပြင်မှုကတစ်မျိုး၊ မကောင်းတာကြား၊ မကောင်းတာနံ၊ မကောင်းတာစားမိလျှင်လည်း ဖဿ (သင်္ခါရ) စေတသိက်က (စိတ်) ကိုချယ်လှယ်သည်ကတစ်ဖုံ၊ စသည်ဖြင့် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှုအာရုံတွေမှာလည်း ဖဿ (သင်္ခါရ) စေတသိက်က (စိတ်) ကို တွေ့တိုက်ပြုပြင် ချယ်လှယ်မှုပေးသည်မှာ ကောင်းတာ (ချမ်းသာ) တာဆိုလျှင်၊ (သုခ) ဝေဒနာ၊ ဆိုးတာ (ဆင်းရဲတာ) ဆိုလျှင် (ဒုက္ခ) ဝေဒနာ၊ အကောင်းအဆိုးချမ်းသာ ဆင်းရဲ (သုခ၊ ဒုက္ခ) မဟုတ်သည်ဆိုလျှင် (ဥပေက္ခာ) ဝေဒနာဆိုသည့်သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာခေါ်သည့် (ဝေဒနာသုံးမျိုး) ရအောင် (ဖဿ) စေတသိက် (သင်္ခါရ) ကပြုပြင်ပေးပါသည်။

(သုခ) ချမ်းသာတာ၊ ကြိုက်တာဆိုရင် (လောဘ၊ တဏှာ၊ ဥပါဒါန်) ဖြစ်ပြီး (စေတနာ) သင်္ခါရကြောင့် ကံဖြစ်သည့် (ကမ္မဘဝ) ဖြစ်ရပါသည်။ ဒီလိုလုပ်တဲ့ဒီ (ကမ္မဘဝ) ရပြီး ဒီဘဝကသေလျှင်

တူသောအကျိုးပေးမှု 'ကမ္မဘဝပစ္စယာဇာတိ' ဟူသော ဒီ(ကံ)တွေလုပ်ခဲ့သည့်အတွက် ဒီအကြောင်း (ကံ) တွေ၏သတ္တိကြောင့် (ဥပပတ္တိဘဝ) အကျိုးပေးဘဝသည် အပင်မှမျိုး၊ မျိုးမှအပင်ဟူသော အကြောင်းအကျိုးအစဉ်အတန်းသည် နောက်တဖန် (ဇာတိ) ပဋိသန္ဓေရမှု၊ ဘဝတဖန်ပြန်ရမှု၊ သတ္တဝါတစ်မျိုးဖြစ်ရသော (ဇာတိ)ဖြစ်မှု၊ (ဇရာ) အိုမှု၊ (မရဏ) သေမှုတို့ဖြင့် မျိုးမှအပင်၊ အပင်မှမျိုး တို့ဖြင့် သစ်ပင်ပြန်ပြန်ပေါက်သလို (ပဋိသန္ဓေဇာတိ)ပြန်ပြန်ရမှု၊ ဆင်းရဲခြင်း၊ အိုမှုဆင်းရဲခြင်း၊ နာမှုဆင်းရဲခြင်း၊ သေမှုဆင်းရဲခြင်းတို့အပြင် မသေမှီမှာပင် သောကစိုးရိမ်မှု၊ ပဋိဒေဝငိုကြွေးမှုစသည့် ဒုက္ခဆင်းရဲ မှုအစုစုတို့သည် ဘဝဆက်တိုင်း ဆင်းရဲမှုသာပြန်ပြန်ဖြစ်ရပြန်ပါသည်။

(ဒုက္ခ) ဆင်းရဲတာ (မကြိုက်) တာဆိုလျှင် (အာရုံငါးပါး) ခံစားသည့် (ဝေဒနာ) သည်မကြိုက်တာဆင်းရဲတာဆိုလျှင် မလိုချင်သောဒုက္ခကြောင့် (ဒေါသ၊ ဒေါမနဿ) ဖြစ်ပြီးမကောင်းစိတ်များဝင်ပြီးမကောင်းမှုလုပ်ရ၊ မကောင်းစိတ်ဘဝနှင့်သေ၊ မကောင်းမှုကံအကြောင်းသတ္တိကြောင့် မကောင်းသောအမျိုး၌ ဖြစ်ရသောအပင်မှမျိုး၊ မျိုးမှအပင်ဆိုသလို အပါယ်၄ပါး၌ အရောက်များရပြီး လူဖြစ်လျှင်လည်း ဆင်းရဲနုံခြာသည့်အမျိုး၌သဖြစ်ကြရာ၌ ဇရာအိုခြင်း၊ ဗျာဓိ-နာခြင်း၊ မရဏ-သေခြင်းတို့ကိုရှောင်လဲမရပဲ ကုသိုလ်မျိုးစေ့မပါလျှင် ဘဝသံသရာ၌ နိမ့်သထက်နိမ့်ကျ၍သာ သွားကြရသည်မှာ

မပြုမပြင်သည့် အသင်္ခတ (နိဗ္ဗာန်) အသင်္ခတနယ်သို့ မရောက်မချင်း (သင်္ခတ)နယ်ဖြစ်သည့် (၃၁) ဘုံလောက ပြုပြင်နေသည့် (သင်္ခါရ) လောကထဲ၌ လူဖြစ်ကြရ၍ (သင်္ခါရ) ကချယ်လှယ်သမျှခံနေကြ ရပါတော့သည်။

ဤ (သင်္ခါရ) စေတသိက်သည် မွေးသည်မှ သေသည်အထိ အကောင်းအဆိုးဖြစ်အောင် သူကပဲချယ်လှယ်ပါသည်။ သေသည်၏ အခြားမဲ့မှာလည်း ဘဝတစ်ဖန်ပြန်ဖြစ်အောင် သွားရမည့်ဘုံဘဝကို လည်း (နိမိတ်၊ အာရုံ) နှင့်မြင်အောင် (ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်) စသည့်တစ်ခုခုမြင်အောင် ဤ (သင်္ခါရ) ကပဲပြုလုပ် ပါသည်။ ဤဘဝမှ (စုတေ) သေပြီးဘဝတစ်ခု၌ (ပဋိသန္ဓေ) ဖြစ် အောင်၊ ပဋိသန္ဓေစိတ်ဖြစ်လျှင် စေတသိက်နာမ်နှင့် ရုပ်ပါသည့် (ခန္ဓာငါးပါး) ရအောင်လည်း ဤ (သင်္ခါရ) ကပင်ပြုပြင်ဖန်တီးပေး ပါသည်။

(သင်္ခါရ) သဘောမှာ လောကသုံးပါးရှိရာ၌ ရေမြေတော တောင်ရှိသည့် ဤကမ္ဘာကြီးသည် (ဩကာသလောက) ဖြစ်ပြီး၊ သက်ရှိ သတ္တဝါများရှိခြင်းသည် (သတ္တလောက) ပင်ဖြစ်ရာ၊ ဤလောက နှစ်ပါးလုံးကိုဖြစ်ပြီးပျက်၊ ပြန်ဖြစ်၊ ပြန်ပျက် ဖြစ်ပျက်၊ ပြုပြင်နေသည်မှာ (သင်္ခါရလောက) ပင်ဖြစ်ပါသည်။

သင်္ခါရလောကထဲ၌ (သင်္ခါရ)သည် လူသတ္တဝါများနှင့် ရေမြေတောတောင် သမုဒ္ဒရာတို့ကိုသာ ပြုပြင်နေသည်သာမက သက်မဲ့ရုပ်ဝတ္ထုများကိုလည်း သိပ္ပံနည်းကျပြုပြင်လျက်ရှိပါသည်။ ကမ္ဘာပေါ်တွင် တိုးတက်နေသော သိပ္ပံပညာသည် သင်္ခါရလောကက ပြုပြင်ဖန်တည်းနေခြင်းဖြစ်ပါသည်။ အကြောင်းတရားနှစ်ခုဖြစ်သောရုပ်ဝတ္ထုနှစ်ခုတို့ ထင်ရှားရှိအောင်ထားရှိလျှင် (ဥပမာ) သံနှင့်သံလိုက်ခါတ်၊ အရုပ်နှင့် ကင်မရာစသည့် အကြောင်းတရားနှစ်ခုကို ထင်ရှားစွာ ထားရှိပါလျှင် ပြုပြင်တတ်သော (သင်္ခါရ)တို့က ပေါ်လာပြီးပြုပြင်တွေ့တိုက်ပေးပါတော့သည်။ တိုးတက်နေသည့် သိပ္ပံပညာထဲမှ (ဥပမာ) အားဖြင့် (သာဓက) တစ်ခုကိုထုတ်ပြလိုပါသည်။

ရန်ကုန်မြို့ကပို့လိုက်သော (FAX) (ဖက်စ်) စာတစ်စောင်သည်(FAX) စက်ရှိရာ ရန်ကုန်မြို့၌ပင် ကျန်ခဲ့သော်လည်း (မန္တလေး)ရှိ (Channal) တူနံပါတ်တူ၊ (ဘဝတူ) ၌သွား၍ပေါ်ပြီး ထွက်လာသော(FAX) စာရွက်စက္ကူသည် စက္ကူအသစ်ဖြစ်နေပါသည်။ ထိုစက္ကူသစ်(မန္တလေး) ဘဝသစ်ထဲ၌ သွား၍ပေါ်သော စာကြောင်းများပါအကြောင်းအရာများ(အကြောင်းတရား)များသည် - ရန်ကုန်ကပို့လိုက်သည့် ရန်ကုန်ဘဝဟောင်း၌ကျန်ခဲ့သည့် စာမျိုးရေးခဲ့သည့်(ပြုလုပ်ခဲ့သည့်) ကံအကြောင်းတရားမျိုး (ဘဝ) မျိုးဖြစ်နေပါသည်။ ရန်ကုန်၌သူရိုက်ခဲ့သည့် (ဝါ) သူပြုလုပ်ခဲ့သည့်အကြောင်း (ကံ)တရား

အတိုင်း မန္တလေးရောက်စက္ကူသစ်ဘဝသစ်၌ ကုသိုလ်၊ အကုသိုလ် (ကံ) တရားအတိုင်း မန္တလေးဘဝသစ်ဖြစ်သော နောက်ဘဝ၌တူသော (ကံ) တရားသည် အကျိုးပေးနေပါတော့သည်။

ရန်ကုန် (FAX) စက်ကပို့လိုက်သည့်စာပါ အကြောင်းအရာ အတိုင်း ဘဝသစ်မန္တလေးစက္ကူသစ်၌သွားပေါ်သကဲ့သို့ လူတို့သည် ဤဘဝ၌ပြုလုပ်ခဲ့သောကုသိုလ်၊ အကုသိုလ်ကံတရားအပြင်၊ ရှေးဘဝ၊ ဘဝကပြုလုပ်ခဲ့သည့် ကံတရားများပါ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) နှင့်ပြုခဲ့သော ကံမျိုးစေ့သတ္တိအကြောင်းတရား များသည် မန္တလေး၌သွားပေါ်သော စက္ကူသစ်ပါသောအကြောင်း အရာများကဲ့သို့ ထိုသူပြုလုပ်ခဲ့သော (ကံ) ကမ္မဘဝအကြောင်းတရား များပါ (စိတ်၊ စေတသိက်) အစဉ်အတန်းကြီးသည် နောက်ဘဝ၌ (ဥပပတ္တိဘဝ) နှင့်တူသော အကျိုးပေးပါတော့သည်။ အပင်မှမျိုး၊ မျိုးမှအပင်ဆိုသကဲ့သို့ ထိုသူပြုလုပ်ခဲ့သမျှသော ဤဘဝ၊ ရှေးဘဝ၊ ဘဝက (ကံ) မျိုးစေ့များသည် ဂဏန်းပေါင်းစက်၊ ကွန်ပျူတာစက်ကို၌ (Memory) များအဖြစ်စုဆောင်းထားရာမှ (သင်္ခါရ)၏ပြုပြင်မှုကြောင့် နောက်ဘဝ၌ တစ်ထပ်တည်းတူသော အကျိုးပေးပါတော့သည်။ ထိုသူ၏(စိတ်)အစဉ်အတန်းကြီးသည် ဘဝအဆက်ဆက်သို့ လိုက်ပါပုံ မှာ (FAX) စက်ထက်ဆန်းကျယ်ပါသည်။

ပြုပြင်တတ်သော (သင်္ခါရ) တရားဖြစ်သော (သင်္ခါရက္ခန္ဓာ)

သဘောကို ထိုသူမကျော်လွှန်နိုင်သမျှ ဘဝတလျှောက်၊ သံသရာတလျှောက်လုံးမှာ ထိုသူသည်ဘဝသံသရာဆက်၍ လည်ရအုံးမည်ဖြစ်ပါသည်။ အကြောင်းမှာ(သင်္ခါရ)ကုန်ပျောက်မှ(နိဗ္ဗာန်)ရောက်နိုင်သောကြောင့်(ပညတ်)သိနှင့်နေသော ထိုသူသည်(အဝိဇ္ဇာ)အမှားသိနှင့်နေခြင်းဖြစ်သောကြောင့် (အဝိဇ္ဇာ) အမှားသိနှင့်နေလျှင်(သင်္ခါရ)ကလာပေတော့သည်။ (သင်္ခါ)ရရှိနေသမျှတော့ (သင်္ခတ)နယ်ထဲကထိုသူသည် မလွတ်နိုင်ပါတော့ပေ။

ထို့ကြောင့် မြတ်စွာဘုရားက အမှားသိ (အဝိဇ္ဇာ)သိမှအမှန်သိ(သစ္စာ)သိဖြစ်အောင်(ဝိဇ္ဇာ)သိဖြစ်အောင် ဤလောက၊ ဟိုလောကအစရှိသည့် (၃၁)ဘုံတွင်အဟုတ်ရှိ၊ တကယ်ရှိ မဖောက်မပြန်သည့်တည့်မတ်မှန်ကန်သည့်အမှန်တရား (သစ္စာ)သည် (ပရမတ္ထသစ္စာ)တရားသာဖြစ်ကြောင်း၊ (ပရမတ္ထသစ္စာ)တရားမှာ ၄ပါးသာရှိကြောင်းပရမတ္ထတရား (၄)ပါးမှာ -

(စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) သာဖြစ်ကြောင်းဟောကြားခဲ့ပါသည်။

(သင်္ခတ)နယ်ရှိ (စိတ်+ စေတသိက်+ ရုပ်) = (ရုပ်နာမ်) = သည် (သင်္ခတ) တရား (ဖြစ်ပျက်) ပြုပြင်တရား (ခန္ဓာငါးပါး)သာဖြစ်ပါသည်။ (ခန္ဓာငါးပါး)ကို(သင်္ခါရ)မှပြုပြင်နေပါသည်။

နိဗ္ဗာန် = သည် (ခန္ဓာ) မရတော့သည့် (အသင်္ခတ) တရား၊ (ခန္ဓာ)မရတော့ မဖြစ်၊ မပျက်၊ မပြုပြင်ပဲနေသည့် (သုခ)ချမ်းသာသောတရားပင်ဖြစ်ပါသည်။

(သင်္ခတ)နယ်နှင့် (အသင်္ခတ)နယ်တွင် (စိတ်)=(၁)ပါး၊ (စေတသိက်)=၅၂ပါး၊ (ရုပ်)=၂၈ပါး၊ နိဗ္ဗာန်=(၁)ပါး=ပေါင်း(၈၂)ပါးသော (ဓမ္မသဘာဝ)သာရှိပါသည်။ (ပရမတ္ထသစ္စာ)အဟုတ်ရှိ၊ အမှန်ရှိသဘော ၄ပါးတွင် (စိတ်) သည် အစဉ်သဖြင့် ထိုက်သည့်အားလျော်စွာ (စေတသိက်) 'သင်္ခါရ' နှင့်အမြဲယှဉ်တွဲလျက်ဖြစ်ပေါ်၊ ချုပ်ပျောက်ပြီး အစားထိုး ပြုပြင်လျက်ရှိပါသည်။ (အာရုံ) ရှိမှ (စိတ်) တစ်လုံးဖြစ်ပေါ်ရ၏၊ (စိတ်) ဖြစ်သည့်အခါ (စေတသိက်) နှင့် (ရုပ်) ပါသည့် (ခန္ဓာငါးပါး) တို့တစ်ပေါင်းတည်းအတူဖြစ်၍ အတူချုပ်ပြီးနောက် (စိတ်) တစ်လုံးသည် နောက်တစ်အာရုံဖြင့် မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောဖြစ်သည့် ၆ဒွါရ၊ (အာရုံလက်ခံသည့်) အပေါက် ၆ပေါက်တွင် ပြင်ပမှ (အာရုံ) ၆ပါးနှင့်တွေ့သည့်အခါ (စိတ်) အမျိုးမျိုးဖြစ်လျှက် ရှိပါသည်။ (စိတ်) အမျိုးမျိုးဖြစ်လျှက်ရှိရာ၌ တစ်အာရုံတစ်စိတ်ဖြင့်တစ်စိတ်ရှိပြီးမှ တစ်စိတ်ဖြစ်ရပါသည်။ (စိတ်)နှစ်လုံးပြိုင်တူဖြစ်ရိုး ထုံးစံမရှိပေ၊ (စိတ်)သည် လျှပ်တပျက်၊ လက်တစ်ဖျစ်၊ တစ်စက္ကန့်တွင် ကုဋေတစ်သိန်းကျော် ရှေ့ဆင့်နောက်ဆင့်ဖြစ်ပျက်သွားကြ၏။ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ် စသည်စိတ်တစ်လုံး

ဖြစ်ပျက် သွားသော အချိန်သည်အလွန်တိုတောင်းလှပါသည်။

(စိတ်) တစ်လုံးဖြစ်ချိန်တွင် အနည်းဆုံး 'သဗ္ဗစိတ္တသာဓါရဏ' စေတသိက် (၇)လုံးတို့နှင့် ယှဉ်တွဲလျက်ဖြစ်ပေါ်ချုပ် ပျောက်လျက်ရှိ၏။ စိတ်နှင့်အတူဖြစ်၍ စိတ်နှင့်အတူချုပ်ပျောက်သော (သဗ္ဗစိတ္တသာဓါရဏ) ဟုခေါ်ဆိုသည့် (အလုံးစုံသော စိတ်နှင့် ဆက်ဆံသော (သင်္ခါရ)စေတသိက် (၇)လုံးကိုမြတ်စွာဘုရားဟောကြားတော်မူသည့် (အဘိဓမ္မာ)ထဲမှထို(သင်္ခါရ)တရားများကိုကောက်နှုတ်ပြရပါလျှင် -

(၁) ဖဿ - အာရုံကိုတွေ့ထိခြင်းသဘော (ဓမ္မ)
(၂) ဝေဒနာ - အာရုံ၏အရသာကိုခံစားခြင်းသဘော (ဓမ္မ)
(၃) သညာ - အာရုံကိုမှတ်သားခြင်းသဘော (ဓမ္မ)
(၄) စေတနာ - ယှဉ်ဖက်(စေတသိက်) တို့ကိုဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်တိုက်တွန်းခြင်း သဘော (ဓမ္မ)
(၅) ဧကဂ္ဂတာ - တစ်ခုတည်းသော အာရုံ၌တည်တံ့ခြင်း၊ တည်ကြည်ခြင်းသဘော (ဓမ္မ)
(၆) ဇီဝိတိန္ဒြေ - ယှဉ်ဖက်တရားတို့ကို သက်တမ်းပြည့်တည်တံ့အောင်စောင့်ထိန်းခြင်းသဘော(နာမ် အသက်) (ဓမ္မ)

**(၇) မနသိကာရ - (အာရုံ) ကိုနှလုံးသွင်းခြင်းသဘော (ဓမ္မ)**

စိတ်တစ်လုံးတွင် အနည်းဆုံးအထက်ပါစေတသိက် (၇)လုံးတို့ယှဉ်စပ်မှ (အာရုံ) ယူခြင်း၊ စိတ်အာရုံဖြစ်ခြင်းကိစ္စပြီးမြောက်ပါသည်။

(၁) ဖဿ = က စိတ်၊ စေတသိက်တို့ကို (အာရုံ) နှင့် ထိတွေ့ပေး၏။

(၂) ဝေဒနာ = က (အာရုံ) ၏အရသာကိုခံစား၏။

(၃) သညာ = က (အာရုံ) ကိုမှတ်သား၏။

(၄) (စေတနာ) = က (စိတ်) နှင့် (စေတသိက်) တို့ကို (အာရုံ)နှင့်ယှဉ်စပ်ပေး၏။

(၅) ဧကဂ္ဂတာ = ကအာရုံ၌(စိတ်)နှင့် (စေတသိက်) တို့ကိုတည်ငြိမ်နေအောင် ထိန်းပေးထား၏။

(၆) ဇီဝိတိန္ဒြေ = ကစိတ်နှင့် စေတသိက်တို့ သက်တမ်းပြည့်ရှင်သန်တည်တံ့ကြစေရန်စောင့်ထိန်းပေး၏။

(၇) မနသိကာရ = သည်(စိတ်)နှင့်(စေတသိက်)အပေါင်းတို့က(အာရုံ)သို့ဦးတည်သွားရန် ပဲ့ထိန်းသဖွယ်တည့်မတ်ပေး၏

ဤစေတသိက် (၇)လုံးသည် (ကုသိုလ်စိတ်) နှင့် (အကုသိုလ်စိတ်) တို့ဖြစ်ပေါ်ချုပ်ပျောက်ရာတွင် (စိတ်) နှင့်အတူ အမြဲယှဉ်တွဲပါရှိပေသည်။

စေတသိက် ၅၂ပါးရှိရာ၌ စိတ်အားလုံးနှင့်ယှဉ်သော စေတသိက် (၇)ပါးနုတ်လျှင် ကျန် (၄၅)ပါး၌ စိတ်ကိုမကောင်းသော စိတ် (အကုသိုလ်စိတ်) ဖြစ်စေသော (သင်္ခါရစေတသိက်) သည် (၁၄)ပါးရှိ၏။ စိတ်ကိုမကောင်းအောင် ပြုလုပ်ချယ်လှယ်သည့် အကုသိုလ်စေတသိက် (၁၄) ပါးမှာ အောက်ပါအတိုင်း ဖြစ်၏

(၁) လောဘ = (အာရုံ) ကိုတပ်မက်ခြင်း၊

(၂) ဒေါသ = စိတ်ကြမ်း၊ လူကြမ်းဖြစ်အောင် (အာရုံ)ကို ပြစ်မှားခြင်း၊

(၃) မောဟ = စိတ်ကိုမသိအောင် တွေဝေအောင် (အာရုံ) ကိုမသိအောင်တွေဝေခြင်း၊

(၄) မာန = စိတ်ကိုထောင်လွှားခြင်း၊

(၅) ဒိဋ္ဌိ = အမှားကိုအမှန်ထင်အောင်၊ အထင်မှားခြင်း၊

(၆) ဝိစိကိစ္ဆာ = အမှန်ကိုမဆုံးဖြတ်နိုင်အောင် ဖြစ်စေခြင်း၊

(၇) ကုက္ကုစ္စ = စိတ်ကိုငြိုးစူခြင်းဖြစ်အောင်လုပ်၏၊

(၈) မစ္ဆရိယ = မတူ၊ မတန်လို၊ ဝန်တိုခြင်းဖြစ်စေ၏၊

(၉) ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်စေအောင်ဖြစ်စေ၏၊

(၁၀) ကုက္ကုစ္စ = ပြုမိလေခြင်း၊ မပြုမိလေခြင်းဟု နောင်တရမှုဖြင့် ပူပန်မှုဖြစ်စေ၏၊

(၁၁) ထိန = စိတ်ကိုထိုင်းမိုင်းစေ၏၊

(၁၂) မိဒ္ဓ = ငိုက်မျဉ်းခြင်းဖြစ်စေ၏၊

(၁၃) အဟိရိက = မကောင်းမှုဒုစရိုက်ပြုရန် မရှက်သည့် သဘောဖြစ်စေ၏၊

(၁၄) အနောတ္တပ္ပ = မကောင်းမှုဒုစရိုက်ပြုရမှာ မကြောက် သဘောဖြစ်စေ၏၊

ဤစေတသိက် (၁၄)ပါးသော (သင်္ခါရ) တို့သည် စိတ်ကို မကောင်းအောင် မစင်ကြယ်အောင် ချယ်လှယ်လေတော့သည်။ (စိတ်) သည် အထက်ပါ(သင်္ခါရက္ခန္ဓာ)စေတသိက်(သင်္ခါရ)၏စေ့ဆော် တိုက်တွန်းပြုပြင်မှုကြောင့် နဂိုလ်မူလကရထားသည့် (အာရုံ)နှင့် (ဒွါရ) တို့တွေ့တိုက်ရာမှဖြစ်ပေါ်လာသည့် ရိုးရိုးစိတ် (ဝိညာဏ်) လေးအား အထက်ပါ (သင်္ခါရ) (စေတသိက်) များကြောင့် အထင်မှား၊ အမြင်မှား (ပညတ်)ကို (အာရုံ) ၆ပါးနှင့်သိသော (ဝိညာဏ်+နာမ်+ ရုပ်) ခန္ဓာ

ငါးပါးရရှိသော မကောင်းသော (အကုသိုလ်စိတ်) ဖြစ်ရ သည်ကို သိထားရပေမည်။

ဝိညာဏ် (သိစိတ်) ကလေးကို စိတ်ထားကောင်းအောင်၊ စိတ်ထားမွန်မြတ်သန့်စင်အောင်လည်း (စေတသိက်) ကပဲ ပြုပြင် ပါသေး၏။ စိတ်ထားကောင်းအောင် စိတ်ထားမွန်မြတ်အောင် (စေတသိက်) ကပြုပြင်ပေးသည့် (သောဘဏသာဓါရဏ) စေတသိက်(၁၉)ပါးသည်လည်း ရှိပါသေး၏။ ၎င်းတို့မှာ -

(၁) သဒ္ဓါ = ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို ယုံကြည်ခြင်းသဒ္ဓါ တရားသဘော(ဓမ္မ)

(၂) သတိ = ရတနာသုံးပါး၌ အောင့်မေ့ခြင်း၊ သတိရှိခြင်း သဘော (ဓမ္မ)

(၃) ဟိရီ = မကောင်းမှုဒုစရိုက်ပြုရန် မုန်းခြင်း၊ ရှက်ခြင်း သဘော (ဓမ္မ)

(၄) ဩတ္တပ္ပ = မကောင်းမှုဒုစရိုက်ပြုရန် ကြောက်ခြင်း သဘော (ဓမ္မ)

(၅) အလောဘ = ကာမဂုဏ်အာရုံတို့ကိုမလိုချင်၊ မတပ်မက် ခြင်းသဘော (ဓမ္မ)

(၆) အဒေါသ = မကြမ်းတမ်းခြင်း၊ မခက်ထန်ခြင်း (မေတ္တာ) သဘော (ဓမ္မ)

(၇) တတြာမဇ္ဈတ္တတာ=ညီမျှစွာလျစ်လျူရှုခြင်း (ဥပေက္ခာ) သဘော (ဓမ္မ)

(၈) ကာယပဿဒ္ဓိ = (စေတသိက်) များစေ့ဆော်တိုက်တွန်းမှု နည်း၍ ငြိမ်းအေးသည့်သဘော (ဓမ္မ)

(၉) စိတ္တပဿဒ္ဓိ = (စိတ်) ၏ငြိမ်းအေးခြင်းသဘော (ဓမ္မ)

(၁၀) ကာယလဟုတာ= (စေတသိက်) တို့ချယ်လှယ်မှုနည်း၍ ပေါ့ပါးခြင်းသဘော (ဓမ္မ)

(၁၁) စိတ္တလဟုတာ = (စိတ်) ၏ ပေါ့ပါးခြင်းသဘော (ဓမ္မ)

(၁၂) ကာယမုဒုတာ = (စေတသိက်) တို့၏ နူးညံ့ခြင်းသဘော (ဓမ္မ)

(၁၃) စိတ္တမုဒုတာ = (စိတ်) ၏ နူးညံ့ခြင်းသဘော

(၁၄) ကာယကမ္မညတာ=(စေတသိက်) တို့၏ကုသိုလ်ကောင်းမှု၌ ခန့်ညားခြင်းသဘော (ဓမ္မ)

(၁၅) စိတ္တကမ္မညတာ= (စိတ်) ၏ ကုသိုလ်ကောင်းမှု၌ ခန့်ညားခြင်း သဘော (ဓမ္မ)

(၁၆) ကာယပါဂုညတာ = (စေတသိက်)တို့ ကုသိုလ်ကောင်းမှု၌ လေ့လာခြင်းသဘော (ဓမ္မ)

(၁၇) စိတ္တပါဂုညတာ = (စိတ်) ၏ ကုသိုလ်ကောင်းမှု၌ လေ့လာခြင်းသဘော (ဓမ္မ)

(၁၈) ကာယုဇုကတာ = (စေတသိက်) တို့ဖြောက်မတ်စွာဖြစ်ခြင်း (ဓမ္မ)

(၁၉) စိတ္တုဇုကတာ = (စိတ်) ၏ ဖြောင့်မတ်စွာဖြစ်ခြင်းသဘော (ဓမ္မ)

ထို့အပြင် (စိတ်) ကိုကောင်းအောင်ပြုသည့် (ဝိရတီ) စေတသိက်အနေဖြင့်လည်း (၃)ပါးရှိပါသေး၏။

(၁) သမ္မာဝါစာ = ဝစီဒုစရိုက် (၄)ပါး (မုသားပြောခြင်း၊ ဂုံးချောခြင်း၊ သိမ်ဖျင်းသောစကားပြောခြင်း၊ ကြမ်းတမ်းစွာဆဲဆိုခြင်း) မှ ရှောင်ကြဉ်ခြင်း၊ မကောင်းသောစကားကို မဆိုခြင်းသဘော (ဓမ္မ)

(၂) သမ္မာကမ္မန္တ = ကာယဒုစရိုက် (၃)ပါး (သူ့အသက်ကို သတ်ခြင်း၊ သူများရွှေ၊ ငွေ၊ ပစ္စည်းကို ခိုးယူ

ခြင်း၊ သူများသားမယားကို ပြစ်မှားကျူး
လွန်ခြင်း) မှ ရှောင်ကြဉ်ခြင်းသဘော (ဓမ္မ)

(၃) သမ္မာအာဇီဝ = ကောင်းသော၊ မြတ်သော အသက်မွေးမြူ
ခြင်းသဘော (ဓမ္မ)

ထို့အပြင် (စိတ်) ကို ကောင်းအောင်ဖြစ်စေသည့် (အပ္ပမညာ) စေတသိက် (၂)ပါးလည်းရှိပြန်၏။

(၁) ကရုဏာ = သနားကြင်နာခြင်းသဘော (ဓမ္မ)

(၂) မုဒိတာ = သူတပါးရရှိခြင်း၊ သူတပါးကောင်းစားခြင်း
ကို ဝမ်းသာခြင်းသဘော (ဓမ္မ)

ထို့အပြင် တရားဓမ္မများအားထုတ်ရာတွင် တိုးတက်လာသောအခါ၊ ကောင်းသော (စေတိသိက်) ဖြစ်လာရာ၌ ကောင်းသော အကျိုးပြုသော (အမောဟ) ဟုခေါ်သည့် မတွေဝေပဲအမှန်သဘော သိအောင်ပြုသည့် (အမောဟ) စေတသိက် (၁)ပါးအနေဖြင့် သီးခြား ရှိပေသည်၊ ၎င်းမှာ -

ပညိန္ဒြေ = ပညာ + ဣန္ဒြိယ = ပညာသဘောအမှန်
အထူးထူးအပြားပြားကိုသိခြင်း၌ အစိုးရ
ခြင်းသဘော (ဓမ္မ) ဖြစ်လေသည်။

(စိတ်) ကို ကောင်းအောင် မွန်မြတ်အောင် အထက်ပါ သောဘဏဓါရဏစေတသိက် (၁၉)ပါး၊ ဝိရတီစေတသိက် (၃)ပါး၊ အပ္ပမညာစေတသိက် (၂)ပါး၊ အမောဟစေတသိက် (၁)ပါး၊ ပေါင်း (၂၅)ပါးသည် 'သောဘဏ' စေတသိက်များဖြစ်ကြ၍ ကုသိုလ် ကောင်းမှုပြုကြသော (စေတသိက်) များဖြစ်ကြသည်ကို သိထားရ ပါမည်။

(စေတသိက်) ထဲတွင် (စိတ်) အားလုံးနှင့်မယှဉ်သော (ပကိဏ်း) စေတသိက်ဟူသော (စေတသိက်) မျိုးလည်းရှိပါသည်။ (ပကိဏ်း) စေတသိက်သည် (စိတ်) အားလုံးနှင့်မယှဉ်သော်လည်း သောဘဏ၊ အသောဘဏစိတ် ၂မျိုးလုံးနှင့်ယှဉ်သင့်သလို ပြိုးပြွမ်း၍ ယှဉ်ကြပါသည်။ (ပကိဏ်း) စေတသိက် ၆ပါးရှိရာ ၎င်းတို့မှာ -

(၁) ဝိတက် = (အာရုံ)သို့တင်ခြင်းသဘော၊ ကြံစည်ခြင်း သဘော (ဓမ္မ)

(၂) ဝိစာရ = (အာရုံ)သို့ထပ်၍ထပ်၍ယူခြင်း၊ သုံးသပ်ခြင်း သဘော (ဓမ္မ)

(၃) အဓိမောက္ခ = (အာရုံ)ကိုဆုံးဖြတ်ခြင်းသဘော (ဓမ္မ)

(၄) ဝီရိယ = အားထုတ်တတ်သောသဘော (ဓမ္မ)

(၅) ပီတိ = (အာရုံ)ကိုနှစ်သက်တက်ခြင်းသဘော (ဓမ္မ)

(၆) ဆန္ဒ = (အာရုံ) ကိုလိုချင်တောင့်တခြင်း၊အလိုရှိခြင်း သဘော (ဓမ္မ)

ဤ(၆)ပါးတို့သည်(စေတသိက်)ထဲ၌ ပါဝင်ကြောင်း မြတ်စွာဘုရားဟောကြားခဲ့ပါသည်။

ထို့ကြောင့် (စေတသိက်)ဖြစ်သော (သင်္ခါရက္ခန္ဓာ) ဖြစ်သော (သင်္ခါရ)သည်စိတ်နှင့်အတူဖြစ်ခြင်း၊ စိတ်နှင့်အတူချုပ်ခြင်း၊ စိတ်နှင့်တူသောအာရုံရှိခြင်း၊ စိတ်နှင့်တူသော မှီရာဝတ္ထုရှိသော (သင်္ခါရ) စေတသိက် (၅၂) ပါးကိုရေတွက်သော် -

| | |
|---|---|
| သဗ္ဗစိတ္တသာဓါရဏစေတသိက် | - ၇ ပါး |
| အကုသိုလ်စေတသိက် | - ၁၄ ပါး |
| သောဘဏသာဓါရဏစေတသိက် | - ၁၉ ပါး |
| ဝိရတီစေတသိက် | - ၃ ပါး |
| အပ္ပမညာစေတသိက် | - ၂ ပါး |
| အမောဟ စေတသိက် | - ၁ ပါး |
| ပကိဏ်းစေတသိက် | - ၆ ပါး |
| စေတသိက်ပေါင်း | - ၅၂ ပါး ရှိပါသည်။ |

စေတသိက် (၅၂)ပါးသည် တစ်ပါးနှင့်တစ်ပါးမတူပဲ ထူးခြားသောသဘောလက္ခဏာတစ်ပါးစီ ပိုင်ရှိကြလေသည်။

(ဓမ္မ) ဟူသော သဘောတရား (သဘာဝ) တရားသည် မြတ်စွာဘုရားဒေသနာတော်မြတ်တရားဟောကြားရာ၌ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်)တို့သည် (ဓမ္မ) သဘောတရားများသာဖြစ်ကြပါသည်။

အထက်ပါ (ဓမ္မ) သဘောတရားများဖြစ်ကြသည့် စေတသိက် (၅၂) ပါးသည် (စိတ်) ကိုတိုက်တွန်း၊ နိုးဆော်၊ ချယ်လှယ်၊ ပြုပြင်သောကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်အစတွင် ဟောတော်မူသည့်အတိုင်း (စိတ်) ဖြစ်လျှင် (စေတသိက်) ပါ ပါရသည့်အပြင် (ရုပ်) ပါ ပါရသည့်အတွက် -

စိတ် (နာမ်) ခန္ဓာ (၁) ပါး

\+

(ဝေဒနာ၊ သညာ၊ သင်္ခါရ)

စေတသိက် (နာမ်) ခန္ဓာ (၃)ပါး = နာမ်ခန္ဓာ ၄ ပါး

ရုပ်ခန္ဓာ ၁ ပါး

ပေါင်းခန္ဓာ ၅ ပါး

စိတ်တစ်လုံးဖြစ်လျှင် စေတသိက်ပါပြီး (ပညတ်) လည်း ပါလျှင် (ခန္ဓာငါးပါး) တစ်ပေါင်းတည်းဖြစ်ရာ၌ (စိတ်) ဝိညာဏ်ကို (စေတသိက်) ကပြုပြင်ချယ်လှယ်မှုကြောင့် (ရုပ်) ကြီးက လှုပ်ရှား ရရာတွင် (ဝိညာဏ် + နာမ် + ရုပ်) သိစိတ်ပြည့်စုံသည့် (နာမ်နှင့် ရုပ်) ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်သည့် (စိတ်+စေတသိက်+ရုပ်) ဖြစ်သည့် (နာမ်) နှင့် (ရုပ်) တို့၏သူ့ကိစ္စသူ ဆောင်ရွက်သောသဘောတရား (ဓမ္မ) "သဘာဝ"သာလျှင်ဖြစ်၍ (ခန္ဓာငါးပါး)နှင့်တကွဖြစ်သော(စိတ်)သည်ကုသလာဓမ္မာ၊ အကုသလာ ဓမ္မာ၊ အဗျာကတာဓမ္မာတို့သာရှိကုန်၏။

| | | |
|---|---|---|
| ကုသလာဓမ္မာ | = | အပြစ်မရှိသော မွန်မြတ်သောကုသိုလ်ဖြစ်ကုန်သော (ဓမ္မ) သဘာဝသဘောတရားတို့သာရှိကုန်၏။ |
| အကုသလာဓမ္မာ | = | အပြစ်ရှိသော အကုသိုလ်ဖြစ်ကုန်သော (ဓမ္မ) သဘာဝ သဘောတရားတို့သာ ရှိကုန်၏။ |
| အဗျာကတာဓမ္မာ | = | ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်ကုန်သော အဗျာကတာ (ဓမ္မ) သဘာဝ သဘောတရားတို့သည်လည်း ရှိကြကုန်၏။ |

(အာရုံ) ကိုသိသောစိတ်၊ (ဝိညာဏ်) ကလေးတစ်ခုဖြစ်ပေါ်လာရာ၌ (အာရုံ) သည် (မနောဒွါရ) နှင့် တိုက်ရိုက်မထိတွေ့နိုင်သဖြင့် ထိတွေ့ရန် (ဝိတက်) စေတသိက်ကကူညီပေးသဖြင့် (မနော) အသိရောက်သွားသော သိစိတ်ဝိညာဏ်သည် (မနောဝိညာဏ်) မနောစိတ်ဖြစ်ရလေသည်။ (ဝိတက်) သည် (မနော) ရောက်အောင် (စိတ်၊ စေတသိက်)တို့ကို(အာရုံ)အမျိုးမျိုးသို့ တင်ပေးပါသည်။(မနောစိတ်) မှာ သိစိတ် ပြည့်စုံခြင်း၊ စိတ်ကူးအကြံအစည်များနှင့် ကြံတွေးစိတ်များဖြစ် ပေါ်ပါသည်။ (မနောစိတ်) မှဖြစ်ပေါ်လာသော (မနော+ဓမ္မာရုံ) = မနောစိတ်သည် (ဓမ္မ) သဘောတရားသာဖြစ်ပါ၍ (မနောဝိညာဏ်) ဟုခေါ်ဆိုရပေသည်၊ (ဓမ္မာရုံ)သည်(ပရမတ်) အာရုံ၊ (နိဗ္ဗာန်)အာရုံ၊ (အနိစ္စ) အာရုံ၊ (ဒုက္ခ) အာရုံမှလွဲ၍ (ဓမ္မာရုံ) များသည် (ပညတ်) အာရုံများသာဖြစ်ရာ၊ (စိတ်+စေတသိက်+ရုပ်+ပညတ် အာရုံ)တို့သည် (မနော)ရောက်သွားသည့်အတွက် (မနောစိတ်) မနောဝိညာဏ်ဟုခေါ်ရပေသည်။

ထို (မနောဝိညာဏ်) မနောရောက်သည့် (စိတ်) ကို လယ်တီဆရာတော်ဘုရားကြီးက

ဝိညာဏ် ၆ ဖြာ၊ သူရှိန်ဝါကြောင့်
ငါ၊ ငါ၊ သူ၊ သူ၊ လူပဲနတ်ပဲ၊ အထင်လွဲ၍
ငရဲအပါယ်အသွယ်သွယ်လျှင်၊ ဝဋ်နွယ်

ရှည်လျားဓမ္မမှာလည်း ၆ပါးဝိညာဏ်စွမ်းအင်တည်း

လို့ ရေးစပ်ခဲ့သည်မှာ မနော(စိတ်)ဆိုသော(စိတ်)သည်(၈၉) ပါးရှိလေတော့၏။ ထို (၈၉) ပါးသောစိတ်တို့သည် (ဝိညာဏက္ခန္ဓာ) မည်၏၊ အကုသိုလ်၊ ကုသိုလ်၊ ဝိပါတ်၊ ကြိယာဟူ၍ အမျိုးဇာတ်၄ခုနှင့် တွက်ရပေသည်။

(၁) အကုသိုလ်စိတ် = ၁၂ပါး (လောဘမူစိတ်(၈)၊ ဒေါသမူစိတ်(၂)၊ မောဟမူစိတ် (၂)

(၂) ကုသိုလ်စိတ် = ၂၁ ပါး

(၃) ဝိပါက်စိတ် = ၃၆ ပါး

(၄) ကြိယာစိတ် = ၂၀ ပါး

(စိတ်) ပေါင်း = ၈၉ ပါး ဖြစ်လေသည်။

(စိတ်) ကိုလောကီစိတ်နှင့် လောကုတ္တရာစိတ်ဟူ၍ခွဲလျှင်-

(၁) လောကီစိတ် = ၈၁ ပါး

(၂) လောကုတ္တရာစိတ် = ၈ ပါး (မဂ် ၄ပါး + ဖိုလ်၄ပါးစိတ်)

(စိတ်) ပေါင်း = ၈၉ ပါး ဖြစ်လေသည်။

(ဝိညာဏက္ခန္ဓာ)အရ စိတ် (၈၉) ပါးရှိသည်ဟုဆိုရသော်လည်း (စိတ်) သည် (စေတသိက်)ကဲ့သို့ (စေတသိက်) အသီးသီးတို့

ရရှိအပ်သော(ဝိသေသလက္ခဏာ)များမရရှိပါပေ(စိတ်)ဟူသည် (ဝိဇာနန လက္ခဏံဝိညာဏံ)ဟူသောပါဠိအရအာရုံကို (သိတတ်) သောသဘော တစ်ခုသာရှိခြင်းကြောင့် (စိတ်) မည်၏။ စိတ်ကို (ဓမ္မ) သဘာဝ (တစ်ခု) ဟူ၍သာယူရပါသည်။

"ဝိဇာနနာတိတိခေါဘိက္ခဝေတသ္မာဝိညာဏန္တိဝုစ္စတိ"

(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ခန္ဓသံယုတ်၊ ခဇ္ဇနိယသုတ်)

**အထက်ကဖော်ပြခဲ့သည့် (စိတ်ရုပ်)ဟူ၍ ပြဆိုခဲ့ခြင်းတို့သည် (စိတ်)ဖြစ်လျှင်(စေတသိက်)ပါဖြစ်ကြသည့်အတွက် စိတ်+စေတသိက် (နာမ်) (ဓမ္မသဘာပ)ကို ရှင်းပြခြင်းဖြစ်ပါသည်။**

ဗုဒ္ဓမြတ်စွာဘုရား၏ ဉာဏ်တော်ကြီးဖြင့်သာ (သတ္တဝါ) များတွင် အမှန်ရှိသော (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်သော (နာမ်နှင့် ရုပ်) ဓမ္မသဘာဝကို ဤကဲ့သို့ပိုင်းခြားပြသ၍သာသိကြရပါသည်။ ဗုဒ္ဓမြတ်စွာဘုရားက (လူ)ဟုခေါ်ဆိုသမုတ်ကြသည့် လူ့လောကသား၊ နတ်လောကသား၊ ဗြဟ္မာလောကသား၊ အပါယ်လောကသားအစရှိသည့်ကာမ (၁၁) ဘုံသားဟု အမည်ရသည့်သူများကို လူရယ်၊ နတ်ရယ်၊ ဗြဟ္မာရယ်၊ တိရစ္ဆာန်ရယ်၊ အပါယ်ငရဲသားရယ်လို့ သီးခြားမခေါ်မပြောတော့ပဲ ဤကာမ (၁၁) ဘုံသားတို့သည် (အာရုံ) ကို ငြိကပ်ကြသည့်အတွက် သဇ္ဇ → သတ္တ → (သတ္တဝါ) ဟူ၍ ခင်တတ်၊

တွယ်တာတတ်သည့် (ကာမရာဂ)ရှိသောကြောင့်(သတ္တဝါ) ဟူ၍ တစ်လုံးတည်းခေါ်တော်မူပါသည်၊ လူ့လောက၊ နတ်လောက၊ တိရိစ္ဆာန်လောက စသည့်ကာမ (၁၁) ဘုံသားအပေါင်းတို့မှ (အာရုံ)ကို ကပ်ငြိပြီး(အာရုံ)နောက် လိုက်တတ်သူကို (သတ္တဝါ)၊ အာရုံနောက် မလိုက်တတ်သူတို့ကို (အရိယာ)ဟူ၍ဗုဒ္ဓမြတ်စွာကခေါ်ဝေါ်ပါသည်။

ဗုဒ္ဓမြတ်စွာသည် ဤလောကကြီးတွင် ပြုပြင်ပြောင်းလဲလျက် ရှိသော (သင်္ခတ) နယ်ဖြစ်သော စိတ်၊ စေတသိက်၊ ရုပ် (ရုပ်နာမ်) သင်္ခါရနယ်တွင် စိတ် (၁) ပါး၊ စေတသိက် (၅၂)ပါး၊ ရုပ် (၂၈)ပါး အားဖြင့် (၈၁) ပါးသော သင်္ခတ (ပရမတ်) သဘောအမှန်တကယ် အရှိသဘောကို ဟောပြပြီးတဘက်တွင် (အသင်္ခတ) နယ်ဟုဆိုအပ် သောမဖြစ်မပျက် မပြောင်းလဲမပြုပြင်သော အဟုတ်ရှိအမှန်ရှိ (အသင်္ခတ) ပရမတ် (နိဗ္ဗာန်) ကိုဟောပြပါသည်။

မြတ်စွာဘုရားသည် လောကကြီး၌ (သမုတိသစ္စာ) နယ်နှင့် (ပရမတ္ထသစ္စာ) နယ်ဟူ၍လည်း အမှန်ရှိသစ္စာနယ် (၂) မျိုးကို ဤသို့ခွဲပြပါသည်။

**သမ္မုတိသစ္စာနယ်** = နားလည်ရန်၊ ခေါ်ပြောရန်နံမည်ရေးထားသော ပညတ် (သမုတ်) ထားသော (Noun) ဟုခေါ်ဆိုနိုင်သည့် လူ၊ ယောကျ်ား၊ မိန်းမ၊

ပုဂ္ဂိုလ်၊ သတ္တဝါအမည်၊ ပစ္စည်းအမည်၊ ရေ၊ မြေ၊တော၊တောင်၊ပင်လယ်၊ သမုဒ္ဒရာစသည့် လောကရှိအမည်များ ၊ သတ္တဝါ၊ ပုထုဇဉ်၊ အရိယာတို့သည် (သမုတိသစ္စာနယ်) ၌ ရှိကြပါသည်။

**ပရမတ္ထသစ္စာနယ်** ＝ ဓမ္မသဘာဝအားဖြင့် တကယ်ရှိ၊ အဟုတ်ရှိ၊ အမှန်ရှိသော (ပရမတ္ထသစ္စာ) နယ်တွင် (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ဖြစ်သည့် သင်္ခတနယ်တွင် စိတ်၊ စေတသိက်ရုပ် (ရုပ်နာမ်) သာ ရှိပြီး အသင်္ခနယ်တွင် (နိဗ္ဗာန်) သာရှိပါသည်။

သင်္ခတနယ် ＝ စိတ်၊ စေတသိက်၊ ရုပ် ＝၈၁ ပါး (သင်္ခတပရမတ်)
အသင်္ခတနယ် ＝ နိဗ္ဗာန် ＝ ၁ ပါး (အသင်္ခတပရမတ်)
၈၂ ပါး

(သင်္ခတ) နှင့် (အသင်္ခတ) နယ်တွင် (ဓမ္မသဘာဝ) သည် (၈၂)ပါးသာအဟုတ်ရှိ၊ အမှန်ရှိ (ပရမတ်) အနေဖြင့်ရှိကြောင်း မြတ်စွာဘုရားဟောကြားပါသည်။

တစ်နည်းဆိုသော် -

(သင်္ခတ) နယ်သည် ---- (ဒုက္ခ) နယ်ကြီးပင်ဖြစ်ပါသည်။

(အသင်္ခတ) နယ်သည် ---- (နိဗ္ဗာန်) ချမ်းသာရသည့် (သုခ)
နယ်သာဖြစ်ပါသည်။

မြတ်စွာဘုရား၏ဉာဏ်တော်ကြီးဖြင့် (၃၁) ဘုံကိုခြုံ၍ ကြည့်လျှင် (သင်္ခတ) နယ်သည် (ဒုက္ခ) နယ်ဖြစ်ကြောင်းနှင့် ဤ ၃၁ဘုံဒုက္ခနယ်မှလွတ်မြောက်ရာသည်သာ (အသင်္ခတ) နယ် (သုခ) ချမ်းသာအပြည့်ရှိသည့် (နိဗ္ဗာန်) သာဖြစ်ကြောင်းဟောကြားခဲ့ပါသည်။

ထို့ကြောင့် ဤကမ္ဘာလောကကြီးတွင် အဟုတ်ရှိ၊ အမှန်ရှိတရားဖြစ်သည့် (ပရမတ္ထ) ဓမ္မသဘာဝတရားအနေဖြင့် ကြည့်သော် ဤကျမ်းပြုစုသည့် စာရေးသူသည်လည်း လူမဟုတ် (ဒုက္ခ) အတိသာရှိသည့် စိတ်၊ စေတသိက်၊ ရုပ် (ဓမ္မသဘာဝ)သာဖြစ်ပါသည်။ အခေါ် (ရုပ်နာမ်)လို့ခေါ်သော်လည်း (ဒုက္ခ)ရနေသည့် (သင်္ခတ) နယ်သားဖြစ်သလို ဤကျမ်းကိုဖတ်ရှုနေကြသောတရား စာဘတ်ပုဂ္ဂိုလ်တို့သည်လည်း (လူ) မဟုတ် (ဓမ္မသဘာဝ) သာဖြစ်၏၊ အခေါ်အားဖြင့်ရုပ်နာမ် (ခန္ဓာငါးပါး) ရနေကြသည့် (ဒုက္ခ) နယ်သားများသာဖြစ်ကြပါသည်။ ထို့မှတပါး ကမ္ဘာပေါ်တွင် ရှိနေကြသော လူဦးရေသန်းပေါင်း (၆၀၀၀) ကျော်သည်လည်း လူမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ် (ရုပ်နာမ်)ဟု တကယ်ရှိသော (ပရမတ်)ကိုခေါ်ဆိုရသော်လည်း (ဒုက္ခ) ရထားသည့် (ဓမ္မသဘောသဘာဝ) အရ၊ အစဉ် (ဖြစ်ပျက်)နေသည့်

ဒုက္ခနယ်သား (နာမ်နှင့်ရုပ်) များသာဖြစ်ကြပါသည်။

## (နာမ်နှင့်ရုပ်) ခန္ဓာရခြင်းသည်(ဒုက္ခ)အစုရခြင်းသာ ဖြစ်ခြင်း

ဗုဒ္ဓမြတ်စွာသည် (၃၁) ဘုံလောကကို သိမ်းကြုံးလျက် သဗ္ဗညုတဉာဏ်တော်ကြီးဖြင့် ကြည့်တော်မူသောအခါ တဘက်တွင် မပြုမပြင်ရပဲ (သုခ) အတိဖြစ်သော (အသင်္ခတ) နယ်ကို တွေ့မြင်တော်မူ၏၊ တစ်ဘက်တွင် ဤကမ္ဘာလောကအပါအဝင် (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ) (ကံ၊ စိတ်၊ ဥတု၊ အဟာရ) တို့ပြုပြင်စီမံအပ်သော ကြောင့် (ခန္ဓာငါးပါး) နာမ်နှင့်ရုပ်ရမှုသည် အလုံးစုံသော လောကဒုက္ခ၊ သံသရာဒုက္ခအပေါင်းတို့ကို ကျခံရန်အတွက်သာ ဖြစ်သည့်အတွက် ဝိပါကဝဋ် (ခန္ဓာငါးပါး) နှင့် (ပဋိသန္ဓေ)နေရခြင်းဖြစ်သည့် အမိဝမ်း အတွင်း၌ ဆင်းရဲစွာနေရခြင်းဇာတိ (ဒုက္ခ)၊ ဇာတိရ၍ မွေးလာပြီး နောက်၊ ရင့်ယော်သည့် ဇရာအိုခြင်း (ဒုက္ခ) အနာရောဂါအမျိုးမျိုး နှိပ်စက်ခံရသော ဗျာဓိနာခြင်း (ဒုက္ခ)၊ မထင်မှတ်ပဲ သေသေသွား ကြသည့်သေခြင်း(ဒုက္ခ)စသော(သင်္ခါရ)ကပြုပြင်နေသော(ဒုက္ခ) အတိ သာဖြစ်သော ဤ (၃၁) ဘုံလောက (သင်္ခတ) နယ်ကိုတွေ့မြင်တော် မူပါသည်။

ရှင်တော်ဘုရားဟောကြားတော်မူအပ်သော ပါဠိတော်

အရပ်ရပ် သဘောကိုအတိုချုပ်ဖော်ပြရသော် (ဓမ္မပဒ) ပါဠိတော် မဂ္ဂဝဂ်၌ လာရှိသည်မှာ -

သဗ္ဗေသင်္ခါရာအနိစ္စာ

သဗ္ဗေသင်္ခါရာ ဒုက္ခာ

သဗ္ဗေဓမ္မာ အနတ္တာဟူသော ဒေသနာတော်ကိုရရှိပါသည်။

သဗ္ဗေ = ခပ်သိမ်းကုန်သော "သင်္ခါရာ"အကြောင်းတရားတို့ ပြုပြင်အပ်ကုန်သော (ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ) တို့ဖြစ်သော (ရုပ်နာမ်) တရားတို့သည် အနိစ္စ = မမြဲကြကုန်၊ အမြဲမရှိကြကုန်၊ လူ၊ နတ်၊ ပြဟ္မာ၊ သတ္တဝါတို့တွင်ရှိသောအကြောင်းတရားတို့ ပြုပြင်အပ်ကုန်သော (ရုပ်) တရား၊ (နာမ်) တရားတို့သည် ဆင်းရဲခြင်း (ဒုက္ခ) အတိသာဖြစ်ကြကုန်၏။

ခပ်သိမ်းကုန်သော ပြုပြင်အပ်သော (သင်္ခတ) ဓါတ်၊ မပြုပြင်အပ်သော (အသင်္ခတ) ဓါတ်တို့သည် (အတ္တ) မဟုတ် (အနတ္တ) (ဓမ္မသဘာဝ)သဘော (တရား) တို့သာဖြစ်ကုန်၏။

- သင်္ခါရကပြုပြင်အပ်သော (ရုပ်နာမ်)တရား(ဓမ္မ)တို့သည်
- အနိစ္စဓမ္မသဘာဝသာဖြစ်ကြ၏
- ဒုက္ခဆင်းရဲခြင်း (ဓမ္မသဘာဝ)သာဖြစ်ကြ၏
- ငါမဟုတ်၊ သူမဟုတ်၊ ယောကျ်ား၊ မိန်းမမဟုတ်၊ အသက်ကောင်လိပ်ပြာကောင်မဟုတ်၊ (အတ္တ) မဟုတ် "အကြောင်းတရား

ကြောင့် ဖြစ်ပေါ်ရသောအကျိုးတရား”၊ အကြောင်းအကျိုးတရား မမြဲသော၊ (အတ္တ)ငါမဟုတ်သော (အနတ္တ) (ဓမ္မသဘာဝ)သာဖြစ်ကုန်၏။ ဒုက္ခဆင်းရဲခြင်းသာရှိကုန်၏။

(လူ) ဟူ၍ခေါ်နေကြသော ငါ၊ သူ၊ ယောကျ်ား၊ မိန်းမဟုခေါ်နေကြသော တိရိစ္ဆာန်ဟုခေါ်နေကြသော အာရုံနောက်လိုက်နေကြသော (အာရုံ) ကိုကပ်ငြိနေကြသော (ဓမ္မသဘာဝ) သဘောရှိသည့် (သတ္တဝါ) တို့သည် ငါ၊ သူမဟုတ် (နာမ်နှင့်ရုပ်) ဖြစ်ကြောင်း ရှင်းလောက်ပြီဟုယူဆပါသည်။

(နာမ်နှင့်ရုပ်) ဓမ္မသဘာဝသည် (ဒုက္ခအစု)သာဖြစ်ကြောင်း နောက်တစ်ဆင့်တက်၍ ရှင်းပြပါအံ့။

(နာမ်နှင့်ရုပ်) ဓမ္မသဘာဝကိုရရှိထားသော (ရုပ်နာမ်) ခန္ဓာအစုသည် (သင်္ခါရ) ကပြုပြင်နေသည့် (ဒုက္ခအစု) သာဖြစ်ကြောင်း ရှင်တော်မြတ်ဘုရားကြီးတော်မူသည့် မူလပဏ္ဏာသပါဠိတော်လာ (မဟာဒုက္ခက္ခန္ဓသုတ်) နှင့်ချိန်ထိုး၍ အများပြည်သူတို့သိလွယ်အောင် (ဒုက္ခနယ်သား) ဖြစ်ကြောင်းကို ရှင်းပြရသော် -

(လူ) ဟူ၍ အခေါ်ရှိကြသည့် (အာရုံငါးပါး) ကို ကပ်ငြိတတ်သောကြောင့် (သတ္တဝါ)ဟုခေါ်ဆိုရသော (ပုထုဇဉ်)တို့သည်(ရုပ်နာမ်) (ဒုက္ခ) ရထားသည့် ဤ(ခန္ဓာကိုယ်)ဒုက္ခအစုကြီးကို (ငါ့ကိုယ်၊ ငါဟာ၊

ငါ့ဉစ္စာ) ဟူ၍ စွဲယူမှတ်နေကြပါသည်။ "ပိုးဖလံမျိုး မီးကို တိုးကိုယ်ကျိုး နည်းသည်သာ" ဟူသော စကားနှင့်အညီ သတ္တဝါ (ပုထုဇဉ်) တို့သည် ပိုးဖလံမျိုးလိုပင် မီးနှင့်တူသော (အာရုံ) နောက် လိုက်ကြပြီး ချမ်းသာသည်ဟု ဒာထင်ရှိနေကြသည် (ကာမ) အာရုံ (အာရုံငါးပါး) တပ်မက်မှုကြောင့် စိတ်ညစ်ငြမ်းစေသည့် (ကိလေသာ) အာရုံကာမဂုဏ်တရားတို့ကို အချမ်းသာကြီး ချမ်းသာသည်ဟုထင်၍ (ကာမ) အာရုံကာမဂုဏ်တရားတို့ကို သာယာဘွယ်ထင်၍ တပ်မက် ခင်မင်ကာ အပျော်ကြီးပျော်နေကြပါသည်။ "ကာမ" ဟူသည့် "ကာမီယတီတိကာမော" ဟူသည်နှင့်အညီ အလိုရှိအပ်၊ နှစ်သက် အပ်သော အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိ ဤငါးပါးကို "ကာမ" ဟုခေါ်သည်။

(ကာမဂုဏ်)တရားတို့ကို သာယာဘွယ်ဖြစ်နေကြသည်မှာ (ကာမဂုဏ်တရား) ဖြစ်သည့်(ငါးပါးအာရုံကာမဂုဏ်)ဟူသည် မျက်စေ့နှင့် အဆင်းတွေ့တိုက်ဆဲကာလခဏ၊ နားနှင့် အသံတွေ့တိုက်ဆဲကာလခဏ၊ နှာခေါင်းနှင့်အနံ့ တွေ့တိုက်ဆဲကာလခဏ၊ ကိုယ်နှင့်အထိအတွေ့ တွေ့တိုက်ဆဲကာလခဏတို့၌ သဘောကျကျေနပ်သောအခိုက်အတန့်လေးသာဖြစ်၍ အလွန်တိုတောင်းလှပါသည်။ သို့ရာတွင် တွေ့တိုက်မိသော (ပုထုဇန်) တို့အဖို့ကား အမြဲပင်ဆက်၍ဆက်၍ တွေ့တိုက်ချင်ပြီး ထိုသာယာဘွယ်ကိုပင် ကြီးထွားအောင် သံယောဇဉ်ဖြစ်အောင်၊

**ခိုင်မာသောအနှောင်အဖွဲ့ဖြစ်အောင် ပြုလုပ် နေကြပါသည်။ စင်စစ်မှာ (စိတ္တက္ခဏ) တစ်ချက်စာမျှသာရှိပေသည်။ ထိုအနည်းငယ်မျှသောကာလ ခဏသာယာဘွယ်အတွက် ရင်းနှီးရ သော (ဒုက္ခ) ဆင်းရဲမှုကားများလှပါပေသည်။**

မျက်စေ့နှင့်အဆင်း၊ နားနှင့်အသံ၊ နှာခေါင်းနှင့်အနံ့၊ လျှာနှင့်အရသာ၊ ကိုယ်နှင့်အထိအတွေ့တို့ တွေ့တိုက်ဆဲကာလတို့၌ လောဘ၊ တဏှာ၊ (ကိလေသာ)ဖြစ်ရာ၊ တည်ရာဌာနဟူသော အထည်ဒြပ်ဖြစ်သောကြောင့် (ဝတ္ထုကာမ) ဟုခေါ်ရပါသည်။ ထိုဝတ္ထုကာမ ဖြစ်သော (အာရုံသစ်) တစ်ခုခုကိုမျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်တို့အနက် တစ်ခုခုဖြင့်တွေ့တိုက်သောအခါ နှစ်သက်၊ တပ်မက်၊ ကပ်ငြိမှုကို (ကိလေသာကာမ) ဟုခေါ်ရပါသည်။

အဆင်းအာရုံ၊ အသံအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အယိအာရုံတို့သည် (အာရုံ) နှင့် (အာရမ္မဏိက) (အာရုံနှင့်ဒွါရ) တွေ့တိုက်ကြ၍ သူဟာသူဖြစ်ပေါ်နေသည်ကို၊ ကိုယ်ကအရာရာမှာ (ငါ) နှင့်ချိန်ထိုးပြီး ငါမြင်တာ၊ ငါကြားတာ၊ ငါနံတာ၊ ငါစားတာ၊ ငါသိတာဟူ၍ တဏှာ (တပ်မက်မှု)၊ ဥပါဒါန် (စွဲလန်းမှု) တို့ဖြင့် ငါပိုင်၊ ငါဆိုင်အဖြစ်ရယူနေလျှင် (အာရုံငါးပါး) ကို (ငါ) နှင့်သွားကပ်ငြိပါလျှင် (ကိလေသာကာမ) သည်ဖြစ်ပေါ်ပြီး (ကိလေသာအာရုံကာမဂုဏ်)ကို(ချမ်းသာ)သည်ဟုထင်သော“ကာမသုခလ္လိကနုရောဂ”

အစွန်းတစ်ပါးဖြစ်ပါလေတော့သည်။

ထို (ကိလေသာကာမ) စိတ်ဖြစ်ပေါ်လာသောအခိုက်အတန့်တွင် (ကာမဂုဏ်)၏သာယာဘွယ်ဖြစ်၍ ထိုစိတ်တို့အဆက်မပြတ်ဖြစ်အောင် တိုက်ပေးမှု၊ နှလုံးသွင်းမှုတို့ကြောင့် အခိုက်အတန့်သာယာဘွယ်သည် အကောင်အထည်အလုံးအခဲကြီးအဖြစ် ထင်ရလောက်အောင်ကြာလာသောအခါ ကြီးကျယ်ပွားများလာရာ၌ (တဏှာ၊ ဥပါဒါန်) တို့အဖြစ် ခိုင်မာသောအနှောင်အဖွဲ့ (သံယောဇဉ်) ကြီးကြီး (ဒုက္ခ)သည်ဖြစ်ပေါ်လာရပါသည်။

ဤသံယောဇဉ် (တဏှာ၊ ဥပါဒါန်) သည် ဒုက္ခ (ခန္ဓာဖြစ်စဉ်) သဘော (ပဋိစ္စသမုပ္ပါဒ်) အရ တဏှာ၊ ဥပါဒါန် → ကံ (ကမ္မဘဝ)→ (ဇာတိ၊ ဇရာ၊ မရဏ) ဖြစ်သော ဤဘဝမှသေခါနီး (ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်) များရ၍သေသည်၏အခြားမဲ့၌ အပါယ်၄ပါးမရောက်ပဲ လူ့ဘဝ၊ နတ်ဘဝရောက်သည်ထားအုံး၊ တချိန်ချိန်၌များသောအားဖြင့် အပါယ်၄ရွာသို့ရောက်ပြီး ဘဝသံသရာလည်ကြရပါသည်။ ဤဘဝ၌ ဆင်းရဲ (ဒုက္ခ) ရရုံမျှမက (သံသရာ) တလျှောက်လုံးမှာလည်း (ဒုက္ခ) ဆင်းရဲခြင်းတွေနှင့်သာတွေ့ကြရပါသည်။

ခန္ဓာငါးပါး (ရုပ်နာမ်) ရလာသည့် လူသတ္တဝါတို့၏မူရင်း (ဒုက္ခ)အပြင်ထပ်ဆင့်ရနေကြသည့် (ဒုက္ခဒုက္ခ)ရနေကြပုံ ကိုကြည့်ပါ

လျှင် လောကဥ္စ(သတ္တဝါ)တစ်ခုဖြစ်လာလျှင်(အာရုံ ငါးပါးကာမဂုဏ်) တရားအတွက် အနည်းနည်းအဖုံဖုံ၊ ရှာရ၊ ဖွေရ၊ အသက်မွေး ဝမ်းကျောင်းအမှုကိုပြုကြရပါသည်။ အရောင်းအဝယ်လုပ်ရင်း၊ ကုန်သည်လုပ်ခြင်း၊ အခစားလုပ်ခြင်း၊ ဝန်ထမ်းအလုပ်လုပ် ခြင်း၊ စစ်မှုထမ်းအလုပ်လုပ်ခြင်း၊ လက်နက်ကိုင်အမှုထမ်း အလုပ်လုပ် ခြင်းစသည်အလုပ်များဖြင့် ရေလမ်း၊ ကုန်လမ်း၊ လေလမ်းတို့ကို ရှောင်နေ၍မရ၊ တောမှာလည်း တောအလျှောက် မွေ့ကင်းစသည့် အန္တရာယ်များကို ကြောက်နေ၍မရ၊ မြို့မှာလည်း မြို့အလျှောက် ကားကြပ်ပါသည်၊ ရထားကြပ်ပါသည်ဟု မသွားပဲနေ၍မရ၊ ချမ်းသည်၊ ပူသည်ငြင်းနေ၍မရ၊ လေပူ၊ နေပူ၊ မိုးရွာဒဏ်မခံနိုင်ဆို၍ မနေရ၊ ထမင်းဆာသည်၊ ရေငတ်သည်ဟူ၍လည်း ရပ်နေ၍မဖြစ်၊ အသက်ကို ပင်မငဲ့ကွက်နိုင်တောပဲ နေ့စဉ်လှုပ်ရှားသွားလာ၊ ရုံးကန်နေကြရသမျှ တို့သည် အထက်ကရှင်းပြခဲ့သည့် (ခေတ္တခဏသာယာဖွယ်)ဖြစ်သည့် (အာရုံ) နှင့် (ဝတ္ထု) တိုက်ဆိုင်မှုအတွက် မျက်မှောက်ဘဝ ဆင်းရဲ (ဒုက္ခ)ရောက်ရခြင်းပင်ဖြစ်ပါသည်။

ဘဝကိုဆန်းစစ်ကြည့်လျှင် ငယ်စဉ်ကတည်းက အတတ် ပညာတစ်ခုခုသင်ကြားရခြင်းသည် အလုပ်လုပ်ဖို့ဖြစ်၏။ အဘယ် ကြောင့်အလုပ်လုပ်ရပါသနည်း (အာရုံငါးပါး) ကာမဂုဏ်အတွက် အလုပ်လုပ်ရပါသည်။ အလုပ်ဖြင့် စီးပွားရှာရာ၌ကောင်းသော

အသက်မွေးခြင်းဖြင့် စီးပွားရေးလုပ်သည်ပင်လျှင် (လောဘ၊ ဒေါသ၊ မောဟ) နှင့် မကင်းပေ။ မတရားစီးပွားရှာခြင်းသည် အကုသိုလ်နှင့် ရင်းနှီးရခြင်းကြောင့်ပို၍ပင် (ဒုက္ခ) ရောက်ကြရပါသည်။

ပစ္စည်းဥစ္စာဟူသည် ကြံစည်တိုင်း၊ ရှာဖွေတိုင်း၊ မိမိတို့ အလိုရှိသလိုဖြစ်လာသည်မဟုတ်၊ ရှာဖွေ၍မရလာ၊ မဖြစ်လာပါက မိမိကြိုးပမ်းသမျှ၊ လုပ်အားစိုက်ပြုလုပ်ထားသမျှအတွက် အင်အား ကုန်ခမ်း လူပင်ပန်း၍ စိတ်ညှိုးနွမ်းပြီးသောကဖြစ်ခြင်း၊ ပူဆွေးခြင်း၊ ယူကြုံးမရအပူလုံးကြွ၍ ငိုကြွေးမြည်တမ်းခြင်း၊ ရင်ဘတ်စည်တီး စသောသောက၊ ပရိဒေဝ၊ ဥပါယာသစသော (ဒုက္ခ) အစုတို့ဖြင့် ရင်ဆိုင်ကြုံတွေ့ကြရပါသည်။

(ကိလေသာ) ဖြင့် လိုချင်လို့ဖြစ်ရာဖြစ်ကြောင်း (သမုဒယ) တွေနဲ့လုပ်ကြရသည့် နေရာမှာ ရလာသမျှသည် (ဒုက္ခ) ဆင်းရဲမှု ချည်းသာတွေ့ကြရပါသည်။

ဥစ္စာဟူသည် မျက်လှည့်မျိုးဟူ၍ ရှေးကဆိုရိုးစကားရှိသည် နှင့်အညီ ဥစ္စာကိုရှာဖွေတိုင်းလည်းမရ၊ ပြုတိုင်းလည်းမဖြစ် သဒ္ဒါရ သဘာဝ 'အနတ္တ' သဘောဖြစ်၍ ကိုယ်ကအစိုးမရပေ၊ 'နဟိစိန္တာ မယာဘောဂါ' ဟူ၍ ဘောဂါ = ဥစ္စာပစ္စည်းတို့သည် နဟိစိန္တာမယာ= ကြံစည်လုပ်ကိုင်တိုင်း မပြီးရာသတည်းဟူဟောကြားသကဲ့သို့ပင်

ဖြစ်ပါသည်။

မိမိတို့ကိုယ်တိုင် လုံ့လဝီရိယစိုက်ထုတ်ရှာဖွေစုဆောင်း၍ ရရှိထားသောပစ္စည်းတို့ကို (သတ္တဝါ) တို့၏စရိုက်သဘောထား အားဖြင့် ချွတ်ယွင်းပျက်စီးမှုကို အလွန်စိုးရိမ်တတ်ကြပါသည်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူစသောရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်အောင် မည်သို့ထိန်းသိမ်းစောင့်ရှောက်ရမည်ကိုစိုးရိမ် ပူပန်နေကြရပါသည်။

မပျက်စီးစေရုံသာမက တိုးပွားလာစေရန်ကိုလည်း ကြိုးစား နေကြရာ၌၊ တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်နေကြရသောကြောင့်လည်း 'မစ္ဆရိယ' ဟူသော မနာလိုဝန်တိုခြင်းဖြင့်လည်း (ဒုက္ခ) ဆင်းရဲခြင်း သို့ရောက်ကြရပါသည်။

(ဒုက္ခသစ္စာ) ဖြစ်သည့်မူလ (ဒုက္ခအမှန်) ကိုပြရပါလျှင် (သံ်တ) နယ် (ဝါ) ဒုက္ခနယ်ရှိသတ္တဝါတို့သည် ပဋိသန္ဓေ (ဇာတိ) (ရုပ်နာမ်) ရလာ၍မွေးလာရာမှ တဖြည်းဖြည်းအိုခြင်း၊ နာခြင်း၊ သေခြင်းတို့ရောက်ကြရကုန်၏။ သတ္တဝါတို့၌ (ရုပ်နာမ်)ဒုက္ခသည် ခဏာမစဲတသဲသဲရနေကြ၏။ မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်စသော ဒွါရ၆ပေါက်မှမြင်သော အာရုံတစ်ခုကြောင့်မြင်စိတ် (ရုပ်နာမ်)၊ကြားစိတ်(ရုပ်နာမ်)၊ နံစိတ် (ရုပ်နာမ်)၊ စားစိတ် (ရုပ်နာမ်)၊

ထိတွေ့စိတ်(ရုပ်နာမ်)၊ ကြံတွေးစိတ်(ရုပ်နာမ်)(ခန္ဓာ)တို့သည် သင်္ခါရ (ဖြစ်ခြင်း) ဝိပရိဏာမ(ပျက်ခြင်း)ဖြင့် (ဒုက္ခ)တို့သည် ခဏမစဲ တသဲသဲ (ဖြစ်ပျက်-ဖြစ်ပျက်)ဒုက္ခများနှင့်ရှိနေကြ၏။

ပျက်သွားသောစိတ် (ရုပ်နာမ်) နေရာတွင်နောက်ထပ်ဖြစ်ပေါ်လာသောအာရုံစိတ် (ရုပ်နာမ်) နှင့်အစားထိုးနေကြရ၏။ ဒွါရ ၆ပေါက်မှ ဝင်လာသည့် (အာရုံ) တွေသည် များလှသည့်အတွက် (ရုပ်နာမ်) အစားထိုးမှုတွေလည်းများလှ၏။ (ရုပ်နာမ်) ဖြစ်စေသည့် အာရုံစိတ်တစ်စိတ်ပြီးမှ တစ်စိတ်ဖြစ်သည်ကိုမသိကြပေ။ မြစ်ရေတွင် အရင် ရေ၊ အခုရေ၊ နောက်ရေဟူ၍မရှိသလို (သန္တတိ) ဆက်နေသလို စိတ်အစဉ် (ရုပ်နာမ်) ဖြစ်စဉ်သည်လည်း ထိုသို့ဆက်ဖြစ်နေသည်ကို မသိနိုင်ကြပေ။ ရဟန္တာ၊ အနာဂါမ်၊ အရိယာတို့သည်သာ သိနိုင်ကြကုန်၏။ (ခန္ဓာ) ရုပ်နာမ်မစဲတသဲသဲ (ဖြစ်ပျက်) နေသည့် (ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ)ကြီးကို တွေ့မြင်စွမ်းရှိပါလျှင် ဒုက္ခသစ္စာ(ဒုက္ခအမှန်) မူလဒုက္ခကြီးကို သိနိုင်ကြပေသည်။

ဤလူ့ဘောင်(ရုပ်နာမ်)လောက(သင်္ခတ)နယ်သည် (ဒုက္ခသစ္စာ)အမှန် (ဒုက္ခ)အတိသာဖြစ်ရာရကြသည့်(ဒုက္ခ)မျိုးများကို ဖော်ပြရလျှင် -

(၁) ဇာတိဒုက္ခ = (ပဋိသန္ဓေအဖန်ဖန်နေရခြင်းဒုက္ခ)

(၂) ဇရာဒုက္ခ = (အိုရခြင်းဒုက္ခ)
(၃) မရဏဒုက္ခ = (သေရခြင်းဒုက္ခ)
(၄) ဒုက္ခ ဒုက္ခ = (ကိုယ်ဆင်းရဲခြင်းမျိုးစုံ ဒုက္ခ၊ စိတ်ဆင်းရဲခြင်း မျိုးစုံဒုက္ခ)
(၅) သင်္ခါရဒုက္ခ = (အဖန်ဖန်ပြုပြင်နေသော၊ ဖြစ်နေသောဖြစ်ဒုက္ခ)
(၆) ဝိပရိဏာမဒုက္ခ = (ဖေါက်ပြန်ပျက်စီးနေသော ပျက်ဒုက္ခ)
(၇) သံသရာဒုက္ခ = (ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ဒုက္ခ (ဝါ) ခန္ဓာဖြစ်စဉ် ဒုက္ခဟူ၍ ဒုက္ခ (၇) မျိုးကို မင်းကွန်းဆရာတော်

ဘုရားကြီး၏ သူဒနီပေါင်းချုပ် ကျမ်းဂန်များ၌ပြဆိုထားပါသည်။

ထိုဒုက္ခ (၇)မျိုးအနက်မှ (ဒုက္ခဒုက္ခ) ဟုဆိုအပ်သော ကိုယ်ဆင်းရဲခြင်းမျိုးစုံဒုက္ခ၊ စိတ်ဆင်းရဲခြင်းမျိုးစုံဒုက္ခဖြစ်ထွေများသည် အထက်ကဖေါ်ပြခဲ့သော လူတိုင်းရုန်းကန်နေကြရသော လူတိုင်းနေ့စဉ်နှင့်အမျှ ခံစားနေကြရပါသော်လည်း မိမိတို့လိုလား တောင်းတအပ်သော (ကာမအာရုံ)၊ တပ်မက်သော (ကိလေသာအာရုံ) များဖုံးလွှမ်းမှုများစွာ ရှိနေကြခြင်းကြောင့် ဒုက္ခကို (ဒုက္ခ) မှန်းမသိအောင်ဖြစ်နေကြရပါသည်။ (ဒုက္ခ၊ ဒုက္ခ) ဟူသည် မူလ(ဖြစ်ဒုက္ခ၊ ပျက်ဒုက္ခ) ရှိနေရသည့် (ခန္ဓာ) ရသူတိုင်းအဖို့ ရထားသည့် (ဒုက္ခသစ္စာ) ပေါ်တွင် ကိုယ်ဆင်းရဲခြင်းဒုက္ခ၊ စိတ်ဆင်းရဲခြင်းဒုက္ခမျိုးစုံတို့က မူလခန္ဓာ ရထားသည့် (ဒုက္ခသစ္စာ)ပေါ်တွင် ထပ်ဆင့်ရလာခြင်းတို့ကြောင့်

(ဒုက္ခ၊ ဒုက္ခ) ဟုခေါ်ရပါသည်။ (ဒုက္ခ၊ ဒုက္ခ) နှင့် (ဒုက္ခသစ္စာ)ကို ကွဲပြားစွာသိလိုပါလျှင် **ခန္ဓာမှာဖြစ်ခြင်းဒုက္ခသည် (ဝေဒနာ) ဒုက္ခ ဖြစ်၍ (ဉာဏ်) မှာပေါ်ခြင်းဒုက္ခသည် (သစ္စာဒုက္ခ) ဒုက္ခအမှန် သာဖြစ်ပါသည်။**

(ဒုက္ခအမှန်) ဖြစ်သောသစ္စာဆိုက်သော (သစ္စာဒုက္ခ) အမှန် (ဒုက္ခသစ္စာ)သည် (သင်္ခါရ) ဒုက္ခခေါ်သည် (ဖြစ်ဒုက္ခ) နှင့် (ဝိပရိဏာမ) ဒုက္ခခေါ်သည့် (ပျက်ဒုက္ခ) သည်သာ ဘုရား၊ ရဟန္တာ၊ အရိယာတို့ (ဉာဏ်)ဖြင့် သိမြင်သော(ဒုက္ခသစ္စာ)ဒုက္ခအမှန်(သစ္စာဒုက္ခ)သာ ဖြစ်ပါသည်။ (ရုပ်နာမ်)ခန္ဓာတို့ဖြစ်လိုက်ပျက်လိုက်နေရာ၌ ရုပ်နာမ် (ခန္ဓာငါးပါး) ဖြစ်လာခြင်းသည် ပျက်ဖို့ဖြစ်လာရာ (ဖြစ်ပြီး ပျက်သွား) ခြင်းသည် (သုခ)မဟုတ် (ဒုက္ခ)အစစ်သာဖြစ်လေရာ၊ထို(ဒုက္ခသစ္စာ) ကို သိလိုပါလျှင် အာရုံတစ်ခုစီမှ (ရုပ်နာမ်) ခန္ဓာငါးပါးလုံးပါဝင်သည့် ဝိညာဏ် (စိတ်) ခန္ဓာကလေးသို့မဟုတ် (ရုပ်) ခန္ဓာကလေးဖြစ်လာပြီး မရှိတော့သည့် (အနိစ္စ) ကိုသာရှုကြည့်ရပေမည်။ ဖြစ်ပေါ်ခြင်းသည် ပျက်ခြင်းဒုက္ခအတွက် ဖြစ်ရပါသည်။ ပျက်ရခြင်းသည် (သုခ)မဟုတ် ဒုက္ခဖြစ်ပါသည်။ "ယံအနိစ္စတံ ဒုက္ခံဖြစ်သည့်အတွက် (အနိစ္စ) ကိုသာ ရှုကြည့် ရပေမည်။

(ဓမ္မစကြာ) တရားတော်၌ မြတ်စွာဘုရားဟောကြားတော်မူသည့်အတိုင်း ခန္ဓာ (အနိစ္စ၊ ဒုက္ခ) ကိုပိုင်းပိုင်းခြားခြား (ဉာဏ်)ဖြင့်

သိမြင်ခြင်းသည် (အဘိညာယ) = အထူးသိခြင်းဖြစ်၍ ခန္ဓာ၏(အနိစ္စ) အပျက် (ဒုက္ခ)ကိုများများသိမြင်လာပါလျှင် (သမ္မောဒါယ)=ထိုးထွင်း အသိဖြင့် (ဒုက္ခသစ္စာ) ကိုသိမြင်လာပါသည်။ (သမ္မုတိ) နယ်တွင်းမှ (အဖြစ်အပျက်) တွေကုန်ဆုံးကြောင်း (ဉာဏ်) နှင့်တွေ့မြင်ရသည့် အခါ (အဖြစ်အပျက်ဒုက္ခ) တွေမရှိတော့သည့် (နိဗ္ဗာနာယ) = နိဗ္ဗာန် ကို မျက်မှောက်ပြုလာရပါတော့သည်။ ဤကား (ဝိပဿနာ) ခေါ်ဆိုသည့်ရုပ်နာမ် (ဖြစ်ပျက်) (ဒုက္ခသစ္စာ)ကိုမြင်အောင် ရှုကြည့် ရာမှ (နိဗ္ဗာန်) ချမ်းသာကို မျက်မှောက်ပြုခြင်းဖြစ်ပါသည်။ (သမ္မုတိ) နယ်မှ (အသမ္မုတိ) နယ်သို့ ကူးပြောင်းသွားခြင်းဖြစ်ပါသည်။

(သမ္မုတိ)နယ်တွင် (လူ) ရယ်လို့ခေါ်ပြောနေကြသည့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမရယ်လို့ ခေါ်ပြောနေကြသည်။ (ရုပ်နာမ်) ခန္ဓာ ကိုယ်ကြီးသည် (ဒုက္ခ) အတိဖြစ်ကြောင်း ဆက်လက်၍ ဘုရားဟော ဖြင့်ပြဆိုရပါလျှင် (ရုပ်နာမ်)ခန္ဓာကိုယ်ကြီးသည် နံနက်မိုးလင်းမှ ည အိပ်ရာဝင်သည် အထိ မျက်နှာသစ်ပေးရ၊ သွားတိုက်ပေးရ၊ ရေချိုး ပေးရ၊ အဝတ် အစားလဲပေးရ၊ အစာစားပေးရ၊ ရေသောက်ပေးရ၊ အေးရင် အနွေးထည်ထပ်ပေးရ၊ ပူရင်အဝတ်ချွတ်ပေးပြီး ယပ်ခတ် ပေးရ၊ ပန်ကာလေအေးခံပေးရ၊ ထိုင်လို့ညောင်းရင်ထပေးရ၊ လမ်း လျှောက်ပေးရနှင့် (ရုပ်နာမ်)ခန္ဓာ ကိုယ်အလိုကျ လိုက်လုပ်ပေးနေရပါ သော်လည်း (ရုပ်နာမ်) ခန္ဓာ ကိုယ်ကြီးသည် သူ့အကြိုက်လိုက်လုပ်ပေး

နေရပါသော်လည်း ခန္ဓာကိုယ်ကြီးကားမသိပါပေ၊ သူ့အကြိုက်လိုက် လုပ်ပေးရုံဖြင့်နေ၍မရပါ၊ အကြောင်းမှာ ခန္ဓာကိုယ်ကြီး၏သဘော သည် အောက်ပါအတိုင်း ရက်စက်လှပါပေသည်

**ပိဠနဌော** = ဤ (ရုပ်နာမ်) ခန္ဓာကိုယ်ကြီးသည့် ညှာတာ မဖက်အမြဲနှိပ်စက်နေသော သဘောရှိနေပါသည်။ အိပ်စက်အနားယူ နေချိန်မှာပင် အိပ်နေရင်လည်းချောင်းဆိုးပြန်သည်၊ နှာချေလိုချေ ဖြစ်ပြန်ပါသည်။ ခွဲသလိပ်ထ၍ တံထွေးထထွေးနေရပြန်ပါသည်။ နှာစေးလိုစေး၊ အိပ်မပျော်၊ အအေးမိအဖျားတက်လိုတက်၊ ဗိုက်နာ လိုနာ၊ ဝမ်းထသွားလို့ ပြန်အိပ်မရပဲဖြစ်လိုဖြစ်နှင့် အိပ်နေစဉ်မှာပင် ခန္ဓာကိုယ်ကြီးသည် ညှာတာမဖက် ဖေါက်ပြန်ပြီးနှိပ်စက်တတ်ပါ သည်။ နိုးနေသည့်အခါ၌လည်း နေရင်းထိုင်ရင်းမှာလည်း ယားလို ယား၊ သွားကိုက်၊ ခေါင်းကိုက်၊ ထုံလိုက်၊ ကျင်လိုက်၊ နာလိုက်၊ ဇက်ကြော တက်လိုက်နှင့် (ရုပ်နာမ်) ခန္ဓာကြီးသည် အမြဲဖေါက်ပြန် နှိပ်စက်လျက် ရှိနေပါသည်။ ကိုယ်က (ရုပ်နာမ်)ခန္ဓာကိုယ်ကြီးရဲ့ အကြိုက်လိုက်ပြီး အမြဲပြုစုပေးနေရပါသော်လည်း သူကရောဂါကြီးငယ်မျိုးစုံတို့ဖြင့် လည်း နေ့ညမပြတ် ဖြစ်ပေါ်၍ နာမကျန်းဖြစ်ရ၊ ဆေးခန်းသွားရ၊ ဆေးရုံတက်ရဖြင့် ညှာတာမဖက်အမြဲနှိပ်စက်ပြီး ဒုက္ခမျိုးစုံပေးလျက် ရှိပါသဖြင့် (ရုပ်နာမ်) ခန္ဓာကိုယ်ကြီးသည် (သုခ)မဟုတ်(ဒုက္ခ)အတိ သာဖြစ်ပေတော့သည်။

**သစ်တစ္ဆော** = ခန္ဓာကိုယ်ကြီး၏ (ရုပ်နာမ်) မဟာသဘောတွေသည် (တဏှာ) အလိုသို့လိုက်ပြီး နှစ်သက်မှု၊ လိုချင်မှု၊ တပ်မက်မှု (တဏှာ) ကခိုင်းသမျှရအောင် လိုက်လုပ်နေရသော (ရုပ်နာမ်) ခန္ဓာကိုယ်ကြီးသည် (တဏှာ) ၏ခိုင်းဖတ်အဖြစ်ခံ ဒုက္ခသစ္စာကြီးကိုလည်းရနေပါတော့သည်။

**သန္တပဌ** = ဤ (ရုပ်နာမ်) ခန္ဓာကိုယ်ကြီး ရထားခြင်းသည် ပင်လျှင် လောင်စာနှင့်မီးရထားလိုဖြစ်နေပါသည်။ သာမညမီးမဟုတ်ပဲ ၁၅၀၀ ကိလေသာမီးတွေနှင့် လောင်နေသောမီးဒုက္ခကြီးကိုလည်း ရနေပါတော့သည်။

**ဝိပရိဏာမဌ** = (ရုပ်နာမ်) ခန္ဓာကိုယ်ကြီးသည် အမြဲဖောက်ပြန်ယိုယွင်းပျက်စီးနေသည့် ဇရာမရဏာဘက်သို့ ဦးတည်ရွေ့လျားနေသည့် ဆံဖြူ၊ သွားကျိုး၊ မျက်စိမှုံ၊ မျက်စေ့ကွယ်၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ လေးဘက်နာ၊ ကင်ဆာအစရှိသည့် ရောဂါမျိုးစုံတို့ဖြင့် (ရုပ်နာမ်) ခန္ဓာကိုယ်ကြီးသည် ပျက်စီးရာပျက်စီးကြောင်း ရောဂါတို့ဖြင့် ခြေဖြတ်ရ၊ လက်ဖြတ်ရ၊ အစားထိုးကုသပေးမှုအစရှိသည်တို့ဖြင့်သေသည်အထိ (အပျက်ဒုက္ခ) ကြီးကိုလည်း ရနေကြရပါသည်။

(ရုပ်နာမ်) ခန္ဓာကိုယ်ကြီးတွင် ဒုက္ခမီးများလောင်နေသည်မှာအချိန်လွတ်သည်မရှိ၊ အမြဲမပြတ် ဒလစပ်လောင်မြိုက်လျက်ရှိ

သည်ကိုမမြင်ကြ၊ (ရောဂါ) ဖြစ်လာမှသိကြရပါသည်။ (ရုပ်နာမ်) ခန္ဓာကြီးသည် (ဉာဏ်) နှင့်ကြည့်လျှင်စက်လယ်နေသကဲ့သို့ (ခန္ဓာဖြစ်စဉ်) တွေ (ပဋိစ္စသမုပ္ပါဒ်) သဘောနှင့်လယ်နေရာတစ်ခုချုပ်၊ တစ်ခုအစားထိုးပြီးပေါ်လိုက်၊ ချုပ်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ အစားထိုးဖြစ်လိုက်၊ ပျက်လိုက်နှင့် (ဖြစ်ပျက်) နေသည့် (ဒုက္ခသစ္စာ) ကြီးရနေသည်ကို ကိုယ့်(ဒုက္ခသစ္စာ)ကြီးကိုယ်တိုင်သိလျှင် ခန္ဓာရမှု (ရုပ်နာမ်) ရမှုကို စွန့်ချင်သောစိတ်ဖြစ်ပေါ်ပါမည်။ ပြုပြင်ချင်လိုသောစိတ်မရှိတော့ပါ။ တရားအားထုတ်ရင်း စွန့်ချင်သောစိတ်ဖြစ်ပေါ်လာပါလျှင် 'ဖြတ်' ကနဲဆို (ပြတ်) သွားပြီး (သင်္ခတ) ဖြစ်ပျက်ပြုပြင်နေရသည် (ဒုက္ခ) နယ်မှ (မဖြစ်မပျက်) သည့် (သုခ) ချမ်းသာသည့် (အသင်္ခတ) နယ်သို့ရောက်သွားပါသည်၊ ရောက်သွားပုံမှာ မီးများလောင်နေသည့် မီးဝိုင်းခံနေရသည့်အိမ်ထဲ၌ ရှိနေသူသည် မီးများလောင်နေသည့်မီးထဲက အတင်းထိုးထွက်ကာ လွတ်မြောက်လာသူကဲ့သို့ (ပုထုဇဉ်)တို့တွင် လောင်မြိုက်နေသည့် (ဖြစ်ပျက်) ပြုပြင်နေသည့် (သင်္ခါရ) ဒုက္ခမီးကြီးမှကင်းဝေးပြီးမဖြစ်ရာ၊ မပျက်ရာ၊ ဒုက္ခချုပ်ငြိမ်းရာ ဒုက္ခနိရောဓေါနိဗ္ဗာန်ဖြစ်သည့် (နိဗ္ဗာန်) ကြီးကို မျက်မှောက်ပြုရပါတော့သည်။

## ခန္ဓာကိုယ် (ရုပ်နာမ်) ၏ဓမ္မသဘာဝ (သေခါနီးအချိန်)

လူသတ္တဝါတို့၏ သဘာဝအတိုင်း (ခန္ဓာ) ၏ (ဓမ္မသဘာဝ)

အတိုင်း (လူသတ္တဝါ) တို့သည်အိုနာပြီး သေရသည့်အခါ၌သေခါနီး တွင် ဆုတ်ယုတ်လာသည့်တရားသဘောများ ဖြစ်လာကြပါသည်။ (လူသတ္တဝါ) ဆိုသည်မှာ (ကံ၊ စိတ်၊ ဥတု၊ အဟာရ) ဆို့သော အထောက်အပံ့ (၄) ရပ်ဖြစ်သော (ဓမ္မ) သဘောနှင့်ရပ်တည်နေကြ ပါသည်။ သေခါနီးပြီဆိုလျှင် ပထမဦးဆုံးမစားနိုင်၊ မသောက်နိုင် ဖြစ်လာကြရပါသည်။ ထိုသို့ဖြစ်ကြရခြင်းမှာ (အဟာရ) ကြောင့် ဖြစ်သည့် (ရုပ်) တွေအရင်ဆုံးချုပ်လာ၍ ဖြစ်ရပါသည်။ (အဟာရရုပ်) တွေချုပ်လာသည့်အခါ (ဒုတိယ) အဆင့်အနေဖြင့် အဟာရရုပ်တွေ ပျက်လာသည့်အတွက် ခန္ဓာကိုယ်သည် (ကယ်လိုရီ) အပူဓါတ်များ မရှိနိုင်တော့ပဲ (ဥတုဇရုပ်) တွေတဖြည်းဖြည်းချုပ်လာသည့်အတွက် ရောဂါမှာလည်း ပိုဆိုးလာသည့်အတွက် ခြေဖျားကနေဒူးအထိ အေးလာပါတော့သည်၊ လောကအပြောအနေနှင့် သွေးဆုတ်သည်လို့ ပြောကြပါသည်။

တတိယအဆင့်အားဖြင့် (စိတ္တဇရုပ်) ဖြစ်သည့် (စိတ်) အထောက်အပံ့များချုပ်ဖို့ဖြစ်လာသည့်အခါ သတိရတစ်ချက်မရ တစ်ချက်ဖြစ်လာပါတော့သည် (ဖဿ) တွေ့တိုက်မှုတွေချုပ်လာသည့် အတွက် ခံစားမှုဆိုသည် (ဝေဒနာ) သိမှုကိုပင်မရတော့ပါ။ (ဖဿ၊ သညာ၊ ဝေဒနာ) မှန်သမျှချုပ်လာပါသည်။ မျက်လုံးဖွင့်ထားသော် လည်း မြင်မှုကိုလည်း ဘယ်သူဘယ်ဝါရယ်လို့ကောင်းကောင်းမသိ၊

ခေါ်သော်လည်းမကြားတကြားဖြင့်၊ ကြားမှုကိုလည်းမသိတော့ပါ။ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်စသည့် ပဉ္စဝိညာဏ်စိတ်များချုပ်လာပါသည်။ (မနောစိတ်) ကမချုပ်မပျက်သေးသည့်အတွက် သတိရတစ်ချက် မရတစ်ချက်ဖြစ်ရာကနေ (ကံနိမိတ်)၊ (ကမ္မနိမိတ်)၊ (ဂတိနိမိတ်)၊ (အာရုံ) တွေထင်မြင်ပြီး၊ ထို (အာရုံ) တစ်ခုခုကို (စိတ်) ကတွယ်ရပါသည်။ ထိုသို့မြင်လာသော (အာရုံ)ကို (စိတ်) ကတွယ်ရသည့် (စတုတ္ထ) နောက်ဆုံးအဆင့်အနေဖြင့် (ကံ) ဆိုသော (သင်္ခါရ) အထောက်အပံ့ (ကမ္မဇရုပ်) လည်းချုပ်သည့်အခါ စိတ္တဇရုပ် (စိတ်) လည်းချုပ် (စိတ္တသင်္ခါရ)သည်လည်း တပြိုင်တည်းချုပ်ရာ၌ ထောက်ပံ့မှုအားလုံးမှာ ချုပ်သွားသည်ဖြစ်သောကြောင့် (စုတေ) သေခြင်းသို့ ရောက်သွားခြင်းဖြစ်ပါသည်။ (ပညတ်ရုပ်)ဖြစ်သည့် ရုပ်ကလပ်သာအသုဘရုပ်အလောင်းအဖြစ် ကျန်ခဲ့ပါသည်။

သေသောစိတ်ကို (စုတေစိတ်) ဟုခေါ်ပြီး **"သင်္ခါရပစ္စယာ ဝိညာဏ်"**ဟု (ပဋိစ္စသမုပ္ပါဒ်) တရားတော်အရ နောက်ဆုံး (အာရုံ) ဖြစ်ရာ၌ နောက်ဆုံး (စိတ်) ကတွယ်မိတွယ်ရာဘဝ၌ (သင်္ခါရ) ကြောင့် (အာရုံ) ကျရာရောက်မိရောက်ရာဘဝ၌ (ပဋိသန္ဓေ) ပြန်ဖြစ်ရသည်ကို ပဋိသန္ဓေစိတ် (ဝိညာဏ်) ပြန်ဖြစ်ရပါသည်။ ထို (ပဋိသန္ဓေစိတ်) တွင် (စေတသိက်နာမ်နှင့်ရုပ်) ပါ ပါသွားသည့်ကာလလရည်ကြည် (ရုပ်) နှင့် နာမ်ခန္ဓာ ၄ပါးပါဝင်သော (ခန္ဓာငါးပါး) နှင့် (ပဋိသန္ဓေ)

ပြန်ဖြစ်ကြရပါသည်။

စေတနာ၊ ကံ၊ သင်္ခါရတို့သည် အတူတူပဲဖြစ်သောကြောင့် (လူသတ္တဝါ) တို့သည် (ကံ)ဖြစ်သော(သင်္ခါရ)၏ ထောက်ပံ့မှုကြောင့် ဖြစ်ရသော (ကမ္မဇရုပ်) (စိတ်)၏ထောက်ပံ့မှုကြောင့်ဖြစ်ရသော (စိတ္တဇရုပ်) (ဥတု) ကထောက်ပံ့သောကြောင့်ဖြစ်ရသော (ဥတုဇရုပ်)၊ အဟာရက ထောက်ပံ့သောကြောင့်ဖြစ်ရသော (အဟာရရုပ်) အထောက်အပံ့ (၄) ခုရှိ၍သာ ဒေါက် (၄) ချောင်းထောက်ပံ့မှုဖြင့် အသက်ရှင်သွားလာလှုပ်ရှားနေထိုင်ကြရာ၌ ထောက်ပံ့မှု၄ရပ်စလုံး ချုပ်သွားသည့်အခါသေကြရပါသည်။

နောက်ဆုံးချုပ်သည့် (စိတ္တသင်္ခါရ)သိမှုစိတ်နှင့် (ကံ) အထောက်အပံ့ကိုဖြစ်စေသည့် စေတသိက် (သင်္ခါရ) တို့ချုပ်ဆုံးကြသည့်အခါ (စိတ်) မရှိတော့သည့်အတွက် (ရုပ်) ကြီးသည် သေဆုံးသည့်သဘောသို့ရောက်သွားပါသည်။ (သင်္ခတ)နယ်မှ(သင်္ခါရ) လောကသားများ ဖြစ်နေကြသည့်အတွက် (သင်္ခါရ) ကပြုပြင်သည့် သံသရာလည်မှုက မချုပ်သေးပါ။ (သင်္ခါရပစ္စယာဝိညာဏံ) ဟူ၍ (ပဋိစ္စသမုပ္ပါဒ်) ဒေသနာတော်တွင် ပါရှိသည့်အတိုင်း ပုထုဇန်တို့သည် (အဝိဇ္ဇာ) နှင့်နေကြသည့်အတွင်း (အဝိဇ္ဇာ)ကြောင့် (သင်္ခါရ) ကြောင့်၍ (သင်္ခါရလောက) ကြီး၌ဖြစ်ပျက်ပြုပြင်နေသည့် (သင်္ခါရ) သည် ထိုသူ၌ ဘဝသံသရာမချုပ်ငြိမ်းသေးပဲ သေသွားရသည့်အတွက်

ထိုသူသည် (ပဋိသန္ဓေ) နေရပြန်ပါသည်။ ထိုသူမသေမီ (အာရုံ) ဖြစ်ရာကို (စိတ်) က (စေတနာ၊ ကံ၊ သင်္ခါရ) အကြောင်းတရားက တွယ်ရသောကြောင့် (အာရုံ) နှင့် (စိတ်) ကို (သင်္ခါရ) ကပြုပြင်၍ တွယ်ပေးသည့်အတွက် ကြောင့် (အာရုံ)ဖြစ်ရာဘုံဘဝမှာ အကြောင်း (အဝိဇ္ဇာနှင့်တဏှာ) အရင်းခံအကြောင်း (အဝိဇ္ဇာ)ကြောင့်သာ (သင်္ခါရပစ္စယာဝိညာဏံ) အကျိုး (ဝိညာဏ်၊ နာမ်၊ ရုပ်) ပဋိသန္ဓေ ဝိညာဏ်ဖြစ်ပြီး (စေတသိက်၊ ကံ၊ သင်္ခါရ) အကြောင်းတရားများက (နာမ်ရုပ်) ခန္ဓာငါးပါးလုံးရသည့် (အကျိုး) ပဋိသန္ဓေပြန်ဖြစ်ရပါတော့သည်။ (စုတေ-ပဋိသန္ဓေ) သည် ကြားမရှိပဲတန်းဖြစ်ပေါ်ရပါသည်။

ငါသေရင်ပြတ်တာပဲ၊ နောက်ဘဝငါဘာဖြစ်မယ်လို့ ငါမသိ၊ အရင်ဘဝကလည်းငါဘာဖြစ်ခဲ့မှန်းလည်း ငါမသိ၊ ဘဝဆိုတာသေပြီးရင်ပြတ်တာပဲဟူ၍ (ဥစ္ဆေဒ)ဒိဋ္ဌိရှိသူတို့ သိထားရန်မှာ လူတို့သည် ခလေးငယ်ဘဝ၊ လူငယ်ကျောင်းသားဘဝ၊ လူလတ်ဥစ္စာရှာရသည့်ဘဝ၊ လူကြီး (ပင်စင်စားအငြိမ်းစား) ၆၀ကျော် ၇၀၊ ၈၀ ဘဝတို့တွင် လူကြီးဖြစ်လာရင် ခလေးဘဝကိုလည်းမမှတ်မိ၊ ကျောင်းသားဘဝက အဖြစ်သနစ်များကိုလည်း အကုန်အစင်မမှတ်မိနိုင်၍ ခလေးဘဝ၊ ကျောင်းသားဘဝကဓါတ်ပုံက ငါနဲ့မတူတော့ပေမဲ့ ငါမမှတ်မိနိုင်လို့ ငါမဟုတ်ဘူးလို့ပြော၍မရပါ။ထို့အတူ ဘုရား၊ရဟန္တာမဖြစ်မှီ သံသရာ

လည်ရအုံးမည့် ထိုသူ၏(စိတ်)သည် ထိုသူပဲဖြစ်၍ နောက်ဘဝမှာ (ရုပ်)တစ်မျိုးနဲ့သံသရာလည်ရအုံးမယ်လို့ တစ်ထစ်ချမှတ်ယူပါ။

လူသတ္တဝါ (ပုထုဇဉ်) တို့သဘာဝအရ (လောဘ၊ ဒေါသ၊ မောဟ) တို့နှင့်နေလာကြသော (အ ႆ ဍှာ၊ တဏှာ) ရှိကြသူဖြစ်ကြသောကြောင့် သေခါနီးနှလုံးသွင်းမှားပါက (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်) စသည့်ရောက်မိရောက်ရာ အပါယ်၄ပါးဘဝတစ်ခုခုသို့ရောက်သွားရပါသည်။ ဤသို့အပါယ် (၄)ပါး (ဒုက္ခ) ဘုံမရောက်ရအောင် (နိဗ္ဗာန်) ချမ်းသာကြီးကိုရနိုင်အောင် ယခုဘဝ၌မရနိုင်သေးသည့်တိုင်အောင် အပါယ်တံခါးပိတ်စေသည့် (ပရမတ္ထသစ္စာ) ကို အားကိုးအားထားရပေတော့မည်၊ နှလုံးသွင်းမှန်စွာ နေတတ်အောင်ကျင့်ထားရပါတော့မည်။

## (ရုပ်နာမ်) မဖြစ်ရာအသင်္ခတ (နိဗ္ဗာန်) ၏သုခချမ်းသာ

(နိဗ္ဗာန်)သည်ချမ်းသာဟူသမျှတို့ထက်အသာဆုံး၊ အမြတ်ဆုံး၊ အထွဋ်အထိပ်အဖြစ်ဆုံးဖြစ်ပါသည်။ (နိဗ္ဗာန်) သည် တွယ်တာတပ်မက်ခြင်း (တဏှာ) ဒုက္ခ၊ (တဏှာ) (ဥပါဒါန်)ဖြစ်သည့် စိတ်ညစ်ငြမ်းမှု (ကိလေသာ) အပူမီးမှန်သမျှ ချုပ်ငြိမ်းပါတော့သည်။ ဘဝတစ်ခုမှတစ်ခုဖြစ်စေသည့် တပ်မက်တွယ်တာမှု (တဏှာ) ႑ႋ႑မှ လွတ်မြောက်စေပါသည်။

(နိဗ္ဗာန်) သည် (တဏှာ) တပ်မက်မှု၊ တွယ်တာမှုဖြင့် နှောင်ဖွဲ့ခြင်းခံရသူတိုင်းတွင် တပ်မက်တွယ်တာစိတ်များ ပွားများနေရရာမှ အသစ်အသစ်ဖြစ်စေသော ကာယကံမှု (ကာယသင်္ခါရ)၊ ဝစီကံမှု (ဝဇီသင်္ခါရ) မနောကံမှု (စိတ္တသင်္ခါရ) ဖြစ်သော ကံသုံးပါး နေ့စဉ်ပြုလုပ်နေရသော (ကံ) ဟူသော (ကမ္မသတ္တိ) များသည် ဒီဘဝမှာလိုက်ပါနေရုံမျှမက ဘဝအဆက်ဆက်ပါလိုက်ပါနေမှုများကြောင့် မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ တဖန်မွေးခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ဖြင့် အဆုံးအစမရှိသော (သင်္ခါရဒုက္ခ) ဖြစ်သည့်ဒုက္ခဘဝသံသရာကြီးထဲမှ လွတ်မြောက်စေပါသည်။ (ဒုက္ခ) သံသရာမှ လွတ်မြောက်ရာ၊ ဒုက္ခဘဝမဖြစ်ရာ၊ မပျက်ရာ (ရုပ်နာမ်) ဖြစ်ခြင်း (သင်္ခါရ) ဒုက္ခမှလွတ်မြောက်သည့် (သန္တိသုခ) ခေါ် အေးငြိမ်းချမ်းသာသော (နိဗ္ဗာန်) ကြီးပင်ဖြစ်ပါသည်။

(နိဗ္ဗာန်) သည်တစ်နည်းအားဖြင့် (ရာဂ၊ ဒေါသ၊ မောဟ) တို့ကုန်သွားခြင်းဟူ၍လည်း ခေါ်ဆိုရပေသည်။ (ရာဂ) ဆိုသည်မှာ ကပ်ငြိမှုဖြစ်၏။ မိမိတို့ဒွါရ ၆ပေါက်၌ (အာရုံ) များဝင်လာတိုင်း ကောင်းလျှင်၊ ကြိုက်နှစ်သက်လျှင် တပ်မက်မှု၊ တွယ်တာမှု၊ (တဏှာ) ကပ်ငြိမှု (ရာဂ) ဖြစ်ကြရာ၌ (ဒုက္ခ) ဆင်းရဲခြင်းနှင့် ကြုံလာကြရပါသည်။ (ဒေါသ) ဆိုသည်မှာ ထို (အာရုံ) များဝင်လာသည့်အခါ မကြိုက်မနှစ်သက်မှုဖြစ်လာလျှင် မကြိုက်မနှစ်သက်သော မကြည်သာ

သောစိတ်ဖြင့်၊ နှုတ်ဖြင့်၊ ကိုယ်ထိလက်ရောက်အားဖြင့် ပြစ်မှားကျူးလွန်မှုသည် (ဒေါသ) ဖြစ်ရ၏။ ထို (ဒေါသ) ကြောင့် ပြစ်မှားကျူးလွန်ခဲ့ပါက ကောင်းသောပြုလုပ်ခြင်း ကံမဟုတ်ပဲ၊ မကောင်းသောပြုလုပ်ခြင်း မကောင်းမှုကံဖြစ်ခြင်းကြောင့် (ဒုက္ခ) ရောက်ကြရပါသည်။

(မောဟ) ဆိုသည်မှာ လူတို့ပြောသမျှစကားဖြင့် အပြောသာသိကြပါသည်။ သဘောပေါက်သိရမည့် (မောဟ)မှာ ခန္ဓာကိုယ်တွင်ဖြစ်ပေါ်နေသော (ဒွါရ) ၆ပေါက်နှင့်ပြင်ပမှ (အာရုံ) ၆ပါးတို့တွေ့တိုက်သောအကြောင်းကြောင့် (ရုပ်နာမ်) ဟူသော (ခန္ဓာငါးပါး) ရသောအကျိုးတရားများဖြစ်နေပါသည်။ ထိုဖြစ်နေသော ခန္ဓာငါးပါး (ရုပ်နာမ်) တရားသဘောသည်လည်း (ပညတ်) အာရုံများအပေါ်မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှုတွေဖြစ်မှုများအပေါ်၌ (ဖဿ) ကတွေ့တိုက်ပေးမှုကြောင့် ခံစားမှု (ဝေဒနာ) ရပြီး၊ ကြိုက်ခြင်း (လောဘ)၊ မကြိုက်ခြင်း (ဒေါသ) တွေဖြစ်နေကြရသည့် (ဓမ္မသဘောသဘာဝတရား) ကို သတိမထားမိမှုကြောင့် (အာရုံ)၏ သဘောအမှန်ကို (မသိ) ခြင်းတွေဝေခြင်း (မောဟ) (အဝိဇ္ဇာ)သည် ဖြစ်နေကြရပါသည်။

ထို (မောဟ) မသိမှု (အဝိဇ္ဇာ) ကြောင့်လည်း ကြိုက်လျှင် (လောဘ) ဖြစ်စေသည့် ကပ်ငြိမှု (ရာဂ)၊ မကြိုက်လျှင် (ဒေါသ) တို့ဖြစ်နေရာ၊ လူတို့တွင် အန္တရာယ်ဖြစ်သည့် (ရာဂ၊ ဒေါသ၊ မောဟ)

တို့ကုန်ဆုံးချုပ်ငြိမ်းရာ၊ အေးငြိမ်းချမ်းသာရာဖြစ်သည့် (သန္တိသုခ) ကြီးသည် (နိဗ္ဗာန်) ဟူ၍လည်းသိနိုင်ကြပါသည်။

လူ့လောကတွင် လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဖြစ်ခြင်း၊ မွေးခြင်း (ဇာတိ)မီး၊ အိုခြင်း၊ နာခြင်း၊ သေခြင်းမီး၊ ပူဆွေးမီး၊ ငိုကြွေးမီး၊ ကိုယ်ဆင်းရဲခြင်းမီး၊ စိတ်ဆင်းရဲခြင်းမီး၊ ပြင်းစွာပူပန်ခြင်းမီးများတောက်လောင်လျက်ရှိရာ၊ ထိုမီးတို့ဖြစ်ရခြင်းအကြောင်းရင်းသည် (ရာဂ၊ ဒေါသ၊ မောဟ) တို့ကြောင့် ဖြစ်ကြရပါသည်။ ထိုမီးများငြိမ်းအေးသည့်အတွက် ချမ်းသာသွားသောသဘောသည်လည်း (နိဗ္ဗာန်) ချမ်းသာပင်ဖြစ်ပါသည်။

(နိဗ္ဗာန်) ကိုမသေမှီလည်းရနိုင်ပါသည်။ သေပြီးမှလည်း ရနိုင်ပါသည်။ မသေမှီ ဤ (ဤရုပ်နာမ်) ခန္ဓာကိုယ်ကြီးရှိနေစဉ် အတောအတွင်းရသော (နိဗ္ဗာန်) ကို (ကိလေသာ) ငြိမ်းသည့် (ကိလေသာနိဗ္ဗာန်)ဟုခေါ်ပါသည်။ ခန္ဓာရှိစဉ်ရကြသည့် (သဥပါဒိသေသနိဗ္ဗာန်) ဟုလည်းခေါ်ပါသည်။ သေပြီးနောက်ဘဝမကူးတော့ပဲ ခန္ဓာထပ်မရတော့ပဲ ဘုရား (ရဟန္တာ) တို့ရရှိအပ်သော (နိဗ္ဗာန်) ကို (ခန္ဓာနိဗ္ဗာန်) ခေါ်ပါသည်။ (ခန္ဓာ) ထပ်မရကြသော (အနုပါဒိသေသ) နိဗ္ဗာန်ဟုလည်းခေါ်ပါသည်။

(နိဗ္ဗာန်) သည် ခိုင်မြဲသောတရား၊ လိုလားနှစ်သက်အပ်သော

တရား၊ ချမ်းသာသောတရားဖြစ်ပါသည်။ (နိဗ္ဗာန်) သည် (ကိလေသာ) ဖြစ်သောစိတ်မစင်မကျယ်ဖြစ်ကာ စိတ်ညစ်ငြမ်းပြီး စိတ်မသာယာ ဖြစ်ခြင်း၊ (ဒုက္ခ) ဖြစ်ခြင်းတို့မှ ကင်းဝေးချုပ်ငြိမ်းနေခြင်းကြောင့် စိတ်သန္တာန်၌ အေးချမ်းခြင်း၊ နှလုံးစိတ်ဝမ်းငြိမ်းချမ်းခြင်း၊ ကိုယ်စိတ်နှစ်ပါးလုံး၌ ချမ်းသာခြင်းနှင့်ပြည့်စုံနေပါသည်။

(နိဗ္ဗာန်) ကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်အရ (သင်္ခါရရုပ်နာမ်) တွေဖြစ်ခြင်းကင်းရာ၊ မပြတ်ပေါ်နေသော (ရုပ်နာမ်) အစဉ်တွေ ဖြစ်ခြင်းကင်းရာသည် (သင်္ခါရ) ကုန်မြောက် (နိဗ္ဗာန်) ရောက်ဆိုသလို (မဖြစ်ရာ) သင်္ခါရ (ရုပ်နာမ်) တွေမဖြစ်ရာသည်လည်း (နိဗ္ဗာန်) ပင် ဖြစ်ပါသည်။

(နိဗ္ဗာန်) ၏သဘောကို အတိုချုပ်ဆိုရသော် (နိဗ္ဗာန်) သည် ကိလေသာ (တဏှာ) ကုန်ဆုံးရာနိဗ္ဗာန် (သင်္ခါရ) မှလွတ်မြောက်ရာနိဗ္ဗာန်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်ရာသည် နိဗ္ဗာန်ဖြစ်သဖြင့် (နိဗ္ဗာန်) ၏သဘောကိုလိုရင်းပြောရသော် (နိဗ္ဗာန်) သည် (သင်္ခါရ) ကြောင့်ဖြစ်ရသော (ရာဂ၊ ဒေါသ၊ မောဟ) ဟုဆိုအပ်သော (ကိလေသာ)ချုပ်ငြိမ်းကုန်ပျောက်သွားပါလျှင် စင်ကြယ်သော၊ အေးချမ်းသော၊ ချမ်းသာမှုအပြည့်ရှိသော (နိဗ္ဗာန်) ကိုမျက်မှောက်ပြုနိုင်ကြပါသည်။

## (နိဗ္ဗာန်) ကိုမျက်မှောက်ပြုရန် သတိပဋ္ဌာန်နှင့် ဝိပဿနာအားထုတ်ရပုံ

(ရာဂ၊ ဒေါသ၊ မောဟ) ဟုဆိုအပ်သော (ကိလေသာ) ချုပ်ငြိမ်းပါလျှင် ဧကန်မလွဲ (နိဗ္ဗာန်) ကြီးကိုမျက်မှောက်ပြုနိုင်တော့မည်ဖြစ်သောကြောင့် ရာဂ၊ ဒေါသ၊ မောဟ (ကိလေသာ) ချုပ်ငြိမ်းအောင် (သတိပဋ္ဌာန်) တရားနှင့် (ဝိပဿနာ) တရားကို အားထုတ်ကြရမည်ဖြစ်ပါသည်။

(သတိပဋ္ဌာန်)နှင့် (ဝိပဿနာ)ကိုအားထုတ်ရခြင်းမှာလည်း မြတ်စွာဘုရားဟောကြားတော်မူသော (ပေဋကောပဒေသပါဠိတော်) (၁၆၇)တွင်လာသည့် 'ဒုဝေဟေတု ဒုဝေပစ္စယာသာဝကဿ - သမ္မာဒိဋ္ဌိယာဥပ္ပါဒါယ 'ဟူသော (သာဝကပါရမီဉာဏ်) ရဘို့သည် အကြောင်း၂ချက်သာလိုရင်းဖြစ်ကြောင်း ဟောတော်မူပါသည်။ ထိုအကြောင်း၂ချက်သည် -

(၁) ပရတောစဃောသောသစ္စာနုသန္ဓိ = (သစ္စာ) ဟူသောအမှန်တရားကိုသိရမည်

(၂) အဇ္ဈတ္တဥ္စယောနိသောမနသိကာရော = အဇ္ဈတ္တခန္ဓာ ကိုယ်မှာအမှန်ဖြစ်သော (ပရမတ်) ကိုနှလုံးသွင်းမှန်ရမည်။

ဟူ၍ မြတ်စွာဘုရားဟောကြားသည့်အတိုင်း (မိုးကုတ်) ဆရာတော်

ဘုရားကြီးလည်း ဟောကြားခဲ့ပါသည်။ (သစ္စာ)ဟူသော (ပရမတ္ထသစ္စာ) အမှန်ရှိသော (ရုပ်နာမ်) ခန္ဓာငါးပါးဖြစ်သော (စိတ်၊ စေတသိက်၊ ရုပ်) ပရမတ်တစ်ခုခုကို ဉာဏ်နှင့်သိမြင်စေသည့် (သစ္စာ) သိအောင် ပြုလုပ်ရပါမည်။ (သစ္စာလေးပါး)သိအောင် အားထုတ်ရပါမည်။ နံပါတ်(၁)က (ပရမတ်)ဟူသော အမှန်သဘော(သစ္စာ) ကိုသိပါ။ နံပါတ်(၂)က (ပရမတ်) ကိုပဲနှလုံးသွင်းနေနိုင်အောင် ကြိုးစားပါဟူသော မြတ်စွာဘုရား၏ လမ်းညွှန်မှု၂ချက်သာဖြစ်ပါသည်။ ထို့ကြောင့် (သစ္စာ) သိအောင်နှင့် နှလုံးသွင်းမှန်စွာ နေတတ်အောင် (သတိပဋ္ဌာန်) နှင့် (ဝိပဿနာ) တရားကိုအားထုတ်ရခြင်းဖြစ်ပါသည်။

(သစ္စာ) ဆိုသည်မှာ အမှန်တရားသာဖြစ်ပါသည်။ ဘယ်လိုအမှန်တရား (သစ္စာ) လည်းဆိုပါလျှင် မြတ်စွာဘုရားဟောကြားထားသည့်အဟုတ်ရှိ၊ တကယ်ရှိ၊ အမှန်ရှိကို အမှန်မြင်ရမှာက (စိတ်၊ စေတသိက်၊ ရုပ်) နှင့် (နိဗ္ဗာန်) သာဖြစ်သည့် (ပရမတ္ထသစ္စာ၄ပါး) ထဲမှ (သင်္ခတ) ပရမတ်ဖြစ်သည့် ခန္ဓာငါးပါး (စိတ်၊ စေတသိက်၊ ရုပ်) ခန္ဓာ (ပရမတ်) သိခြင်းသည်သာ သဘာဝတရား (ဓမ္မ) အမြင်၊ အမှန်မြင် (သစ္စာ) သိခြင်းပင်ဖြစ်ပါသည်။ ခန္ဓာ (ပရမတ်) ကိုသိလျှင် ခန္ဓာ (ပရမတ်) သည် (ဖြစ်ပျက်) ရှိခြင်းကြောင့် ခန္ဓာ (ဖြစ်ပျက်) ကိုတွေ့မြင်ပေမည်။ ခန္ဓာ (ဖြစ်ပျက်) ကိုတွေ့မြင်ပါလျှင် (ဒုက္ခသစ္စာ) ကိုသိလာပါမည်။ (ဒုက္ခသစ္စာ)တစ်ပါးကိုတွေ့မြင်ပါလျှင် (သစ္စာ၄ပါး)

လုံးသိမြင်လာပါမည်။ (သစ္စာ) သိခြင်းသည် (သစ္စာ၄ပါး)သိစေရခြင်း ဖြစ်ပါသည်။ (သစ္စာ)သိလျှင်သိရမည့်ကိစ္စ၊ ပယ်ရမည့်ကိစ္စ၊ မျက်မှောက် ပြုရမည့်ကိစ္စ၊ ပွားရမည့်ကိစ္စဉာဏ်ကိုလည်းရစေပါသည်။

"ယောဒုက္ခံပဿတိ၊ သောသမုဒယမ္ပိပဿတိ၊ ဒုက္ခနိရော ဓမ္ပိပဿတိ၊ ဒုက္ခနိရောဓဂါမိဏိ ပတိပဒမ္ပိပဿတိ" ဆိုသလို သစ္စာ(၄)ပါးတပြိုင်တည်းသိသွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပရမတ္ထသစ္စာ (ရုပ်နာမ်) ပရမတ်ကိုအရင်သိအောင်လုပ်ရပါမည်။ (နိဗ္ဗာန်) ဖြစ်သည့် (အသင်္ခတပရမတ်) ရဘို့အတွက် (သင်္ခတပရမတ်) ဖြစ်သည့်နာမ်ခန္ဓာ (၄)ပါးနှင့် ရုပ်ခန္ဓာ (၁)ပါးဖြစ်သော (သစ္စာ) ဟုဆိုအပ်သော (ခန္ဓာငါးပါး) ထဲမှ (ပရမတ်) တစ်ခုခုကိုသိမြင်အောင် လုပ်ပြီးသိမြင်သည့် (ပရမတ်) ကိုနှလုံးသွင်းနေထိုင်နိုင်ပါလျှင် (ပရမတ်) သည် (ဖြစ်ပျက်ဒုက္ခ)ရှိခြင်းကြောင့် ထိုဖြစ်ပျက်ခန္ဓာ ဒုက္ခ မြင်လာပြီးနောက် မဖြစ်ချင်တော့သည့် ဒုက္ခချုပ်ငြိမ်းသွားသည့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့် (အရိယာ) အဆင့်ကိုရရှိနိုင်ပါသည်။ (ပရမတ်) ကိုအမြဲသိနိုင်အောင် နေနိုင်ပါလျှင်ဤဘဝမှာပင် (ရဟန္တာ) အဆင့် အထိ ရောက်နိုင်ပါသည်။ (သစ္စာ) ကိုသိနိုင်ရန် (ဝါ) အရှုခံ (ရုပ်နာမ်) တစ်ပါးပါးကိုသိနိုင်ရန် (သတိပဋ္ဌာန်)ဖြင့် အခြေခံပြီး နောက် (ရုပ်နာမ်)အနိစ္စကိုမြင်အောင်ရှုရသည် (ဝိပဿနာ)ဖြင့် အားထုတ်ရပါသည်။

(ပရမတ္ထသစ္စာ) ဖြစ်သည့် (ပရမတ်) အမှန်ကိုနှလုံးမသွင်းမိပဲ (ပညတ်) ကို (ပရမတ်) ထင်ပြီးတရားအားထုတ်သည့်အခါ၌ဖြစ်စေ၊ နေရိုးနေစဉ်နေထိုင်သည့်အခါ၌ဖြစ်စေ (ပညတ်) နှင့်ပရမတ်မကွဲပဲ (သစ္စာ) အမှန်ဖြစ်သည့် ပရမတ် (ရုပ်နာမ်) တစ်ခုခုကိုနှလုံးမသွင်းတတ်ပဲ (ပညတ်) ရောပါနေပါက (ပုထုဇဉ်) ဘဝ၊ လောကမှလွတ်မြောက်ရာ လောကုတ္တရာတရား (နိဗ္ဗာန်) ကိုမရနိုင်ပါ။

(ဝိပဿနာ) တရားအားထုတ်ရာတွင် (ပညတ်) ကိုမရှုပဲ (ပရမတ်) ကိုသာရှုရမည်ကို တရားအားထုတ်သူတိုင်း နားလည်ကြပါသည်။ သိကြပါသည်။ "ပညတ္တိံ ဌပေတွာအနိစ္စဒိအာ ကာရေနဝိဝိဒံပဿ တိတိ ဝိပဿနာ" ဆိုသည့်အတိုင်း ပညတ္တိံသမ္မုတိမိတ္တာဟုဆိုသည့်အတိုင်း (ပညတ်) ကိုပါယ်၍ (ပညတ်) ကိုချန်လှပ်၍ (ပရမတ်) အမှန် (သစ္စာ) ဖြစ်သည့် (ခန္ဓာငါးပါး) ထဲမှ (ခန္ဓာ) တစ်ပါးပါးဖြစ်သည့် (ပရမတ္ထသစ္စာ) အမှန်ကိုသိပြီး ထို (ပရမတ်) အမှန်ကိုသာ (ဉာဏ်) ဖြင့် နှလုံးသွင်းပါမှ ဉာဏ်နှင့်သာမြင်ရသော (သင်္ခတပရမတ်) သည် (ဖြစ်ပျက်)ရှိသောကြောင့် ဖြစ်ပျက် (ဒုက္ခသစ္စာ) ကို အရင်တွေ့မြင်ပြီးနောက် (ဓမ္မသဘာဝ) ၏ ရှေ့ဆောင်မှုဖြင့် (ဖြစ်ပျက်) ရှိရာသင်္ခတပရမတ်မှ (ဖြစ်ပျက်) သင်္ခါရဒုက္ခကုန်ဆုံးရာမဖြစ်မပျက်ရာ (အသင်္ခတ) ပရမတ် (နိဗ္ဗာန်) ကိုမျက်မှောက်ပြုကြရမည် ဖြစ်ပါသည်။

(ပုထုဇဉ်) တို့သည် (ပညတ်) အာရုံကိုပဲသိကြပါသည်။ ထို

(ပညတ်) အာရုံသည် (ကာမဂုဏ်) နှင့်ဆက်စပ်နေသည့်အတွက် (ဓမ္မစကြာ) သုတ်တော်အပိုဒ် (၂) တွင် မြတ်စွာဘုရားဟောကြားတော်မူရာ၌ -

"ယောစာယံကာမေသု ကာမသုခလ္လိကာနုယောဂေါ
ဟီနောဂမ္မောပေါထုဇ္ဇနိကော
အနရိယောအနတ္ထသံဟိတော"ဟု ဟောတော်မူသည့်အတိုင်း

မြို့သူ၊ မြို့သား၊ ရွာသူရွာသားတို့သည် အမှန်မဟုတ်သည် (ပညတ်) အာရုံဖြစ်သော လောကီအာရုံကာမဂုဏ်နှင့်နေကြသူ ကာမချမ်းသာကိုသာယာမှုဖြင့် လိုက်စားကြသည့် အယုတ်အစွန်းတစ်ပါးနှင့် နေကြသူများဖြစ်သည့်အတွက် အမှန်ကိုမသိမမြင်နိုင်သော အရိယာတို့နှင့်မသက်ဆိုင်သော (အဝိဇ္ဇာ) နှင့်နေကြသူဖြစ်ကြောင်း သိရပါမည်။

အမှန် (အသိ) ဖြစ်သည့် (ဝိဇ္ဇာ) အသိ (ပရမတ်) အမှန်ကို (သမ္မာဒိဋ္ဌိ) အမှန်မြင်သိဖြစ်အောင်၊ အမှန်ကို (ဉာဏ်ပညာ) ဖြင့် သိမြင်အောင်ဟောပြသည့် (သတိပဋ္ဌာန် ၄ပါး) သည် (သိ) အောင်ရှုမြင်ရမည့် (အရှုခံ) ရုပ်နာမ် (ပရမတ်) ဖြစ်ကြောင်းသိနားလည်ရပါမည်။ အမှန်သိဝိဇ္ဇာ(အသိ) သိအောင်လုပ်ရမည့် (အရှုခံ) ရုပ်နာမ် (ခန္ဓာငါးပါး) အမှန်တရား (သစ္စာ) ကိုနားလည်ကြပြီးနောက် (စရဏ) ခေါ်သည့် (အကျင့်) ကိုဘယ်လိုကျင့်ရမည်နည်းဟုဆိုပါလျှင် (စရဏ) အကျင့်တရားရဖို့ မြတ်စွာဘုရားသည် (မဂ္ဂင်ရှစ်ပါး) ကို ဟောကြား

ခဲ့ပါသည်။

(ဓမ္မစကြာ) သုတ်အပိုဒ် (၃) တွင် 'မဇ္ဈိမပဋိပဒါတထာဂတေန အဘိသမ္ဗုဒ္ဓါ' ဟူ၍လည်းကောင်း 'အယမေဝအရိယောအဋ္ဌင်္ဂိကော မဂ္ဂေါဟူ၍ (အလယ်လမ်း) ဟုဆိုအပ်သော 'အကျင့်မြတ်' သည် အရိယာတို့၏လက်ကိုင်ဖြစ်၍ မြင့်မြတ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော (မဂ္ဂင်ရှစ်ပါး) အကျင့်တရားတို့ပင်တည်းဟုဟောခဲ့ခြင်းကြောင့် (စရဏ) ခေါ်သည့်အကျင့်တရားသည် (မဂ္ဂင်ရှစ်ပါးအကျင့်တရား) ပင်ဖြစ်ပါသည်။

(မဂ္ဂင်ရှစ်ပါး) တွင် စောင့်ထိမ်းရမည့် သီလမဂ္ဂင် (၃)ပါး သည် တရားအားထုတ်သူတို့ ရှုကျင့်ရသည့် နေရာ၌ (ကိုယ်၊ နှုတ်၊ နှလုံး) သုံးပါးလုံးလုံခြုံပြီး မကျူးလွန်တော့ပြီ၊ ခဏသီလလုံခြုံပြီ ဖြစ်နေသဖြင့် ရှုကျင့်ရမည့် (မဂ္ဂင်)သည်သမာဓိမဂ္ဂင် (၃)ပါးနှင့်ပညာမဂ္ဂင် (၂)ပါးသာပါဝင် ပါတော့သည်။ ထို (မဂ္ဂင်ငါးပါး) သည် ရှုညာဏ်တရား (၅)ပါးပင် ဖြစ်ပါသည်။ (ရှုညာဏ်တရား) ငါးပါးသည် (ဝိပဿနာ) ရှုရာ၌ (ရှုညာဏ်တရားငါးပါး) နှင့်ရှုရပါသည်။ (ရှုညာဏ်တရားငါးပါး) ကို ကာရကမဂ္ဂင်ငါးပါး၊ အလုပ်မဂ္ဂင်ငါးပါး၊ လောကီမဂ္ဂင်ငါးပါး၊ ရှေ့ပြေး မဂ္ဂင်ငါးပါး၊ ပုဗ္ဗဘာဂမဂ္ဂင်ငါးပါး၊ မစ္ဆရိ မဂ္ဂင်ငါးပါးဟုလည်း အသီးသီး ခေါ်ဝေါ်ကြပါသည်။

မြတ်စွာဘုရားသည် (သတိပဋ္ဌာန်)အနေဖြင့် (သတိ)ဟူသော ဂရုစိုက်မှုဖြင့် (ရုပ်၊ စိတ်၊ ဝေဒနာ၊ ဓမ္မာ) ဟူသောခန္ဓာ (ပရမတ်) ကိုသိအောင် (ရုပ်) ဟူသောဖောက်ပြန်မှုကိုသိအောင် (စိတ်) ဟူသော (သိမှု) ကိုသိအောင် (ဝေဒနာ)ဟူသော (ခံစားမှု) ကိုသိအောင်၊ မိမိတို့နားလည်သော (ပညတ်) အခေါ်သဘောနှင့်သိအောင်၊ ထို့နောက် (ပရမတ်) သဘောနှင့်သိအောင်၊ သိသည့်အခါ (ရုပ်၊ စိတ်၊ ဝေဒနာ) တို့၏ဓမ္မ (ပရမတ်) သဘောကိုတိုက်ရိုက်ရှုရသည့် (ဓမ္မ နုပဿနာ) သတိပဋ္ဌာန်အနေဖြင့် (ခန္ဓာငါးပါး) လုံး၏ (ပရမတ်) ကိုရှုတတ်မြင်တတ်အောင် ဟောပြခဲ့ပါသည်။

(ပရမတ်) သဘောလေးမျှကို ဉာဏ်ဖြင့်သိအောင် (သတိ ပဋ္ဌာန်) ဖြင့်အားထုတ်ရာ၌ 'မဟာသတိပဋ္ဌာနသုတ်' ၌ ပြဆိုသည့် အတိုင်း -

'သမုဒယဓမ္မာနုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ၊ သမုဒယ ဝယဓမ္မာနုပဿီဝါ၊ ဓမ္မေသုဝိဟရတိ'

ဟူသော ဟောကြားချက် နှင့်အညီ (ဉာဏ်) နှင့်တွေ့မြင်လာသော ဖြစ်ပေါ်သည့် (ပရမတ်) သဘောလေး (ဖြစ်)လာပြီး (ပျက်) သွားသည့် ဖြစ်ပေါ်သည့်(သမုဒယ)အပြင် (ဝယ)(အနိစ္စ) ပျောက်ပျက်သွားသည့် သဘောကို ရှုမြင်လျှင် (ဝိပဿနာ) ဖြစ်လာပြီး (ဝိပဿနာဉာဏ်) ရလာပါသည်။ (ဝိပဿနာဉာဏ်) ဖြင့် (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)

သဘောဒုက္ခအမှန် ကိုပိုင်းခြားရှုမြင်ရပြီးနောက် (ဒုက္ခ) ကိုမလိုချင်၊ မလိုချင်၍ဒုက္ခကို ငြီးငွေ့ရာ၌ (ရုပ်နာမ်ဒုက္ခ) မဖြစ်ရာမပျက်ရာသို့ လွတ်မြောက်သွားသည်မှာ (မဂ်ဉာဏ်) ကြီးပင်ဖြစ်ပါသည်။

ပထမဦးဆုံးသခ်ိတ (ပရမတ်) ရုပ်နာမ်(ခန္ဓာငါးပါး)မှ(ခန္ဓာ) တစ်ပါးပါး၏ သဘောလေးကိုရှုမြင်နိုင်ရေးအတွက် (သတိပဋ္ဌာန်) နှင့် အားထုတ်ရပါသည်။ ထို (ပရမတ်) သဘော (ဓမ္မ) လေးကို လက္ခဏာရေးသုံးပါးတင်ရှုသည့် (ဝယဓမ္မာနုပဿိဝါ) ဟုခေါ်ဆို သည်၊ ထို (ပရမတ်ဓမ္မလေး) ပျောက်ပျက်သွားသည့် (အနိစ္စ) သဘော ကိုရှုကြည့်ရသည်ကို (ဝိပဿနာ) ဟုခေါ်ပါသည်။ (သတိပဋ္ဌာန်) တွင်လာသည့်အတိုင်း (အနိစ္စ) သဘော (ပရမတ်) ကိုမြင်ပါများသော် ထို (အပျက်) (အနိစ္စ) အမှန်သဘောပင် (ဒုက္ခ)ပါလား၊ မစိုးမပိုင် နိုင်သည့် (အနတ္တ)ပါလားဟု (ဝိပဿနာဉာဏ်) အရာတွင် ဒုက္ခကို ပိုင်းပိုင်းခြားခြား တွေ့မြင်လာရာမှ (ဒုက္ခ) ကိုတွေ့မြင်ဖန်များလာ သော် ထို (ဒုက္ခ)ကို ငြီးငွေ့ပြီး (ဒုက္ခ) ကိုမလိုချင်၊ မလိုချင်တော့ စွန့်ချင်နေသည့်သဘောများ တွေ့မြင်ရာမှ (ဒုက္ခ) မဖြစ်မပျက်သည့် သဘောဘက်သို့ (ဓမ္မ) သဘောအရ အလိုအလျောက် ကူးဝင်သွား ရာ၌ ရုပ်ရှင်ပြီး၍ ပိတ်ကားဖြူကြီးပေါ်လာသလို (သင်္ခါရ) သဘော ဖြင့် လှုပ်ရှားနေသည့် (ရုပ်နာမ်) ဒုက္ခများမဖြစ်မပျက်ရာ သန္တိသုခ (နိဗ္ဗာန်) ကို မျက်မှောက်ပြုနိုင်ကြပါတော့သည်။

# အရိယာဖြစ်ရန်လိုအပ်ပုံ

(လူသတ္တဝါ) အားလုံးတို့သည် မုချသေရပါလိမ့်မည်၊ ဘယ်နေ့ဘယ်အချိန်သေရမည်ကို မသိကြပါသော်လည်း၊ သေကြရမည်မှာအမှန်ပင်ဖြစ်ပေသည်၊ သေပြီးနောက် အပါယ်လေးပါး မရောက်အောင်၊ အပါယ်တံခါးပိတ်အောင်၊ မသေမီ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ စသည့် (အရိယာ) တစ်ပါးပါးဖြစ်အောင် မသေမီအားထုတ်ရပါမည်။ ပထမ (မဂ်ဉာဏ်) အဆင့်ရသော (သောတာပန်) ဖြစ်လျှင် ဤဘဝ၌ပင် ကျွတ်တန်းဝင်ဖို့ပါရမီရှိခဲ့သော် (ဧကဗီဇီသောတာပန်) ဟုခေါ်သော ဤဘဝ၌ပင်သောတာပန်မှ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာအထိအဆင့်ဆင့်တက်ခါ (ရဟန္တာ အရိယာ) အဖြစ်မှဘဝတစ်ဖန်ပြန်မဖြစ်ရာ အနုပါဒိသေသ (နိဗ္ဗာန်) ကြီးကိုမျက်မှောက်ပြုနိုင်ကြပါသည်။

အကယ်၍ မသေမီပထမ (မဂ်ဉာဏ်)အဆင့်(သောတာပန်) အရိယာလောက်ပဲဖြစ်ပါလျှင်လည်း ဘဝပေါင်းများစွာကပြုလုပ်ခဲ့သည့် (အကုသိုလ်) များဖြတ်ချကာ နောက်ထပ် (အကုသိုလ်) ကို မလုပ်မိတော့ပဲ သေလွန်သည့်အခါ သုဂတိနတ်ဘုံ၌ နတ်ချမ်းသာဖြစ်ရပြီး အောက်သို့မစုံတော့ပဲ၊ အထက်သို့သာမြင့်တက်ရာ ဘုံစဉ်စံဘဝနှင့်အများဆုံး (၇) ဘဝသာနေရပြီး (ရဟန္တာ) ဖြစ်ခါ (နိဗ္ဗာန်) သို့စံဝင်ရသော (သတ္တကတ္တုသောတာပန်) ဘဝနှင့် ဘုံစဉ်စံနိုင်ပါ

သည်။ (ကောလံကောလသောတာပန်) ဖြစ်ပါလျှင် နတ်ပြည်ခြောက်ထပ်၌ လေးငါးဘဝနှင့် ရဟန္တာဖြစ်ပြီး၊ (နိဗ္ဗာန်) သို့မျက်မှောက်ပြုနိုင်ပါသည်။

အကယ်၍ ဘဝ၌မငေ့ာမှီ (သောတာပန်) အရိယာမဖြစ်နိုင်စေကာမူ (စူဠသောတာပန်) အနေဖြင့် ဤတရားများကိုရထားသည့်သိထားသည့်မိမိတို့၏(အသိဉာဏ်) သည် (ပဋိဘာဝိတ)စိတ်(ဉာဏ်)သိသည့် (သုတ) (ပညာ)ဖြစ်ပြီး၊ သူတော်ကောင်းဥစ္စာ (၇)ပါးနည်းတူနောင်ဘဝ၌ (သောတာပန်)အစရှိသည့် (အရိယာ) အဖြစ်ရရှိအောင် အကျိုးပေးရန်ဖန်တီးပါတော့သည်။ ထို့ကြောင့် (ဓမ္မာနုပဿနာ) ကျင့်စဉ်ရှုပွားနည်းဖြင့် (ကိလေသာ) ဖြစ်စေသည့် (ပညတ်) ကိုပယ်ခွါပြီး (ကိလေသာ) ချုပ်ငြိမ်းအောင် အားထုတ်နည်းကိုပြုဆိုပါအံ့။

## ကိလေသာနှင့် ကိလေသာချုပ် (နိဗ္ဗာန်)

(ကိလေသာ) ဆိုသည်မှာ စိတ်ညစ်ညမ်းမှုဖြစ်ပါသည်။ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်လျှင် စိတ်ညစ်ငြမ်းသည့် (ကိလေသာ) ဖြစ်ရပါသည်။ (ကိလေသာ) သည်ဖြူစင်သည့်စိတ်ကို ညစ်ညမ်းစေသည့်အတွက် (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်) ို့မရနိုင်ပါ။ ကိလေသာဖြစ်ရခြင်းသည် (ပညတ်) ကြောင့်ဖြစ်ရပါသည်။ (ပညတ်)

အာရုံကြောင့် စိတ်ထဲမှာသာယာခြင်း၊ ခံစားလို့ကောင်းခြင်းဖြစ်လျှင် နှစ်သက်သည့်တပ်မက်သည့် (ရာဂစိတ်) ဖြစ်လာပါသည်။ (ရာဂစိတ်) သည် (အာရုံငါးပါး) ကိုတပ်မက်စွဲလမ်းသည့် ကာမဂုဏ်စိတ်ဖက် ရောက်သွား၍ ဖြစ်ရသည့်အတွက် 'ကာမသုခါလိကနုရောဂ' ဖြစ်၍ စိတ်ညစ်ညမ်းစေမှု (ကိလေသာ) ဖြစ်ရသည့် အယုတ်အစွန်းတစ်ပါး ကိုဖြစ်စေပါသည်။

(ဒေါသ) ဆိုသည်မှာ ဖြူစင်သောစိတ်ကိုတွန့်သွားစေမည့်၊ ညစ်သွားစေမည်၊ ကျေနပ်မှုမရဘူးဆိုလျှင် "အတ္တကိလမထာနုရောဂ" ကိုယ်ရောစိတ်ပါ ထိခိုက်အောင်ဖြစ်စေသည့် ဒေါမနသ (ဒေါသ) ဖြစ်ရပါသည်။ ကိုယ်၊ စိတ်နှစ်ပါးလုံး ထိခိုက်မှုကြောင့် စိတ်ညမ်းငြမ်းမှု ဖြစ်စေသည့် (ကိလေသာ) အစွန်းတစ်ပါးကိုရစေပါသည်။ (ပညတ်) အာရုံမကင်းစင်လျှင် မလွတ်လျှင်ထိုအစွန်းနှစ်ပါးရောက်၍ စိတ်ကို ညစ်ငြမ်းစေသော (ကိလေသာ)ဖြစ်ရပါသည်။ ထို (ကိလေသာ)အစွန်း နှစ်ပါးစိတ်မျိုးနှင့်ဆိုလျှင် (မဂ်ညာဏ်၊ ဖိုလ်ညာဏ်၊ နိဗ္ဗာန်) ကို မရနိုင် တော့ပါ။

(ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်သော (ကိလေသာ) သည် (ပညတ်အာရုံ) ကြောင့်ဖြစ်ရပါသည်။ (ရာဂ၊ ဒေါသ၊ မောဟ) ကိလေသာမဖြစ်အောင် (ပညတ်) အာရုံကိုရှောင်ရပါမည်။ (ပညတ်) ကိုဖယ်ခွါ၍ (ဝိပဿနာ) ရှုရပါမည်၊ (ပညတ်အာရုံ) ဆိုသည်မှာ

မိမိခေါင်းထဲနှလုံးထဲသို့ ဝင်လာသည့် လောကီအာရုံများဖြစ်ပါသည်။ (လောကုတ္တရာအာရုံ) ဖြစ်သည့် (ပရမတ္တ) အာရုံအနိစ္စအာရုံ၊ ဒုက္ခအာရုံ၊ အနတ္တအာရုံ၊ နိဗ္ဗာန်အာရုံတို့မှလွဲ၍ (လောကီ) ဟုခေါ်ဆိုသော (လောကအာရုံ) တို့သည် (ပညတ်) အာရုံများသာဖြစ်ကြပါသည်။ (ပညတ်အာရုံ) များသည် (ကိလေသာ) များသာဖြစ်ကြသဖြင့် (ဝိပဿနာ) အားထုတ်လျှင် (ပညတ္တိံထပေတွာ) (ပညတ္တိံသမကိမိတွာ) ဆိုသည့်အတိုင်း (ပညတ်အာရုံ) ကိုမရှုပဲ (ပညတ်)ကိုဖယ်၍ (ပညတ်)ကိုချန်လှပ်၍(ပရမတ်)အာရုံဖြစ်သည့် (ရုပ်)ရုပ်သဘော(ဓမ္မ) နာမ်သဘော (ဓမ္မ)များကိုသာရှုရပါသည်။ (ပညတ်)ကိုနှလုံးမသွင်းပဲ (ပရမတ်) ကို (ဉာဏ်) ဖြင့်သိပြီး နှလုံးသွင်းတတ်အောင် ကြိုးစားပါလျှင် (ကိလေသာ)ချုပ်ငြိမ်းသော(နိဗ္ဗာန်)ကို မျက်မှောက်ပြုကြရမည်မှာလိုရင်းဖြစ်ပါသည်။ (ဝိပဿနာ) သည် (ပညတ်) ကို ပယ်ခွါရှုရခြင်းဖြစ်ပါသည်။ ရှင်းဦးအံ့ -

**"အာရုံ (ပညတ်) စိတ်က (ဝိညာဏ်)**
**ဆုံလျှင် (ဖဿ) ဖြစ်သတည်း**
**မဆုံလျှင်(နိဗ္ဗာန်)ရောက်သတည်း"**ဟု ရှေးကဆရာတော်ကြီးများဟောကြားခဲ့ရာ၊ အာရုံ(ပညတ်)နှင့် စိတ်(ဝိညာဏ်)တို့ ဆုံလျှင် (စိတ်ခန္ဓာ)ဖြစ်စဉ်အရ၊ (စေတသိက်)ပါလာသည့်အတွက် (ဖဿ ဝေဒနာ၊ သညာ၊ စေတနာ၊ မနသိကာရ) အစရှိသည့် စေတသိက်များဝင်လာရာ (အာရုံ) နှင့် ဝိညာဏ် (စိတ်) ဆုံလျှင် (ဖဿ) ဖြစ်သည့်

အတွက် ဖဿပစ္စယာဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ၊ တဏှာပစ္စယာ၊ ဥပါဒါန်၊ ဥပါဒါနပစ္စယာကမ္မဘဝ၊ ကမ္မဘဝပစ္စယာဇာတိ၊ ဇရာ၊ မရဏ၊ သောပရိဒေဝအစရှိသည့် ကိလေသာအမျိုးမျိုးစုံသော အမျိုးမျိုးသော ဒုက္ခ (ဒုက္ခအစု) များပင်ရရှိရပါသည်။

အာရုံက (ပညတ်) နှင့်ဝိညာဏ် (စိတ်) တို့မဆုံလျှင်မြင်ကာမတ္တ၊ ကြားကာမတ္တ၊ နံကာမတ္တ အစရှိသည့်သိသာ (သိ) သည့် (ဝိညာဏ်) ပရမတ်သဘောသာ ရောက်သွားသည့်အတွက် (သင်္ခတပရမတ်) ဖြစ်သည် (ဝိညာဏ်) စိတ် (ပရမတ်) ကို (ဉာဏ်ပညာ)ဖြင့် ရှုရာရောက်ပြီး သင်္ခတ (ပရမတ်)သည် (ဖြစ်ပျက်) ရှိသောကြောင့် (သင်္ခတပရမတ်) ကိုရှုမြင်သိမြင်လျှင် သင်္ခတ (ပရမတ်) ဖြစ်ပျက်မှ (မဖြစ်ရာ၊ မပျက်ရာ) (အသင်္ခတပရမတ်) နိဗ္ဗာန်သို့ကူးဝင်သည့်အတွက် ဝိညာဏ်ပရမတ် (စိတ်) နှင့် (ပညတ်အာရုံ) ကိုမဆုံအောင် (ပညတ်)အာရုံကို ခွါရှုနိုင်ပါလျှင် (နိဗ္ဗာန်) ကိုမျက်မှောက်ပြုနိုင်သည့် ခန္ဓာသဘော၊ (ဓမ္မသဘာဝ)သဘောပင်ဖြစ်ပါသည်။

(ပညတ်) အာရုံသိခိုက်ကြုံဖြစ်တတ် (ကိလေသာ)

(အာရုံ) ပညတ်စွဲယူမှတ်ဖြစ်တတ်(ကိလေသာ) ဟူ၍လည်း ရှေးပညာရှိသူတော်ကောင်းစကားကိုလည်း သိထားရပါမည်။

(ပရမတ်) အာရုံသိခိုက်ကြုံပြတ်ကုန် (ကိလေသာ) ဟူ၍

**(ဓမ္မာနုပဿနာ) ကိုသိနားလည်ကြသော ရှေးပညာရှိများစပ်ဆို ထားသည်ကိုလည်း သိထားရပါမည်။**

(ကိလေသာ) ဖြစ်ခြင်းသည် (ပညတ်) ကြောင့်ဖြစ်ရကြောင်း ကိုသိထားရပါမည်။ (ဝိပဿနာ) ရှုရာတွင်လည်း (ပညတ်) ကိုခွါပြီး (ပရမတ်) ကိုရှုပါမှ (ဝိပဿနာ)ဖြစ်ရပါသည်။ (ကိလေသာ)မဖြစ် ခြင်းသည် (ပရမတ်) ကိုသိမြင်ခိုက်၌ (ကိလေသာ) ဖြစ်ခွင့်မရပဲ (ကိလေသာ)များပြတ်ကုန်သော (ရာဂ၊ ဒေါသ၊ မောဟ)များ ပြတ်ကုန် ပြီးနောက်၊ ကိလေသာချုပ်ငြိမ်းရာ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုရပါ တော့သည်။

(ကိလေသာ) ဆိုသည်မှာ မိမိဦးခေါင်းထဲနှလုံး (မနော)ထဲ သို့ (ပညတ်)အာရုံများဝင်နေသည့်အတွက် (ကိလေသာ) ဖြစ်လာရ ကြောင်းနားလည်ထားရပါမည်။ (ပရမတ်) အာရုံတစ်ခုခုကို ကြာကြာ သိနေနိုင်လျှင် (ကိလေသာ) ချုပ်ငြိမ်းနေသည်ကို သဘောပေါက် နားလည်ထားရပါမည်။ (မြတ်စွာဘုရား) က (မဂ္ဂင်ရှစ်ပါး)တွင် (ပညာ မဂ္ဂင်)နှစ်ပါးဖြစ်သည့်အမှန်မြင် (သမ္မာဒိဋ္ဌိ) ဖြစ်ဖို့ဟောရခြင်းမှာ (ပညတ်) အမှားကိုမြင်ရန်မဟုတ်ပါ။ အမှန်ရှိ (ပရမတ်) ကို မြင်တတ် ဖို့ (သမ္မာဒိဋ္ဌိ) ကောင်းစွာမှန်ကန်စွာ အမှန်တရားသစ္စာ (ပရမတ်) ကိုအရှုမှန်အမြင်မှန် အမှန်မြင်အောင်ဟောကြားခြင်းဖြစ်ပါသည်။ ထိုသို့အမှန်မြင်အောင် (သမ္မာသင်္ကပ္ပ) မဂ္ဂင်အနေဖြင့် အမှန်မြင်

ရအောင် အမှန်ကိုကြံတတ်ပါဟု ဟောပြရခြင်းဖြစ်ပါသည်။ ဘာကို အမှန်ကြံရမလဲဆိုသော် (ပညတ်) ကိုမကြံပဲ (ပရမတ်) အမှန်တရား (သစ္စာ) သိဖို့အတွက် (ပညတ်) ကို ဖယ်ခွါတတ်အောင် (ပရမတ်) အမှန်ကိုသိအောင်ကြံပေးရမည့် (သမ္မသင်္ကပ္ပ) သဘောကိုနားလည်းထားရပါမည်။

(သမ္မဒိဋ္ဌိ) နှင့် (သမ္မသင်္ကပ္ပ) ပညာမဂ္ဂင် ၂ပါး၏ဆိုလိုရင်း အဓိပ္ပါယ်မှာ အမှန်မြင်မှုရအောင် အမှန်ကြံရခြင်းသာဖြစ်ပါသည်။ သခ်ဲတ (ပရမတ်) အမှန်ကိုမြင်တတ်အောင် ကြံကြံပေးပါ။ ထိုသို့ အမှန်မြင်ရေး (ပရမတ်) ကိုကြံစီရာ၌ (ပစ္စုပ္ပန်) တည့်တည့်ကိုသာ ရှုပေးပါ။ (ပညတ်) များအဝင်မခံပါနှင့် (ပရမတ်) ကိုသိမြင်အောင် ရှုရာတွင် သမ္မာဓိမဂ္ဂင် (၃)ပါးဖြစ်သည့် သမ္မာဝါယမ = ဝီရိယစိုက်ပါ။ သမ္မာသတိ = သတိထားပါ။ ဂရုစိုက်ပါ။ သမ္မာသမာဓိ = သတိဝီရိယ နှင့် (ပညတ်) ကိုအဝင်မခံပဲ (ရုပ်၊ စိတ်၊ ဝေဒနာ၊ ဓမ္မာ) တို့ရှုရာတွင် (ပစ္စုပ္ပန်တည့်တည့်) ကိုရှုပေးသည့် အားထုတ်မှုမှရရှိသော (သမာဓိ) ဟုခေါ်သော (စိတ်ငြိမ်သက်မှု) တို့ကိုအရင်းခံ၍ (ပရမတ်) အမှန် တရားကိုမြင်နိုင်ရေးအတွက် ပညာမဂ္ဂင် ၂ပါးတည်းဟူသော (သမ္မာဒိဋ္ဌိ) နှင့် (သမ္မာသင်္ကပ္ပ) ပညာဉာဏ်ဖြင့် ရှုခိုင်းခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဝိပဿနာရှုညာဏ် (၅)ပါးဖြင့်ရှုရာ၌ (သမ္မာ

ဒိဋ္ဌိ) အမှန်မြင်ခေါ်သည့် (ပရမတ်) အမှန်မြင်ရအောင် (ပညတ်) အာရုံဖြစ်သည့် (ကိလေသာ)များမဝင်နိုင်အောင် (သမာသက်ပ္ပ) မဂ္ဂင်ကြီးဖြင့် (ပရမတ်)ကိုအမှန်ကြံစည်ရာ၌ (ပညတ်) ကိုဖယ်ခွါပြီး (ပစ္စုပ္ပန်) တည့်တည့်ရှိ (ပရမတ်) အမှန်ကို အချိန်ကြာကြာသိပြီး (ပရမတ်) နှင့်နေနိုင်အောင်ကြံနိုင်ပါလျှင် နဂိုလ်က (ပညတ်) တွေနှင့် နေခဲ့သည့်(ပုထုဇဉ်)တို့၏လောကမှလွန်မြောက်၊ လွတ်မြောက်လာသော(အရိယာ)အဖြစ်သို့ ရောက်နိုင်ပါတော့သည်။

ဤကဲ့သို့ (ဓမ္မသဘာဝ) ကို စုံလင်စွာ ရှင်းပြနိုင်ခြင်းမှာ စာရေးသူ၏ ကိုယ်တွေ့ခန္ဓာညာဏ်ရောက် (အသိညာဏ်)မပါပဲ၊ ခန္ဓာ၌သဘာဝအတိုင်း ဖြစ်ပေါ်နေသော (သဘာဝညာဏ်) ခေါ် (ဘာဝနာအသိ) မပါပဲ (ညာဏ်)မပေါက်ပဲ ရှင်းပြဖို့မလွယ်ကူလှပါ။ ဘုရားဟောစာကပြ၍ သိရသော ပါဠိတော်ပါ (စာသိ) ဘတ်သိ၊ မှတ်သိ၊ ကြံသိနှင့် စာရေးသူ၏ ကိုယ်တွေ့အသိ (ညာဏ်) ကပြ၍သိရသော(ညာဏ်)သိတို့ဖြင့် ပေါင်းစပ်၍ ရှင်းပြနိုင်ခြင်းဖြစ်ပါသည်။

ထို့ကြောင့် (နိဗ္ဗာန်)ရောက်ကြောင်းကို အရင်းစစ်သော် (ပညတ်)နှင့် (ပရမတ်) တရားသည်သာ (အဓိက)ကျသည်ကို (ဓမ္မာနုပဿာ) တရားဖြင့်တွေ့မြင်လာရပါသည်၊ (ဓမ္မာနုပဿာ) သည် (ပရမတ်)ကို တိုက်ရိုက်ဟောသောတရားဖြစ်သောကြောင့် (ပညတ်) တို့နှင့် နေထိုင်လာကြသော (ပုထုဇဉ်) တို့သည် (ပရမတ်) တရားကို

ညာဏ်ဖြင့် သိသွားကြပါလျှင် လောကမှလွတ်မြောက်သည့် (အရိယာ) နယ်သို့ကူးပြောင်းသွားကြမည်သာဖြစ်ပါသည်။

လောကက လွတ်မြောက်သည်ဆိုသည်မှာ ရှေ့ပိုင်း၌ ရှင်းပြခဲ့သည့် သမနကေ = စိတ်ရှိသော၊ သသညိမ္ပိ၊ သညာရှိသော၊ ဣမသ္မိံ ယေဝကဠေဝရေ = ဤခန္ဓာကိုယ်ကြီး၌သာလျှင် လောကဥ္စ = လောကကိုလည်းကောင်း၊ဤလောက၊ဟို လောကဟုဖြစ်နေကြသည့် (ပညတ်စိတ်) ဖြင့်ဖန်ဆင်းကြသည့် 'စိတ္တေနနီယတေလောကော' ဘုရားဟောသည့်အတိုင်း လောကကြီးကို (ပညတ်) စိတ်ဖြင့် ဖန်ဆင်းနေကြ၍ လောကမှမလွတ်မြောက်နိုင်ကြပါ၊ "စိတ်ဆိုး စိတ်ညစ် ကိုယ်ကြောင့်" ဖြစ်ဆိုသလို သာယာသောလောက၊ မသာယာသော လောကကိုဖန်တည်းနေကြခြင်းမှာ ကိုယ့်မနော(စိတ်)ကသာ(ပညတ်)တွေနှင့် ဖန်တီးနေကြခြင်းဖြစ်ပါသည်။

(ပညတ်) အာရုံတွေ ဆိတ်သုန်းကုန်သည့်အခါ **"(စိတ်) ရှိသောလူ"** ဟုဆိုရသည့် စိတ်ယုတ်မာလေးဖြစ်သည့် (ပညတ်) နှင့် ပေါင်းစပ်ဖြစ်ပေါ်သည့်(ပညတ်)ပါသော (စိတ်)နှင့်နေသော (လူ)ဖြစ်ရာမှ(ပညတ်)ပါသော(စိတ်)လည်းမရှိတော့သည့်အခါ ဘာလောကမှမဖန်ဆင်းတော့ပဲ **"စိတ်မရှိသောလူ"** ဟု ဂဟေဋ္ဌိသဘောပါသည် (လောကကို မဖန်ဆင်းတော့သောလူ) ဟူ၍ (စိတ်) ကို (ဉာဏ်) ကနိုင်ပြီး၊ (ဉာဏ်)ဦးစီးပြီး ပညတ်(စိတ်)မရှိသော(ဉာဏ်) ကြီးဖြင့်နေ

သော (ဝိညာဏ်) ခေါ်သည့် (ပရမတ်) သိစိတ်ကို (ဉာဏ်) ဦးစီးပြီး ကိလေသာ မဝင်အောင်နေနိုင်သည့်အတွက် လောကကနေ လွတ်မြောက်နေခြင်းဖြစ်နေပါသည်။

ဤသို့ (ဓမ္မသဘာဝ) တရားသဘောကို ရှင်းပြထားသည့်အတွက် (ပညတ်) နှင့် (ပရမတ်)ကိုသဘောပေါက်လာပါလျှင် တရားကိုသိမြင်လာပါမည်။ **ဤစာအုပ်၏ (နိဒါန်း) တွင်လည်း (ပညတ်) နှင့် (ပရမတ်)ကိုကွဲအောင် ရှင်းပြပြီးဖြစ်ပါသည်။**

(ပညတ်) ကိုဖယ်ပြီးရှုမှ (ဝိပဿနာ)ရှုရာရောက်သည်ကို တရားအားထုတ်သူတိုင်းသိကြပါသည်။ ပညတ္တိံထပေတွာ၊ ပညတ္တိံသမကိက္ကမိတွာဟူ၍လည်း (ဝိပဿနာ) ကျမ်းများ၌လည်းပါရှိပါသောကြောင့် အခေါ်သဘောသာရှိပြီး အမှန်တကယ်မရှိသည့် (ပညတ်) ကိုဖယ်ပြီး (ပရမတ်)ကိုရှာဖွေရှုရခြင်းအတွက် ရှေးကဆရာတော်ကြီးများစပ်ဆိုခဲ့ကြသည်မှာ -

**"မရှိတာအသာနေ၊ ရှိတာရှာဖွေ၊ နာမ်အိန္ဒြေငြိမ်ငြိမ်နေ၊ အဲဒါမှဒုက္ခအရှိန်သေ"** ဟူ၍ ပြောစကားတို့မှာ အမှန်မရှိသည့် (ပညတ်) ကိုဖယ်ထားနိုင်ပြီး အမှန်တကယ်ရှိသော (ပရမတ်) ကို ရှာဖွေနိုင်ပါလျှင် (ကိလေသာ) များချုပ်ငြိမ်းရာ (မဂ်ဉာဏ်) ရောက်နိုင်ပါသောကြောင့် ဒုက္ခအရှိန်သေပြီး ဒုက္ခမဖြစ်ရာမပျက်ရာ (နိဗ္ဗာန်)

သို့လှမ်းတက်နိုင်ကြောင်း သိထားရပါမည်။

(ပရမတ်)ကိုသိရန်(ပညတ်)ကိုဖယ်ခွါရာ၌ဉာဏ် (ပညာ) မပါပဲ (သမာဓိ)၏သဘောဖြစ်သော (စိတ်ငြိမ်) တိုင်း (ရုပ်၊ နာမ်) (ပရမတ်)ကိုမသိနိုင်ပါ။ (သမာဓိ) ဖြစ်တိုင်းလည်း (ဉာဏ်၊ ပညာ) မပါပါ။ (ပညာဉာဏ်) ဖြစ်တိုင်းမှာတော့ (သမာဓိ) ပါပါသည်။ သို့ပါ၍ (ပရမတ်) ကိုသိရန်ကြံပေးရသည့် (သမ္မာသက်ပွ)ခေါ် သည့် မှန်သောအကြံဖြစ်သည့် (ပညာမဂ္ဂင်) ကြီးသည် (ပညာဉာဏ်) ဖြစ်ရန် အရေးပါလှပါသည်။

ပညာ (ဉာဏ်) ဆိုသည်မှာ သမုတိသစ္စာ (ပညတ်) သဘော နှင့် ပရမတ္ထသစ္စာ (ပရမတ်) ကိုခွဲခြားသိခြင်းသာဖြစ်ပါသည်။ (ဓမ္မာနုပဿနာ) သည် ပညာဉာဏ်ဖြင့် (ပညာမဂ္ဂင်) ဖြင့်ရှုရခြင်းသာဖြစ်ပါသည်။ (ဓမ္မာနုပဿနာ) သည် (ခန္ဓာ ပရမတ်) ကိုတိုက်ရိုက် ရှုရသည့်နည်းဖြစ်ပြီး၊ ခန္ဓာ၏ (ပရမတ်) အရှိကို (ဉာဏ်အသိ) ဖြင့် ရှုကြည့်ရသည် (ဧကာယနမဂ်) ဖြစ်သည့် တစ်ကြောင်းတည်းသော (နိဗ္ဗာန်) သွားရာလမ်းသာဖြစ်ပါသည်။

(သတိပဋ္ဌာန်) ၄ပါးလုံးကို အကျဉ်းချုပ်အနှစ်ထုတ်သော် (ပရမတ်) အာရုံကိုပဲရပါသည်။ (ပရမတ်) ကိုသိသိလာပါလျှင်

(ကိလေသာ) အားနည်းသွားသည့်အလျောက် သောကပရိဒေဝ ဖြစ်သော စိုးရိမ်၊ ပူဆွေး၊ ငိုကြွေးမှုများသည် အလိုလိုအားနည်းလာပါသည် (သောက၊ ပရိဒေဝ) ဖြစ်ရခြင်းမှာ (ပညတ်)အာရုံကို တကယ်အရှိထင်မှု၊ "ရူပံအတ္တတောသမနုပဿတိ" ရုပ်နာမ် (ပရမတ်) ကို မမြင်ပဲ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ ထင်မှုကြောင့် ဖြစ်ရခြင်းဖြစ်ပါသဖြင့် ငါသူမဟုတ် နာမ်နှင့်ရုပ် (ဓမ္မသဘာဝ) သာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြရခြင်းဖြစ်ပါသည်။

ဓမ္မသဘော၊ သဘာဝကိုရှင်းလင်းစွာ နားလည်ကြပြီးသည့်နောက် (ဓမ္မသဘာဝ) ပရမတ်ကိုရှုကြည့်ရသည့် (ဝိပဿနာ) ဖြစ်သည့် "ဓမ္မနုပဿနာ"- ရှုနည်းကို 'မိုးကုတ်ဆရာတော်ဘုရားကြီး" ကလည်း ဟောကြားတော်မူခဲ့ပါသည်။ "ပခုက္ကူဆရာတော်ဘုရားကြီး" ကလည်း ဟောကြားထားပါသည်။ လူပုဂ္ဂိုလ်ဖြစ်သောသစ္စာ ဒီပက အဖွဲ့ကို တည်ထောင်သူ မူလဓမ္မာစရိယဆရာကြီး ဦးကြည်ကလည်း ဟောကြားခဲ့သည်ဖြစ်ပါသောကြောင့် (ဓမ္မာနုပဿနာ)ကို နားမလည်မရှိကြရအောင် (ဓမ္မရဿ)များစုံလင်အောင် စာရေးသူမှ စုဆောင်းတင်ပြထားပါသည်။ တန်ဘိုးရှိသော ရဟန်းပညာရှိ၊ လူ ပညာရှိများ၏ (ပရမတ်) ရှာပုံ ဖြစ်သည့် ပညာရှိကြီးများ၏ တရားတော်များကို ဆက်လက်ဘတ်ရှုပြီး ကြိုက်နှစ်သက်သောနည်းတို့ဖြင့် (ကိလေသာ) ကုန်မြောက်၊ ဒုက္ခကုန်မြောက် (နိဗ္ဗာန်)ရောက်အောင် (ဓမ္မာ

နုပဿနာ) တရားတော်ဖြင့်အားထုတ်နိုင်ကြပါစေသော် . . . .

အရိယာဖြစ်စေသည့် (ဓမ္မာနုပဿနာ) တရားတော်၏ကျင့်စဉ်အလုပ်ပေးတရား ကိုမတက်မှီ (ဓမ္မာနုပဿနာ) တရားတော်ကို ဉာဏ်မှီကြပါစေရန် စာရေးသူက ဤကဲ့သို့ "ဓမ္မသဘာဝရှင်းလင်းချက်"ဖြင့် (ဉာဏ်)လှေကားထိုးပေးခြင်းဖြစ်ပါသည်။

ဦးကံညွှန့်

# မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော 'ဓမ္မာနုပဿနာတရားတော်'

## ဓမ္မာနုပဿနာတရားတော်

ဒကာ၊ ဒကာမတို့ ရှင်းပေးပါတော့မယ်ဆိုတဲ့အတိုင်း နှလုံးသွင်းမှန်မှုတရားကို ရှင်းပေးမယ်နော် (မှန်ပါ)

ဒကာ၊ ဒကာမတို့ဟာ သားရေး၊ သမီးရေး၊ စီးပွားရေးနယ်ထဲကလူတွေအဖို့ နှလုံးသွင်းမှန်မှုကမလာဘူး၊ တရားအားထုတ်တတ်မှ (နှလုံးသွင်းမှန်မှု) ကလာတာ (မှန်ပါ)

ကဲ ဒကာ၊ ဒကာမတို့နှလုံးသွင်းမှန်မှုရအောင် ဒကာ၊ ဒကာမတို့က ရှေးဦးစွာအိမ်မှာပဲလုပ်လုပ်၊ ကျောင်းမှာပဲလုပ်ကြလုပ်ကြပေါ့ဗျာ၊ ရှေးဦးစွာထိုင်ပြီးသကာလ လေကလေးထွက်တာသိဝင်တာသိပြီး သမာဓိတည်အောင်လေးလောက်ကို ၁၅မိနစ်လုပ်ကြည့်လိုက်နော် (မှန်ပါ)

ဝင်တာကိုဝင်မှန်းသိ၊ ထွက်တာကိုထွက်မှန်းသိ၊ ဒီလိုနဲ့ထွက်တိုင်းသိ၊ ဝင်တိုင်းသိ၊ ထွက်တိုင်းသိ၊ ဝင်တိုင်းသိနေပြီဆိုတော့စိတ်ဟာဘယ်မှမပြေးတော့ပဲ တစ်သိထဲသိနေတော့တာပဲ (မှန်ပါ) ဒီလိုစိတ်ကိုကိုယ်ကနိုင်ပြီလို့ဆိုလို့ရှိရင် (စိတ်) ဟာ တောင်ပြေး

မြှောက်ပြေး မပြေးတော့ဘူး၊ ခဏိကသမာဓိလေးရလာပြီပေါ့ (မှန်ပါ့)

ဒီတော့ စိတ်ကိုထွက်သက်ဝင်သက်ချည်ကိုင်မှာ သတိကြိုးလေးနဲ့ချည်ထားပြီး ဖြစ်ဟော့တယ်၊ ဝမ်းထဲကစိတ်ကိုချည်ထားပြီးပြီ (မှန်ပါ့) အဲဒီလိုစိတ်က ထွက်သက်ဝင်သက်မှာတည်နေပြီဆိုရင် သူ့ကိုအသာလေးထားပြီး ခန္ဓာကိုယ်ထဲမှာ ပူလာသလား၊ အေးလာသလား၊ လှုပ်လာသလား၊ ရွလာသလား၊ တောင့်လာသလား၊ တင်းလာသလားစသည်ဖြင့် ထူးထူးခြားခြားဘာပေါ်လာသလဲဆိုတာ ကိုယ်စိတ်ကလေးငြိမ်နေတဲ့ (သမာဓိ) တည်လာတော့ ခန္ဓာကိုယ်က ပြောလိမ့်မယ် (မှန်ပါ့)

ဘယ်လိုပြောမလဲဆိုတော့ ယားတယ်၊ နာတယ်၊ ကိုက်တယ်၊ ကျင်တယ်၊ ညောင်းတယ်လည်း ပြောလိမ့်မယ်၊ ပူတယ်၊ အေးတယ်၊ လှုပ်တယ်လည်း ပြောလာတာတွေကို စိတ်ကငြိမ်နေတော့ ခန္ဓာပြောသမျှသိသိနေလိမ့်မယ် (မှန်ပါ့)

စိတ်ငြိမ်တဲ့အလျောက် ခန္ဓာကပြောလာသမျှ တသိထဲသိလာလိမ့်မယ် (မှန်ပါ့) အဲဒီလိုပြောလာတာသည် (သမာဓိ) ကောင်းလာလို့သိလာတာလား၊ ခန္ဓာ၏ပင်ကိုယ်သဘောမို့သိလာတာလား ဆိုရင် ဘယ်နဲ့ဖြေကြမလဲ၊ ဘယ်လိုပြောမလဲ (မှန်ပါ့) (ခန္ဓာ၏ ပင်ကိုယ်သဘောပါဘုရား၊) အေးခန္ဓာကြီးက သသဘောကဒီလိုပါပဲလို့ ဘယ်သူ

ကပြောမလဲ (ခန္ဓာကပြောနေတာပါဘုရား) အေး - ခန္ဓာကြီးက ပြောတာကတော့ ဟိုနေရာတစ်မျိုး၊ ဒီနေရာတစ်ဖုံပါလားဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါတယ်ဘုရား)

ခန္ဓာသည်ဖောက်ပြန်တဲ့လက္ခဏာဖြစ်နေတယ်၊ ခန္ဓာမှာဖြစ် ပေါ်နေတာ (သတိ)ကလေးနဲ့ (စိတ်) ကိုငြိမ်အောင်လုပ်ပြီး ဉာဏ်နဲ့ မကြည့်မိစဉ်က ဖောက်ပြန်မနေတာကိုဘယ်လိုမှမသိနိုင်ဘူး (မှန်ပါ့) စိတ်ကလေးငြိမ်တဲ့ (သမာဓိ) လေးရလာလို့ခန္ဓာရဲ့သဘောကို (ဉာဏ်) ကသိလာတာသိတဲ့နေရာမှာလည်း ဟုတ်တိုင်းမှန်စွာသိလာတာပဲ၊ ဘယ်လိုလုပ်ပြီး ဘယ်လိုမှန်စွာသိပါလိမ့်မတုန်းဆိုတော့ -

ခန္ဓာကယားတယ်ဆိုရင် (ဝေဒနက္ခန္ဓာ) ပဲလို့ပြောလာတယ်၊ နာတယ်လို့ပြောရင်လည်း (ဝေဒနက္ခန္ဓာ) လို့ပြောလာတယ်၊ (မှန်ပါ့)၊ ကောင်းတယ်ဆိုရင်လည်း (ဝေဒနက္ခန္ဓာ) ပဲပေါ့၊ ဘယ်သူကပြောတာ လည်း (ခန္ဓာ) ကပြောတာပါဘုရား၊ ဒီတော့ခန္ဓာထဲမှာ ဝေဒနာ အမျိုးမျိုးပေါ်နေတာပဲဆိုတာမသိဘူးပေါ့ (သိပါတယ်ဘုရား)

သိသဘော (စိတ်) တွေအမျိုးမျိုးပေါ်နေတာပါလားဆိုတော့ မသိဘူးလား (သိပါတယ်ဘုရား) ပူတာ၊ အေးတာ၊ နွေးတာ၊ တိုးတာ၊ လှုပ်တာဆိုတဲ့ဖောက်ပြန်တဲ့ (ရုပ်)သဘောတွေကော မသိဘူးလား (သိပါတယ်ဘုရား) အဲဒီလိုအမျိုးမျိုးအဖုံဖုံခန္ဓာကပြောနေတယ်

မပြောပေဘူးလား (မှန်ပါ့ပြောနေကြောင်းပါဘုရား) ဘယ်သူကပြော နေတာလဲ ဒကာ၊ ဒကာမတို့ (မှန်ပါ့ခန္ဓာကပြောနေကြောင်းပါ ဘုရား) ခန္ဓာက ပြောတယ်ဆိုတာ သေချာပလား (သေချာပါပြီဘုရား)

ဒကာ၊ ဒကာမတို့ရဲ့ (ခန္ဓာ) ကိုဘုရားကဟောထားတာက တော့ ဖောက်ပြန်ပျက်စီးတာပဲ (မှန်ပါ့) ခန္ဓာဆိုတာ (ဖောက်ပြန် ပျက်စီးတာပါဘုရား) အေး-အခုအသစ်ပေါ်လာတာလေးဟာ နဂိုလ် ပင်ကိုယ်သဘောစွန့်ပြီး ပေါ်လာတာပဲ၊ သူ့ကိုဖောက်ပြန်တယ်လို့မဆို အပ်ပေဘူးလား (မှန်ပါ့ဆိုအပ်ကြောင်းပါဘုရား) အဲဒီဖောက်ပြန်တာ လေးကို (သတိ၊ သမာဓိ) ရှိတဲ့ပုဂ္ဂိုလ်ကကြည့်လိုက်တော့ ဖောက်ပြန် တာလေးပျောက်မသွားပေဘူးလား (မှန်ပါ့) ပျောက်သွားပါတယ် ဘုရား)

ဖောက်ပြန်တာက = ပေါ်လာတာ၊ ဖြစ်တာ (သစ္စာ)၊ ပျက်စီးတာက = ပျောက်တာ၊ အနိစ္စ (ဝိပရိဏာမ) ဒီသဘောက (ဖြစ်လိုက်ပျက်လိုက်) ပဲပြန်ရောက်တယ်ဆိုတော့ ခန္ဓာကိုယ်ထဲမှာ အဖြစ်နဲ့အပျက်ရှိသာပါလား (ဝေဒနာ) လေးဖြစ်ပေါ်လာတာလည်း ဖောက်ပြန်တာပဲ၊ နဂိုလ်ကမရှိပဲကိုး (ရုပ်) သဘောဖြစ်တာကိုသိတဲ့ ပူတာ၊ အေးတာလေးကလည်း (ရုပ်) ဖောက်ပြန်တာပဲ၊ ဖောက်ပြန် တာလေးကိုဉာဏ်ဖြင့် စိုက်ကြည့်လိုက်တော့ ပျက်စီးတာမြင်ရတာပဲ (မှန်ပါ့)

ဒါကြောင့် ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်ပျက်စီးတာရှိပါလား၊ အသစ်ပေါ်လာတာလေးက (ဖောက်ပြန်တာ) ပေါ်လာတာလေး ပျောက်သွားတာက (ပျက်စီးတာ) ဒီလို (ဖောက်ပြန်ပျက်စီး) နေတာတွေချည်းပဲတွေ့နေတော့ ခန္ဓာကိုယ်ကြီးက (ငါ) လည်းမဟုတ် (သူ) သည်းမဟုတ် (ယောကျ်ားမိန်းမ) လည်းမဟုတ်၊ မှားစွာသိနေတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအမြင် (ဒိဋ္ဌိ) လည်းမဖြစ်တော့ ဖောက်ပြန်ပျက်စီးတာချည်းတွေ့နေတော့ ယောကျ်ား၊ မိန်းမမျက်နှာတို့ ခေါင်း၊ ကိုယ်၊ ခြေကစပြီး ငါ၊ သူ၊ သား၊ သမီးအမြင်တွေ ပျောက်ပြီးနေတော့ တာပေါ့ (မှန်ပါ့)

ခန္ဓာထဲမှာဒီလို ဖောက်ပြန်တဲ့ (ဓမ္မသဘောသင်္ခါရ) တွေသာ ပေါ်လိုက်ပျောက်လိုက် (သင်္ခါရအနိစ္စ) တွေဖြစ် (ဖောက်ပြန်တဲ့ဓမ္မသဘော) တွေဟာ ပေါ်လိုက်ပျောက်လိုက် ဖြစ်နေတာပါလားလို့ ဒီ (ဉာဏ်) မျက်လုံးဖွင့်ကြည့်လိုက်တဲ့အခါကျတော့ ဒီ (ဓမ္မသင်္ခါရအနိစ္စ) ဆိုတဲ့ခန္ဓာကိုယ်ကြီးထဲမှာ (သင်္ခါရ) တရားဖြစ်တဲ့ ဖောက်ပြန်တဲ့ သဘောဓမ္မတွေသာ ဖောက်ပြန်ပြီးအနိစ္စပျက်စီးနေပါလား ဆိုတဲ့ ဖြစ်လိုက်ပျက်လိုက်နဲ့နေတာကိုသွားတွေ့တော့တယ် (မှန်ပါ့)

ဒီလို (ဉာဏ်) နဲ့မြင်လာတော့ ဒကာ၊ ဒကာမတွေ ၁၅မိနစ်ပဲ ကြည့်ကြည့်၊ နာရီဝက်ပဲကြည့်ကြည့်ခန္ဓာထဲမှာ ဖောက်ပြန်ပျက်စီးတာ ကလွဲလို့ဘာမှမရှိပါလား၊ ဒီဖောက်ပြန်ပျက်စီးမှုမှတပါး ယောကျ်ား

လည်းမရှိ၊ မိန်းမလည်းမရှိပါလားဆိုတာမပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား) အော်ဒီခန္ဓာကြီးထဲမှာ ဖောက်ပြန်ပျက်စီးနေတာက ပါဠိလို (ဝိပရိဏာမ) လက္ခဏာ (ဒုက္ခသစ္စာ) ပါလား၊ ဖောက်ပြန်တာဟာ ပင်ကိုယ်သဘောကိုစွန့်တာ၊ ပျက်စီးတာကလည်း ပင်ကိုယ်သဘောကို စွန့်တာပဲ (မှန်ပါ့)

သရက်သီးဟာ ပုတ်လာတာဟာ ဖောက်ပြန်လာတာ၊ အမှည့် သဘောကိုစွန့်တာပဲ၊ သင်္ခါလောကကြီးတစ်ခုလုံးမှာရှိတဲ့ ရုပ်ဝတ္ထု နာမ်တရားစုတဲ့ (ရုပ်နာမ်) တရားတွေဟာဖောက်ပြန်ပျက်စီးနေကြ တာပဲ (မှန်ပါ့)၊ ခန္ဓာကိုယ်ထဲမှာ ဖောက်ပြန်ပျက်စီးတာပဲရှိနေတော့ ဒီဖောက်ပြန်ပျက်စီးနေတာဟာ (ဒုက္ခသစ္စာ) ပဲလို့မှတ်လိုက်ကြ ဒကာ၊ ဒကာမတို့ (မှန်ပါ့)

အဲဒီလိုခန္ဓာကပြတဲ့ (ဖောက်ပြန်ပျက်စီး)တာ တွေတွေ့ နေရပြီဆိုရင် (ရုပ်) တွေ (နာမ်) တွေရှေးမနေပါနဲ့တော့တဲ့ (ဖောက်ပြန်ပျက်စီး)တဲ့အမှန်သဘော (ဓမ္မ) သဘော(သစ္စာ) ကို ရှုနေတော့ (ဖောက်ပြန်ပျက်စီး) တာကိုပဲတွေ့နေတော့တာပေါ့ (မှန်ပါ့) ရှင်းပြီလား (ရှင်းပါပြီဘုရား)၊ ခန္ဓာရဲ့အမှန်သဘောသိ နေတော့ ခန္ဓာငါးပါး သက္ကာယကို ငါထင်၊ သူထင်၊ ယောကျာ်း အထင်၊ မိန်းမအထင်တွေက လိုသေးသလား (မလိုပါဘုရား)မလို တော့ အလိုလိုပြုတ်သွားတော့တာပေါ့ (မှန်ပါ့)

ခန္ဓာထဲမှာပေါ်လာတဲ့ (ဓမ္မ)တွေပဲ၊ ပေါ်လာတဲ့ အကြောင်းရှိရင် ပျက်စီးတဲ့အကျိုးဆိုတဲ့ (အကြောင်းအကျိုး) ဖြစ်နေတဲ့ (ဓမ္မ)တွေပေါ့၊ (ဓမ္မသဘာဝ) တရားပေါ့ (မှန်ပါ့)၊ ပေါ်လာတာ (ဖောက်ပြန် လာတာ) ဟာပျက်စီးမလို့ ဒုက္ခရောက်ဖို့ဖြစ်လာတယ်ဆိုတော့ အကြောင်းမဖြစ်ရင် အကျိုးမဖြစ်ဘူး ဆိုတာသိလာတာပေါ့ (မှန်ပါ့)

ဒီတော့ ဒကာ၊ ဒကာမတွေက မိမိခန္ဓာကိုယ်မှာဖောက်ပြန် ပျက်စီးတာလေးတွေကို စောင့်ကြည့်စေချင်တယ်၊ စောင့်ကြည့်ရင်၊ ခြေထောက်တွေ့မလား၊ ခြေထောက်ပေါ်မှာ ဖောက်ပြန်ပျက်စီးဘာတွေ့မလားဆိုရင် (ဖောက်ပြန်ပျက်စီးတာတွေ့မှာပါဘုရား) ကိုယ်အပေါ်၊ ခေါင်းအပေါ်၊ လက်အပေါ်မှာရော၊ ကိုယ်တို့၊ လက်တို့၊ ခေါင်းတို့ (ပညတ်) တွေတွေ့မလားဘယ်လိုတွေ့မလဲ (ဖောက်ပြန် ပျက်စီးတာပဲတွေ့မှာပါဘုရား) ခေါင်းတွေ၊ ကိုယ်တွေ၊ ခြေတွေ၊ လက်တွတွေ့နိုင်အုံးမှာလား (မတွေ့တော့ပါဘုရား) မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေမှာရော ဒီ (အာယတန) တွေတွေ့မှာလား (ဖောက်ပြန်ပျက်စီး) တဲ့ (ပရမတ်) ပဲတွေ့ရမှာပါဘုရား)

အဲဒီဖောက်ပြန်ပျက်စီးတဲ့သဘော (ဓမ္မ) ကိုတွေ့တော့ (သစ္စာ) မြင်တဲ့ 'ဓမ္မာနုပဿနာ'သတိပဋ္ဌာန်ဖြစ်တာပေါ့ (မှန်ပါ့) ခန္ဓာကိုယ်ကြီးမှာ (ဓမ္မာနုပဿနာ) သတိပဋ္ဌာန်နဲ့စောင့်ကြည့်

**နေတော့ -**

**ဖောက်ပြန်ပျက်စီးတာက - ဒုက္ခသစ္စာ**

**ညာဏ်နဲ့မြင်တာက - မဂ္ဂသစ္စာ**

**ဒီတော့ ဒကာ - ဒကာမတို့သန္တာန်မှာ (မဂ်) မျက်လုံးနဲ့ ကြည့်လိုက်တော့ မိမိတို့ခန္ဓာကိုယ်ကြီးဟာ (ဝိပရိဏာမဒုက္ခ သစ္စာ)ပဲ ဖောက်ပြန်တာနဲ့ ပျက်စီးတာပဲရှိတယ်၊ ဖောက်ပြန် ပျက်စီးတာတွေ့ရင် ဒီမျက်လုံးဟာနှလုံးသွင်းမှန်ပြီလား၊ မှား သေးလားမေးကြည့် (မှန်ပါပြီဘုရား)**

(နှလုံးသွင်းမှန်ပြီး) တည့်သွားတော့ ယောနိသောမနသိ ကာယမှာနှလုံးသွင်းတည့်သွားတော့ ဖောက်ပြန်ပျက်စီးတာ (ဒုက္ခ သစ္စာ) ညာဏ်အမြင်က (မဂ္ဂသစ္စာ) ဖြစ်ပြီ။ (မှန်ပါ့) နှလုံးသွင်းမှန် သွားတော့ (ဒုက္ခသစ္စာ) သွားတွေ့တာပေါ့ (မှန်ပါ့) မြင်တာက (မဂ်) ကလေး (မဂ်) မျက်လုံးလေးဖြစ်နေတာပေါ့ (သမ္မာဒိဋ္ဌိ) အမှန်မြင် မျက်လုံးကော (ဖြစ်နေပါတယ်ဘုရား) ညာဏ်မျက်လုံးကော (ဖြစ်နေ ပါတယ်ဘုရား) စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒီကော (ဖြစ်နေပါတယ် ဘုရား)

ဒီလိုမြင်နေတာဟာ ဆုတောင်းလို့ရတာလား၊ နှလုံးသွင်းမှန် လို့ရတာလားဆိုရင် (နှလုံးသွင်းမှန်လို့ရတာပါဘုရား) အဲဒီလို

(ဒုက္ခမြင်) တဲ့မျက်လုံးလေးရမှနောက်ပြီးတော့ (နိဗ္ဗာန်) မြင်တဲ့ မျက်လုံးလေးရတော့မယ်၊ အရင်တုံးက ယောက်ျား၊ မိန်းမလို့ထင် နေခဲ့တာ (ဒုက္ခသစ္စာ) လို့ဘယ်လိုမှ မအောင်းမေ့ခဲ့ဘူး (မှန်ပါ့) အခုတော့ဖြင့် ဒုက္ခပျက် ဒုက္ခဖြစ်နေတဲ့အတွက် ဒုက္ခဖြစ်၍ ဒုက္ခပျက် တာတွေဖြစ်တော့ (ဒုက္ခသစ္စာ) တွေပေါ်မလာဘူးလား (ပေါ်လာပါ တယ်ဘုရား)

ဒီတော့ မိမိလား၊ ဒုက္ခသစ္စာလားဆိုရင်း (ဒုက္ခသစ္စာပါဘုရား) မိမိကိုယ်လို့ထင်နေတာကြီးဟာ ဘယ်ဟုတ်လိမ့်မတုန်း၊ မိမိကိုယ်ဟာ အမှန်စင်စစ် (ဒုက္ခသစ္စာ)ကြီးပါလားရယ်လို့ မိမိ (ကိုယ်)ဆိုတာ မဟုတ်တော့ဘူး (ဒုက္ခသစ္စာ) ကြီးပဲမြင်လာတဲ့အခါကျတော့ (ဒုက္ခ သစ္စာ) ဒုက္ခအမှန်ကိုမြင်တော့တာပေါ့၊ (မှန်ပါ့)အနိစ္စလည်း (ဒုက္ခ သစ္စာ) ဒုက္ခလည်း (အနတ္တ)ပဲဆိုတာ ဒီလိုသွားတယ်မဟုတ်လား (မှန်ပါ့ဘုရား)

ဒီတော့အမှန်မြင် (သစ္စာ) မြင်မှ (နိဗ္ဗာန်)မြင်တာ၊ ဖောက်ပြန်ပျက်စီးနေတဲ့ (ဓမ္မ) သဘော၊ အမှန်သဘော (သစ္စာ) ကိုမြင်ရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တထဲဝင်သွားပြီပေါ့ (မှန်ပါ့)ဒီတော့ ဖောက်ပြန်ပျက်စီးတဲ့ (ဖြစ်ပျက်ဒုက္ခသစ္စာ) ရှု၊ ရှုတဲ့ ဉာဏ်က (သစ္စာ) ကိုရှုနေတယ်လို့မှတ်လိုက်၊ အရှုခံက ရုပ်နာမ် (ဒုက္ခ သစ္စာ)၊ ရှုဉာဏ်က (မဂ္ဂသစ္စာ) လို့မှတ်ပါ (မှန်ပါ့)

ဒီလိုဖောက်ပြန်ပျက်စီးနေတာကို ရှုကြည့်နေတော့ ကာမ အာရုံတွေမှာ (တဏှာဥပါဒါန်) တွေဖြစ်နေတဲ့ "ကာမသုခါလ္လိက"ဆိုတဲ့ (တဏှာ) အစွန်းကောလာသေးရဲ့လား (မလာပါဘုရား) စိတ်ထဲမှာ ဆင်းရဲခြင်းဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတဲ့ (ဒေါသ)လမ်းဖြစ်တဲ့ အတ္တကိလာမထာနုယောဂေါကော လာသေးရဲ့ (မလာပါဘုရား) ဒီတော့ အစွန်းနှစ်ပါးလွတ်တဲ့ (မဇ္ဈိမပဋိပဒါ) အလယ်လမ်းလို့မှတ် လိုက်။ (မှန်ပါ့) တဏှာလမ်း၊ ဒေါသလမ်းအစွန်းနှစ်ပါးက လွတ်နေပြီး (အလယ်လမ်း)ဖြစ်နေပြီပေါ့ (မှန်ပါ့)ဘုရားက (အလယ်လမ်း) က ဘုရားဖြစ်တာကိုး၊ (အလယ်လမ်း)ကမှ (နိဗ္ဗာန်) သွားလို့ရတာကို (မှန်ပါ့)

ဒကာ၊ ဒကာမတို့ခန္ဓာကို ဉာဏ်နဲ့ကြည့်တော့ (ဖောက်ပြန် ပျက်စီး) တယ်ဆိုတာမြင်လိုက်တဲ့ အသိတချက်ဟာ အလွန်အရေး ကြီးတယ်၊ အလွန်လည်းမွန်မြတ်တယ်၊ ဒီလိုခန္ဓာက ဖောက်ပြန်ပျက်စီး နေတာဟာ (ဒုက္ခသစ္စာ) ပဲလို့ဆုံးဖြတ်ချက်ချကြတော့ (မှန်ပါ့)

| | | |
|---|---|---|
| ဖောက်ပြန်ပျက်စီးတာက | = | ဒုက္ခသစ္စာ |
| မြင်တာက | = | မဂ္ဂသစ္စာ (မှန်ပါ့) |

ဒီလိုနဲ့ ဖောက်ပြန်ပျက်စီးတာတွေမြင်ရဖန်များတော့ ငြီးငွေ့လာတယ်၊ မုန်းလာတယ်၊ ဘာဖြစ်လို့မုန်းတာတုန်းလို့မေးရင် ဖောက်ပြန်ပျက်စီး တဲ့ (ဒုက္ခသစ္စာ) အမှန်မြင်နေလို့မုန်းတာပဲ (မှန်ပါ့)

နဂိုလ်ကတော့ ကိုယ်ခန္ဓာကြီးကို အရတော်လေခြင်းလို့ ထင်နေတာအခုတော့ အရမတော်ဘူး၊ ဖောက်ပြန်ပျက်စီးတဲ့ (ဒုက္ခသစ္စာ) အမြင်များတော့ ဉာဏ်ကတက်လာပြီး ဖောက်ပြန်ပျက်စီးတာ လည်းပျောက်၊ (ခန္ဓာ) ပါပျောက်တော့ ဩော် - ဟိုတုန်းက ဖောက်ပြန် ပျက်စီးနေတုန်းက မြင်ရတဲ့အမှန်မြင်က (ဒုက္ခသစ္စာ)၊ အခုမဖောက် မပြန်မပျက်စီးတာမြင်ရတဲ့အမြင်က (နိရောဓသစ္စာ) အနေနဲ့ (နိဗ္ဗာန်) ဘက်ကူးသွားပြီး (နိဗ္ဗာန်) ပေါ်လာတယ် (မှန်ပါ့ဘုရား)

(နိဗ္ဗာန်) လာပေါ်တာဘယ်လိုပေါ်သလဲဆိုတော့ (ရုပ်ရှင်) ပြသလိုပဲမှတ်လိုက်ကြပါ၊ ပြနေတုန်းကတော့ အရုပ်တွေနဲ့ရုပ်ယှက် ခက်နေတဲ့ အဖြစ်အပျက်တွေမြင်နေရသလိုပဲပေါ့၊ (ရုပ်ရှင်)လည်း ပြီးသွားရော ဘာမှမမြင်ရတဲ့ပိတ်ကားဖြူကြီးကို မြင်ရသလိုပဲ ရှင်းသွားပြီးလို့မှတ်လိုက်ကြပါ (မှန်ပါ့ဘုရား)

# ဆရာကြီး ဦးကြည်ဟောကြားသော

## ဓမ္မာနုပဿနာ တရားတော်

### ဓမ္မာနုပဿနာဟရားတော်

မြတ်စွာဘုရား၏သာသနာတော်မှာ ထွက်ရပ်လမ်းအနေနဲ့ အမြင့်ဆုံးလုပ်ငန်း (အလုပ်ပေးတရား) အနေနဲ့ဟောကြားခဲ့တာက တော့ (သတိပဋ္ဌာန်) တရား (၄)ပါးရယ်လို့ မြတ်စွာဘုရားဟောကြား တော်မူခဲ့ပါတယ်၊ (သတိပဋ္ဌာန်) တရား (၄)ပါးက ခန္ဓာကိုယ်မှာ ရှုကြည့်ရတဲ့ရှုမြင်ရတဲ့နည်း (၄) နည်းဖြစ်တာပေါ့။ ရှုကြည့်ရမှာက ခန္ဓာသည် (ရုပ်နာမ်) ပရမတ်တရား ၂ပါး (ဓမ္မ) သဘာဝတရားရယ် လို့ပေါ်ပေါ်လွင်လွင်သိအောင် ရှုရမှာဖြစ်ပါတယ်။

(ကာယနုပဿနာ)သတိပဋ္ဌာန်ပဲရှုရှု၊ (ဝေဒနာနုပဿနာ) သတိပဋ္ဌာန်ပဲရှုရှု၊ (စိတ္တာနုပဿနာ)သတိပဋ္ဌာန်ပဲရှုရှု၊ (ဓမ္မာ သဘာဝ) ဓမ္မသဘောပဲရယ်လို့ (ပရမတ်) သဘောကိုရှုရတဲ့ (ဓမ္မာ နုပဿနာ)ကိုအခြေခံပြီး မရှုရင် (ပညတ်)နဲ့မလွတ်ပဲဖြစ်တတ်တယ်။

(ဓမ္မာနုပဿနာ) ကို အခြေခံပြီး (ပရမတ္ထဓမ္မ) ကိုပဲရှုရင် ဒီခန္ဓာကိုယ်ဟာ (ဓမ္မ) သဘောတွေပါလားလို့ သဘောပေါက်ရင် ကာယပဲရှုရှု၊ ဝေဒနာပဲရှုရှု၊ စိတ္တပဲရှုရှု လွယ်သွားပါတယ်၊ သတိပဋ္ဌာန်တရား (၄) ပါးဖြစ်တဲ့ (ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ) စတဲ့

ဘယ်ဒေါင့်ကပဲရှုကြည့်ရှုကြည့် ဒီခန္ဓာကိုယ်ဟာ (ရုပ်၊ နာမ်) ပဲဆိုတာ မြတ်စွာဘုရားက သိစေချင်တာပါပဲ၊ ငါသူမဟုတ် ပရမတ္ထဓမ္မ (နာမ်နဲ့ရုပ်)ကလွဲလို့ ဘာမှမရှိတော့ဘူးဆိုတာ (ဉာဏ်) မှာရှင်းရှင်း လင်းလင်းတွေ့အောင်ရှုရပါတယ်။

**(သတိပဋ္ဌာန်) ရဲ့အဓိကလိုအပ်ချက်က (သစ္စာ) ပါပဲ (ပရမတ္ထသစ္စာ) ကနေ (ဒုက္ခသစ္စာ) အစရှိတဲ့သစ္စာ (၄)ပါးသိဖို့ ပါပဲ။**

ကာယာနုပဿနာဟာလည်း (ပရမတ်) ကိုသိဖို့ (ဧကာယနမဂ်)ရဖို့ပါပဲ၊ ဝေဒနာနုပဿနာဟာလည်း (ပရမတ်) ကိုသိဖို့ (ဧကာယနမဂ်)ပါပဲ၊ စိတ္တာနုပဿနာဟာလည်း (ပရမတ်) ကိုသိဖို့ (ဧကာယနမဂ်)ပါပဲ၊ (ဓမ္မာနုပဿနာ) ဟာလည်း (ပရမတ်) ကိုသိဖို့ (ဧကာယနမဂ်) အတွက်ပါပဲ၊

**(ပရမတ်) သိမှ (ဧကာယနမဂ်) ခေါ်တဲ့ (နိဗ္ဗာန်)သွားရာ တစ်ကြောင်းတည်းသော လမ်းပေါ်ရောက်ပါတယ်။**

(ဓမ္မာနုပဿနာ) ဟာအလွန်ကျယ်ပါတယ်၊ ဉာဏ်ထက်မျက် ရင်ရပါတယ်၊ ကာယ၊ ဝေဒနာ၊ စိတ္တတွေလည်း (ဓမ္မ) ထဲဝင်ပါတယ်၊ (ဓမ္မာနုပဿနာ) ဟာ (ဓမ္မ)ဆိုတဲ့သဘော (ပရမတ်) ကိုတိုက်ရိုက် ရှုတဲ့ (အနုပဿနာ) = အဖန်ဖန်ရှုကြည့်ရတဲ့နည်းပါပဲ၊ မိမိတို့သည်

လောကထဲက သမုတ်ထားတဲ့လောကအခေါ်တွေနဲ့နေရင် နဂိုလ်က အရှိတရားဖြစ်တဲ့ ပင်ရင်းဖြစ်တဲ့ (ပရမတ်) ကပျောက်တော့တာပါပဲ၊ ခန္ဓာရဲ့သဘာဝအမှန်က (ပရမတ်) ပါပဲ၊ (ပရမတ်) မပေါ်ရင် တရားအားထုတ်လို့မရပါဘူး။

**(ဓမ္မာနုပဿနာ) ရှုပုံက (ပရမတ်)လို့ခေါ်တဲ့ (ဓမ္မ) သဘောသဘာဝတရားကို ရှုတာပါပဲ၊ လက္ခဏာကို ရှုရတာပဲ (သတိပဋ္ဌာန်)ရဲ့အချုပ်ဟာ(ဓမ္မာနုပဿနာ)ပါပဲ၊ (ဓမ္မာနုပဿနာ) က (ပရမတ်) ကိုပဲတိုက်ရိုက်ရှုတဲ့အတွက် (ပညတ်) အခုအခံ ကင်းတယ်၊ တရားအားထုတ်တဲ့ (ပုထုဇဉ်) ပုဂ္ဂိုလ်များဟာ (ပညတ်) တွေနဲ့ချည်းနေခဲ့ ကြတော့ (ပညတ်) နဲ့ရှုတာပဲစွဲမြဲနေ တော့ (ပညတ်) ကို တော်တော်နဲ့ ဖျောက်ဖျက်လို့မရကြဘူး၊ (ဝိပဿနာ) ဆိုတာ (ပညတ်) နိမိတ်ကင်းမှ (ဝိပဿနာဉာဏ်) ရပါတယ်၊ (ပညတ်) နိမိတ်ဆိုတာက (သမထ) မှာပဲထင်ရတဲ့ အမျိုးဖြစ်လို့ပေါ့။**

(ပညတ်) နဲ့ (ပရမတ်) ကို (ဥပမာ) ပေးရရင်ကိုယ်က (လ) သားအရွယ် ငယ်ငယ်ထဲက ကိုယ့်အဖေကသေသွားတယ်၊ အမေက နောက်အိမ်ထောင်ချက်ချင်းပြုလိုက်တော့ ကိုယ်သိတတ်လာတဲ့အရွယ်မှာ အမေ့နောက်အိမ်ထောင်ကို အမေက ဒါ နင့်အဖေ၊ နင့်အဖေလို့ ပြောထားတော့ ကိုယ်ကလည်း လူမှန်းသိတတ် စကထဲက ကိုယ့်အဖေ ပဲလို့ကြာကြာမှတ်လာတော့ တကယ်ပဲကိုယ့် အဖေပဲလို့မှတ်ထင်ခဲ့တာ

ပေါ့၊ နောက်ကိုယ်ကကြီးလာတော့ သေသွား တဲ့ကိုယ့်အဖေအရင်း ဘက်က ဆွေမျိုးတွေကပြောကြတော့မှ ဒါနင့် (ပထွေး)ဟဲ့လို့ ပြောကြ ပေမဲ့လည်း ကိုယ့်အဖေပဲအောင်းမေ့နေတယ် မယုံဘူးပေါ့။

(ပညတ်) ကလည်း ဒီအတိုင်းပဲ၊ ငယ်ငယ်ထဲကလူမှန်းသိ စထဲက ဒီ (ပညတ်) နဲ့ပဲရင်းနှီးလာကြတာကိုး၊ တရားအားထုတ်လို့ (ပညတ်) သဘောဖြစ်တဲ့ ပူတယ်၊ အေးတယ်သိရင် ပထွေးကိုအဖေ ခေါ်တာနဲ့အတူတူပါပဲ၊ တရားအားထုတ်လို့ (ပညတ်)အာရုံတွေအသိ နည်းပြီး (ပရမတ်) အာရုံနဲ့အတွေ့များလာရင် ဒါ (ပထမတန်း) ဖြစ်ပြီပေါ့။

ပထမဦးဆုံး (ရုပ်၊ နာမ်) ဖြစ်တဲ့ရုပ်၊ ဝေဒနာ၊ စိတ္တာတို့ရဲ့ (ဓမ္မ)သဘော (ပရမတ်) ကိုရယူတဲ့ (သတိပဋ္ဌာန်) အလေ့အကျင့်ကို ရယူရတယ်၊ ရုပ်တို့၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ရဲ့ (ပရမတ်) ကို တွေ့မြင် ပြီးရင် ဒီ (ပရမတ်) ရဲ့ (အနိစ္စ) အပျက်သဘောကိုတွေ့မြင်တဲ့ (ဝိပဿနာဉာဏ်) ကိုယူရမယ်၊ ဒါမှမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုကူးမှာ ဖြစ်တယ်။

သတိပဋ္ဌာန်နဲ့ (ပရမတ်) ကိုသိဖို့မြင်ဖို့အားထုတ်တော့ (သတိပဋ္ဌာန်)မှာက သမုဒယဓမ္မာနုပဿိဝါ ဓမ္မေသုဝိဟာရတိ၊ ဝယဓမ္မာနုပဿိဝါဓမ္မေသုဝိဟာရတိ၊ သမုဒယ၊ ဝယဓမ္မာ၊ နုပဿိဝါ၊

ဓမ္မေသုဝိတရဟိလို့ မြတ်စွာဘုရားဟောထားတော့။

သမုဒယဓမ္မာနုပဿီဆိုကာ (အဖြစ်) ကိုသိတာ၊ ဝယဓမ္မာနုပဿီဆိုတာ (အဖြစ်) ကိုသိလိုက်တာနဲ့ ချုပ်ပျောက်သွားတဲ့ (အပျက်) ကိုသိတာ၊ သမုဒယဓမ္မာနုပဿိဝါ၊ ဝယဓမ္မာနုပဿီဆိုတာ (ဖြစ်) တာရော (ပျက်) တာရောသိတာ၊ ဘာဖြစ်တာနဲ့ဘာပျက်တာကိုသိရမလဲဆိုတော့ (ပညတ်) နည်းနည်းမှမရောတဲ့ ပရမတ္ထသစ္စာ (ပရမတ်) အမှန်ရဲ့ (အဖြစ်) ကိုရော (အပျက်) ကိုရောသိပါလို့ ဟောတာပါ။

(ပရမတ်) အဖြစ်ကိုသိမြင်ရင် (ပရမတ်) ကို သိမြင်ရင် (သတိပဋ္ဌာန်) ပေါ့ ဒီ (ပရမတ်) လေးချုပ်ပျောက်သွားတဲ့ (အနိစ္စ) လေးမြင်ရင် (ဝိပဿနာ) ပေါ့၊ (အဖြစ်) ရော (အပျက်) တွေပါ ဖြစ်လိုက်ပျက်လိုက်နေတဲ့ (ဓမ္မသဘော)တွေ(ဉာဏ်)နဲ့တွေ့မြင်နေရင် (ဝိပဿနာဉာဏ်)ဖြစ်တာပေါ့။

လောကကြီးမှာ သက်ရှိရော၊ သက်မဲ့ရောဖြစ်ရင် ပျက် တာပဲ၊ ဒါ (သင်္ခါရ)လောကကိုး၊ ဖြစ်တဲ့ (သတ္တဝါ) တွေသေကြ တယ်၊ ပျက်ကြတယ်၊ မဖြစ်တဲ့ (သတ္တဝါ) တွေမသေကြဘူးပေါ့၊ (အဖြစ်)ရှိရင် (အပျက်)ရှိတာပေါ့၊ အဖြစ်မရှိရင် အပျက်မရှိဘူး ပေါ့၊ ဖြစ်တဲ့အကြောင်းရှိရင် အပျက်ဆီကိုဦးတည်ပြီး ပျက်တာ ပေါ့၊ ဒါ

(ဇာတိ) အဖြစ် (ဇရာ) ရင့်ရော်ပြီး (မရဏ) အပျက်ပေါ့၊ ဖြစ်တည်ပျက် (ဥပါဒ်၊ ဋ္ဌီ၊ ဘင်) ပေါ့ (အဖြစ်) အကြောင်းရှိလို့ အကျိုး (အပျက်) ရှိတာပေါ့၊ (အကြောင်း) မရှိရင် (အကျိုး) မရဘူးပေါ့။ (မဖြစ်)ရင် (မပျက်)ဘူး၊ (အဖြစ်)မရှိရင် (အပျက်) မရှိဘူးပေါ့၊ ဒါ (ဓမ္မသဘော) တရားပဲပေါ့။

(ဓမ္မသဘော) ကို ဥပမာပြရရင် အသံဖြစ်လို့အသံပျောက်တာ၊ အသံမဖြစ်ရင် အသံပျောက်စရာပျက်စရာမရှိဘူး၊ ဒါကြောင့် ဖြစ်တာမှန်သမျှ ပျက်တာကြီးပဲပေါ့။ ဒါ့ကြောင့် မြတ်စွာဘုရားက

ယံ ကိဉ္စိသမုဒယဓမ္မံ

သဗ္ဗတံနိရောဓဓမ္မံလို့ ဟောတာပေါ့

ဖြစ်ရင် ပျက်မှာချုပ်မှာပဲ၊ (သတ္တလောက) မှာလည်း (သတ္တဝါ)တွေ ဖြစ်လာရင် ပျက်ဖို့သေဖို့ချည်းပေါ့။ ဩကာသလောကမှာရှိတဲ့ ရေ၊ မြေ၊ တော၊ တောင်၊ သက်မဲ့တွေလည်း ဖြစ်ပြီးပျက်တာပေါ့၊ ဒီ သက်ရှိသက်မဲ့တွေ ဖြစ်ပျက်ပြုပြင်နေတာ (အကြောင်းအကျိုး)ဖြစ်နေတဲ့ (သင်္ခါရလောက) ရှိလို့ (ဖြစ်ပျက်) နေတာပေါ့ (သောတာပန်) ဖြစ်တာက (ဖြစ်မှုပျက်မှု)ကို ယုံကြည်စိတ်ချစွာသိမြင်လို့ (အရိယာ သောတာပန်) ဖြစ်တာပဲပေါ့။

လောကမှာဖြစ်နေတာ ပျက်နေတာတွေကို ပုထုဇဉ်က

မြင်သားပဲ၊ မြင်ပေမဲ့ ဝီစိကိစ္စနဲ့မယုံသေးဘူး၊ (အရိယာသောတာပန်) ကြတော့တကယ်ယုံကြည်တယ်၊ ဒီ (ခန္ဓာ) တွင်မကဘူး၊ နောက်ကို သံသရာလယ်ရအုံးမဲ့ လူခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာတွေလည်း ပျက်မှာပဲ၊ (၃၁) ဘုံမှာဘာမှမကျန်ပဲအကုန်ပျက်နေတာပါပဲ။

ဒီခန္ဓာကိုယ်ဟာဖြစ်တတ်၊ ပျက်တတ်တဲ့သဘောရှိလို့ ဒီဖြစ်ခြင်း (ပရမတ်) ပျက်ခြင်း (ပရမတ်) ရဲ့ဖြစ်ခြင်း ပျက်ခြင်းသဘောကို မြင်အောင်ကြည့်၊ ကြည့်လို့ (ဖြစ်ပျက်) မြင်ရင် (ဒုက္ခသစ္စာ) မြင်တာပေါ့၊ ဖြစ်ပျက်၊ ဒုက္ခကြီးအမြင်များလာတဲ့အခါ (ဉာဏ်) က မဖြစ်ချင်တော့ (ဖြစ်ခြင်း ပျက်ခြင်း) ဒုက္ခကင်းတဲ့ (နိဗ္ဗာန်)ကို(ဉာဏ်) နဲ့ တွေ့တော့တာပေါ့။

သံသရာခန္ဓာအပြစ်မြင်မှ ခန္ဓာဒုက္ခဖြစ်နေတာကိုမြင်မှ (နိဗ္ဗာန်)ကိုလိုချင်တတ်ကြတယ်၊ သံသရာခန္ဓာအပြစ်မမြင်ပဲ လူ့ဘဝကောင်းတယ်၊ နတ်ဘဝကောင်းတယ် ထင်နေသမျှ အဲဒီပုဂ္ဂိုလ်ဘယ်တော့မှ (နိဗ္ဗာန်) မရနိုင်ပါဘူး၊ (ကိလေသာ)နဲ့လိုချင်လို့ ဖြစ်ရာဖြစ်ကြောင်းတွေ (သမုဒယ) တွေလုပ်နေရင်ရလာတာက (ဒုက္ခ) သံသရာပဲဖြစ်တာပေါ့။

(နိဗ္ဗာန်)သည်(ရုပ်နာမ်ခန္ဓာ)သံသရာ(ဖြစ်မှု) ငြိမ်းတဲ့နေရာပဲ၊ (ကိလေသာသတ္တိ) နဲ့ (ဒုက္ခ) ဖြစ်တဲ့ (ခန္ဓာ)ငြိမ်းတာ (ကိလေသာ

ခန္ဓာငြိမ်းနိဗ္ဗာန်) ပေါ့၊ နိဗ္ဗာန်က (၂)မျိုးမှတ်ရမယ်။

(၁) နိဗ္ဗာန်သည် (ကိလေသာ) သတ္တိနဲ့ဖြစ်တဲ့အပူငြိမ်းတဲ့ အတွက် ကိလေသာငြိမ်းသွားတဲ့ နိဗ္ဗာန်က (ကိလေသာ နိဗ္ဗာန်)က တစ်မျိုးပေါ့။

(၂) ဒုက္ခဖြစ်စေတဲ့ (ခန္ဓာ) ငြိမ်းသွားတာက (ခန္ဓာနိဗ္ဗာန်) ပဲပေါ့။

(သောတာပန်) သည် သူနဲ့တော်တဲ့တန်တဲ့ (ဒိဋ္ဌိကိလေသာ) (ဝိစိကိစ္ဆာကိလေသာ)ငြိမ်းတဲ့အတွက် (ကိလေသာနိဗ္ဗာန်) ပဲရသေးတယ် (ခန္ဓာနိဗ္ဗာန်) မရသေးဘူး၊ သကဒါဂါမ်နဲ့ အနာဂါမ်လည်း (ခန္ဓာနိဗ္ဗာန်) မရသေးဘူးပေါ့၊ ရဟန္တာဖြစ်ပြီးမှ (ခန္ဓာနိဗ္ဗာန်)ရောက်ယ်၊ ပရိနိဗ္ဗာန်ပြုမှ ခန္ဓာငြိမ်း (နိဗ္ဗာန်)ရတော့တယ်။

(ခန္ဓာ) တွေဖြစ်တာ (ကိလေသာ) သတ္တိနဲ့ဖြစ်တာ (ခန္ဓာ) ဖြစ်စဉ်တွေဟောတဲ့ (ပဋိစ္စသမုပ္ပါဒ်) ကိုပဲကြည့်ပေါ့၊ ဒါကြောင့် (ပဋိစ္စသမုပ္ပါဒ်) ခန္ဓာဖြစ်စဉ်သိမှ တရားသိတယ် 'ယောပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သောဓမ္မံပဿတိ' လို့ဟောတာပေါ့၊ မြတ်စွာဘုရားက (ခန္ဓာအဖြစ်အပျက်ဒုက္ခသစ္စာ) ကို သေသေချာချာပိုင်းပိုင်းခြားခြား မြင်မှဒုက္ခငြိမ်းရာ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုနိုင်တယ်လို့ ဟောရတာ ပါပဲ။

(နိဗ္ဗာန်) သည်ခန္ဓာဖြစ်ပျက် (ဒုက္ခ) မြင်ရင်မြင်တဲ့ (ဓမ္မသဘော) က ဒုက္ခမဖြစ်ရာ မပျက်ရာဘက်သို့တချီထဲပြေးဝင်တာပဲ၊ (သင်္ခတ) သဘောတွေချုပ်ပျောက်တော့မှ (အသင်္ခတ) သဘောကို ရောက်ပြီး (နိဗ္ဗာန်) ကိုသစ္စကိရိယာစ မျက်မှောက်ပြုတာပေါ့။

ဒါကြောင့် (နိဗ္ဗာန်) ရောက်ကြောင်းကို ပြောရင် (နိဗ္ဗာန်) ဟာ (မဟာသတိပဋ္ဌာနသုတ်) မှာ မြတ်စွာဘုရားဟောထားတဲ့အတိုင်း 'သမုဒယဓမ္မာနုပဿီဝါ၊ ဝယဓမ္မာနုပဿီဝါ' အစရှိသဖြင့် ဟောပြထားသည့်အတွက် (သတိပဋ္ဌာန်) ဟာ ပရမတ် (ဖြစ်ပျက်) ကိုဦးတည်တဲ့ (ဧကာယနမဂ်) ခေါ်တဲ့တစ်ကြောင်းတည်းသော (သတိပဋ္ဌာန်မဂ်) နဲ့သွားရတဲ့လမ်းကြောင်းပါပဲ။

ဒီ (သတိပဋ္ဌာန်) မဂ်လမ်းကြောင်းနဲ့သွားတဲ့ပုဂ္ဂိုလ်သည် **'သတ္တာနံဝိသုဒ္ဓိယာ'** (သတ္တဝါ) တွေရဲ့ စိတ်ကိုစင်ကြယ်တဲ့ (ကိလေသာ) အညစ်အကြေး (လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ)အစရှိတဲ့ကိလေသာ (၁၀)ပါးစင်ကြယ်ပြီး (နိဗ္ဗာန်) ကို မျက်မှောက်ပြုကြတာပဲ၊ (ပုထုဇဉ်) တို့ဟာဒီကိလေသာ (၁၀)ပါးမှာ တစ်နည်းနည်းနဲ့ညစ်နွမ်းနေကြတာပဲ၊ မစင်ကြယ်ကြဘူး၊ (ဒုက္ခ) ဖြစ်တာက (ကိလေသာ) ဖြစ်မှ (ဒုက္ခ) ဖြစ်တာ (ကိလေသာ) က ဘယ်သူကြောင့်ဖြစ်သလဲဆိုရင် (ပညတ်) ကြောင့်ဖြစ်တာ၊ ဒါကြောင့် **"အာရုံပညတ်စွဲယူမှတ်ဖြစ်တတ်ကိလေသာ"** ဆိုသလို (ပညတ်)အာရုံနဲ့နေရင်

စွဲနေရင် (ကိလေသာ) ဖြစ်တာပဲ။

(ကိလေသာ) ဖြစ်တာ (ပညတ်) ကြောင့်ပဲ၊ ကိလေသာ မဖြစ်တာ(ပရမတ်)ပဲ၊ (ကိလေသာ) မဖြစ်ရုံတင်မကဘူး၊ ကိလေသာ ချုပ်စေတာကလည်း(ပရမတ်)ပဲ၊ မြတ်စွာဘုရားက ကိလေသာမဖြစ် အောင် (ကိလေသာ) စင်ကြယ်စေတဲ့ (ပရမတ်) အာရုံဖြစ်တဲ့၊ (ရုပ်၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မ) ဖြစ်တဲ့ (မဟာသတိ ပဋ္ဌာနသုတ္တံ) ကိုဟောကြား ရတာပါပဲ၊ (သတိပဋ္ဌာန်) အလုပ် (ဝိပဿနာ)လုပ်ပြီဆိုရင် (ပရမတ်) အာရုံကို ရအောင်လုပ်ပါ၊ ဒီ (ပရမတ်) အာရုံရတော့မှ (ကိလေသာ) မဖြစ်တဲ့ 'သတ္တာနံ ဝိသုဒ္ဓိယာ' ဖြစ်တော့တာပေါ့။ (ပရမတ်) အာရုံ သိခိုက်ကြဲပြတ် ကုန်ကိလေသာပေါ့။

(ခန္ဓာ) ကဘယ်လိုနေနေ သိဖို့သာပဓါနပဲ၊ (အသိ) ရှိရမယ် ဆိုတာပုံသေမှတ်ကြပါ။ မြတ်စွာဘုရားက သဘာဝ (ဓမ္မ) ကိုလွန်ဆန် ပြီးဘယ်တော့မှ မဟောပါဘူး၊ သဘာဝ (ဓမ္မ) တရားတွေသာ ဟောပါ တယ်၊ ဒီခန္ဓာငါးသည် -

(၁) ရူပက္ခန္ဓာ = ဖောက်ပြန်မှုအပေါင်းဖြစ်တဲ့ (ရုပ်) ကြီးနဲ့ဖွဲ့စည်းထားပါတယ်။

(၂) ဝေဒနက္ခန္ဓာ = ခံစားမှုအပေါင်းနဲ့ဖွဲ့စည်းထားပါ တယ်။

(၃) **သညာနက္ခန္ဓာ** = မှတ်သားမှုအပေါင်းနဲ့ဖွဲ့စည်းထားပါတယ်။

(၄) **သင်္ခါရက္ခန္ဓာ** = ပြုပြင်မှုအပေါင်းနဲ့ဖွဲ့စည်းထားပါတယ်။

(၅) **ဝိညာနက္ခန္ဓာ**= သိမှုအပေါင်းနဲ့ဖွဲ့စည်းထားပါတယ်။

ဒီခန္ဓာငါးပါး (ခန္ဓာ) ဟာသူ့ကိစ္စသူလုပ်နေတဲ့အစိုးမရတဲ့ (အနတ္တခန္ဓာ) ပါ။ ဒီ (ခန္ဓာ) ကိုမိမိသဘောနဲ့ ဖြစ်လိုရာကိုလုပ်ယူလို့မရနိုင်ဘူး၊ တရားအားထုတ်တယ်ဆိုတာ (ခန္ဓာ) ရဲ့သဘော (ဓမ္မ) တွေကိုကြည့်တာပါ။ လေ့လာတဲ့အလုပ်ကိုလုပ်တာပါ။ ကိုယ်သဘောနဲ့ကြည့်တာမဟုတ်ပါဘူး၊ ခန္ဓာမှာအသိဉာဏ်နဲ့ဝင်ပြီး အကဲခတ်တာပါ။ ဘယ်လိုဖြစ်သလဲ၊ ဘယ်လိုပျက်သလဲ၊ ဆိုတာခန္ဓာသဘောဉာဏ်စောကြောဆိုသလို (ခန္ဓာ) သဘော (ဓမ္မ) တွေကို (ဉာဏ်) နဲ့နောက်ကနေလိုက်ကြည့်ရတာပါ။

ခန္ဓာကိစ္စကိုကြည့်တာ၊ ကြည့်တော့ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတဲ့ (ပညတ်) အခေါ်အပြောနဲ့သိရပေမဲ့ "ဖောက်ပြန်တယ်"၊ ပင်ကိုယ်သဘောကိုစွန့်ပြီး (ဖောက်ပြန်တယ်) လို့ ခေါ်ရတဲ့သဘော (ဓမ္မ) ဖြစ်တဲ့ (ပရမတ်) ကိုကြည့်ရပါတယ်၊ ဖောက်ပြန်တာအပြော (ပညတ်) ဖြစ်ပေမဲ့ (ဖောက်ပြန်)တဲ့သူ့သဘော (ပရမတ်) ကိုကြည့်ရပါတယ်။

ကြည့်ရင်သူသဘောက နဂိုလ်မူလအနေအထားကို စွန့်စွန်ပြီး (ဖောက်ပြန်) တဲ့သဘော (ပရမတ်) ကိုကြည့်ရတာပါ။ ကြည့်ရတာက (ခန္ဓာကပြတဲ့သဘော) ဆိုတဲ့ (ပရမတ်) ကိုပါ။

ခန္ဓာဖောက်ပြန်တဲ့သဘောသိရင် အဲဒီဖောက်ပြန်တဲ့သဘော (ပရမတ်) လေးဟာဖြစ်လာပြီး ရှိတော့တဲ့ပျက်ခြင်း (အနိစ္စ) ကို ကြည့်တော့ဖြစ်ခြင်း၊ ပျက်ခြင်း (ဒုက္ခသစ္စာ) ကိုတွေ့လာတာပါပဲ။

(၁) ဖြစ်ခြင်း၊ ပျက်ခြင်း၊ (ဖြစ်ပျက်) ခြင်းမယွင်း (ဒုက္ခ)မှတ်
(၂) ဖြစ်ချင်ပြန်က (သမုဒယ) ဒုက္ခဖြစ်ကြောင်းမှတ်
(၃) ဖြစ်ပျက်ကိုမြင်၊ မဖြစ်ချင် (မဂ္ဂင်) တရားမှတ်
(၄) မဖြစ်တော့တာငြိမ်းအေးရာမှတ်ပါ (နိရောဓ)

| | |
|---|---|
| ဖြစ်ပျက်ကိုမြင်တာ | = ဒုက္ခသစ္စာ |
| ဖြစ်ချင်တာက | = သမုဒယသစ္စာ |
| မဖြစ်ချင်တာက | = မဂ္ဂသစ္စာ |
| ဖြစ်ချင်တာကိုပယ် | = အဖြစ်ကိုအပြီးအပိုင်ပယ်တာ |
| လို့မဖြစ်တာ | = (နိရောဓသစ္စာ)ပါပဲ။ |

'ယောတဿယေဝတဏှာယ အသေသဝိရာဂ
နိရောဓေါ၊ စာဂေါပဋိနိဿဂ္ဂေါ မုတ္တိအနာလယော'

အဲဒါတွေက (နိရောဓသစ္စာ)ဖြစ်တာ၊ (နိရောဓသစ္စာ)ဖြစ်နေတုံးမှာ (ဒုက္ခ၊ သမုဒယ)ဆိုတဲ့သံသရာလည်တာတွေ ချုပ်နေတာပေါ့။

(သတ္တဝါ) တွေသံသရာလည်တာဟာ (ခန္ဓာ) ရဲ့ပင်ကိုယ်သဘောမသိလို့သံသရာလည်တာပေါ့၊ (ခန္ဓာ) ရဲ့ပင်ကိုယ်သဘောက (ပရမတ်) သဘောတွေချည်းပဲ (ခန္ဓာ) ရဲ့ပင်ကိုယ်သဘောဟာ (သံသရာ) လည်တဲ့သဘောမပါဘူး (ကိလေသာ) မဖြစ်တဲ့ (ပရမတ်) ချည်းပဲ၊ (သံသရာ) ဖြစ်စေတဲ့သဘောတွေ၊ ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) မဖြစ်ရင် (သံသရာပြတ်) တာပါပဲ။

(ပရမတ်) ဆိုတာ (ရုပ်) လို့ပြောတဲ့ ဖောက်ပြန်မှုသဘောတရား (နာမ်) လို့ပြောတဲ့ (သိမှု) သဘောတရားတွေပဲပေါ့၊ ဖြစ်တာရော၊ မဖြစ်တာရော (ပရမတ်)ချည်းပဲပေါ့၊ ဖြစ်မဖြစ် (ပရမတ်) အစစ်လို့ပြောရတာပေါ့၊ ဖြစ်တာလည်း(ပရမတ်)၊ မဖြစ်တာ (ပျက်) တာလည်း (ပရမတ်) ပဲပေါ့၊ ခန္ဓာဖွဲ့စည်းထားတာကလည်း (ကိလေသာ)မဖြစ်တဲ့ (ပရမတ်) ချည်းပါပဲ။

(ကိလေသာ)ဆိုတာ (စိတ်) မှာဖြစ်တာ (စိတ်) မှာဖြစ်တဲ့ အသိဟာ ခန္ဓာကိုယ်မှာတလွဲမြင်၊ တလွဲသိ တလွဲမှတ်ထင်သွားရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမမှတ်ထင်မြင်သိရင် (ကိလေသာ) ဖြစ်တော့တာပါပဲ။ (ခန္ဓာ) ကတော့နဂိုလ် (ပရမတ်) အတိုင်းပဲရှိပါတယ်။ ခန္ဓာပေါ်မှာအမြင်မှန်ရင် (ကိလေသာ)မဖြစ်ဘူး။အမှန်အတိုင်းမမြင်ပဲ အမှားမြင်ရင် (ကိလေသာ)ဖြစ်တာပဲ။

အမှန်အတိုင်းမြင်ဘို့ကတော့ (သတိပဋ္ဌာန်) ၄ပါးထဲက ဖြစ်တဲ့ရုပ်သဘော (ဓမ္မ) ဝေဒနာသဘော (ဓမ္မ) စိတ်သဘောသိမှု (ဓမ္မ)နဲ့ ဒီ ၃မျိုးလုံးပါတဲ့ ပရမတ္တသဘော (ဓမ္မ) တွေကို အရှုခံထားပြီး၊ ဒီ (အရှုခံ)ကို (ရှုဉာဏ်) (မဂ္ဂင်)နဲ့ ရှုကြည့်မှ (ခန္ဓာ) ရဲ့သဘော သဘာဝ (ဓမ္မ) ကိုအမှန်အတိုင်းမြင်မယ် (ဓမ္မနုပဿနာ) ကဒီသုံးမျိုး လုံးပါတဲ့ (ခန္ဓာငါးပါး) ရုပ်နာမ် (ဓမ္မ) သဘောသဘာဝ (ပရမတ်) ကို ရှုကြည့်တာပါပဲ။

လူလို့ (ပညတ်) နဲ့ပြောလို့မရဘူး၊ တကယ်ရှိတာ (ခန္ဓာငါးပါး) ပဲရှိတော့ (ခန္ဓာ) လို့ဆိုရတဲ့အစုပဲရှိတာကိုး (ခန္ဓာ)ရဲ့သဘာဝသည် (ပရမတ်) ပဲ၊ **"ခန္ဓာရဲ့သဘောသည် (ဖောက်ပြန်)တဲ့သဘောရှိတဲ့ (ရုပ်)နဲ့ (သိတတ်)တဲ့သဘောရှိတဲ့ (နာမ်)ပဲ၊** (ခန္ဓာ)ဆိုတာ အဲဒီ (ရုပ်၊ နာမ်) ပရမတ်ပဲရှိနေတာကို အရှိအတိုင်းသိအောင်လုပ်တာ (တရားထိုင်)တာပဲပေါ့၊ (ခန္ဓာ)ရဲ့အမှန်သဘောမသိရင် ဟုတ်တိုင်း မှန်စွာသိတဲ့ဉာဏ် (ယထာဘူတဉာဏ်) မဖြစ်နိုင်ဘူး။

သတိပဋ္ဌာန် = ဆိုတာ သတိထားစရာဖြစ်တဲ့ခန္ဓာငါးပါး (ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မာ) အရှုခံပဲပေါ့။

သမ္မာဒိဋ္ဌိ = ဆိုတာကတော့ ဒီ (ပရမတ်)အမှန်ကိုမြင် အောင် အမှန်အတိုင်းသိမြင်ပေးတာပါပဲ၊

အမှန်မြင်ပဲပေါ့၊ အမှန်ကိုကြည့်ရတဲ့ ပညာ
မဂ္ဂင်ပေါ့ (ရှုဉာဏ်) ပေါ့။

(ခန္ဓာ) သည် (ပရမတ်)၊ ကိုယ့်ကိုယ်လို့မမှတ်နဲ့သိတာလည်း၊ ငါ့စိတ်လို့မမှတ်နဲ့၊ ရုပ်ခန္ဓာက (ဖောက်ပြန်) တဲ့သဘောကိုပြတယ်၊ စိတ်ခန္ဓာက (သိမှု) သဘောကိုပြတယ်။ ပူတယ်၊ အေးတယ်၊ ထုံတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ်ဆိုတာ (ပညတ်) အခေါ်အပြောနဲ့ (ရုပ်) ဖောက်ပြန်တဲ့သဘောကိုပြောတာ၊ အဲဒီဖောက်ပြန် (သဘော) ပရမတ်ကိုသိတာ (စိတ်)နဲ့သိတာမဟုတ်ဘူး (ဉာဏ်)နဲ့သိတာ (ဉာဏ်) နဲ့သိအောင် (သတိ)ထားတာ၊(ခန္ဓာ)ဆိုတဲ့ (ရုပ်၊ နာမ်၊ ခန္ဓာ)သဘောကို (ရုပ်နာမ်)အရှုခံသဘောကိုသိအောင် သတိထားတာ(သတိပဋ္ဌာန်) ပဲ၊

(သတိ) ထားရမဲ့ (အသိ) ကတော့ (ခန္ဓာပရမတ်) ပဲ၊ (သတိ) သာဂရုစိုက်ထားလို့ အဲ့ဒီ (ခန္ဓာ)ရဲ့သဘောသဘာဝ (ဓမ္မ) တရားတွေ သိရာကနေ (အနိစ္စ) ဖြစ်တဲ့ပျက်စီးပြောင်းလဲနေတာကို (ဉာဏ်) နဲ့ သိတာက (ဝိပဿနာ) ပေါ့၊ (ဝိပဿနာဉာဏ်) ရတာပဲ၊ (ဝိပဿနာ ဉာဏ်) ရရင် မဂ်ဉာဏ်နဲ့ (နိဗ္ဗာန်) ကမဝေးတော့ဘူး။

(ခန္ဓာ)ကို သတိထားကြည့်တော့ (အတ္တဒိဋ္ဌိ) ခေါ်တဲ့ (ငါ) လို့မြင်တဲ့ ငါ့အမြင်လို့ ပြောကြတဲ့ထင်နေကြတဲ့ အကောင်အထည် ပုံသဏ္ဌာန်ကလည်း လုံးဝမဟုတ်ပါလား၊ (သက္ကာယဒိဋ္ဌိ) လို့ဆိုတဲ့

(ခန္ဓာငါးပါး)ကို ငါလို့ယူတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလည်း လုံးဝမဟုတ်ပါလားဆိုတာ (ခန္ဓာ)မှာ အမြင်ရှင်းပြီ (သမ္မာဒိဋ္ဌိ) ဆိုတဲ့အမှန်မြင်ကို့ရတယ်။

**“ ဒီအမှန်မြင်ကို သိရုံသိလို့မရဘူး၊ ကိုယ့်အသိဟာ ဓါတ်ခံပြောင်းသွားတဲ့ အသိအထိဖြစ်အောင်လိုပါတယ်၊ (သောတာပန်) ဖြစ်ရင်ဓါတ်ခံပြောင်းလာပြီပေါ့ ”** (ရုပ်) ဆိုရင် (ဖောက်ပြန်) တဲ့သဘောတွေနဲ့ (နှိပ်စက်) ခြင်းခံနေတဲ့ (သဘော) ပဲလို့သိလေလေအစွဲအလန်း အတွယ်အတာအားနည်းလာတာပဲပေါ့။

ခန္ဓာ (ရုပ်) က ဖောက်ပြန်နေတဲ့သူ့အလုပ်သူလုပ်နေတယ်၊ သူ့အလုပ်သူလုပ်နေတဲ့ (ခန္ဓာ)ကို ကိုယ်ဖြစ်ချင်သလို (ဝေဒနာ) တွေရအောင်တမင်လုပ်ပြီး ခန္ဓာကိုမညှင်းဆဲပါနဲ့၊ သူ့ကိုအသက်သာဆုံး အချမ်းသာဆုံးအနေအထားမှာထားကြပါ။

ယံရူပံ = အကြင်ဖောက်ပြန်သောသဘောသည်
အနိစ္စံ = ပျက်စီးနေငြားယ်
ဒုက္ခံ = ဆက်ခါဆက်ခါ ပျက်ပျက်နေတော့ (ဒုက္ခ)ဖြစ်နေတယ်။

ဒီ (ခန္ဓာ) ရလာတာကိုက (ဒုက္ခ) ဆိုတဲ့ဆင်းရဲခြင်းပဲလို့ အမှန်အတိုင်းသိမြင်ရင် ဘယ်နည်းနဲ့မှ ဒီရုပ်ခန္ဓာကြီးကို တွယ်တာမှု

မဖြစ်တော့ဘူး၊ အစွဲအလမ်းလည်းမဖြစ်တော့ဘူး၊ ငါလို့လည်း မမြင်တော့ဘူး၊ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့လည်းမယူတော့ပါဘူး။

ကြာကြာတရားထိုင်တော့ တောင့်လာတာပေါ့၊ ကိုက်တာ၊ ညောင်းတာတွေဖြစ်လာတာပေါ့၊ ဒီလိုကြာကြာတရားထိုင်လို့ ညောင်းညာကိုက်ခဲတော့ စိတ်ထဲမှာ မနှစ်မြို့မနှစ်သက်တဲ့ ခန္ဓာကိုယ်ရဲ့အပြောင်းအလဲကဖြစ်တဲ့ကိစ္စတွေကို (သကဒါ) ဆရာကမရှုပါနဲ့တဲ့၊ အဲဒီလို ကြာကြာထိုင်လို့ဖြစ်လာတဲ့စိတ်ငြူငြင်မှု မခံမရပ်နိုင်ဖြစ်သော တာကို ဣရိယာပုဒ် (မပြင်) ဘူးဆိုရင် -

စိတ္တဧက္ကေကတာနလဘတိ

စိတ္တံ = စိတ်သည်

ဧက္ကေကတာ = ခန္ဓာရဲ့သဘာဝတရား (ပရမတ်)၊ စိတ်ငြိမ် သက်စွာရှုရမှုရမဲ့ (ပရမတ်) တရားကို

နလဘတိ = မရတဲ့

သဘာဝတရား(ပရမတ်)ကို(ဉာဏ်)နဲ့သိရမဲ့ (ဉာဏ်)သိ ယူရမဲ့နေရာမှာ(စိတ်)ထဲမှာမနှစ်မြို့မကြည်မသာဖြစ်လာတဲ့အသိ ဟာ (ပရမတ်)ဘက်မရောက်ပဲ၊ ညောင်းတဲ့ကိုက်တဲ့(ဒေါမနဿ) စိတ်ညစ်ညူးတဲ့ (ကိလေသာ) "အတ္တကိလမထာနုယောဂ" ဆီ ရောက်သွားတယ်၊ မဇ္ဈိမပဋိပဒါမကျတော့တဲ့အစွန်းတဘက်ဆီ ရောက်သွားပါတယ်။

မြတ်စွာဘုရားက တရားအားထုတ်ရာမှာအခံရမခက်အောင် ဣရိယာပုဒ် ၄ပါးနဲ့အားထုတ်ဖို့ဟောထားပါတယ်။ ထိုင်၊ ရပ်၊ သွား၊ လျောင်းတဲ့ပုံစံ ၄မျိုးနဲ့ အားထုတ်ရာမှ (ဉာဏ်)နဲ့သိနိုင်အောင် ဟောထားတာကိုထိုင်တဲ့ပုံစံတစ်မျိုးထဲမှာ (စိတ်) နဲ့သိတဲ့ အခံရခက်တဲ့ (ဝေဒနာဒုက္ခ)ကို တမင်အနာခံပြီး ရှုဖို့မဟောခဲ့ပါဘူး၊ ဣရိယာပုဒ် ၄ပါးနဲ့မျှတအောင် နေထိုင်အားထုတ်ဖို့ (ဣရိယာပထနဲ့သပ္ပဇာည) ကိုပဲဟောပါတယ်၊ **ဘယ်ဣရိယာပုဒ်နဲ့ပဲနေနေ ခန္ဓာရဲ့သဘောသဘာဝ (ပရမတ်) ကိုသာမိမိရရသိဖို့သာတိုက်တွန်းပါတယ်၊ (ပရမတ်)ကိုသိမြင်အောင်ရှုရမှာက လိုရင်းပါ။**

ခန္ဓာရဲ့ (ပရမတ်) သဘောသဘာဝတရားလေးတွေက အင်မတန် သိမ်မွေ့နူးညံ့တဲ့အတွက် (စိတ်ငြိမ်သက်မှု) ကိုခေါ်တဲ့ (သမာဓိ) နဲ့ (ပညာ)နဲ့မှရှုလို့ရတယ်၊ ဒါမှ (ဉာဏ်) သိဖြစ်မယ်၊ ဒါကို အနာခံပြီးအစွန်းတစ်ဘက်ရောက်အောင် ခပ်ကြမ်းကြမ်းရှုလို့မရပါဘူး၊ (ပညာ) မပါပဲရှုလို့မရဘူး (အသင်္ခတ) ပရမတ် (နိဗ္ဗာန်)ဟာ အလွန်နူးညံ့သိမ်မွေ့ပါတယ်၊ ဒီလိုနူးညံ့သိမ်မွေ့တဲ့ (နိဗ္ဗာန်) ရဖို့ နူးညံသိမ်မွေ့တဲ့သင်္ခတ (ပရမတ်) နဲ့ရင်းနှီးရပါတယ်။ ဒီလိုရင်းနှီး ယူရတဲ့နေရာမှာ ကြမ်းလို့မရဘူး (သတိ) နဲ့စိတ်ငြိမ်သက်မှု (သမာဓိ) နဲ့အမှန်မြင်တတ်အောင် ကြံရမဲ့ (ပညာ) လိုတာပါပဲ၊ ဒါမှသိမ်မွေ့တဲ့ (ပရမတ်) ကိုသိမြင်မယ်၊ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုရမှာ

ဖြစ်ပါတယ်။

အမှန်တရား (ပရမတ်) ကိုသိဖို့ရာ (ပရမတ်) ကိုသိနိုင်တဲ့ (ဉာဏ်) မျိုးနဲ့မှသိလို့ရတယ်၊ နဂိုလ်ရှိတဲ့မိမိတို့ရဲ့ (အသိစိတ်) နဲ့ (ပရမတ်) ကိုသိလို့မရဘူး (ပညတ်) အာရုံဘက်ရောက်သွားလို့လည်း မရဘူး (ပရမတ်) ကိုသိဖို့အသိဉာဏ်ဟာရပ်နေလို့လည်းမရဘူး (ပရမတ်) ကိုသိဖို့သိချင်ဇောအားကြီးနဲ့ မရရတဲ့နည်းနဲ့ (ပရမတ်) ကိုသိအောင်လက်တွေ့အားထုတ်မယ်ဆိုလို့လည်းမရဘူး (ပရမတ်) ကိုမသိရကောင်းလားဆိုပြီး နင်လားငါလားအားထုတ်နည်းမျိုးနဲ့ လည်းမရနိုင်ဘူး။ သတိ၊ သမာဓိနဲ့ပညာပါတဲ့ (ဉာဏ်) နဲ့ (ပညာ) နဲ့ မှန်မှန်ကန်ကန်ဒီလိုသွားရပါတယ်။ (ဝီရိယ) ထားတဲ့နေရာမှာ (သတိ) ဖြစ်ဖို့နဲ့ (ပညာ)ပါဖို့ပါ၊ တလွဲမဖြစ်စေလိုပါဘူး။

(ဓမ္မစကြာ)မှာ ဟောတဲ့လက်ျာ၊ လက်ဝဲအစွန်း ၂ပါးက

**ကာမသုခလ္လိကာနုယောဂေါ** = ဆိုတာအာရုံငါးပါး လိုက်စားပြီး အာရုံငါးပါး ကပ်ငြိတဲ့ တဏှာ၊ လောဘပါတဲ့ အားထုတ်မှုအစွန်း တစ်ပါး၊

**အတ္တကိလမထာနုယောဂေါ** =ဆိုတာ တရားကို မရရအောင် မသိ သိအောင်(လောဘ)ရှေ့သွားနဲ့ခန္ဓာ

ကိုယ်မှာသိနိုင်တဲ့နည်းနဲ့ နင်လားငါ
လားရှာဖွေတဲ့နည်းဟာ လွန်းပြေး
တဲ့နည်း၊ အနာခံပြီး (ကိုယ်နဲ့စိတ်)
ကိုနှိပ်စက်ရှာဖွေတဲ့ နည်းကအစွန်း
တစ်ပါးပဲ။

တကယ်တော့မိမိတို့သိရမယ့် (ရုပ်နာမ်) ခန္ဓာ (ပရမတ်)ဟာ ခန္ဓာမှာတကယ်ရှိနေတဲ့ ပင်ရင်းသဘာဝတရားပဲ၊ ပုံသေရှိနေတဲ့ ကိစ္စပဲ၊ ဒါကို (လောဘ၊ ဒေါသ) ဖက်တဲ့စိတ်ညစ်ငြမ်းတဲ့ (ကိလေသာ) နဲ့ရှာလို့မရပါဘူး၊ ကြည်လင်တဲ့ စိတ်စင်ကြယ်မှုနဲ့ ရှာရမယ့်စိတ်ငြိမ်မှု (သမာဓိ) လိုတယ်၊ ဒီစိတ်ငြိမ်မှုဟာ (သတိ) ရှိမှစိတ်ငြိမ်တယ် (သတိ) သာလိုရင်းဖြစ်တယ်၊ ခန္ဓာမှာ (သတိ) နဲ့နှလုံးသွင်းမှန်စွာနဲ့ (မဇ္ဈိမပဋိပဒါ) ကျကျအကဲခတ်ရပါတယ်။

ဘုရား၊ ရဟန္တာတို့က (ခန္ဓာ)ကိုသိတယ်၊ သတ္တဝါပုထုဇဉ်တို့က (ခန္ဓာ) ကိုမသိကြဘူး၊ အဲဒါကွာခြားတာပဲ၊ (ပုထုဇဉ်)တွေဟာ (ခန္ဓာ) အကြောင်းမသိတဲ့ (အာရုံ) ကိုငြိကပ်တဲ့ (သတ္တဝါ) တွေပါပဲ။

(သစ္စာ) ဆိုတာ (ခန္ဓာ)မှာ (ဖြစ်ပျက်)နေတဲ့သဘောအမှန်ရှိတာကိုမြင်တဲ့ (အမှန်မြင်) တရား (ပရမတ်) တရားပေါ့၊ အမှန်မြင်တာက(သမ္မဒိဋ္ဌိ)ပေါ့၊ (ခန္ဓာ)ဟာ(သင်္ခါရ)ဖြစ်ပျက်ပဲရှိလို့ မြတ်စွာ

ဘုရားက 'သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါပညာယပဿတိ'၊ ဒီ (သင်္ခါရ) ဖြစ်ပျက်ကိုဉာဏ်နဲ့ပညာနဲ့ ရှုကြည့်ပါလို့ ဟောတာပေါ့၊ (ခန္ဓာ) ဟာ ဝယဓမ္မသင်္ခါရ ဖြစ်ပျက်နေတဲ့ (ဓမ္မသဘော) ကို အပ္ပမာဒေန သမ္ပာဒေထ၊ မမေ့မလျော့သော (သတိ)နဲ့စောင့်ကြည့်ဖို့ ဟောတာပါပဲ။

ခန္ဓာရဲ့ (ရုပ်) ပရမတ်က ပါဠိလိုက (ရုပ်)၊ မြန်မာလိုက (ဖောက်ပြန်မှု) သဘောအမှန်ခန္ဓာရဲ့ (နာမ်) ပရမတ်က ပါဠိလိုက (နာမ်) မြန်မာလိုက (သိမှု) သဘောအမှန်ပဲဖြစ်လို့ အမှန်က၂မျိုး ပေါ့ (ဖောက်ပြန်) တဲ့သဘောအမှန်ကိုကြည့်လိုက်တော့လည်း ပျက်နေတယ်၊ ပျက်နေတဲ့အမှန်သဘော (ဓမ္မ) ပဲပေါ့၊ (သိမှု) ကို ရှုပြန်တော့လည်းပျက်နေတဲ့ အမှန်သဘော (ဓမ္မ) ပဲပေါ့။

(ဖောက်ပြန်မှု)၊(သိမှု)ဖြစ်တဲ့(ရုပ်နာမ်) တို့ကမှန်ပေမယ် လို့(ပျက်)တာလောက်အမိကမကျဘူး၊ (ဖောက်ပြန်) တဲ့သဘော က ဖောက်ပြန်ပြီးမှ (ပျက်)တယ်။ (သိမှု)သဘောကလည်း သိပြီး မှပဲ(ပျက်)တယ်၊ ဖောက်ပြန်မှုရော၊ သိမှုရော ၂ခုလုံးက(ပျက်)တဲ့ အထဲမှာအကြုံးဝင်နေလို့ အကုန် (ပျက်)တာချည်းပဲဆိုတာ အမှန်ဆုံးပေါ့ (ဖောက်ပြန်) တာက ဘယ်လိုပဲဖောက်ပြန်တယ် ဆိုဆို (ပျက်) တဲ့ သဘောကသာအမှန်ဆုံးပဲ (သိမှု) သဘောက လည်း ဘယ်လိုပဲသိစေ ကာမူ (ပျက်) တဲ့သဘောတရားကသာ အမှန်ဆုံး ပဲပေါ့။

ဘုံသုံးပါးမှာရှိတဲ့ (ရုပ်နာမ်) တွေဟာအားလုံး (ပျက်) နေတာပဲ (သင်္ခတ) နယ် (သင်္ခါရ) နယ်မှာရှိတာတွေဟာ (အပျက်) ချည်းဖြစ်နေကြလို့ မြတ်စွာဘုရားက (သဗ္ဗေသင်္ခါရာအနိစ္စာ) လို့ ဟောတာပေါ့၊ ကာယပဲရှုရှု၊ ဝေဒနာပဲရှုရှု၊ စိတ္တာပဲရှုရှု၊ ဓမ္မာပဲရှုရှု၊ အားလုံး (အပျက်) တွေချည်းပဲ။

(ပျက်) တဲ့သဘောကို (ခန္ဓာ) မှာအမှန်အကန်ရှုဘာဘ်ရင် (သတိပဋ္ဌာန်) (၄)ပါးလုံးကိုသဘောပေါက်တယ်လို့ ခေါ်တယ်၊ (အပျက်) ကိုသိရင် (ဒုက္ခသစ္စာ) ကိုသိတာပါပဲ၊ အပျက်ကိုမမြင်မချင်း (ဒုက္ခသစ္စာ) ကိုမသိသေးဘူးပေါ့၊ ဒါကြောင့် ပျက်တဲ့သဘောကို များများသိအောင်ရှုပါ၊ ဒါမှ (ဒုက္ခသစ္စာ) သိမြင်ပါတယ်။

ဒါကြောင့် အနိစ္စဝတသင်္ခါရဆိုတဲ့ (သင်္ခါရ) ဖြစ်ပြီး (သင်္ခါရ) ပျက်တဲ့သဘောက (ရုပ်နာမ်)ခန္ဓာပါပဲ၊ (ပျက်) တဲ့သဘောကိုမသိသေးတာက (သန္တတိ) ဖုံးနေလို့ပါပဲ၊ (သန္တတိ) ဆိုတာအစဉ်ကြီးပေါ့၊ ဘယ်လိုအစဉ်ကြီးဖုံးနေတာလဲဆိုရင် မြစ်ရေကတသွင်သွင်စီးနေတော့ ရှေ့ရေနောက်ရေမသိရသလိုပဲ (ပညတ်အာရုံ) အမျိုးမျိုးက ဒွါရ ၆ပေါက်လုံးကနေ ဝင်နေတာဟာမြစ်ရေစီးသလို တသွင်သွင်ဝင်နေတဲ့သန္တတိအစဉ်ကြီး (ပညတ်)အာရုံအစဉ်ကြီးကဖုံးနေလို့ပါပဲ။

(ရုပ်) ဖောက်ပြန်မှု၊ (နာမ်)သိမှုတွေကလည်း တစ်ခုဖြစ်ပြီး

ပျက်၊ နောက်တစ်ခု (အာရုံ)နဲ့အစားဝင်နေတာလည်း မြစ်ရေစီးသလို မြန်လွန်းတော့ (အာရုံ) တွေမရပ်မနားဖြစ်တဲ့ (သန္တတိ)အာရုံအစဉ်ကြီးဖြစ်နေတော့ ရှေ့ရေနောက်ရေလို့ခွဲလို့မရတဲ့ မြစ်ရေတွေလိုပဲ၊ (အာရုံ)တွေနဲ့ (ဖြစ်ပျက်) နေတဲ့ (ရုပ်) တွေ (နာမ်) တွေက မြစ်ရေလို ကွက်လပ်မရှိအောင် တသဲသဲအစားထိုးဝင်နေတော့ (ရုပ်နာမ်) ဖြစ်ပျက်တဲ့ (ပျက်)တဲ့အစဉ်ကြီးကို မသိနိုင်အောင်ဖြစ်ရတာပေါ့။

စားပွဲတင်နိုးစက်နာရီက တစ်သံပျက်ပြီး တစ်သံမြည်တာကို ဆက်မြည်နေတော့ တစ်သံတည်းအောင့်မေ့ရသလိုပေါ့၊ ဒီနိုးစက်နာရီတစ်သံက (ရုပ်နာမ်) ဖြစ်ပျက်တာနဲ့ နှိုင်းစာလို့မရသေးဘူး၊ (ရုပ်နာမ်) ဖြစ်ပျက်တာက အလွန်မြန်တာပေါ့၊ ဒီလိုဖြစ်နေတာကို (သန္တတိ) ဖုံးတယ်လို့ပြောရတာပေါ့၊ ဒီလို (သန္တတိ) ဖြစ်နေ တာကို (သတိပဋ္ဌာန်) သတိနဲ့ (ရုပ်နာမ်) ကိုစိတ်ငြိမ်သက်မှု (သမာဓိ)နဲ့ဉာဏ်နဲ့ (ပညာ) နဲ့ရှုကြည့်မှ (ရုပ်) ဖောက်ပြန်မှုတွေ (နာမ်)သိမှုတွေဟာ တစ်ခုဖြစ်ပျက် (ဥပါဒ်-ဌီ-ဘင်) တစ်ခုအစားထိုးနဲ့ (ဖြစ်ပျက်)နေတာကို (သတိ) အားကြီးသလောက်စိတ်ငြိမ်အား (သမာဓိ)အားကောင်းသလောက်(ဉာဏ်)နဲ့မြင်တွေ့နိုင်တာပေါ့။

(သတိ) က အရာရာမှာဦးစီးနေရင် စိတ်ငြိမ်တဲ့ (သမာဓိ) ရပြီး (ပညာ)ဆိုတဲ့ပိုင်းခြားသိတာမျိုးရတယ်။

ပ = ခွဲခွဲခြားခြား၊ ပိုင်းခြားတာ

ညာ = သိတာ

(ပညာ) ကရုပ်ကိစ္စ(ရုပ်) လုပ်နေတာ(ဖောက်ပြန်)တဲ့ (သဘောဓမ္မ) ကိုဉာဏ်နဲ့သိတာ (သတိ၊ သမာဓိ) ရှိလို့ပဲ၊ (နာမ်)က (သိမှု) လေးတွေဖြစ်လိုက် ပျက်လိုက်နေတာကို ပိုင်းခြားသိတဲ့ (ပညာဉာဏ်) ရလာတာကလည်း (သတိ၊ သမာဓိ) ရှိလို့ပါပဲ၊ အဲဒီလို (ရုပ်နာမ်ဓမ္မသဘော)တွေ သူ့ကိစ္စသူလုပ်နေတာကို ပိုင်းခြားသိတော့ (ဓမ္မဝိစယသမ္ဗောဇ္ဈင်) ဖြစ်တော့ အဲဒါ (ဓမ္မာနုပဿနာ) ဓမ္မသဘော သဘာဝကိုရှုတာဖြစ်တာပေါ့။

(နိဗ္ဗာန်) သွားဖို့တစ်ခုတည်းသောလမ်းကြောင်း (ဧကာယန မဂ်) ကို ရဖို့ဆိုတာ (သတိပဋ္ဌာန်)ဆိုတဲ့ခန္ဓာကိုယ်မှာ (သတိ) ဆိုတဲ့ ဂရုစိုက်မှုနဲ့ သတိထားပြီး ခန္ဓာကိုယ်ရဲ့နဂိုလ်အရှိတရား (ဖောက်ပြန်မှု) ရုပ်သဘော (ဓမ္မ) (သိမှု) နာမ်သဘော (ဓမ္မ) ကိုသိဖို့အဲဒီ (ပရမတ်) တစ်ခုခုကိုသိဖို့ (သတိပဋ္ဌာန်) နဲ့သွားရတယ်ဆိုတာ သဘောပေါက်ဖို့ပဲ။

(ရုပ်နာမ်) ဆိုတဲ့ (ရုပ်)ခန္ဓာတစ်ပါးနဲ့ (နာမ်)ခန္ဓာ (၄)ပါးမှာ (ရုပ်) ခန္ဓာက(ဖောက်ပြန်မှုသဘော)ပဲဖြစ်တယ်၊ နာမ်ခန္ဓာ(၄)ပါး အားလုံးက (သိမှု)မှာပဲလမ်းဆုံးတယ်၊ ဒီတော့ (ခန္ဓာငါးပါး) (ရုပ်နာမ်) ရဲ့သဘောတရား(ရုပ်နာမ်)သဘောဓမ္မသဘာဝတရားက(ဖောက်ပြန်)

မှုသဘောနဲ့ (သိမှု)သဘော ၂ပါးပဲ၊ ဒါကိုပါဠိ (ပညတ်)အခေါ်အရ (ရုပ်နာမ်)လို့ (ဝိဇ္ဇာမနပညတ်)အနေနဲ့ တရားဟောရတာပါပဲ၊ မြန်မာလိုယူရမှာကတော့ (ဖောက်ပြန်) တဲ့သဘောတရားပဲ၊ ဖောက်ပြန်တယ်လို့ မြန်မာလိုနားလည်အောင် ပြောရတာတကယ်တော့ ဖောက်ပြန်တဲ့ (သဘောလေး)ဖြစ်တဲ့ (ဓမ္မသဘော)ကိုယူရတာပဲ၊ (သိမှု)သဘောကလည်း (ဓမ္မသဘာဝ)ပဲ၊ အဲဒါကတော့ ရှင်းပါတယ်၊ (ပရမတ်) သဘောကိုသိလွယ်ပါတယ်။

(ဓမ္မာနုပဿနာ)ကသတိပဌာန်၄ပါးလုံး အကြုံးဝင်တယ်၊ (ကာယ)ကလည်းအကြုံးဝင်တယ်၊ (ဝေဒနာ)လည်းအကြုံးဝင်တယ်၊ (စိတ္တ)လည်းအကြုံးဝင်တယ်၊ ကာယ၊ ဝေဒနာ စိတ္တာရယ် လို့ ဘယ်လိုပဲ အမည်တပ်တပ်၊ မတပ်တပ်လိုအပ်တာက ရှုရမှာ ကတော့ (ပရမတ်) ပဲ၊ (ရုပ်နာမ်)ပရမတ်က ဖောက်ပြန်တာကိုသိ တာပဲ၊ အဲဒီ (ဓမ္မသဘော) ကိုရှုတာ (ဓမ္မာနုပဿနာ) ပဲ၊ ဒါကြောင့် အရေးကြီးတဲ့ (ပရမတ်) သဘောကို အရေးတကြီးသိဖို့ လိုအပ်တဲ့အတွက် (ပရမတ္ထဓမ္မ) ကို တိုက်ရိုက်ရှုနိုင်တဲ့ (ဓမ္မာ နုပဿနာ)ကို ရှုဖို့အလွန်လိုအပ်ပါတယ်။

(ဓမ္မာနုပဿနာ) ဟာ (ပညတ်) ကိုအခြေမခံဘူး၊ ခန္ဓာ (ပရမတ်) သဘောကိုသိဖို့ (ပရမတ်) ကိုတိုက်ရိုက်ရှုရတာပါပဲ၊ (ဓမ္မာနုပဿနာ) အနေနဲ့အဓိကထားတာက (ပညတ်၊ ပရမတ်၊

မဏ္ဍိမပဋိပဒါ) ပါပဲ၊ (ဓမ္မာနုပဿနာ) ဟာ (ပရမတ်) ကိုတိုက်ရိုက်ရှုရ တော့ အဓိကကျတဲ့ (ပညတ်) နဲ့ (ပရမတ်) မကွဲလို့မရဘူး။

(ပရမတ်) ဆိုတာ (ပညတ်)လိုထွက်တဲ့လေ၊ ဝင်တဲ့လေ၊ ငယ်ထိပ်၊ ရင်ချိုင့်ဘိုက်က ပိန်ဖောင်းစတဲ့ (ပညတ်) အကောင်အထည် မရှိဘူး၊ တည်ရာမှီရာစွဲယူစရာအကောင်အထည်မရှိပါဘူး၊ မြတ်စွာ ဘုရားဟောကြားတဲ့ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်အရ ခန္ဓာတစ်ခုလုံး ဟာအကုန် (ပရမတ်) ချည်းပါပဲ၊ (ပရမတ်) ကိုမသိလို့သင်္ကေတ၊ ဝစ္စနံစတဲ့လောကအခေါ်အဝေါ်၊ ပညတ်သမုတ်အပ်တဲ့ လောက အမှတ်အသားတွေကြည့်ပြီး ပြောကြတာပါပဲ။

ခန္ဓာကိုယ်ထဲမှာ ဒါကပထဝီပဲ၊ ဒါကတေ့ဇောပဲ၊ ဒါက ဝါယော၊ ဒါက အာပေါပဲစသည်ဖြင့် ဒီလိုမှတ်ခြင်းဟာ (ပါဠိပညတ်) ကိုမှတ်တာပါပဲ၊ တောင့်တယ်၊ တင်းတယ်၊ ခက်မာတယ်၊ ပူတယ်၊ အေးတယ်စသည်ဖြင့် မှတ်ခြင်းကတော့ (မြန်မာပညတ်) ပါပဲ၊ ဒါကြောင့် (ပညတ်) ဖြစ်တဲ့ပါဠိပညတ်၊ မြန်မာပညတ်ဟူသ၍ကို ပယ်ရမယ်။

ခန္ဓာကပြတဲ့ ခန္ဓာရဲ့ပင်ကိုယ်သဘော၊ ပင်ကိုယ်အရှိတရား ကဘယ်လိုမှ ပြောင်းလို့ရွှေ့လို့ ဖျက်လို့ဆီးလို့မရတဲ့ဇာမှန်တရား (ပရမတ်) ကိုသာအဓိကရှုရမှာက (ဓမ္မာနုပဿနာ) ပါပဲ၊ (ပရမတ်)

လွတ်တဲ့နေရာရယ်လို့မရှိဘူး၊ (ပညတ်)လွတ်တဲ့နေရာသာရှိတာ၊ (ပရမတ်) က မဟာဘုတ်ဓါတ်ကြီး ၄ပါးသဘောက (သက်ရှိသက်မဲ့) မှာ အကုန်ရှိတယ်၊ အလွတ်မရှိဘူး၊ သက်ရှိမှာဆိုရင် (ပရမတ်) က ရုပ်နာမ်ပဲ၊ (ရုပ်) ကဖောက်ပြန်တာ၊ (နာမ်)ကသိတာ၊ သက်မဲ့မှာ ကလည်းရုပ်ပဲ၊ သဘာဝသဘောနဲ့ဖြစ်ပေါ် ပျက်စီး (ဖြစ်ပျက်) နေတာ (ပရမတ်) ပဲပေါ့။

သေခါနီးအားကိုးရှာကြတယ်၊ ငါ့မှာအကုသိုလ်တွေများလှတယ်၊ ကုသိုလ်ဆိုလို့ ငါ့မှာဘာမှမရှိပါလားလို့ သိတဲ့အချိန်မှာ -

| | | |
|---|---|---|
| သောစတိ | = | စိုးရိမ်တယ် |
| ကိလမတိ | = | ဖောချွေးပြန်လာတယ် |
| ပရိဒေဝတိ | = | မျက်ရည်ကျလာတယ် |

ဥရတ္တာဠိကန္ဒတိ= ရင်ဘတ်စည်းတီးသလို ငါ့မှာဖြစ်မှ ဖြစ်ရပလေနဲ့ဆိုပြီး သေခါနီးအားကိုးရာမရှိတာလို့ သိတဲ့သဘောတွေ ကပ်ဖြစ်တော့ သေရမှာကြောက်ပြီးတော့ ကြောက်ကြောက်နဲ့ပဲ သေသွားတယ်၊ သေတော့ဂတိမမြဲတာဖြစ်လာတယ်။

"ပုထုဇ္ဇနဿ ဂတိနာမ" တဲ့၊ ပုထုဇဉ်တို့ရဲ့အဖြစ်ဟာ လားရာဂတိမမြဲကြဘူး၊ ကိုယ်ထင်သလိုမရဘူး၊ ကောသလမင်းကြီးရဲ့ မိဖုရား (မလ္လိကာ)မိဖုရားကြီးဆိုရင် မြတ်စွာဘုရားနဲ့ သံဃာတော်များကို

ကိုယ်တိုင်ဆွမ်းချက်ပြီး လောင်းလှူခဲ့တာပေါ့။ မြတ်စွာဘုရားကိုလည်း အလွန်ကြည်ညိုတဲ့ မိဖုရားကြီးပေါ့၊ ဒါကြောင့် မိဖုရားကြီးသေခါနီး မှာ အကျိုးပေးမဲ့ကုသိုလ်ကောင်းမှုတွေက ဝိုင်းနေတာပေါ့။ ကုသိုလ် အမျိုးမျိုးတွေက သူအရင်ဒ့ကျိုးပေးမလား၊ ကိုယ်အရင်အကျိုးပေး မလားပေါ့၊ ဒါပေမယ့် သေခါနီးမှာ သူ့အနေနဲ့ကောလမင်းကြီးကို တစ်ကြိမ်တစ်ခါလေးလိမ်လည်ခဲ့တဲ့အကုသိုလ်က သေခါနီးနောက်ဆုံး စိတ်အာရုံနဲ့ သူ့မှာလာထင်ပြီး အဲဒီမကောင်းတဲ့အာရုံစိတ်နဲ့ပဲ သေသွားတော့အပါယ်ကျသွားတယ်။

ဒါကြောင့် ပုထုဇဉ်တို့ရဲ့အဖြစ်ဟာ ကိုယ်ထင်သလိုမရကြ ပါဘူး၊ နတ်ပြည်ရောက်ချင်တိုင်းမရဘူး၊ (အာသောက) မင်းကြီးကို ကြည့်ပေါ့၊ သာသနာအကျိုးကိုအလွန်ထမ်းရွက်တဲ့ မင်းကြီးပေါ့၊ လှူလိုက်တာလည်းမနည်းဘူး၊ ကျောင်း၊ ဘုရား၊ ဇရပ်၊ သံဃာတော် တွေစုံလို့ပါပဲ၊ ရေတွင်းရေကန်တောင် ရှစ်သောင်းလေးထောင် လောက်ပေါင်လှူပြီး သာသနာအကျိုးသတ္တဝါတွေအကျိုးပြုတဲ့ (ဒါန) တွေစုံလို့ပါပဲ၊ ဒါပေမယ့် သေခါနီးကျတော့ သျှိသျှားသီး စားချင်စိတ်ပေါက်လာလို့ သျှိသျှားသီးတောင်းတာ ချက်ခြင်းမရရ ကောင်းလားဆိုပြီး သေခါနီးဆဲဆဲ (ဒေါသ) ဖြစ်ပြီး သျှိသျှားသီး လိုချင်တဲ့ (တဏှာ၊ ဥပါဒါန်) နဲ့သေသွားတော့ အကုသိုလ်ကအရင် အကျိုးပေးပုံက သူ့မှာသေခါနီး သျှိသျှားသီးလိုချင်တဲ့ (တဏှာ) စိတ်

အာရုံနဲ့၊ မရကောင်းလားဆိုတဲ့ စိတ်မကြည်သာတဲ့ (ဒေါသ)အာရုံနဲ့ သေရတော့၊ ဒေါသ (အကုသိုလ်) ရယ်၊ သျှိသျှားသီးတပ်မက်တဲ့ (တဏှာ) ရယ်၊ သျှိသျှားသီးစွဲလန်းတဲ့ (ဥပါဒါန်) ရယ်ပါတော့ လောဘ၊ ဒေါသနဲ့ သေရတော့ (နီပေါ) တိုင်းပြည်နားက သျှိသျှားတောက သျှိသျှားသီးပင်ရှိရာ သစ်ပင်အောက်တစ်နေရာမှာ စပါးကြီးမြွေသွား ဖြစ်ရတယ်၊ အဲဒါသေခါနီး လောဘ၊ တဏှာရော ဒေါသရော၊ ဥပါဒါန် (စွဲလန်းမှု) ရောပါပြီး သေသွားတဲ့အတွက် ဖြစ်ရတာ။ ဘယ်လောက်ပဲ ဒါနတွေပြုပြု သေခါနီးနှလုံးသွင်းမှားသွားလို့ မရဘူး။

မြတ်စွာဘုရားလက်ထက်က (တိဿ) ရဟန်းကြီးတစ်ပါးရှိ တယ်၊ နေမကောင်းထိုင်မသာဖြစ်တဲ့တစ်နေ့မှာ ညီမလုပ်တဲ့သူလာပြီး ကပ်လှူတဲ့ အထူးချုပ်သင်္ကန်းကိုလက်ခံပြီး အိပ်ယာခြေရင်းက ကြိုးတန်းမှာတင်ထားပြီး သင်္ကန်းကိုကြိုက်လွန်းလို့ တကြည့်ကြည့်နဲ့ နေတော့တယ်၊ ငါနေကောင်းတဲ့နေ့မှာ ညီမလှူတဲ့သင်္ကန်းကို ဝတ်ပြီး ညီမအိမ်ကိုဆွမ်းခံထွက်မယ်ဆိုပြီး သင်္ကန်းလေးကိုသာယာပြီး ကြည့်ကြည့်နေရင်းနဲ့ ရုတ်တရက်ပျံလွန်တော်မူသွားပြီး၊ အဲဒီသင်္ကန်း မှာ (သန်း) တိရစ္ဆာန်သွားဖြစ်ရတယ်၊ ကံ (၄)မျိုးအနက် (နိဗ္ဗာန်) မရမချင်းအလွန်ကြောက်စရာကောင်းတဲ့ အကုသိုလ်အကျိုးပေးတဲ့ (အပရာပရိယကံ) အကျိုးပေးနဲ့သေရတာဖြစ်တယ် (တိဿ)ရဟန်း ကြီးသေပြီးနောက်မှာ ရဟန်းတွေကသင်္ကန်းကိုမဲချပြီးယူကြမယ်ဆို

တော့ မြတ်စွာဘုရားက (၇) ရက်စောင့်ဖို့ရဟန်းတွေကို တားရပါတယ်၊ ရဟန်းကြီးတောင်သေခါနီး (တဏှာ၊ ဥပါဒါန်) နဲ့ သေတော့အသေမတတ်တော့ နှလုံးသွင်းမှားသွားတော့ (သန်း) ဖြစ်ရတယ်။

ဒါကြောင့် ပုထုဇဉ်တို့ရဲ့ကအဖြစ်ဟာ လားရာဂတိမမြဲကြဘူး၊ တရားအလုပ်လုပ်ပေမဲ့ ဒီလိုဖြစ်တာရှိတယ်၊ တရားအလုပ်မှန်ရင် (သစ္စာ) သိပြီး (နှလုံးသွင်း) မှန်ရင် ဒီလိုအဖြစ်မျိုးမကြုံကြရပါဘူး၊ တရားအလုပ်မှန်ရင် သေခါနီးသေပုံသေနည်းသိလာတယ်၊ မြတ်စွာဘုရားက သေခါနီးဘယ်လိုသေရမလဲဆိုတာ ဟောထားတာကတော့ - သေခါနီးမှာ (မဂ်) မရသေးသည့်တိုင်အောင် (တဏှာ၊ ဥပါဒါန်) ကင်းပြီးမှ သေရမယ်လို့ဟောပါတယ်။

(တဏှာ၊ ဥပါဒါန်) ကဘယ်မှာဖြစ်သလဲဆိုရင် (ပညတ်အာရုံ) မှာဖြစ်တယ် (ငါပဲ၊ ငါ့ကိုယ်ပဲ၊ ငါ့ဥစ္စာပဲ) ဆိုရင် (တဏှာ) ဖြစ်တယ်။ ငါ၊ ငါ့ကိုယ်ပဲဆိုရင် (ဒိဋ္ဌိ) ဖြစ်တယ်။ ငါ၊ ငါလို့ ငါ ငါ သဘောမျိုးနဲ့ သဘောထားတဲ့ (တဏှာ၊ ဥပါဒါန်) ဟာ သေတဲ့အထိ ဒုက္ခလိုက်ပေးနေတော့ ကိုယ်က (ကုသိုလ်) အကျိုးလုပ်ထား ကိုင်ထားပေမဲ့လည်း သေပေါက်သေဝမှာ နှလုံးသွင်းမှားတော့ ကုသိုလ်အကျိုးပေးကချက်ခြင်းမလိုက်ဘူး၊ တရားလွဲမှားအားထုတ်ခဲ့တာမျိုး၊ နှလုံးသွင်းမှားပြီးသေတာမျိုးရှိခဲ့လို့ လားရာဂတိမမြဲကြရတာပဲ၊ အထက်တန်းဒါနတွေ သေခါနီးလုပ်ခဲ့တဲ့ ကုသိုလ်တွေအကျိုးပေးဖို့

ရှိပေမဲ့ သေခါနီးမှာ (နှလုံးသွင်း) မတတ်ရင် အားကိုးရာမရှိဖြစ်တတ်ပါတယ်၊ ဒါကြောင့် (သစ္စာ) အမှန်တရားဖြစ်တဲ့ (ရုပ်နာမ်) ပရမတ်ကိုသိရမယ်၊ နှလုံးသွင်းမှန်ရမယ်ဆိုတာ အဓိကကျတဲ့တရားပဲ အားကိုရတဲ့တရားပဲပေါ့။

အားကိုးရတာကိုပြောရရင် (ရုပ်နာမ်) ၂ပါးကခန္ဓာရဲ့ အရှိသဘောပဲ၊ ဖောက်ပြန်မှု (ရုပ်)နဲ့ သိမှု (နာမ်) က (ပရမတ်) ပဲ၊ အိုတာ၊ နာတာ၊ သေတာက သူ့သဘာဝအရှိတရား(ပရမတ်)တရားပဲ၊ (ရုပ်နာမ်)က သူ့ကိစ္စသူလုပ်တဲ့တရားပဲ၊ (ငါ) မှမဟုတ်တာ အဲဒါကို ငါအိုတာပဲ၊ ငါနာတာပဲ၊ ငါသေတော့မယ်နဲ့ (ငါ) တွေသွားထည့်တော့ အဲဒီမှာအမှားကြီးမှားပြီပေါ့။ ယူကြုံးမရအပူလုံးကြွတော့ ဒေါမနဿ (ဒေါသ) တွေအလိုမကျမှုတွေဝင်ပြီး၊ ငါ့ဘဝတော့မနေရတော့ပါဘူးလို့ ဘဝ (တဏှာ) ကိုစွဲလန်းတဲ့ (ဥပါဒါန်) ဝင်တော့ဘယ်မှာလားရာဂတိကောင်းနိုင်ပါတော့မလဲ။

ငါအို၊ ငါနာ၊ ငါသေတာမဟုတ်ဘူး၊ ခန္ဓာကိုယ်ကြီးဟာ (ဓမ္မ) သဘောတရား ဒါ သူ့ (သဘာဝ) တရားပဲ၊ ခန္ဓာသဘောက (ရုပ်နာမ်) ပရမတ်ပဲ၊ (ရုပ်နာမ်) ပရမတ်တို့ (ဖြစ်) လာထဲက (ပျက်) တဲ့ဆီသွားနေတာ (ပရမတ်) တို့ရဲ့သဘောပဲ၊ (ရုပ်နာမ်) ပရမတ်ကို (ပရမတ်) သဘောသိတဲ့နှလုံးသွင်းမှုနဲ့ သေရတာဘာ (တဏှာ၊ ဥပါဒါန်) မှမပါဘူး။

(ရုပ်နာမ်) ဆိုတဲ့ (ဓမ္မသဘာဝ) တရား (ဖြစ်ပြီး) ဒီဓမ္မသဘောလေးက (ပျက်) သွားတာပဲ (ရုပ်နာမ်) ရဲ့သဘာဝတရားကို ဖမ်းမိချင်ရင် (ရုပ်)ဆိုတာ ဖောက်ပြန်တဲ့ (သဘော) ကိုရှုတတ်ဖို့လိုတယ် (နာမ်) ဆိုတာသိမှု (သဘော)ကို ဖမ်းတတ်ရမယ်၊ သေခါနီးမှာ (ရုပ်နာမ်) ရဲ့သဘောဖြစ်တဲ့ ဖောက်ပြန်တာနဲ့ပျက်စီးတာကို အစိန္တက်ပါပြီး ဒီဖောက်ပြန်တာ (ဖြစ်ပျက်) ကိုသိပြီး သေမှအသေကောင်းတယ် (ရုပ်နာမ်) ခန္ဓာရတဲ့သူတိုင်း (ရုပ်နာမ်) ဟာ ဖြစ်လိုက်ပျက်လိုက်ရှိတာ သူ့သဘော၊ သေခါနီးမှာကမ္မဇရုပ်၊ ဥတုဇရုပ်၊ စိတ္တဇရုပ်တွေ ချုပ်တာမဆန်းပါဘူး၊ ဒါကြောင့်တရားသိ၊ သစ္စာ၄ပါး သိပြီး သေရတာအကောင်းဆုံးပဲ။

သေခါနီးကျောင်းတွေ၊ ဇရပ်တွေ ဘာတွေညာတွေ ဆောက်ထားတာ၊ ကုသိုလ်လုပ်ထားတာတွေကို မပြောနဲ့၊ ဒီဒါနက (ကုသိုလ်) အကျိုးပေး၊ သူ့ဟာသူရှိပြီးသား၊ သူ့ဟာသူ ပစ္စယသတ္တိနဲ့ အကျိုးပေးမှာအမှန်ပဲ၊ ဒါကိုထည့်မတွက်နဲ့ သေခါနီး နှလုံးသွင်းအမှန်ဖြစ်ဖို့က အရေးကြီးတယ် (ရုပ်နာမ်) ပရမတ်သိတဲ့နှလုံးသွင်းအမှန်ရဖို့သာ အရေးကြီးဆုံးပဲ၊ ဒါကြောင့် သေခါနီး နှလုံးသွင်းမှန်စွာ နှလုံးသွင်းတတ်အောင်၊ အခုမသေမီ့ထဲက (နှလုံးသွင်း) မှန်မှုကိုအလေ့အကျင့် လုပ်ပါ၊ (သစ္စာ) ဖြစ်တဲ့ (ပရမတ်) ကို ပိုင်ပိုင်နိုင်နိုင်သိအောင် ကြိုးစားပါ။

(ခန္ဓာ) ကသေမျိုးပဲ၊ ဖောက်ပြန်ပျက်စီးသွားမှာပဲ၊ ဒါက အားကိုးရာမဖြစ်ဘူး၊ ဒီဖောက်ပြန်ပျက်စီးနေတာကိုသိတဲ့(အသိဉာဏ်) သာအားကိုးရာဖြစ်တယ်၊ ဖောက်ပြန်တဲ့သဘောက (ရုပ်) ကာယ၊ ဝေဒနာ၊ စိတ္တတွေရဲ့သဘော၊ အဲ့ဒါတွေက (ဓမ္မာ) ပဲ (သင်္ခါရ) သဘော တွေကြောင့် ရုပ်နာမ်သင်္ခါရဝယဓမ္မေသဘောတွေပေါ့၊ ဒီသဘော (ပရမတ်) တွေကိုများများသိအောင်ကြိုးစားရတယ်၊ ဖောက်ပြန်တဲ့ သဘောတွေ (ခန္ဓာ) မှာဖြစ်နေတာများများ သိလာတော့၊ ကြာတော့ ဒီ (ခန္ဓာ) ကိုရွံမုန်းပြီးမလိုချင်တော့ စွန့်တော့တာပေါ့။ (ခန္ဓာ) ကပြတဲ့ သဘောတွေကို ကိုယ့်အသိဉာဏ်နဲ့သိတာ (သမ္မာဒိဋ္ဌိ) အမှန်မြင်ပဲ ပေါ့၊ (ဓမ္မ) သဘော (ပရမတ်) ကိုများများသိအောင်အသိများအောင် လေ့ကျင့်ယူဖို့ (အားထုတ်ယူဖို့) သာအရေးကြီးပါတယ်၊ တရားအား ထုတ်တယ်၊ အားထုတ်တယ်ဆိုပြီး မဆိုင်တာတလွဲတချော်တွေ လျှောက်လုပ်နေရင် အလကားဖြစ်မှာပဲ၊ တရားအားထုတ်တာ (ပရမတ်) သိအောင်ကြိုးစားတာပဲ။

မွေးလာကြထဲက (ရုပ်နာမ်) ၂ပါးနဲ့မွေးလာကြတာပဲ၊ ငါပဲ၊ သူပဲပါလို့လား၊ ခန္ဓာကြီးကမွေးလာတဲ့ (ဇာတိ) ရလာရင် (ဇရာ) ကြီးပြင်းလာမယ် ရင့်လာမယ် အိုလာမယ်၊ (မရဏ) သေမယ်၊ ဒီ (ဇာတိ၊ဇရာ၊မရဏ)က ခန္ဓာရဲ့ပင်ရင်းဖြစ်စဉ် ခန္ဓာဖြစ်စဉ်သဘောပဲ။

ဖောက်ပြန်တဲ့ ပူတယ်၊ အေးတယ်၊ ထုံတယ်၊ ကျင်တယ်၊

ကိုက်တယ်၊ ခဲတယ်ဆိုတာ (ပညတ်) အသိပဲ (ဉာဏ်) မဖြစ်ဘူး၊ ဒီ ပူတယ်၊ အေးတယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတဲ့ (ပညတ်) အသိကို နံမည် မတတ်ပဲနဲ့ သူ့ (သဘော) သဘာဝ (ပရမတ်) သဘောကိုသာ သိရမှာ၊ ဖောက်ပြန်တဲ့ (သဘော) လေးကိုသိရမှာ။

ဖောက်ပြန်တဲ့သဘောဆိုတာ နာမည်တပ်တဲ့ (ပညတ်) ကို မသိရဘူး၊ ဖောက်ပြန်တယ်ဆိုတာ သူ့ပင်ကိုယ်သဘောကို စွန့်စွန့်ပြီး ဖြစ်ပေါ်တဲ့ထူးခြားတဲ့အဖြစ် သဘောလေးတွေပဲ၊ သူ့ပင်ကိုယ်သဘော ကိုစွန့်ပြီးဖြစ်တဲ့သဘော၊ အဲ့ဒီဖြစ်ရပ်သဘောကိုသာသိရမှာ၊ ဥပမာ- ငရုတ်သီးလေးတစ်တောင့် ကိုက်စားလိုက်တော့ လျှာမှာပူလောင် လာတယ်၊ စပ်လာတယ်၊ အဲ့ဒါပူပါလား၊ စပ်ပါလားလို့မယူနဲ့၊ စပ်တာ၊ ချိုတာ၊ ငံတာဆိုတာ (ပညတ်)အနေနဲ့ ကိုယ့်ဟာကိုယ်သိပြီးသားပဲ၊ အပြော (ပညတ်) သဘော (ပရမတ်) ဖောက်ပြန်တာပဲ၊ စကားအဖြစ် နဲ့စပ်တာပဲ၊ ချိုတာပဲ၊ ငံတာပဲလို့မယူနဲ့ စပ်တာကိုကိုယ့်ဟာကို သိပြီး သားပဲ၊ ငရုပ်သီးစားခါမှ ပင်ကိုယ်လျှာက မူလကသဘောမှာ ဘာမှ မဖြစ်ရာကနေ ဖောက်ပြန်လာတာပဲ၊ (ဖောက်ပြန်တယ်) ဆိုတာ ပြောမပြနိုင်တဲ့ ကိုယ့် (ဉာဏ်) နဲ့သိတဲ့ (သဘောသဘာဝ)ကိုယူရတယ်၊ အဲ့ဒါ (ပရမတ်) ပဲ၊ ဖောက်ပြန်တယ်ဆိုတာ အနီးစပ်ဆုံးပြဆိုတာ ငရုပ်သီးစပ်တာက ကိုယ်ကစားလို့လုပ်ယူလို့စပ်တဲ့သဘော၊ ဒီလို လုပ်ယူတဲ့သဘောအသိကိုမယူရဘူး၊ (ခန္ဓာ)ကပြတဲ့ သဘောသဘာဝ

ဓမ္မအသိသာယူရမှာ၊ ဒီငရုတ်သီးက စကားအဖြစ် (ဥပမာ) ပြတာ။

အဲဒီလို ဖောက်ပြန်တယ်ဆိုတဲ့ (သဘောအသိ) ဟာမျက်စိနဲ့ နားနဲ့ မြင်လို့ကြားလို့ သိတာမျိုးမဟုတ်ဘူး၊ သူ့ (ဉာဏ်) နဲ့မြင်တဲ့အသိ၊ အဲ့ဒါ (စက္ခုကရဏီ) နဲ့ အဲဒီလိုဖောက်ပြန်တာသိနေတော့ ဥပသမာယ (ကိလေသာ) ငြိမ်းတယ်၊ (ပရမတ်) နဲ့မြင်မှ (ကိလေသာ)ငြိမ်းတာ။ ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်ဆိုတဲ့ (ကိလေသာ) အမြင်ဖြစ်တဲ့ (ပညတ်) အသိနဲ့မသိပဲ (ကိလေသာ) မဖြစ်တဲ့ (ပရမတ်) သဘော (ဓမ္မ) အနေနဲ့သိရတာပဲ၊ ဒီလို (ပရမတ်) အသိတွေများ လာရင်ခန္ဓာမှာ (ကိလေသာ) တွေချုပ်ငြိမ်းကုန်တယ်။

ခန္ဓာကို (သတိ) ထားပါများတော့ စိတ်ငြိမ်တဲ့ (သမာဓိ) ရလာတော့၊ ဒီလိုစိတ်ငြိမ်တဲ့အခါ(သတိ)လေး(ဉာဏ်) ပညာလေး နဲ့ကြည့်လိုက်တော့ ခန္ဓာအနှံ့အပြားမှာ ပူတာ၊ အေးတာ၊ လှုပ်တာ၊ ရွတာ၊ တောင့်တာ တင်းတာဆိုတာ (ပညတ်) အသိ၊ ဒီလို (ပညတ်) အသိဖြစ်တဲ့ ကိုယ့် (စိတ်) ကိုညစ်ငြမ်းစေတဲ့ (ကိလေသာ) ဖြစ်စေတဲ့အသိမျိုးနဲ့မယူနဲ့၊ ဖောက်ပြန်တယ်လို့ ခေါ်တဲ့ (ဖြစ်) တဲ့သဘော ကိုယ့် (ဉာဏ်) နဲ့သိတဲ့ ဖြစ်လာတယ် ဆိုတဲ့(အဖြစ်)သဘော (သင်္ခါရ)ကိုယူ၊ ဒီအဖြစ်သဘော (သင်္ခါရ) လေးပျက်စီးသွားတဲ့မရှိတော့တဲ့ (အနိစ္စ)ကိုသာသိပေးပါ။

ဒီလိုဖောက်ပြန်တဲ့ (ဖြစ်) သဘောကလည်း (ပရမတ်) ပဲ မဖြစ်တဲ့ (ပျက်) သဘောကလည်း (ပရမတ်) ပဲ၊ "ဖြစ်မဖြစ်ပရမတ် အစစ်"ဆိုတာပေါ့၊ ခန္ဓာကိုယ်မှာအာရုံယူတဲ့ဒွါရ ၆ပေါက်ရှိတော့ ဒီဒွါရ (၆) နေရာကဖောက်ပြန်မှု (ဖြစ်)လာတဲ့ သဗ္ဗေသင်္ခါရဆိုတဲ့ ခန္ဓာမှာ ရှိတဲ့ ၆နေရာကနေ (ဖောက်ပြန်မှု)ဖြစ်လာတာလေးတွေက သဗ္ဗေ သင်္ခါရပေါ့၊ ဒီ (ဖောက်ပြန်မှု)ဖြစ်လာတဲ့ (သင်္ခါရ) လေးကိုကြည့်ပေးပါ။

ဖောက်ပြန်ပြီးပျက်စီးသွားတာက

| | | |
|---|---|---|
| အနိစ္စာဝတသင်္ခါရာ | = | ဖြစ်ပြီးပျက်တာပါပဲ |
| ဥပ္ပါဒါဝယဓမ္မိနော | = | ဖြစ်ပြီးပျက်တာပဲ |
| ဥပ္ပဇ္ဇိတ္ဝာနိရုဇ္ဈန္တိ | = | ဖြစ်ပျက်ပဲ |

တေသံဝူပသမောသုခေါ=ဖြစ်ပျက်ဆုံးရင်သုခ(နိဗ္ဗာန်)ပါပဲ

ခန္ဓာအကြောင်းသိဖို့အတွက် (ဝိပဿနာ) အားထုတ်တာဟာ (သတိပဋ္ဌာန်) နဲ့အပြီးအားထုတ်ရတယ်၊ (ဝိပဿနာ) ရဲ့သွားရာလမ်း ဟာ (ခန္ဓာ) အကြောင်းမမေ့ပဲ (ခန္ဓာ) အကြောင်းသိနေရမယ်၊ ပထမဦးဆုံး (သတိပဋ္ဌာန်) ဖြစ်တဲ့ (သတိ) လုပ်ငန်းနဲ့၊ ခန္ဓာကိုကြည့် ရင် (ရုပ်) ပရမတ်တို့ (ဖောက်ပြန်တာ) ကို မမေ့နဲ့တဲ့၊ **"အပ္ပမာဒေါ အမတံပဒံ"** လို့ မြတ်ဗုဒ္ဓဟောကြားတာပေါ့၊ (အပ္ပမာဒေါ) = မမေ့ လျော့ခြင်းဆိုတာဘာလဲ၊ မိမိခန္ဓာကို မမေ့လျော့ရဘူးဆိုတာပဲ၊ (နိဗ္ဗာန်)ရဖို့ဆိုတာ ဒီခန္ဓာမှာပဲ၊ ဒီခန္ဓာနဲ့ရင်းနှီးယူရတယ်။

ပထမဦးဆုံး (သတိ) လုပ်ငန်း (သတိပဋ္ဌာန်) နဲ့ (ခန္ဓာ) ကို ကြည့်ရင် (ပရမတ်တို့ဖောက်ပြန်နေတာ)ကိုသိမယ်၊ ဒါကိုဆက်ကြည့်ရင် (ရုပ်) ပရမတ်တို့ဟာ ဖောက်ပြန် (ပျက်)သွားတဲ့ (အနိစ္စ)သဘောကိုတွေ့ရင် (ဝိပဿနာ) အဆင့်ရောက်ပြီပဲ၊ ဒီတော့ပျက်တဲ့ (အနိစ္စ) ကိုလည်း မမေ့ပါနဲ့တဲ့။

(ရုပ်) ပရမတ်ဆိုင်ရာက ဖောက်ပြန်ပြီးပျက်တယ် (နာမ်) ပရမတ်ဆိုင်ရာ ခံစားမှု၊ သိမှုတွေကလည်းဖြစ်ပြီးပျက်တော့တာက (ခန္ဓာ) မှာရှိတဲ့ (ရုပ်နာမ်)နှစ်ပါးတို့ဟာ သူ့ကိစ္စသူဆောင်ရွက်ပြီး ပျက်နေကြရတာပဲ၊ တည်တံ့ခိုင်မာမှုမရှိပဲ ပျက်တဲ့သဘောလို့သိရတယ်၊ ဒီအသိမျိုးကို ခဏခဏသိအောင်၊ အမြဲသိအောင်မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံဝင်ခါနီးမှာတောင် -

ဟန္ဒဒါနိဘိက္ခဝေအမန္တယာမိဝေါ

ဝယဓမ္မာသင်္ခါရာအပ္ပမာဒေန

သမ္ပာဒေထလို့ဟောခဲ့တာပဲ၊ ဒါ (နိဗ္ဗာန်) ရစေချင်လွန်းလို့ဟောတာပဲ။

အကယ်၍မေ့နေယ်ဆိုရင် (ဓမ္မပဒအဋ္ဌကထာ) က

ပမတ္တဿစ = မေ့လျော့သောပုဂ္ဂိုလ်သည်

စတ္တာရောအပါယာ = အပါယ် (၄)ဘုံတို့၌

သကဂေဟာသဒိသာ = ကိုယ့်အိမ်နဲ့အတူတူပါပဲတဲ့

မမေ့ဘို့ရာ ဒီခန္ဓာသည် ဖောက်ပြန်တဲ့သဘော၊ ပျက်တဲ့ သဘော (ဖြစ်ပျက်) နေတာကိုသိအောင်လုပ်ရမယ်၊ ဒါကို ကိုယ်ပိုင် သိတဲ့သဘောနဲ့ အပိုင်အနိုင်သိအောင် လုပ်ရမယ်။ ဒီခန္ဓာကြီးသည် ဖောက်ပြန်ပြီးပျက်တာ၊ ဖောက်ပြန်ပြီးပျက်တာတွေနဲ့ ပြည့်နှက်နေ တော့ ဒီအမှန်အမြင်ကကြာလာရင် ငြီးငွေ့စရာဖြစ်လာတယ်။

ဒီငြီးငွေ့တယ်ဆိုတာဟာ လိုချင်မှု (ကာမတဏှာ)နဲ့ဆန့်ကျင် ဘက်ပဲ၊ (သတ္တဝါ)တိုင်းဟာကြည့်လို့ကောင်းတာ၊ ကြားလို့ကောင်းတာ၊ အနံ့ကောင်းတာ၊ စားလို့ကောင်းတာ၊ ထိတွေ့လို့ ကောင်းတာမှာပဲ သာယာကြတယ်၊ အကယ်၍ (ခန္ဓာ)သဘောဖြစ်တဲ့ (ရုပ်နာမ်)ရဲ့ အမှန်တကယ်သဘောကိုသိသွားရင် ကြည့်လို့မကောင်း၊ ကြားလို့ မကောင်းတဲ့သဘော၊ ဒီအာရုံ (၅)ပါးမှာ မသာယာဘူးဆိုရင် ငြီးငွေ့ လာတာပါပဲ။

ငြီးငွေ့လာရင် နှစ်သက်မှု၊ တွယ်တာမှု၊ လိုချင်မှုတွေ မဖြစ်တော့ဘူး။

"နာမဉ္စရူပဉ္စက္ခဒက္ခမသို့ ကာယေတိသစ္စာတော"

| | |
|---|---|
| နာမဥ္စ | = သိတတ်သောသဘောသည် လည်းကောင်း |
| ရူပဥ္စ | = ဖောက်ပြန်တတ်သော သဘော သည်လည်းကောင်း |

ဣဒဏ္ကမသ္မိံ ကာယေတိ = ဤခန္ဓာကိုယ်၌

သစ္စာတော = အမှန်အားဖြင့် ရှိ၏တဲ့ ခန္ဓာကိုယ်ရဲ့အရှိတရားဟာဒါပဲတဲ့၊ ဤခန္ဓာကိုယ်မှာ (ဖောက်ပြန်) တဲ့သဘောတွေဟာ ပျက်ပြီးရှိနေတယ်၊ (သိ) တဲ့သဘောတွေသည်လည်း ပျက်ပြီးရှိနေပါတယ်တဲ့၊ အဲ့ဒါကိုမမေ့ကြပါနဲ့တဲ့။

ဒီလို (ခန္ဓာ) အကြောင်းတွေကိုသိပြီးနေတော့ (ခန္ဓာ) အကြောင်းကိုကြာကြာသိတော့ လိုချင်စရာ၊ တွယ်တာစရာ၊ နှစ်သက်စရာမပါတော့ မြင်ရတဲ့အမြင်မှာ သိအပ်တဲ့အသိမှာ ငြိမ်းငွေ့တယ်၊ ဒါမဂ်တက်စဉ်ပဲ၊ လိုချင်မှု၊ တွယ်တာမှုတွေမဖြစ်တော့ (တဏှာ) ကနေလွတ်မြောက်နေတာပေါ့၊ (အဝိဇ္ဇာနဲ့တဏှာ) ပြတ်နေတော့ ခန္ဓာရဲ့သဘောသည် (ဒုက္ခ)ပဲဖြစ်နေတော့ (ခန္ဓာနိရောဓေါနိဗ္ဗာနံ) ရောက်တာပဲ၊ ဒါဟာ (အပ္ပမာဒေါအမတံပဒံ) ခန္ဓာကိုမမေ့နဲ့လို့ မြတ်စွာဘုရားဟောရတဲ့အဓိပ္ပါယ်ပဲ။ မမေ့လို့ (နိဗ္ဗာန်) ရောက်တာပဲပေါ့၊ မမေ့မလျော့ခြင်းသည် မသေခြင်း၊ နိဗ္ဗာန်ရောက်ခြင်းဖြစ်တာပေါ့၊ (ခန္ဓာ) သဘောသည်လိုချင်တွယ်တာစွဲလန်းစရာပါတဲ့ (တဏှာ၊ ဉပါဒါန်) မဟုတ်ဘူး၊ လွတ်မြောက်တဲ့တရားဖြစ်စေတဲ့အတွက်တဲ့၊ ဒါကိုမမေ့နဲ့လို့မြတ်စွာဘုရားဟောရတာပါ။

(ဓမ္မာနုပဿနာ) ထဲမှာ နီဝရဏပဗ္ဗ၊ ခန္ဓပဗ္ဗ၊ အာယတနပဗ္ဗ၊ ဗောဇ္ဈင်ပဗ္ဗ၊ သစ္စာပဗ္ဗရယ်လို့ (၅)ပိုင်းလုံးဟောတာ၊ ရုပ်နာမ်ဓမ္မတွေ၊

သင်္ခါရဓမ္မတွေ၊ သစ္စာဓမ္မအားလုံးဟာ(ဓမ္မာနုပဿနာ)ထဲမှာဝင်တယ်၊ (အာနာပါန)ကနေ(ဓမ္မာနုပဿနာ)ကိုတက်လို့ရတယ်၊ ဓမ္မာနုပဿနာကိုတက်တာများပါတယ်၊ ဘာကြောင့်လည်းဆိုတော့-နှာခေါင်းဆိုတော့ (အာယတန)လည်းဖြစ်တယ်၊ခန္ဓာလည်းဖြစ်တော့ (အာနာပါန) တောင်မှ (ဓမ္မာနုပဿနာ) ထဲဝင်သွားပါတယ်။

ထွက်လေ၊ ဝင်လေတိုးတိုက်ပြီး ထိသွားတာမှာ (ထိ) ဘာကို အကောင်အထည်လို့မမှတ်ပါနဲ့၊ ထိတာက (အာယတန) ၊ (ထိ) တာ တိုက်တွေ့တာ ကာယာယတန၊ (ထိ) တဲ့သဘောက (အာယတန)၊ (အာနာပါန)ကထိကာတွေ့တိုက်တဲ့ (ကာယ) တို့ (အာယတန) သဘော တို့ကထိတိုက်ပြီး ပျက်သွားတာပဲ၊ “ယံကိဉ္စိသမုဒယဓမ္မံ သဗ္ဗတံနိရောဓ ဓမ္မန္တိ” အနေနဲ့ (ဖြစ်ပျက်) ပဲရှိတယ်၊ (ဖြစ်ပျက်)ဟာ ဓမ္မသဘော၊ ဓမ္မသဘောကိုရှုတော့ (ဓမ္မာနုပဿနာ) ထဲဝင်တာပေါ့။

ထွက်လေ၊ ဝင်လေဟာ ထွက်သွားတာလည်းဖြစ်ပြီး ပျက်သွားလို့(ဖြစ်ပျက်)ပဲဝင်သွားတာလည်း ဖြစ်ပြီးပျက်သွားလို့ (ဖြစ်ပျက်) ပဲ၊ (ဖြစ်ပျက်)ဟာ ဓမ္မသဘောတရား (ကာယ)၊ (အာယတန)လို့နံမည်တပ်ပေမဲ့ (ဓမ္မာနုပဿနာ) ပါပဲ၊ (အာနပါန) ဆိုတာနံမည်တပ်တာ၊ အဲ့ဒီနံမည်က (ဓမ္မသဘာဝ)မဟုတ်ဘူး၊ (အာနပါန)ကို(ကာယနုပဿနာ) သတိပဋ္ဌာန်ထဲထည့်ထားပေမဲ့၊ (ကာယနုပဿနာက) (ရုပ်နာမ်)ပဲလို့အသိအမှတ်ပြုပေးလိုက်တော့ (ဓမ္မ) သဘောတရား

တွေ့ထုတ်ပြလိုက်တာဖြစ်တော့ (ကာယာနုပဿနာအာနာပါန) ကလည်း (ဓမ္မာနုပဿနာ) ထဲဝင်သွားတာပေါ့။

မိမိက (သတိဝီရိယ) ကိုရှေ့ထားပြီး (ပညာမဂ္ဂင်) နဲ့ကြည့်ရမှာကထိတယ်ပျက်တယ် (သို့မဟုတ်) သိတယ်၊ ပျက်တယ်ပါပဲ၊ သိတယ်ပျက်တယ်က (ဝိညာဏ်) သိမှုသဘော (ထိ) တာလည်း ဖြစ်လာတာပဲ၊ (သိ) တာလည်းဖြစ်လာတာပဲ၊ နဂိုလ်ရှိရင်းစွဲသဘောကနေဖြစ်လာပြီး ပျက်ပျက်သွားတာပဲ၊ အဲ့ဒါ (သတိပဋ္ဌာန်)မှာပါတဲ့ သမုဒယဓမ္မာ၊ ဝယဓမ္မာပါပဲ၊ (ဖြစ်ပျက်)ဟောထားတာပါပဲ၊ ဒါ့ဘာဖြစ်လို့လည်း (သင်္ခါရ) လောကမှာ သင်္ခါရသဘောရှိနေလို့ (သင်္ခါရ)ဆိုတာ (ဖြစ်ပျက်ပြုပြင်) နေလို့ပဲ၊ ဒီ(သင်္ခါရ)ကလည်း (ဓမ္မ)ပဲ၊ ဒါက (အာနာပါန) ကနေဖြစ်ပျက် (ဓမ္မာနုပဿနာ) ကိုတက်တဲ့နည်းပါပဲ။

(ဓမ္မ) ဆိုတဲ့ ပရမတ်၊ (ပရမတ္ထဓမ္မ)ရဲ့သဘောတရားသည် (ဖောက်ပြန်)တဲ့ဖြစ်ပေါ်မှုရှိသလို ဒီ (ဖောက်ပြန်)မှုဟာလည်း ပျက်စီးချုပ်ပျောက်သွားပါတယ်။ ပျက်စီးကုန်ပျောက်သွားတဲ့ (ပရမတ်) သဘောတရားသည်သာ အမှန်ရှိပါတယ်။ (ဉာဏ်)နဲ့(ပညာ)နဲ့သိရတဲ့ (ပရမတ်)သဘောတရားသည် ဘာမှမရှိဘူး၊ ပထမတော့သတိ၊ ဝီရိယနဲ့ကြည့်တော့ ဖောက်ပြန်မှုသိမှု (ရုပ်နာမ်) ကရှိနေတယ်၊ အဲ့ဒီရှိတယ်ထင်တဲ့ (ရုပ်နာမ်) ၂ပါးကို (ဉာဏ်)နဲ့ (ပညာ)နဲ့ကပ်ကြည့်တော့ ဖောက်ပြန်တဲ့ (ရုပ်) သဘောကလည်း (အနိစ္စ) ပျက်ပြီး ကုန်ပျောက်

သွားတယ်၊ (သိမှု) သဘောသည်လည်း ပျက်စီးကုန်ပျောက်သွားပါတယ်။(ရုပ်နာမ်) ၂ပါးပျက်သွားတဲ့မရှိတဲ့(ပရမတ်) ကိုသိနေသူရဲ့ **ခန္ဓာကိုယ်ကြီးဟာ တောင့်မှု၊ တင်းမှုမဖြစ်ဘူး။ ညောင်းညာကိုက်ခဲမှုမှလွတ်တယ်။**

(မရှိ)တာကို (ဉာဏ်) နဲ့ (ပညာ) နဲ့သိခြင်းသည် ဟုတ္တွာ အဘာဝတွေနအနိစ္စ'၊ ဒီနေရာမှာ သာသနာလုပ်ငန်းကုန်ပါတယ် (သတိ) အလုပ်ကတည်ပေးတယ်၊ (ပညာ) အလုပ်ကမရှိကြောင်း သိထားတယ်၊ ဘုံသုံးပါးမှာ ငါ၊ ငါဟာ၊ ငါ့ဥစ္စာရယ်လို့ ဘာမှယူစရာ မကျန်ဘူး၊ အားလုံးဟာ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) ပဲ၊ (ပရမတ်)ကိုသိဖို့ အတွက်မှာ (သတိနဲ့ပညာ)နဲ့ ဒီ၂ချက်နဲ့ကြည့်ပါလို့ ဟောတာပဲ၊ ဒီလိုကြည့်တော့ ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ရတာပဲ။

(ပရမတ်) ကိုတွေ့ရင်သိရင် (ကိလေသာ) မဖြစ်ဘူး (ကိလေသာ) ဖြစ်ရတာက (ပညတ်) အာရုံကြောင့်ဖြစ်ရတာ ရုပ်နာမ် (ပရမတ်) ကိုမသိတဲ့ပုထုဇဉ်က (ရုပ်) ကို (ခန္ဓာငါးပါးသက္ကာယ)ကို ငါလို့ထင်တော့(သက္ကာယဒိဋ္ဌိ)ဖြစ်တာပေါ့၊ (ခန္ဓာငါးပါး)ခန္ဓာရုပ်ကြီးကို ငါလို့ထင်၊အခြားသူကိုသူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအထင် ရောက်တာကိုး၊ (ရူပံအတ္တာတောသမနုပဿတိ) ရုပ်ကို ငါထင်တာကိုး၊ (ရူပံ) ဆိုတဲ့ဖောက်ပြန်မှုသဘောကို ငါထင်၊ သူထင် ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါထင်တော့ (ပညတ်) အာရုံမြင်တော့ ဖဿ၊ ဝေဒနာ၊

တဏှာ၊ ဥပါဒါန်တွေဝင်လာပြီး သောကပရိဒေဝဒေါမနဿ ဥပါယာသတွေ ဒုက္ခအစုတွေဖြစ်တာပေါ့၊ ခန္ဓာသဘောကိုမှမသိတော့ ခန္ဓာကို (ငါ) လုပ်ထားတော့ သောကမီး၊ ဒေါသမီး၊ ငိုကြွေးမီးတွေ မီး (၁၁) ပါးတွေ တောက်လောင်ကုန်ကြတာပေါ့။

ခန္ဓာကိုယ်ကြည့် (ဖြစ်ပျက်) နေတာသိတဲ့အသိဟာ အားကိုးရာပဲ၊ (ရုပ်) ဆိုတဲ့ (ဖောက်ပြန်) တဲ့သဘောကိုသိလိုက်ရင် ပျက်သွားတာပဲ၊ (ဖြစ်)တဲ့သဘောနောက်မှာ (ပျက်)တဲ့သဘောကကပ်ပြီးပါပြီး သွားပဲ၊ ဖြစ်လာရင် ပျက်ဖို့သဘောပဲရှိတယ်၊ (ဇာတိ) ဖြစ်မှု၊ အိုမှု၊ နာမှု၊ သေမှုသဘောက ဘယ်သူမှမလွတ်ဘူး (ဒုက္ခသစ္စာ)ပဲ၊ ကိုယ့်ကိုယ်ကို ငါ၊ သူ၊ ယောကျ်ား၊ မိန်းမအသိဟာ အားကိုးရာမရဘူး (ခန္ဓာ) ကိုကြည့် ခန္ဓာရဲ့သဘော (ဓမ္မသဘော)တွေသိမှ အားကိုးရာဖြစ်တော့တယ်။

(မှတ်ချက်) ။ ဤတရားများသည် ဆရာကြီး၏တရားစာအုပ်များ၊ တရားခွေများထဲမှ (ဓမ္မာနုပဿနာ) သဘောများကို စာရေးသူမှ ကောက်နှုတ်၊ ပေါင်းစပ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

# ပခုက္ကူဆရာတော်ဘုရားကြီးဟောကြားတော်မူသော ဓမ္မာနုပဿနာ (အနှစ်ချုပ်)

## ဓမ္မာနုပဿနာတရားတော်

(ဓမ္မာနုပဿနာ) ဆိုတာ

ဓမ္မ = သဘောလက္ခဏာတွေကို

နုပဿနာ= အဖန်ဖန်ရှုတာ၊ (ဓမ္မ) လို့ခေါ်တဲ့ (သဘောလက္ခဏာ) တွေကိုအဖန်ဖန်ရှုတာက (ဓမ္မာနုပဿနာ) တရားပါပဲ (မှန်ပါ့)

ဓမ္မေ = သဘောလက္ခဏာတရားတို့၌

အနုပုနပုနံ = အဖန်ဖန်

ပဿနာ = ရှုခြင်းက (ဓမ္မာနုပဿနာ) ပါပဲ (မှန်ပါ့)

(ဓမ္မ) ဆိုတဲ့သဘောလက္ခဏာတွေ အများကြီးပေါ့၊ (နိဗ္ဗာန်) ရောက်ကြောင်း (ဓမ္မ) အနေနဲ့ မြတ်စွာဘုရားရှုစေချင်တဲ့ (ဓမ္မ) က (ဝိညာဏ်၊ နာမ်၊ ရုပ်) ဆိုတဲ့ (ခန္ဓာဓမ္မ) တွေပေါ့၊ (ဝိညာဏ်) က (စိတ်)၊ နာမ်က (စေတသိက်)၊ ရုပ်က (ရုပ်) ဓမ္မသဘော (ရုပ်) ပေါ့၊ (မှန်ပါ့)။ မြတ်စွာဘုရားရှုစေလိုတဲ့စိတ်က (ဝိည ာဏ်) ဆိုတဲ့ (သိစိတ်) ကလေးပဲ၊ ဉာဏ်နဲ့သိမြင်အောင်ပေါ့ (မှန်ပါ့)၊ မြင်သိစိတ် (မြင်ကာမတ္တ) ကြားသိစိတ် (ကြားကာမတ္တ) စတဲ့ (သိ) သဘော(သိလုံး)လေးတွေ နံသိစိတ်၊ စားသိစိတ်၊ ထိတွေ့သိစိတ်စတဲ့ (ဝိညာဏ်) သိကာ

မတ္တစိတ်ကလေးကိုပဲ၊ ဣတိ (ဝိညာဏ်) ဤဟာ (ဝိညာဏ်)လို့ ဉာဏ်နဲ့ပိုင်းခြားသိပါတဲ့ (မှန်ပါ့)၊ (ဓမ္မာနုပဿနာ) ကို မြတ်စွာဘုရားဟောတဲ့ (နိဝရဏပဗ္ဗ) နဲ့ (ခန္ဓပဗ္ဗ) ကိုမဟောခင်အကြမ်းဖျဉ်းသိထားအောင်အရင်ပြောမယ် (မှန်ပါ့)

ဝိညာဏ်၊ နာမ်၊ ရုပ်က (စိတ်၊ စေတသိက်၊ ရုပ်) ပဲ၊ စိတ်ကတော့ (ဝိညာဏ်) စိတ်ကိုရှုရမှာပေါ့၊ (ဝိညာဏ်) စိတ်ဟာ အတွင်း (အဇ္ဈတ္တ) နဲ့အပြင် (အာယတန) ၂ခုတို့တွေ့တိုက်မိရင် (ဝိညာဏ်) ဖြစ်တာပါပဲ၊ မျက်စေ့ဖွင့်လိုက်တာနဲ့ အဆင်း (ရုပ်) ကိုမြင်လိုက်တာနဲ့ (မြင်သိစိတ်) ဖြစ်ပေါ်လာတဲ့ (သိစိတ်) ကလေးက (ဝိညာဏ်) ပဲ၊ မျက်စေ့နဲ့အဆင်းရုပ်၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့ထိတွေ့စရာ၂မျိုးတိုက်တွေ့ရင် (သိရုံ)မျှလေး (စိတ်) ဟာ (ဝိညာဏ်) ပါပဲ၊ အဲ့ဒီလို မျက်စေ့နဲ့အဆင်းရုပ်၊ နားနဲ့အသံရုပ်၊ နှာခေါင်းနဲ့အနံ့ရုပ် စတဲ့ (အာရုံ)နဲ့ (ဒွါရ) အကြောင်း၂ခုကြောင့် ပေါ်လာတဲ့အကျိုး (ဝိညာဏ်) (သိစိတ်) ကလေးဟာ (ဓမ္မ) ပေါ့၊ ဒါဟာ (သဘာဝတရား) လေး (ဓမ္မ)ပေါ့၊ အကြောင်းကြောင့် အကျိုးဖြစ်လာတဲ့ (သဘာဝ) တရား၊ သဘာဝဓမ္မ၊ ဒါ သူ့သဘောသဘာဝတရား (ဓမ္မ) ပေါ့ (မှန်ပါ့)၊ ဒီသဘာဝဓမ္မ (ဝိညာဏ်) စိတ်ခန္ဓာကို (ဉာဏ်) နဲ့ရှုရမှာပေါ့၊ ဒါမှ (ခန္ဓာဉာဏ်ရောက်) ဖြစ်မှာပေါ့ (မှန်ပါ့)၊

မြတ်စွာဘုရားက သိခါလေးမျှကိုရှုပါတဲ့၊ အပြင်အာရုံ (၆)

ပါးကကိုယ့်မှာရှိတဲ့ အတွင်းဒွါရ (၆)ပါးမှာ လာတွေ့ထိတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ (သိစိတ်) ကလေးဖြစ်တဲ့ (ဝိညာဏ်) ကို ဣတိဝိညာဏ်= ဤဟာ (ဝိညာဏ်) လို့သိလိုက်ပါ၊ ရှုပါတဲ့ (မှန်ပ့ါ)။ မြင်စိတ် (ဝိညာဏ်)၊ ကြားစိတ် (ဝိညာဏ်)၊ နံစိတ် (ဝိညာဏ်) စတဲ့ (ပရမတ်) စိတ်ကလေးတွေ ပေါ်လာရင်ကိုယ့်ရဲ့အသိ (ဉာဏ်) မဂ္ဂင်နဲ့ရှုသိလိုက်လို့ရှိရင် ဒီ (ဝိညာဏ်)စိတ်ကလေးက ချုပ်ပျောက်ပြီး ကိုယ့်သိစိတ် (မဂ္ဂင်) ပဲအစားထိုးတော့ ခုနကမြင်သိစိတ် (မြင်စိတ်) ကလေးက ချုပ်ပျောက်တာကို (ဣတိဝိညာဏအတ္ထင်္ဂမော) ဝိညာဏ် ချုပ်ကြောင်းလို့ရှုပါတဲ့၊ မြင်စိတ် (ဝိညာဏ်) ကလေးပျက်သွားတာ သိပေးပါ၊ ဝိညာဏ်ချုပ်ကြောင်း (အနိစ္စ) ကိုသိပါတဲ့၊ (ဓမ္မာနုပဿနာ) က (ဝိညာဏ်)ဖြစ်တဲ့ (ပရမတ်) ကို ရှုတာပဲပေ့ါ (မှန်ပ့ါ)၊

(ဝိညာဏ်) စိတ်ဓမ္မရှုနည်းသိပြီးရင် (စေတသိက်) မပြောခင် (ရုပ်) ရှုနည်းပြောရင် (ရုပ်) ဓမ္မရှုနည်းကလည်း (ဝိညာဏ်) ဆိုတဲ့ သိစိတ်ကလေးလို့ မရှုချင်ပဲ (ရုပ်) ကိုရှုချင်ရင်မြင်မြင်သမျှက (ရုပ်)ချည်းပေ့ါ၊ နားနဲ့ကြားတဲ့အသံကလည်း (ရုပ်) ပဲ၊ နှာခေါင်းနဲ့ နံတာကလည်း (ရုပ်) ပဲ၊ အပြင်အာယတန ၆ပါးကလည်း (ရုပ်) ပဲ၊ အတွင်းအာယတနကလည်း (ရုပ်) ပဲ၊ အဆင်းရုပ်၊ အသံရုပ်တို့က မျက်စေ့အကြည်ရုပ်၊ နားအကြည်ရုပ် စတဲ့အတွင်းအပြင် (ရုပ်) နှစ်ခု တွေ့တိုက်တော့ ရုပ်+ရုပ် = (ရုပ်) ပဲဖြစ်တော့ ပေါ်လာတာကို ဤဟာ

(ရုပ်)၊ ဣတိရူပံ=ဤဟာ(ရုပ်)လို့ရှုပါတဲ့၊ (ရုပ်)ပဲလို့သိလိုက်လို့ (ရုပ်) ချုပ်သွားတာကိုသိရင် (ဣတိရူပဿအတ္ထင်္ဂမော) = ဤဟာ ရုပ်ချုပ်ကြောင်း (အနိစ္စ) ပေါ့၊ (ရုပ်) ဆိုတဲ့သဘောဓမ္မ (ပရမတ်) ကိုရှုကော့ (ဓမ္မာနုပဿနာ) ဖြစ်တာပေါ့ (မှန်ပ့ါ)၊

(ဓမ္မာနုပဿနာ) က (ဝိညာဏ်၊ နာမ်၊ ရုပ်) ဖြစ်တဲ့ ခန္ဓာပိုင်း၊ နီဝရဏပိုင်း၊ အာယတနပိုင်း၊ ဗောဇ္ဈင်ပိုင်း၊ သစ္စာပိုင်းရယ်လို့ အပိုင်း (ငါး) ပိုင်းဟောထားပါတယ်။

(ဝိညာဏ်) ဆိုတဲ့ (ပရမတ်ဓမ္မ) နဲ့ (ရုပ်) ဆိုတဲ့ (ပရမတ်ဓမ္မ) ရှုတာသိပြီးရင် (ဝိညာဏ်၊ နာမ်၊ ရုပ်) ဆိုတဲ့ (စိတ်၊ စေတသိက်၊ ရုပ်) ဖြစ်တဲ့ (စေတသိက်) နာမ်ဓမ္မရှုပုံကို (နီဝရဏ) ရှုနည်းအနေနဲ့လည်း မြတ်စွာဘုရားကဟောပါတယ် (မှန်ပ့ါ)

## "ဓမ္မာနုပဿနာနီဝရဏပိုင်း"

(စေတသိက်) က (သင်္ခါရက္ခန္ဓာ) သင်္ခါရဖြစ်တော့၊ သင်္ခါရက္ခန္ဓာ (စေတသိက်) တွေကအများကြီးရှိသော်လည်း (နီဝရဏ) ဖြစ်တဲ့ (သင်္ခါရ) စေတသိက်ကိုသာရှုရင် အကျိုးများပါတယ်၊ (နီဝရဏ) ဆိုတာပိတ်ပင်တားဆီးတာ၊ ဘာတားသလဲဆိုတော့ မဂ်ဖိုလ်နိဗ္ဗာန်ကိုတားဆီးတာပဲ (မှန်ပ့ါ) အဲ့ဒါ မဂ်တားဖိုလ်တားတဲ့ နီဝရဏ (စေတသိက်) ၅ပါးကိုသာရှုပါလို့ (နီဝရဏ) ဖြစ်တဲ့သင်္ခါရ

စေတသိက် ၅မျိုးကိုသာရှုပါလို့ (ဓမ္မာနုပဿနာ)မှာ (နီဝရဏ) ၅ပိုင်း အနေနဲ့ (ပဌသုနီဝရဏေသု) လို့မြွက်စွာဘုရားဟောထားပါတယ် (မှန်ပါ့ဘုရား)။

မကောင်းတဲ့အကုသိုလ်စေတသိက်တွေထဲမှာ မဂ်တရား ဖိုလ်တရား (နိဗ္ဗာန်) တရားတွေမရအောင်ပိတ်ပင်တားဆီးတတ်တဲ့ (နီဝရဏ) လို့အမည်ရှိတဲ့ (ဓမ္မေသု) သင်္ခါရက္ခန္ဓာ (စေတသိက်) နာမ်တရားကိုရှုပါလို့ ပါဠိတော်နဲ့ နီဝရဏငါးပါးကို ရှုခိုင်းပါတယ် (မှန်ပါ့)။

(၁) **ကာမစ္ဆန္ဒနီဝရဏ** = မိမိသန္တာန်၌ ဖြစ်သောကာမဂုဏ်များ ကပ်ငြိမှု၊ တပ်မက်သော (ကိလေသာ) ဖုံးလွှမ်းမှုအတားအဆီး (စေတသိက်)၊

(၂) **ဗျာပါဒနီဝရဏ** = မိမိသန္တာန်၌ဖြစ်သော (ဒေါသ) ဖုံးလွှမ်းမှု အတားအဆီး (စေတသိက်)၊

(၃) **ထိနမိဒ္ဓနီဝရဏ** = ထိုင်းမှိုင်း၊ ပျင်းရိခြင်းဖုံးလွှမ်းမှု အတားအဆီး၊

(၄) **ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ** = ပျံ့လွင့်ခြင်း၊ ပူပန်းခြင်းအတားအဆီး၊

(၅) **ဝိစိကိစ္ဆာနီဝရဏ** = ယုံမှားတွေးတောမှုဖြင့် မဆုံးဖြတ်နိုင်

သော အတားအဆီး(၅)မျိုး ဟောထား
ပါတယ်(မှန်ပ့ါ)

## နိဝရဏရှုနည်း (သခ်ီရရှုနည်း)

(၁) **ကာမစ္ဆန္ဒနိဝရဏ** = ကာမစ္ဆန္ဒလို့ခေါ်တဲ့ ငါးပါးအာရုံ (ကာမဂုဏ်) တွေစွဲကပ်ငြိတော့ ကာမတဏှာဆိုတဲ့နှစ်သက်တယ်၊ လိုချင်တပ်မက်တဲ့ (လောဘ) စိတ်တွေဟာ မိမိသန္တာန်မှာဖြစ်ပေါ်လာတယ် (မှန်ပ့ါ)၊ ဒီလို (လောဘမူစိတ်) (ကာမစ္ဆန္ဒ) တွေက မြင်လို့ပဲဖြစ်စေ၊ ကြားလို့ပဲဖြစ်စေ၊ နံလို့ပဲဖြစ်စေ၊ စားလို့ပဲဖြစ်စေ၊ ထိတွေ့မိလို့ပဲဖြစ်စေ၊ ကြံတွေးမိလို့ပဲဖြစ်စေ၊ အဲ့ဒီလို စိတ် ၆ပါးဖြစ်လာတဲ့နေရာမှာ (စိတ်) ကိုချယ်လှယ်တဲ့ (စေတသိက်) တရားဖြစ်တဲ့သာယာမှု၊ နှစ်သက်မှု၊ လိုချင်မှု၊ တက်မက်မှုမျိုးဖြစ်တဲ့ အာရုံငါးပါးဝတ္ထုကာမကို သာယာတဲ့ ကာမသုခါလိက (ကာမဂုဏ်) တရား (ကာမစ္ဆန္ဒ) ရှိလာရင် ရှိတယ် (ဖြစ်တယ်) လို့သိလိုက်ပါတဲ့၊ ဒီလိုသိလိုက်လို့ဖြစ်လာတဲ့အသိလေး ပျက်သွားရင် (ပျက်တယ်) လို့ သိလိုက်ပါတဲ့ (မှန်ပ့ါ)

(၂) **ဗျာပါဒနိဝရဏရှုနည်း** = (ဗျာပါဒ) ဆိုတာစိတ်ဆိုးမှု၊ စိတ်ပျက်မှု၊ ညှင်းဆဲ သတ်ဖြတ်လိုမှု၊ ပျက်စီးစေလိုမှု၊ စိတ်ဆိုးစိတ်သွမ်း တွေအားလုံးဟာ (ဗျာပါဒ) တွေ

ချည်းပဲ (မှန်ပ့ါ) ဒီလိုစိတ်ဆိုး၊ စိတ်သွမ်းတွေ မိမိအတွင်းသန္တာန်စိတ်မှာ ရှိလာရင်၊ ဖြစ်လာရင်၊ ရှိတယ်၊ (ဖြစ်တယ်) လို့သိလိုက်ပါ။ ဒီလိုမိမိရဲ့ (ရှုဉာဏ်) နဲ့ရှုလိုက်လို့ သိလိုက်လို့မရှိတော့ပါပဲ ချုပ်သွားရင်၊ ပျက်သွားရင် (ပျက်တယ်) လို့ သိလိုက်ပါတဲ့ (မှန်ပ့ါဘုရား)

(၃) **ထိနမိဒ္ဓနိဝရဏရှုနည်း** ။ ထိနမိဒ္ဓနိဝရဏဆိုတာ (ထိန) က စိတ်သဘောလေးမခန့်တဲ့အတွက် အလုပ်မှမလုပ်ချင်အောင်၊ အား မထုတ်ချင်အောင်၊ စိတ်မထက်သန်အောင် စိတ်ရောကိုယ်ပါ ထုံ ထိုင်းနေတဲ့သဘော၊ (မိဒ္ဓ)ဆိုတာ လုံ့လဝီရိယကင်းပြီး ပျင်းရိနေတဲ့သဘော၊ တရားနာရင်းပျင်းရိ ထိုင်းမှိုင်းနေတဲ့သဘောပေ့ါ၊ ဒီလို (ထိနမိဒ္ဓ)တရား(သဘော)တွေ မိမိစိတ်မှာ ရှိလာရင်ရှိတယ်၊ (ဖြစ်တယ်) လို့သိပေးပါ၊ မိမိဉာဏ် နဲ့ ရှုလိုက်လို့ရှိလာတဲ့ဖြစ်လာတဲ့ ဒီ (ထိနမိဒ္ဓ) တရားတွေမရှိတော့ လို့ပျက်သွားရင် (ပျက်)တယ်လို့သိပေးပါတဲ့ (မှန်ပ့ါ)။

(၄) **ဥဒ္ဓစ္စကုက္ကုစ္စနိဝရဏရှုနည်း** ။(ဥဒ္ဓစ္စ) ဆိုတာပျံ့လွင့်တဲ့စိတ်ဖြစ်နေတာ၊ စိတ်မတည်ငြိမ်ပဲ စိတ်ရောက်ယက်ခတ်နေတာ၊ (အာရုံ)တစ်မျိုးမျိုးပေါ်မှာ တည်တည်ငြိမ်ငြိမ်မရှိပဲ ဟိုလွင့်၊ ဒီလွင့်၊ ဟိုရောက်၊ ဒီရောက်နဲ့ စိတ်ပျံ့လွင့်နေတာကို (ဥဒ္ဓစ္စ)လို့ခေါ်တယ်။ (မှန်ပ့ါ) (ကုက္ကုစ္စ) ဆိုတဲ့ သဘောက နောင်တရလို့တဖန်ပူပန်ခြင်းသဘောပေ့ါ။ (အကုသိုလ်)လုပ်ပြီးကာမှ ငါလုပ်မိ

တာမှားလေခြင်းလို့ နောင်တရပြီး ပူပန်နေတာ၊ သူများ (ကုသိုလ်) ပြုတာ၊ ကောင်းတာလုပ်တာမြင်ရမှ သိရမှ ငါမလုပ်မိတာမှားလေခြင်း လို့ နောင်တရပြီး ပူပန်တဲ့သဘော၊ ဘယ်နေ့က ငါ့ကိုချိန်းထားတာ၊ ဖိတ်ကြားထားတာ ငါမသွားမိလေခြင်း၊ ငါဘယ်သူ့ကိုခေါ် သွားတာ မှားလေခြင်း၊ ငါဘယ်လိုပြောလိုက်တာမှားလေခြင်း၊ ငါအလိုက်မသိ သလိုဖြစ်သွားတာ မှားမိလေခြင်းစသည့် အာရုံမှာဝင်လာတဲ့နောင်တ ရပြီး ပူပန်တဲ့သဘောတွေကို (ကုက္ကုစ္စ)လို့ခေါ်တယ်၊ (မှန်ပါ့ဘုရား)

ဒါကြောင့် မိမိစိတ်ထဲမှာ ဒီလို (ဥဒ္ဓစ္စ) စိတ်တွေပျံ့လွင့်နေ ရင်၊ ဖြစ်နေရင် ဒီလို (ကုက္ကုစ္စ) စိတ်တွေဖြစ်နေရင် (ဖြစ်တယ်) လို့ သိလိုက်ပါ။ ဒီလိုကိုယ့် (ရှုညာဏ်) တရားအသိစိတ်နဲ့ သိလိုက်လို့ ဖြစ်တဲ့စိတ်ကလေးတွေ ပျက်သွားရင် (ပျက်တယ်) လို့သိလိုက်ပါတဲ့ (မှန်ပါ့ဘုရား)

(၅) **ဝိစိကိစ္ဆာနီဝရဏရှုနည်း** = (ဝိစိကိစ္ဆာ) ဆိုတာ သို့လော၊ သို့လောလို့ တွေးတောရွံ့ရှာ၊

သက်ာမကင်း၊ ယုံမှားသံသယဖြစ်ခြင်းလက္ခဏာ ဖြစ်တာကိုဆိုတာ (မှန်ပါ့)၊ မိမိရဲ့စိတ်ထဲမှာ ဒီလိုတွေးတောတဲ့ယုံမှားသံသယဖြစ်လာရင် (ဖြစ်တယ်) လို့သိလိုက်ပါ၊ ဒီလိုသိလိုက်လို့မရှိတော့ပဲ (ပျက်) သွားရင် (ပျက်တယ်) လို့သိလိုက်ပါ (မှန်ပါ့)၊

ဒီလိုဖြစ်နေတဲ့ (နိ၀ရဏ) ငါးပါးတွေက သင်္ခါရ (စေတသိက်) တွေပဲ၊ ဒီလိုနိ၀ရဏ (စေတသိက်) တွေကိုရှုကြည့်တော့ မဂ်တား ဖိုလ်တား (နိဗ္ဗာန်) တားတဲ့လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ် တွေလည်း ပျောက်ပြီးသင်္ခါရ (စေတသိက်) ကြောင့်ဖြစ်လာတဲ့ အကုသိုလ်စေတသိက် (ဓမ္မ) သဘောကို (ဉာဏ်) နဲ့ပါယ်လိုက်တာမျိုး ဖြစ်တာပေါ့၊ (မှန်ပါ့)၊ စေတသိက်ကြောင့်ဖြစ်လာတဲ့ (သဘောဓမ္မ စေတသိက်) ကို ရှုတာဖြစ်လို့ (ဓမ္မာနုပဿနာ) ဖြစ်တာပေါ့ ဒကာကြီး(မှန်ပါ့ဘုရား)

ကာမစ္ဆန္ဒဖြစ်တဲ့ (ရာဂ)၊ (ဗျာပါဒ) ဖြစ်တဲ့ (ဒေါသ)၊ ဝိစိကိစ္ဆာဖြစ်တဲ့ (မောဟ) တို့သည် (သင်္ခါရ) ကိုရှုရာဖြစ်တော့ (သင်္ခါရ) ကုန်ပျောက်အောင်ရှုရာလည်း ဖြစ်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်ရာကိုရှုရာလည်းရောက်တော့ (သင်္ခါရ) ကုန်ပျောက် ရာ အသင်္ခတ (နိဗ္ဗာန်) ရောက်တာပေါ့ (မှန်ပါ့) (ရာဂ၊ ဒေါသ၊ မောဟ) တွေမဖြစ်တော့ဘူးလို့သိနေရင် (ငြိမ်း) နေပြီပေါ့၊ ဖြစ်တာ တွေကုန်ဆုံးသွားရင် (နိဗ္ဗာန်) ပဲပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

## ဓမ္မာနုပဿနာ (ခန္ဓာပိုင်း)

(ဝိညာဏ်၊ နာမ်၊ ရုပ်) ဖြစ်တဲ့ (ဝိညာဏ်) စိတ်ခန္ဓာ (နာမ်) က (၁)ပါး၊စေတသိက် (နာမ်) ဖြစ်တဲ့ (နာမ်ခန္ဓာ) ကသင်္ခါရက (၁)ပါး

ဝေဒနာက(၁)ပါး၊သညာက(၁)ပါး၊ပေါင်းတော့(စေတသိက်) နာမ်ခန္ဓာက(၃)ပါး၊ စိတ်(နာမ်)က(၁)ပါး၊ ပေါင်းတော့ (နာမ်)ခန္ဓာက (၄)ပါး၊ (ရုပ်)ခန္ဓာက(၁)ပါး၊ ပေါင်းတော့ (ခန္ဓာငါးပါး)ရတယ်၊ ဒီ(ခန္ဓာငါးပါး) ဟာဘယ်(အာရုံ)နဲ့ပဲဖြစ်ဖြစ်(တဏှာ၊ ဥပါဒါန်)ပေါ်တဲ့တပ်မက်မှု၊ စွဲလန်းမှုတွေအစဉ်သဖြင့် ကပ်ပါပြီး (လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်ပြီး ဒုက္ခတွေဖြစ်နေကြလွန်းလို့ မြတ်စွာဘုရားက (ခန္ဓာငါးပါး) ကို(ဥပါဒါနက္ခန္ဓာဒုက္ခာ)လို့ ဟောပါတယ် (မှန်ပ့ါ)၊

(ဓမ္မာနုပဿနာ) ခန္ဓာပိုင်းအနေနဲ့ (ရုပ်၊ ဝိညာဏ်၊ သင်္ခါရ၊ ဝေဒနာ၊ သညာ) ရယ်လို့ (ခန္ဓာငါးပါး) ဖြစ်တဲ့ သဘာဝဓမ္မတွေကို ရှုရပါတယ် (မှန်ပ့ါ)

**ရုပ်ရှုနည်း**

မြတ်စွာဘုရားက (သတ္တလောက) မှာရှိတဲ့ (သတ္တဝါ) တွေဟာ (အာရုံ) ကို ငြိကပ်တတ်လို့ (သတ္တဝါ) လို့ခေါ်ဆိုပါတယ်၊ လူဘုံ၊ နတ်ဘုံ၊ အပါယ်၄ဘုံမှာဖြစ်တဲ့ကာမ(၁၁)ဘုံသားတွေဟာ (ရုပ်နာမ်) သာလျှင် အမှန်ရှိကြတယ်၊ အခေါ်အပြောအနေနဲ့ လူရယ်၊ နတ်ရယ်၊ ပြိတ္တာရယ်၊ တိရစ္ဆာန်ရယ်လို့ခေါ်ပြောရပေမဲ့ တကယ်အရှိတရားက တော့(ရုပ်နာမ်)ပါပဲ၊ဒါကြောင့် ဒုက္ခအစုဖြစ်လာတဲ့(ခန္ဓာငါးပါး)မရအောင် ခန္ဓာအစုဖြစ်တဲ့ (ရုပ်)ခန္ဓာ၊ နာမ်ခန္ဓာ(သင်္ခါရ)နဲ့စိတ်ခန္ဓာ

(ဝိညာဏ်)တို့ကိုရှုရပါတယ်၊ဒါမှ(ခန္ဓာ)ကုန်ပျောက်၊ (သင်္ခါရ)ကုန်ပျောက်မှ(ဒုက္ခ)ဖြစ်ပျက်တွေ ကုန်ပျောက်ရာ(ဒုက္ခ)မဖြစ်ရာ ဒုက္ခချုပ်ငြိမ်းရာ (နိဗ္ဗာန်)ကိုရောက်တော့တယ် (မှန်ပါ့)။

လောကမှာ မြင်မြင်သမျှတွေမှာ (ပုထုဇဉ်) တို့ဟာ လောကီအမြင် (ပညတ်) တွေဖြစ်တဲ့ ယောက်ျား၊မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ လို့မြင်ကြတယ်၊ ပစ္စည်းကိုလည်း ဘာပစ္စည်းညာပစ္စည်းအနေနဲ့ အခေါ်အဝေါ်(ပညတ်)တွေနဲ့ပဲ သိမြင်နေကြတာ လောကီအတွက်တော့ မှန်ပါတယ်၊ လောကဒုက္ခသံသရာကနေ လွတ်မြောက်တဲ့၊ လောကကနေလွတ်မြောက်တဲ့ လောကုတ္တရာ (နိဗ္ဗာန်) ကိုမျက်မှောက်ပြုလိုရင်တော့ (ပညတ်)အမြင်နဲ့မသိမမြင်ပဲ (ပထမ)အဆင့်အနေနဲ့ (ပရမတ်)ရုပ်နာမ်အနေနဲ့ပဲ သိမြင်ရှုကြည့်ရပါတယ်(မှန်ပါ့)၊ (ဒုတိယ)အဆင့်ကတော့ သင်္ခတဓမ္မ (ရုပ်နာမ်)ခန္ဓာပျောက်မှ အသင်္ခတဓမ္မ (နိဗ္ဗာန်)ကိုရပါတယ် (မှန်ပါ့ဘုရား)

(ဓမ္မာနုပဿနာ) ဖြစ်တဲ့ (ဝိပဿနာ) ရှုပုံက (ခန္ဓာငါးပါး) ပရမတ် (ဓမ္မ)သဘာဝလေးတွေကိုရှုတာ၊ ရှုတဲ့နေရာမှာ (ဉာဏ်) နဲ့ (ပရမတ်) ကိုရှုရတာမျိုးပဲ (မှန်ပါ့)၊ ဓမ္မသဘောမှာ ဘယ်သူ့ခန္ဓာကိုယ်ပဲဖြစ်စေ သက်ရှိ၊ သက်မဲ့တွေရဲ့ခန္ဓာကိုယ်ဟာ (ရုပ်) ပဲဖြစ်တယ်၊ ခန္ဓာကိုယ်ရုပ်ကြီးဟာ (မဟာဘုတ်ရုပ်) ပဲ၊ မဟာ = ကြီးသော ဘူတ= ထင်ရှားသော၊ ဓါတ်ကြီး၄ပါးအစုအဝေးပဲရှိလို့ (မဟာဘုတ်) ရုပ်လို့

ခေါ်တယ် (မှန်ပါ့)၊ ဒီမဟာဘုတ်ရုတ်ကမှ အမှန်ရှိ (ရုပ်) ပဲ၊ တိရိစ္ဆာန်၊ သစ်ပင်၊ အရာဝတ္ထုတစ်ခုခုပဲဖြစ်စေ သူ့မှာဒီဓါတ်ကြီး ၄ပါး အစု အဝေးပဲရှိတော့ မဟာဘုတ်ခေါ်တယ်၊ ဖောက်ပြန်တဲ့သဘောရှိတော့ (ရုပ်) ပေါ့ (မှန်ပါ့)။

သက်ရှိသက်မဲ့ (ရုပ်) တွေဟာ မဟာဘုတ် (ရုပ်) တွေပဲ၊ ဒါပေမဲ့အခေါ်အဝေါ်အမျိုးမျိုးနဲ့မှဲ့ခေါ်ပြီး အစွဲဖြစ်နေကြလို့ (ဥပါဒါရုပ်)လို့လည်းခေါ်ရတယ်၊ (ဥပါဒါရုပ်)ဆိုတာ (မဟာဘုတ်ရုပ်) ကိုမှီပြီးမှဖြစ်တယ်၊ (ပညတ်) ရုပ်ဖြစ်တဲ့ယောကျ်ား၊ မိန်းမ၊ ရွှေ၊ ငွေ၊ ကျွဲနွား၊ တိုက်၊ အိမ်စတာတွေဟာ မူလက (မဟာဘုတ်ရုပ်)ပေါ့၊ ဒါပေမယ့်(တဏှာ၊ ဥပါဒါန်)လို့ခေါ်တဲ့စွဲလန်းစရာ(အာရုံရုပ်)တွေ ဖြစ်သွားလို့ (ဥပါဒါရုပ်)လို့ခေါ်ရတယ်၊ လိုချင်စရာ၊ မက်မောတွယ်တာ စရာ၊ မှတ်သားစရာရုပ်တွေဖြစ်လို့ (ဥပါဒါရုပ်)လို့အမည်ရတယ် (မှန်ပါ့)၊

ရုပ် (၂၈) ပါးရှိတဲ့အနက် (မဟာဘုတ်ရုပ် ၄ပါး) ကိုနှုတ် လိုက်ရင်ကျန်တာ (ဥပါဒါရုပ်)ပဲ (မှန်ပါ့)၊ မျက်စေ့နဲ့မြင်သမျှ အဆင်း ရူပါရုံက(ရုပ်)ပဲ၊ နားနဲ့ကြားတဲ့အသံကလည်း (ရုပ်)ပဲ၊ ပါးစပ်နဲ့စားရ လို့လျှာပေါ်မှာအရသာဖြစ်တာကလည်း (ရုပ်)ပဲ၊ ကိုယ်နဲ့ထိတွေ့တဲ့ အတွေ့အထိကလည်း(ရုပ်)ပဲ။ စိတ်ထဲမှာဖြစ်ပေါ်လာတဲ့(ဓမ္မာရုံ)က လည်းရုပ်ပဲ၊ (ဥပါဒါရုပ်) ပေါ့၊ ဒါပေမဲ့ (ရုပ်) လို့ပဲသိပါ (မှန်ပါ့)၊

ဒီ (ဥပါဒါရုပ်) တွေကို (ပညတ်) အပေါ်မှာ (ပညတ်)အမြင်နဲ့ရှုတာက (သတိပဋ္ဌာန်) ပေါ့၊ (ဓမ္မာနုပဿနာ) က (ပရမတ်) ကို ရှုရလေတော့မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ တွေ့ထိသမျှ၊ ကြံတွေးသမျှ အာရုံ ၆ပါးနဲ့ဒွါရ ၆ပါးတို့တွေ့တိုက်လို့ပေါ်လာတဲ့ (ဓမ္မသဘော) မှန်သမျှယောကျ်ားကိုမြင်တယ်၊ မိန်းမကိုမြင်တယ်၊ ဘယ်သူ့ကိုမြင်တယ်၊ ဘာကိုကြားတယ်၊ ဘယ်လိုနံတယ်၊ ဘယ်လို အရသာမျိုး၊ ဘယ်လိုထိတွေ့ရတာ၊ ဘာအာရုံတွေရယ်လို့ လောက အမြင်နဲ့အဓိပ္ပါယ်မဖွင့်ပါနဲ့၊ ဘယ်လိုဘယ်ချမ်းသာမျိုးနဲ့မှ မသိပါနဲ့တဲ့၊ သိရမှာက (ရုပ်)ပဲလို့သိပါတဲ့ (မှန့်ပ့ါဘုရား)၊

မြတ်စွာဘုရားက -

ဣတ္ထိရူပံ = ဤဟာရုပ်

ဧတ္တကရူပံ = ရုပ်ထက်ပိုပြီးမသိပါနဲ့၊ ဒီရုပ်သဘောပဲသိပါ၊

ဣတ္ထိရူပဿအတ္တဂ်မော = ဤဟာရုပ်ချုပ်ကြောင်းလို့ ဒီလိုပဲ (ဉာဏ်) နဲ့ရှုလိုက်ရင် (ပညတ်) လည်းမပါ၊ (တဏှာ၊ ဥပါဒါန်) လည်းလွတ်ပြီး (ပရမတ်) ရောက်သွားတယ် (မှန်ပ့ါ) (ရာဂ၊ ဒေါသ၊ မောဟ) လည်းမဖြစ်ဘူး၊ (ပဋိစ္စသမုပ္ပါဒ်) လည်းတန်းမသွားတဲ့ (ဉာဏ်) အမြင်နဲ့ရှုတာဖြစ်လို့(ဝိပဿနာ)ဖြစ်သွားတယ်။ ဒီအသိက(ပရမတ်) အသိဖြစ်သွားလို့ (ပထမတန်းဉာဏ်) ဖြစ်သွားတာပေ့ါ (မှန်ပ့ါ)

မြင်လို့ပဲဖြစ်စေ၊ ကြားလို့ပဲဖြစ်စေ၊ အာရုံ ၆ပါးကတိုက်လို့

မိမိဒွါရ ၆ပါးမှာ (စိတ်) ၆ပါးဖြစ်ပေါ်တဲ့ ပစ္စုပ္ပန်တည့်တည့်ပေါ်ရာကို က္ကတိရူပံ = ဤဟာ (ရုပ်) လို့ပဲသိပေးပါ။ (ရုပ်) အနေနဲ့မြင်ပါ၊ သိပါ၊ မိန်းမ ယောကျ်ားဘာညာနဲ့မမြင်ပါနဲ့ ၊ ဤဟာ (ရုပ်) ဖောက်ပြန်တဲ့ သဘောရှိတဲ့ (ရုပ်) ပဲလို့ (ရုပ်) သဘောပဲလို့သိလိုက်ရင် (ဉာဏ်) စခန်းရောက်သွားတယ် (မှန်ပ့ါ)၊ (ဥပမာ) မြင်မှုကိစ္စလေးတစ်ခုမှာ ကိုယ့်အမြင်မှာ မိန်းမ၊ ယောကျ်ားရယ်လို့ နဂိုလ်အသိနဲ့ မြင်လိုက်ရင် သိလိုက်ရင် (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်) ပါလို့ ဥပါဒါန်ကနေ ကံ၊ ကာယကံ၊ ဝစီကံ၊ မနောကံတွေဖြစ်လာတယ်၊ ဒီလိုဖြစ်လာတာ (ကံ) ဆိုတဲ့ကြံမှု၊ ပြောမှု၊ ပြုလုပ်မှုတွေမှာ (လောဘ၊ ဒေါသ၊ မောဟ) တွေ ဖြစ်ပြီး သောပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသတွေဖြစ်တဲ့ (ဒုက္ခအစု) တွေရလို့ ဒုက္ခမဖြစ်အောင် တဏှာ၊ ဥပါဒါန်ဘက် မရောက်အောင် (ဤဟာရုပ်) လို့ရှုပါ၊ က္ကတိရူပံလို့မြတ်စွာဘုရား ရှုခိုင်းတာပေ့ါ၊ ဒါမှ (လောဘ၊ ဒေါသ၊ မောဟ) တွေပါတဲ့ လောက ကနေလွတ်မြောက်မှာပေ့ါ ဒကာကြီး (မှန်ပ့ါဘုရား)

(က္ကတိရူပံ) ဤဟာ (ရုပ်) လို့ပဲရှုမြင်ရင် (သမ္မာသင်္ကပ္ပ) ဖြစ်တာပေ့ါ။ (ပညာမဂ္ဂင်) နဲ့ရှုတာဖြစ်သွားပြီ၊ ပညာနဲ့ရှု ပညာနဲ့ မြင်လေလျှင် (ကိလေစင်) တဲ့၊ (ကိလေသာ)လည်းဖြစ်ခွင့်မရဘူးပေ့ါ (မှန်ပ့ါ)၊ (ရုပ်)လို့မသိပဲ၊ မရှုမိပဲယောကျ်ားပဲ၊ မိန်းမပဲ၊ ငါပဲ၊ သူပဲ၊ သတ္တဝါအနေနဲ့အာရုံကိုကပ်ငြိပြီး ရှုမိမယ်ဆိုရင် (မိစ္ဆာသင်္ကပ္ပ)

ဖြစ်သွားတယ် (မှန်ပါ့)၊ ကာမ၊ ရာဂ၊ နိဝရဏတွေ (ပညတ်) တွေ ပါနေတော့ (တဏှာ၊ ဥပါဒါန်၊ ကံ၊ ဇာတိ၊ ဇရာ၊ မရဏ) ဖြစ်သွားတာပေါ့ (မှန်ပါ့)၊ ဤဟာ (ရုပ်) လို့မဟာဘုတ်ရုပ်၊ ဖောက်ပြန်တဲ့ ရုပ်လို့ပဲအသိဉာဏ်နဲ့ရှုတော့ (ပညတ်) မပါတဲ့ (ရုပ်) ပရမတ်လို့ ရှုရာရောက်သွားတော့ (ပထမတန်း) ဖြစ်တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)၊

(နိဗ္ဗာန်) ဟာ (ရာဂ၊ ဒေါသ၊ မောဟ) ကုန်ရင် (နိဗ္ဗာန်) ကို (ဉာဏ်)နဲ့မျက်မှောက်ပြုရတာဖြစ်တော့ (ဓမ္မာနုပဿနာ) တရား (သဘော) က (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်စေတဲ့ (ပညတ်) ကိလေသာတွေကို တတိ၊ တတိနဲ့သတ်နေတဲ့တရားပေါ့ (ပထမတန်း) တရားဖြစ်တော့တယ် (မှန်ပါ့) (ဓမ္မာနုပဿနာ) တရားဖြစ်တော့တယ် (မှန်ပါ့) (ဓမ္မာနုပဿနာ)ကဝိပဿနာစစ်စစ်ပေါ့။ (ပညတ်)ကို ပယ်ခွါပြီး ဉာဏ်နဲ့(ပရမတ်) တရားသဘောကိုပဲရှုရတာဖြစ်လို့ပေါ့ (မှန်ပါ့)၊

ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါနဲ့ဝတ္ထုပစ္စည်းတွေက (ပညတ်) တွေ (နာမသဏ္ဌာန်) တွေ၊ နာမပညတ်၊ သဏ္ဌာနပညတ်တွေ၊ ယောကျ်ား၊ မိန်းမမြင်ရင် ယောကျ်ား၊ မိန်းမဆိုတဲ့အမြင် (ပညတ်) တွေကို ဘေးဖယ်ပြီး၊ ထားခဲ့ပြီး အဲဒီ (ပညတ်) အမြင်နဲ့မရှုပဲ မသိပဲ ဤဟာ (ရုပ်) လို့ပဲသိပါ၊ မြင်ပါ၊ (ပရမတ်) က (ရုပ်) ပဲဖြစ်ပါတယ်၊ (ပညာ) နဲ့မြင်တဲ့အမှန်မြင် (သမ္မာဒိဋ္ဌိ) ကလည်း (ရုပ်) ပဲမြင်ရမယ်၊

(စိတ်) ထဲမှာ (ပညတ်) မပါရဘူး၊ အသံကြားရင်လည်းဘာသံ၊ ညာသံ ရယ်လို့မသိနဲ့၊ အသံကလည်း (ရုပ်) ပဲ မြင်သိပါ၊ တနေကုန် (ရုပ်) ပရမတ်အသိနဲ့ ပေါ်လာတဲ့ (အာရုံ)တွေပေါ်မှာ ပစ္စုပ္ပန်တည့်တည့် ရှုပြီး ဤဟာ (ရုပ်) လို့သိပေးရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေကုန်၊ (ကိလေသာ) တွေကုန်တော့တယ် ဒကာကြီး (မှန်ပါ့ဘုရား)၊

မြင်တဲ့(ရုပ်)တွေကို (ရုပ်)လို့မြင်ပါ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ လို့မမြင်ပါနဲ့၊ ဒီအမြင် ဒီအသိရှိမှ (သတ္တဝါ) အမြင် (အဝိဇ္ဇာ) က လွတ်မှာ၊(သတ္တဝါ)လို့ခေါ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ဘယ်သူဘယ်ဝါ အသိနဲ့ မြင်ရင်အမှန်တရားမသိမှု (အဝိဇ္ဇာ) ဖြစ်ပြီပဲ၊ (အဝိဇ္ဇာ) ကြောင့်ပြုပြင်မှု (သင်္ခါရ) ဖြစ်ပြီ၊ (သင်္ခါရ) ကြောင့် (ဝိညာဏ်၊ နာမ်၊ ရုပ်) ခန္ဓာငါးပါးရပြီ၊ ခန္ဓာတွေရရင် (ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်) တွေတန်းပြီး (ဥပါဒါနက္ခန္ဓာဒုက္ခသစ္စာကြီး) ရတော့တယ်၊ ဒီလို (အဝိဇ္ဇာ) မဖြစ်မှ (ဥပါဒါန်) ကလွတ်ပြီး ငြိမ်းရာရတော့မှာ ပေါ့ ဒကာကြီး (မှန်ပါဘုရား)

ကြားရာမှာလည်းအသံက(ရုပ်)ဖြစ်တာပဲ၊ မမြင်ရတဲ့ အနုမြူ ပရမံအနုမြူ (ရုပ်) Particles လေးတွေဟာ ကိုယ့်နားအကြည် (ရုပ်) ကိုလာထိတွေ့တာ၊ ဒါကြောင့် နားအကြည်ကိုထိတွေ့တဲ့(ရုပ်)သံကို ဤဟာ (ရုပ်) ပဲရှုပါ၊ (ရုပ်) မရောက်ပဲကြားတဲ့အသံ (ရုပ်) ကိုလွန် ပြီးတော့ဘာပြောတယ် ဘာဆိုတယ်၊ ငါ့ကိုဆဲတာ၊ ငါ့ကိုရွဲ့တာ၊

ဒါသက်သက်တင်စီးတာ၊ ဘာညာနဲ့အဓိပ္ပါယ်ကောက်ပြီး မကြိုက်တဲ့ (ဒေါသ) ကြိုက်တဲ့ (လောဘ) တဏှာတွေသံယောဇဉ်တွေ ဖုံးလာရင် (လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်လာတာပဲ (မှန်ပ့ါ) ဒါကြောင့် (တဏှာ၊ ဥပါဒါန်၊ ကံ) ဖြစတဲ့ (လောဘ၊ ဒေါသ) တွေဆီရောက်စေတဲ့ (ပဋိစ္စသမုပ္ပါဒ်) တန်းမသွားရအောင် (ဥပါဒါန်) မရောက်အောင် ကြားတဲ့အသံ (ရုပ်) ဟိုလည်း ဤဟာ (ရုပ်) လို့ရှုမြင်ပါသိပါတဲ့ (မှန်ပ့ါ) ပရမတ် (ရုပ်) ကို သိမြင်ရင် (ရုပ်) ကိုရှုတတ်ရင် (အနိမိတ္တ) နိမိတ်မပါတဲ့ (နိဗ္ဗာန်) ကိုမြင်တော့တာပေ့ါ ဒကာကြီး (မှန်ပ့ါဘုရား)၊

(ရုပ်) ရောက်အောင်သိရင် (အနိစ္စ) မှန်းသိတော့ (ဖြစ်ပျက်) သိတာပဲ၊ (ရုပ်) မှန်းသိတော့ (ဖြစ်ပျက်) တွေ့တာပဲပေ့ါ၊ အနိစ္စလက္ခဏာရှိတဲ့သင်္ခတ (ပရမတ်)က (ဖြစ်ပျက်) သဘောရှိတယ်(မှန်ပ့ါ)၊ (ရုပ်) ရောက်မှ (ဉာဏ်)ဖြစ်လာတယ်၊ (ဉာဏ်)ကလည်း (မောဟ) မရှိမှဖြစ်ခွင့်ရတာ၊ ဒါကြောင့် (မောဟ) ဖြစ်စေတဲ့ (အဝိဇ္ဇာ) ဖြစ်စေတဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါအသိ၊ (အဝိဇ္ဇာ) အသိ၊ (မောဟ)အသိကိုရှောင်ရမယ်၊ (မှန်ပ့ါဘုရား)။

သိရမဲ့အသိမှာ ဣတိရူပံ = ဤဟာ (ရုပ်) ပဲ၊ (ရုပ်) အသိပဲ လိုက်ပေးပါ၊ (ငါ) ဆိုတဲ့အသိ၊ ယောကျ်ား၊ မိန္မဘယ်သူဘယ်ဝါ အသိမရှိတော့ရင် (တဏှာ၊ ဥပါဒါန်၊ ကံ) မဖြစ်တော့ဘူး၊ (ကံ) မရှိတော့ (ဉာဏ်) က (ပဌမတန်း) ဖြစ်သွားပြီပေ့ါ (မှန်ပ့ါ) (အဝိဇ္ဇာ)

သိမဖြစ်တော့ဘူး၊ အမှန်မြင်တဲ့ (သစ္စာ) သိ (ဝိဇ္ဇာသိ) ဖြစ်သွားပြီ၊ (အဝိဇ္ဇာနိရောဓါအာသဝနိရောဓေါနိဗ္ဗာနံ) ဆိုသလို (အာသဝေါ) တရားတွေနည်းပါးလာတော့တယ်၊ (အာသဝ) ဆိုတာ (တဏှာ၊ လောဘ၊ ဒိဋ္ဌိ၊ ဒေါသ၊ မောဟ) ပဲ (အဝိဇ္ဇာ) ကိုခေါ်တာ၊ (သတ္တဝါ) လို့မြင်ရင်သိရင် (အဝိဇ္ဇာသဝ) ဖြစ်တယ်၊ ဤဟာ (ရုပ်) လို့သိမှ (သမ္မာဒိဋ္ဌိ) ဖြစ်တာ (မှန်ပ့ါ)။ (အာသဝေါတရား) ကိုပယ်ရာမှာ၊ သောတာပန်က (ဒိဋ္ဌိ) ကို ပယ်တယ်၊ အနာဂါမ်က (လောဘ၊ ဒေါသ) ကိုပယ်တယ်၊ ရဟန္တာကြမှ (တဏှာနဲ့မောဟ) ကိုအကြွင်းမဲ့ပယ်သွားတယ် (မှန်ပ့ါဘုရား)

(ရုပ်) ကိုရှုတဲ့နေရာမှာ (ရုပ်) လို့သိကာမတ္တလေးပဲသိပေးပါ (မှန်ပ့ါ) မျက်စေ့နဲ့မြင်တာရုပ် (ပရမတ်) နားကကြားတာလည်း(ရုပ်) ပရမတ်၊ နှာခေါင်းကနံနာလည်း (ရုပ်) ပရမတ်၊ (ရုပ်) ရောက်မှ စိတ်ကိုညစ်ငြမ်းစေတဲ့ (ကိလေသာ) ပျောက်တယ်၊ လောကီပရမတ် (သမ္မုတိပရမတ်) မြင်မှ လောကုတ္တရာ (အသင်္ခတပရမတ်) မြင်တယ် (မှန်ပ့ါ) ကြားတဲ့အသံက (ရုပ်) ပဲ၊ အဲ့ဒီ (ရုပ်) ဖြစ်ပါလားဆိုတဲ့အသိ (ဉာဏ်) ဆိုတဲ့ (ဉာဏ်) သိကလေးမှ (ပရမတ်) ပဲ၊ **(ပရမတ်)** ဆိုတာ **(ဉာဏ်)နဲ့သာသိရတယ်၊ အဲ့ဒါသေသေချာချာ** မှတ်ထား၊ မျက်စေ့ နဲ့မြင်တာမျိုးလိုမဟုတ်ဘူး (ဉာဏဿတ္တောဂေါစရောပရမတ္တော) တဲ့၊ (ပရမတ်) ဆိုတာပစ္စုပ္ပါန်တည့်တည့်မှာ ဉာဏ်နဲ့သာသိရတဲ့ (ဉာဏ်)

**သိမျိုးပဲ၊ သိကာမတ္တပဲ (မှန်ပါ့)၊ ဣတိရှုပဲ ဤဟာရုပ်၊ တေကာရှုပဲ(ရုပ်)ပဲလို့သိတာထက်ပိုမသွားစေနဲ့၊ (ရုပ်)မှုလောက်ပဲသိရမှာ (မှန်ပါ့)**

ဤဟာ (ရုပ်) လို့အမြဲသိသိပေးပါ၊ (ရုပ်) ရယ်လို့အမှန်မြင် (သမ္မာဒိဋ္ဌိ) ရလာအောင် ဒီလိုအသိမျိုးနဲ့ပဲသိပါ၊ နှိုးဆော်သိပေးပါ၊ နှိုးဆော်ပြီးသိ၊ ကြံစည်ပြီးသိတာဟာ (သမ္မာသင်္ကပ္ပ) ပညာဖြစ်စေဘယ်၊ (ရုပ်)လို့ပိုင်းခြားသိတာက (ဉာဏ်)ဖြစ်စေတယ်၊ ဒီလို(ရုပ်)ရယ်သို့နှိုးဆော်ပြီး ကြံစည်ပြီးပိုင်းခြားပြီး သိတာဟာသမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ (ပညာမဂ္ဂင်) ရော (ဉာဏ်)ရောဖြစ်စေတဲ့အတွက်သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမ္မာဓိဆိုတဲ့ (သမ္မာဓိမဂ္ဂင်) တို့ပါတဲ့ (ပဉ္စင်္ဂိကမဂ္ဂင်) ခေါ်တဲ့ (ရှုဉာဏ်တရားငါးပါး) နဲ့လည်း ကိုက်ညီတဲ့သဘောပဲ (မှန်ပါ့)

မျက်စေ့ (ရုပ်) ဟာအဆင်း (ရုပ်) နဲ့တွေ့ထိတဲ့အခါ (ရုပ်) နှစ်ခုပေါင်းလို့ (ရုပ်) ပဲဖြစ်ရမှာပေါ့၊ (က) နဲ့ (က) ပေါင်းရင်အဖြေက (က) ပဲရမှာပေါ့ (ခ) မရနိုင်ပါဘူး။ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ အမြင် (ခ) မဖြစ်နိုင်ပါဘူး၊ (က) မြင်မှအမှန်မြင် (သမ္မာဒိဋ္ဌိ) ပေါ့ (မှန်ပါ့)၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမြင်ရင် (ခ) အမြင်ဖြစ်လို့အမှန်မြင်မဟုတ်ဘူး၊ (က) နဲ့ (က)ပေါင်းတာကို (ခ) လို့မြင်သလိုဖြစ်နေပြီ၊ အမှားမြင် (အဝိဇ္ဇာ) သိဖြစ်နေပြီ၊ (ရုပ်)

မြင်မှ အမှန်မြင်၊ (ဝိဇ္ဇာ)အမြင်၊ အဟုတ်ရှိတကယ်ရှိ အမှန်သိ (သစ္စာ) အမြင် (သမ္မာဒိဋ္ဌိ) အမှန်မြင်ဖြစ်တော့တယ် ဒကာကြီး (မှန်ပါဘုရား)

အပြင်မှာရှိတာက (ရုပ်) ပဲရှိတာ၊ မိမိရဲ့စေတသိက် (နာမ်) သဘောသညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသမျိုးနဲ့ အမှတ်မှား၊ အသိမှား၊ အယူမှားတာ (မှန်ပါ့) နာမ်သဘောကဘာပဲ၊ ညာပဲ ဖြစ်နေတာ (နာမ်) က ငါထင်တာတို့၊ သူထင်တာတို့၊ ဒါမိန်းမ ဒါယောကျ်ားလို့လူမှန်းသိစထဲက မိဘကသင်ပေးလို့၊ ဆရာကသင် ပေးလို့ (ပညတ်) အမြင်နဲ့မြင်နေကြတာ၊ ဒီလိုမြင်တာက အမှားမြင်၊ လောကီအမြင်ပဲ၊ လောကုတ္တရာနဲ့အမှန်မြင်ချင်ရင်(ပရမတ်)ရုပ်လို့ မြင်ရမယ်၊ ဒါမှ(နိဗ္ဗာန်)လမ်းပေါ်ရောက်မှာ(မှန်ပါ့) ဤဟာ(ရုပ်)လို့ ရှုခြင်းဟာ (ဓမ္မာနုပဿနာ) ခန္ဓာပိုင်းမှာ မြတ်စွာဘုရားရှုခိုင်းတဲ့ (ဣတိရူပံ) လို့ရှုပါဆိုတဲ့အတိုင်းရှုတာ၊ ဤဟာ (ရုပ်)လို့ရှုခြင်းဟာ (ပညတ်)ကိုဖယ်ရှုတာဖြစ်တော့ အဲ့ဒါ(ဝိပဿနာ)ရှုတာ၊(ဓမ္မာ နုပဿနာ) ရှုတာပဲပေါ့ (မှန်ပါ့ဘုရား) ခန္ဓာကိုယ်ထဲကို ဉာဏ်လှည့်တဲ့ အခါ(ဖောက်ပြန်နေတာ)ပဲရှိတယ်၊ ရူပ္ပတီတိရူပံပေါ့(မှန်ပါ့)ဖောက်ပြန် နေတာကဣတိရူပံ=ဤဟာ(ရုပ်)ပေါ့၊ ခန္ဓာကိုယ်မှာဖောက်ပြန်နေတာ (ရုပ်)ပဲသိနေမယ်(မှန်ပါ့ဘုရား)

မြင်တာမှန်သမျှ(ရုပ်)လို့မြင်မယ်၊ ထမင်းနဲ့အစားအသောက် ကိုလည်း(ရုပ်)အမြင်နဲ့ပဲစားမယ်၊ နေတာ၊ ထိုင်တာမှာ မျက်စေ့၊နား၊

နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောစိတ်ကဖြစ်သမျှမှာ (ကြွတိရုပ်) ဤဟာ (ရုပ်) လို့အသိအမြင်ရှိရင် (သမုဒယနဲ့ဒုက္ခ) ဖြစ်တဲ့ (တဏှာ၊ ဥပါဒါန်၊ ကံ) တွေပျောက်လို့ (ဒုက္ခ) တွေပျောက်ပြီး ဒုက္ခချုပ်ငြိမ်းရာ(နိဗ္ဗာန်) ကိုတွေ့မယ်၊ (ပရမတ်)ကိုသာရှုမြင်မှုဟာ(ဧကောဓမ္မော)ပဲ၊ တရားက (ပရမတ်)ကိုသာရှုရတဲ့တရားက တစ်ခုထဲတစ်မျိုးထဲပဲ၊ ဘယ်လိုနည်းနဲ့ပဲရှုရှု (ပရမတ်) ဆိုတဲ့ "ဧကောဓမ္မော" ဆိုတဲ့အမှန်တရား (ပရမတ်) ကိုရှုရမှာပဲ၊ ဤဟာ (ရုပ်)လို့ (ရုပ်)ကမ္မဋ္ဌာန်း (ပရမတ်)ကို (ဉာဏ်)နဲ့ သိမြင်အောင် ရှုနိုင်ရင်၊ တာရှည်ရှုနိုင်ရင် (နိဗ္ဗာန်) ရောက်ပါတယ်လို့ (ဓမ္မာနုပဿနာ)ခန္ဓာပိုင်းနဲ့မြတ်စွာဘုရားညွှန်ပြတဲ့ နည်းလမ်းတစ်ခုပဲ ဒကာကြီး (မှန်ပါ့ဘုရား)။

## ဝိညာဏ်ရှုနည်း

(ဝိညာဏ်) ရှုနည်းကလည်း (ရုပ်) ရှုသလိုရှုရတဲ့သဘောပဲ၊ (ဝိညာဏ်) သဘောကအတွင်းက မျက်စေ့၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောဖြစ်တဲ့အတွင်း အာယတန ၆ပါးနဲ့ အပြင်အာရုံ ၆ပါး ဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ထိတွေ့၊ ကြံတွေးမှုဖြစ်တဲ့ အပြင်အာယတန ၆ပါးတို့တွေ့တိုက်ရင် (ဝိညာဏ်) ဖြစ်တာပဲ (မှန်ပါ့)။

ပဋိစ္စသမုပ္ပါဒ်နဲ့ပြောရင် "အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရ

ပစ္စယာဝိညာဏံ”ပေါ့၊ (အာယတန)၂ခုကို (သင်္ခါရ)ကတွေ့တိုက်ပေးတော့ (ဝိညာဏ်) ရတာပေါ့။

“စက္ခုံစပဋိစ္စရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံ” တဲ့မျက်စေ့ (ရုပ်) နဲ့ ရုပ်အဆင်း (ရုပ်) တို့တွေ့တိုက်တော့ မြင်သိစိတ် (ဝိညာဏ်) ရတာပေါ့ (မှန်ပါ့)။

(ပဋ္ဌာန်း) နဲ့ကြတော့ -

“အာရမဏပစ္စယောတိရူပါယတနံ စက္ခုဝိညာဏဓါတုယာ” လို့ဆိုသလိုပဲ၊ အာရုံ (ရုပ်) နဲ့မျက်စေ့ (ရုပ်) တို့ကို (အာရုံ)ရဲ့ ကျေးဇူးပြုမှုကြောင့် စက္ခုဝိညာဏဓါတ်ဆိုတဲ့ မြင်သိတဲ့သဘော (ဝိညာဏ်) ရပါတယ် (မှန်ပါ့)။

မျက်စေ့ဖွင့်လိုက်တာနဲ့ အဆင်း(ရုပ်)ကိုမြင်လိုက်တာနဲ့ မြင်လို့(သိ)တာက (ဝိညာဏ်)ပဲ၊ မျက်စေ့နဲ့အဆင်း၊ နားနဲ့အသံ၊ နှာခေါင်းနဲ့အနံ့၊ လျှာနဲ့အရသာ၊ ကိုယ်နဲ့ထိတွေ့စရာ၊ မနောနဲ့ကြံတွေးစရာတို့ကို(သင်္ခါရ)ကထိတွေ့ပေးတဲ့အခါ(သိရုံ)မျှလေးဟာ(ဝိညာဏ်)လို့ခေါ်တယ်၊ (ဝိညာဏ်)သိစိတ်လေးနဲ့အတူ(စေတသိက်)နာမ်တွေပါဖြစ်ပေါ်လာရင်(ဝိညာဏ်၊ နာမ်၊ ရုပ်)ခန္ဓာငါးပါးရတာပေါ့၊ ဒါကို “ဝိညာဏပစ္စယာနာမရူပံ” လို့ပဋိစ္စသမုပ္ပါဒ်မှာဟောတာပေါ့၊ အဲ့ဒါ (စိတ်၊ စေတသိက်၊ ရုပ်)ပဲပေါ့၊ ဝိညာဏ်က(စိတ်)နာမ်။ (စေတသိက်) နာမ်နဲ့ရုပ်(ခန္ဓာငါးပါး)ရတာပေါ့(မှန်ပါ့)။

မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတွေ (သိရုံ) လေးမျှသိရင်(ဝိညာနက္ခန္ဓာ)ဣတိဝိညာဏ်ဤဟာ (ဝိညာဏ်)လို့ သိရမယ်၊ ဤဟာ(ဝိညာဏ်)လို့(ဉာဏ်)နဲ့ပိုင်းခြားသိလိုက်တော့ (ဝိညာဏ်)သိမှုနေရာမှာ(ဉာဏ်)မဂ္ဂင်အစားထိုးတော့(ဝိညာဏ်)က မရှိတော့ပဲ အနိစ္စချုပ်သွားရင်(ဣတိဝိညာဏအတ္တင်္ဂမော)ဝိညာဏ် ချုပ်ကြောင်းလို့သိရမယ် (မှန်ပါ့)၊ ဉာဏ်သိဝင်တော့ နဂိုလ်ကအာရုံ ကြောင့်သိတဲ့(ဝိညာဏ်)သိမှု(ခန္ဓာ)လေးချုပ်သွားတာ(ခန္ဓာ)ချုပ်တာ ဤဟာဝိညာဏ်ချုပ်ကြောင်းပေါ့(မှန်ပါ့)ဉာဏ်(မဂ္ဂင်)ပဲရှိတော့တယ်၊ (မဂ္ဂင်)နဲ့နေရပြီပေါ့၊ ပေါ်လာခဲ့တဲ့ (ခန္ဓာလေးတစ်ခုတော့ဖြင့် ချုပ်သွား ပြီပေါ့ (မှန်ပါ့)။ (ဉာဏ်) ပဲကျန်နေ တာပေါ့ (ဉာဏ်) ဦးစီးနေပြီပေါ့၊ (မှန်ပါ့ဘုရား)

(ဝိညာဏ်) က (ပညတ်) မပါသေးတဲ့ (သိရုံ) လေးသက်သက် ပဲလို့မှတ်ထားရမယ်၊ ဒါမှ (ပရမတ်) ကိုသိတဲ့ (ဝိညာဏ်) ဖြစ်မယ် (ဝိညာဏ်) သိက ၆မျိုးရှိတယ်၊ မြင်တာက (စက္ခုဝိညာဏ်) မြင်စိတ်၊ (ပညတ်) မပါရင် (ပရမတ်ဝိညာဏ်) ဖြစ်တယ်၊ ကြားတာက (သောတာဝိညာဏ်) ကြားစိတ် (ပညတ်) မပါရင် (ပရမတ်ဝိညာဏ်)၊ နံတာက (ဃာနဝိညာဏ်) နံစိတ် (ပညတ်) မပါရင် (ပရမတ် ဝိညာဏ်)၊ စားတာက (ဇိဝှာဝိညာဏ်) စားစိတ် (ပညတ်) မပါရင် (ပရမတ်ဝိညာဏ်) ထိတွေ့တာက (ကာယဝိညာဏ်) ထိတွေ့စိတ်

(ပညတ်) မပါရင် (ပရမတ်ဝိညာဏ်)၊ ကြံတွေးတာက (မနော ဝိညာဏ်) ကြံတွေးစိတ် (ပညတ်) မပါရင် (ပရမတ်ဝိညာဏ်) ဖြစ်တယ် (မှန်ပါ့)၊

(ပညတ်) ပါရင် (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့အမှားသိ၊

(ပညတ်) ပါရင် (သညာ) ကြောင့်ဖြစ်တဲ့အမှားသိ၊

(ပညတ်) ပါရှင် (ဒိဋ္ဌိ) ကြောင့်ဖြစ်တဲ့ အယူမှားသိဖြစ်သွား တယ်၊ငါ၊သူ၊ယောကျ်ား၊မိန်းမ၊ပစ္စည်းဘာညာစတဲ့(ပညတ်)ပါရင် အသိမှား၊အမှတ်မှား၊အယူမှားတွေဖြစ်ကုန်တယ်(မှန်ပါ့)။

စိတ်ကူးသိတာက (အဝိဇ္ဇာ) ကြောင့်ဖြစ်တဲ့ (မနောဝိညာဏ်) သိပေါ့၊ (ပညတ်)ပါတော့၊ စိတ်ကူးတာတို့ တွေးတာတို့ဆိုတာ(ပညတ်) ပါနေတော့ လောကီအသိတွေ၊ အမှားသိတွေဖြစ်ကုန်တာပေါ့ (မှန်ပါ့)။ (ပညတ်)တွေနဲ့စိတ်ကူးတယ်၊(ပညတ်)တွေနဲ့တွေးတာတွေဟာ(နီဝရဏ) တွေဖြစ်တော့(နိဗ္ဗာန်)ကိုတားတာပေါ့ (မှန်ပါ့)။

ဘယ်သူဘယ်ဝါလို့သိပြန်ရင်လည်း (သညာ) ကြောင့်ဖြစ်တဲ့ (အမှတ်မှားသိ) ဖြစ်တော့ (ပညတ်) သိတွေဖြစ်နေတော့ (နိဗ္ဗာန်)နဲ့ ဆန့်ကျင်ပြန်တယ်၊ (ပညတ်) မပါမှ (ပရမတ်) ဝိညာဏ်ဖြစ်တယ်၊ ဒါကြောင့်သိတာထက်မပိုရဘူး၊ ချောတာ၊ လှတာလို့သိရင် (တဏှာ) ကြောင့်ဖြစ်တဲ့ (ပညတ်)ပေါ်မှာသိတဲ့ (ပညတ်) သိ၊ ကောင်း၊ မကောင်း ကြိုက်တာ၊ မကြိုက်တာသိတာကလည်း ဝေဒနာ (ခံစားမှု) နဲ့ (ပညတ်)

တွေ့ပါလာလို့ (ပညတ်) ပေါ်မှာ (ဖဿ) ဖြစ်ပြီး (ဝေဒနာ) နဲ့သိတဲ့ (ပညတ်) သိဖြစ်သွားတယ်၊ ငါ့သား၊ ငါ့မယား၊ ငါ့ကား ငါ့အိမ်ဆိုရင် (သညာ)နဲ့သိသလို (ဥပါဒါန်) ထိရောက်သွားတဲ့ (ပညတ်)သိ၊ ဒါတွေနဲ့မသိပါနဲ့ (ပရမတ်ဝိညာဏ်) ဖြစ်အောင် သိရုံထက်မပိုပါနဲ့ (ဇတ္တကံဝိညာဏံ) တဲ့၊ သိကာမတ္တ၊ သိရုံမျှလေးသိတဲ့အသိဆိုရင် (ပရမတ်ဝိညာဏ်) ကိုရှုရာရောက်တော့ (ပရမတ်) ရောက်သွားပါတယ် (မှန်ပါ့ဘုရား)။

(ဝိညာဏ်) ဆိုတာသိတာပဲ၊ (စိတ်) မဟုတ်သေးဘူး၊ (ပညတ်) ပါလာမှ (စိတ်) ဆိုတာဖြစ်လာတာ (မှန်ပါ့)၊ (ပညတ်) ပါလာတော့ (ခန္ဓာငါးပါး) ရုပ်ကောနာမ်ကောပါလာတဲ့ (စိတ်) ဖြစ်လာတယ်၊ (ပညတ်) ပါလာတော့ (ဝိညာဏ်) က (နာမ်ရုပ်) (ဝိညာဏ်၊ နာမ်၊ ရုပ်) ခန္ဓာငါးပါးလုံးပါတဲ့ (မနောဝိညာဏ်) မနောစိတ်ဖြစ်လာတယ်၊ (ခန္ဓာငါးပါး) ရလာတော့ (ဥပါဒါနက္ခန္ဓာဒုက္ခာ) ဖြစ်လာတာပေါ့၊ (ခန္ဓာငါးပါး) ရပြီဆိုရင် တပ်မက်မှု၊ စွဲလန်းမှု၊ (တဏှာ၊ ဥပါဒါန်) တွေအစဉ်သဖြင့် ကပ်ပါပြီ (လောဘ၊ ဒေါသ၊ မောဟ) တွေဖြစ်ကြလို့ (ခန္ဓာငါးပါး) ကို (ဥပါဒါနက္ခန္ဓာဒုက္ခာ) ခေါ်ရတယ်၊ (ခန္ဓာငါးပါး) ရရင် (ပဋိစ္စသမုပ္ပါဒ်) တန်းသွားပြီဖြစ်တဲ့အတွက် (ဒုက္ခ) အစုတွေ သာရတော့တယ် (မှန်ပါ့)။

ဤဟာ(ဝိညာဏ်)သိရုံလေးသဘောဟာ(ဝိညာဏ်)ပဲ၊

(ပညတ်)မပါသောစိတ်ပဲ(ပရမတ်)ပဲ၊(ပညတ်)တွေပါလာလို့သိရုံလေးထက်ပိုသွားရင် (ပညတ်)ပါသောစိတ်(ခန္ဓာငါးပါး)နဲ့သိတဲ့ အသိ (မနောဝိညာဏ်) ဖြစ်လာရင် ငါ၊သူ၊ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ အသိစိတ်တွေနဲ့ သေသွားတော့ "အဟေတုကပဋိသန္ဓေ"(အဟိတ်ဝိညာဏ်စိတ်) ဖြစ်တော့တယ်၊ (လောဘ၊ ဒေါသ၊ မောဟ)တွေပါနေတယ်(မှန်ပ့ါ)။

ဒီ (လောဘ၊ ဒေါသ၊ မောဟ) တွေနဲ့ဖြစ်နေတဲ့ (အဟိတ်ဝိညာဏ်စိတ်) ဟာ မျိုးဗီဇဖြစ်နေတယ်၊ ဒီမျိုး၊ ဒီဗီဇ၊ ဒီသတ္တိတွေရှိနေတာကြောင့် သေခါနီးတော့ (ကံနိမိတ်၊ ကမ္မနိမိတ်၊ ဂတိနိမိတ်)တွေဟာ (မရဏာသန္နဇော)အနေနဲ့ပြကြပြီပေါ့(မှန်ပ့ါ)လောဘနဲ့သေရင်(ပြိတ္တာ)၊ (ဒေါသ)နဲ့သေရင်(ငရဲ)၊ (မောဟ)နဲ့သေရင်(တိရစ္ဆာန်)ပဋိသန္ဓေဖြစ်ကြရတာပေါ့၊ ဒါကြောင့် (ခန္ဓာငါးပါး)မဖြစ်အောင်(ခန္ဓာငါးပါး)မရအောင်(ခန္ဓာငါးပါး)ထက်ပိုမသွားစေတဲ့ ဒီ(ခန္ဓာ)ပျောက်တဲ့(ပရမတ်)ကိုရှုမှ(နိဗ္ဗာန်)ရောက်တာ ဒကာကြီး(မှန်ပ့ါ)။

(ဝိညာဏ်) ကအကျယ်ကြီးပဲ၊ (ဝိညာဏ်) သိစိတ်ကလေးမှာ (ပညတ်) တွေပါလာရင်(ပညတ်)ပါသော(စိတ်)၊ (ခန္ဓာငါးပါး)ရတဲ့(စိတ်)တွေဖြစ်တယ်၊ (စိတ်)တွေဆန်းပြားသလောက် (လောဘ၊ ဒေါသ၊ မောဟ)တွေကအဖြစ်များပြီပေါ့၊ များများဖြစ်တော့ (အဟိတ်ဝိညာဏ်

စိတ်) တွေကများတော့(အပါယ်ဇာတိ)ရတာ သေချာတာပေါ့ (မှန်ပါ့)၊ မသေမီဘဝတလျှောက်လုံးမှာဆိုရင် မိနစ်တိုင်း၊ စက္ကန့်တိုင်းမှာ အဟိတ်ပဝတ္တိ(ဝိညာဏ်)တွေကဖြစ်နေတာပေါ့၊(ဝိညာဏ်)က သင်္ခတ ဖြစ်တော့ (သင်္ခတ)တရားသည် (နိစ္စဝါနသင်္ခတ)ဆိုတော့ တဖြစ်ထဲ ဖြစ်၊ စဉ်ဆက်မပြတ်ဖြစ်နေတာပေါ့၊ မီးတောက်မီးလျှံလို တရှိန်းရှိန်း တောက်လောင်နေတာပေါ့။

အဟိတ်ဝိညာဏ်ဖြစ်တဲ့ (ခန္ဓာငါးပါး)ရမှု(ဒုက္ခသစ္စာ)၊ (တဏှာဥပါဒါန်)ဘက်ရောက်တဲ့(သမုဒယသစ္စာ)တွေဟာ(ပဝတ္တိ) အခါဖြစ်တဲ့(ပစ္စုပ္ပါန်)မှာဒုက္ခနဲ့သမုဒယ၊ သမုဒယနဲ့ ဒုက္ခတွေပဲသံသရာ လယ်တာပေါ့(မှန်ပါ့)၊အယုတ်သစ္စာ ၂ပါးနဲ့သံသရာလယ်တော့ သေ တော့လည်း ဒါနဲ့သေ၊(ဇာတိ)ပြန်ရတော့လည်း ခန္ဓာငါးပါး၊ ဒုက္ခရတဲ့ (ဇာတိ)ပဲပြန်ရတော့မျိုးမှအပင်၊ အပင်မှမျိုးလိုပဲ ၄ဘုံအပါယ်ရွာဟာ ကိုယ့်ဇာတိကိုယ့်အိမ်ဖြစ်ရတာပေါ့၊ ကုသိုလ်(ကံ)လေးပါလာလို့ လူနတ် ပြန်ဖြစ်ပြန်တော့လည်း (လောဘ၊ ဒေါသ၊ မောဟ) ခေါ်တဲ့တဏှာ၊ မာန၊ ဒိဋ္ဌိမျိုး ဗီဇပါလာတော့လည်း လူဘုံ၊ နတ်ဘုံက တစ်ခါပြန်ပြီး စုတေသေလွန်တော့ အပါယ်၄ရွာက ကိုယ့်အိမ်ကိုပဲ ပြန်ပြန်ရောက် ကြရတာပေါ့ (မှန်ပါ့ဘုရား)။

(ဝိညာဏ်) ဖြစ်လာပုံလေးက = (ဒုက္ခသစ္စာ)
(ဝိညာဏ်) ဖြစ်ကြောင်းက = အဝိဇ္ဇာ၊ သင်္ခါရနယ်တွင်း

ဆိုတော့ (သမုဒယသစ္စာ)

(ဝိညာဏ်) ချုပ်ကြောင်းက = (နိရောဓသစ္စာ)

(ဝိညာဏ်) လေးမှန်းသိတာက = (မဂ္ဂသစ္စာ)ဖြစ်တယ်၊ ဒီလို

လည်းသစ္စာ၄ပါးကို သိရ

တယ်ဒကာကြီး (မှန်ပါ့)။

(ဝိညာဏ်)ကို (ဝိညာဏ်) အတိုင်းမသိရင်သေခါနီး(အဟိတ်ဝိညာဏ်) နဲ့မကောင်းတဲ့ (ပဋိသန္ဓေဝိညာဏ်) ရတော့တယ် (မှန်ပါ့) ဒါကြောင့်မြတ်စွာဘုရားက (ဒုက္ခခန္ဓာ) ပြန်မရအောင် မကောင်းတဲ့ (အဟိတ်ဝိညာဏ်) နဲ့မကောင်းတဲ့ (ပဋိသန္ဓေဝိညာဏ်) ပြန်မရအောင် (ဓမ္မာနုပဿနာ) ခန္ဓပဗ္ဗ (ခန္ဓာပိုင်း) ရှုခိုင်းတဲ့နေရာမှာ -

| | | |
|---|---|---|
| ဣတိဝိညာဏံ | = | ဤဟာ (ဝိညာဏ်) |
| ဣဒံဝိညာဏံ | = | သိတတ်တဲ့သဘောက (ဝိညာဏ်) |
| ဧတ္တကံဝိညာဏံ | = | (ဝိညာဏ်)ဟာဤမျှလောက်ပဲ |
| နက္ကတောဘိယျော | = | (ဝိညာဏ်)သိရုံလေးမျှထက် မပိုစေနဲ့(သညာ)မပါစေနဲ့၊(ဝေဒနာ)မပါစေနဲ့၊ (ပညတ်)မရောစေနဲ့ မပါစေနဲ့လို့ဟောပါတယ် (မှန်ပါ့) |

မြတ်စွာဘုရားက ခန္ဓပဗ္ဗ (ခန္ဓာ) ကိုရှုခိုင်းတဲ့နေရာမှာ ဣတိ

ရူပံ=ဤဟာ(ရုပ်) ၊ ဣတိဝိညာဏံ=ဤဟာ(ဝိညာဏ်)လို့ဒီအတိုင်း ရှုခိုင်းပါတယ် (မှန်ပါ့) (ဝိညာဏ်) ဟာ အဝိဇ္ဇာကြောင့်၊သင်္ခါရကြောင့် (ဝိညာဏ်)စဖြစ်တဲ့ (ဓမ္မ)လေးပါပဲ၊ ရှုတဲ့နေရာမှာ (သိကာလေးမျှ) ဖြစ်တဲ့ (ဓမ္မ)သဘောလေးထက် ပိုမသွားအောင်ရှုပါ၊ ပုခက်ထဲက ကလေးငယ်လေးရဲ့(အသိ)မျိုးလို၊ ခလေးငယ်ရဲ့အသိနဲ့ရှုပါ၊ လူကြီး အသိနဲ့ရှုရင်(ပညတ်)တွေပါလာလို့(ခန္ဓာငါးပါး)ဒုက္ခရတဲ့အပြင် (တဏှာ၊ ဥပါဒါန်) တွေပါရလာလို့ (သမုဒယ)တွေဖြစ်၊ နောက်တခါ (ခန္ဓာငါးပါး) ဒုက္ခတွေပြန်ရနဲ့ ဒုက္ခပြီးသမုဒယဖြစ်၊ သမုဒယပြီး ဒုက္ခ ဖြစ်နဲ့(ဒုက္ခနဲ့သမုဒယ)တွေပဲ သေသည်အထိ (သံသရာ)လည်ရတယ်၊ သေပြီးနောက် (ဇာတိ) ပြန်ရတော့လည်း ဒီ (ဒုက္ခနဲ့သမုဒယ)ကနေ မလွတ်နိုင်တဲ့ မိုးမဆုံးမြေမဆုံး သံသရာဝဲဩဃကနေမလွတ်နိုင်ကြဘူး ပေါ့ဒကာကြီး (မှန်ပါ့ဘုရား)။

အာရုံ ၆ပါးနဲ့သိစိတ်ကလေးဖြစ်လာရင် ဤဟာ (ဝိညာဏ်) (ဝိညာဏ်) လေးပဲ ဝိညာဏ်ခန္ဓာအနိစ္စလေးပဲဆိုတဲ့ ပိုင်းခြားသိတဲ့ ဉာဏ်သိနဲ့ (ပညတ်)တွေမဝင်ရအောင်ဖြတ်ချ၊ ဒါမှ(မဂ္ဂသစ္စာ)ဖြစ်ပြီး နိရောဓ (နိဗ္ဗာန်) ကိုဆိုက်ကြမှာ (မှန်ပါ့ဘုရား)(ဝိညာဏ်)လို့(ခန္ဓာ) ကိုဒီလိုသိသိပေးပါ။ (ဝိညာဏ်)ထဲမှာ ငါ၊သူ၊ယောကျ်ား၊မိန်းမ၊ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဝတ္ထု၊ ပစ္စည်းနာမသဏ္ဍာန် (ပညတ်)တွေ မပါပါစေနဲ့(မှန်ပါ့)၊ ဒါမှခန္ဓာဉာဏ်ရောက်မယ် ဒကာကြီး (မှန်ပါ့ဘုရား)။

(သိရုံ)လေးပဲသိတဲ့သဘောကို(ဉာဏ်)နဲ့နှလုံးသွင်းပါ၊ ဒီလို ပဲနှလုံးသွင်းပြီးသိသိပေးပါ၊ ဒါမှအမှန်မြင်(သမ္မာဒိဋ္ဌိ)ဖြစ်တာပဲ (ပညတ်)မပါအောင်ကြံပေးတာက(သမ္မာသင်္ကပ္ပ)၊ သမ္မာသင်္ကပ္ပဂေါ စရောဆိုတဲ့အတိုင်း (ပညတ်)မပါအောင်ကြံပေးမှ (ပရမတ်) အာရုံ အမှန်မြင် (သမ္မာဒိဋ္ဌိ) ဖြစ်တော့တယ် (မှန်ပါ့)၊ သိပေးတဲ့နေရာမှာ သိလိုက်တာနဲ့ပျက်သွားတာ (အနိစ္စ)ပေါ့၊ ဤဟာ(ဝိညာဏ်)လို့အသိ လိုက်ပေးရင်(ဥဒယဝယ)ဉာဏ်ဆိုတဲ့ (ဖြစ်ပျက်)အနိစ္စ လည်းသိပါ တယ်၊ (နိရောဓဓမ္မ) ချုပ်တာကိုလည်း သိပါတယ်၊ (မှန်ပါ့)။

(ဝိညာဏ်) မှန်းသိရင်မဂ်တားဖိုလ်တားတဲ့ (နီဝရဏ) တရား (၅)ပါးလည်း ဖြစ်ခွင့်မရတော့ဘူး (မှန်ပါ့)၊ (ဝိညာဏ်) ကို (ဝိညာဏ်) အတိုင်းသိရင် (နီဝရဏ) တရားတွေမပေါ်တော့ဘူး၊ (ရာဂ၊ ဒေါသ၊ မောဟ) တရားတွေနည်းသွားပြီး (နိဗ္ဗာန်) မြင်တာပဲ (မှန်ပါ့) ဤဟာ (ဝိညာဏ်) ကိုသတိထားပြီးရှုပါ၊ ပထမတော့ဆိုဆိုပြီး (သိ) တာ၊ ပွားပေးမှ (ဉာဏ်) ပေါ်တယ် (ဓမ္မ)လေးမှန်းသိတယ်၊ ဒါက (ကမ္မ ဋ္ဌာန်းဘာဝနာ) ပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်တယ်၊ ရှေးတုန်းကဆိုရင် ဤဟာ (ရုပ်) ဤဟာ (ဝိညာဏ်) လို့ဒီလိုပဲ (ဘာဝနာကမ္မဋ္ဌာန်း) ပွားရင်းနဲ့ (နိဗ္ဗာန်) ကို စံဝင်သွားကြတာပဲဒကာကြီး (မှန်ပါ့ဘုရား)။

(အာရုံ)တစ်ခုဝင်လာလို့ရှိရင် ဤဟာ (ဝိညာဏ်) လို့သိ လိုက်ပါ။ ဤဟာ (ဝိညာဏ်)လို့မရှုခင်မှာ (ဝိညာဏ်) ကြောင့်

(စေတသိက်)နဲ့(ပညတ်)ပါတဲ့ (မနောဝိညာဏ်)တွေကဖြစ်လာတော့၊ နှလုံးသွင်းမှားရင် (စေတသိက်) ကြောင့်ဖြစ်လာတဲ့ (အဟိတ်ဝိညာဏ်) ပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်လာတာပဲ၊ (ဝိညာဏ်) ဖြစ်တဲ့ သိရုံသက်သက်သဘောကနေ (စေတသိက်) တွေဝင်လာတော့ ဘာသိ၊ ညာသိနဲ့ဘယ်လိုဘယ်ချမ်းသာနဲ့ စိတ်ဆိုးစိတ်သွမ်းတွေ ပေါ်လာရင် ပူပန်စိတ်၊ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်အစရှိတဲ့ (အကုသိုလ်စိတ်) ပဲဖြစ်စေ၊ ကုသိုလ်စိတ်ပဲဖြစ်စေ (စိတ်) တွေဖြစ်လာရင် ဤဟာ (ဝိညာဏ်)လို့ရှုလိုက်ရင် ဒီအကုသိုလ်၊ ကုသိုလ်စိတ်တွေဟာ သေတော့တယ်။

ဖြစ်နေတဲ့ (အကုသိုလ်စိတ်) တွေဟာ (ဖြစ်ကြောမရှည်) တော့ဘူး (မှန်ပါ့)၊ ဤဟာ (ဝိညာဏ်) လို့လည်းသိရော (ပညတ်) ကြောင့်ဖြစ်တဲ့ (ပညတ်စိတ်) တွေပျောက်ပြီး (ပရမတ်စိတ်) သိတဲ့ သဘော (ဓမ္မ)လေးပဲ (ဉာဏ်)နဲ့ရှုရပါတယ်။ ဒီလို ဤဟာ (ဝိညာဏ်) လို့သိသိပေးတဲ့ (ဓမ္မ) လေးတွေက သိလိုက်ပျက်လိုက် နောက်အာရုံ တစ်ခုဝင်လာလိုက်၊ ဤဟာ(ဝိညာဏ်) ပဲလို့ သိလိုက်ပျက်လိုက်နဲ့ (ဖြစ်) တာလည်းသိ (ပျက်) တာလည်းသိရင် (ဝိပဿနာ) ဉာဏ်ရပြီး (ဖြစ်ပျက်) ကိုမြင်တာပဲ၊ (ဖြစ်) တာသိတာလည်း (ပရမတ်) ပဲ၊ (ပျက်) တာကိုသိတာလည်း (ပရမတ်) ကိုပဲသိနေတော့တာပေါ့ (မှန်ပါ့)။

အသံကြားရင်လည်း အသံက (ရုပ်)၊ ကြားတာသိတာက

အရှုခံ (ဝိညာဏ်)၊ ဒါကြောင့်ကြားတာကိုအသံ (ရုပ်)ပဲရှုရှု ကြားသိဖြစ်တဲ့(ဝိညာဏ်)လို့ပဲရှုရှု ဧကောဓမ္မောပဲ၊ ဘာကိုပဲရှုရှုသိလိုက်တာနဲ့ပျက်တာပဲ၊ဖြစ်ပြီးပျက်တာပဲ၊ (အနိစ္စ)ပဲအသိများလာလို့(ဉာဏ်)ကောင်းလာရင်(ဖြစ်ပျက်)ကိုမြင်တော့တာပဲ၊ (ဖြစ်ပျက်)ကိုတာရှည်မြင်လာရင် ပျက်တာတွေချည်းမြင်မယ်၊ သူ့အသံထဲမှာငါ၊သူ၊ယောက်ျား၊မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါတွေမထင်တော့ဘူး၊(သမ္မာဒိဋ္ဌိ)ဖြစ်လာပြီး(အဖြစ်အပျက်)တွေများများလာရင် အပျက်တွေချည်းမြင်ပြီး ဒီအဖြစ်အပျက်တွေမလိုချင်တော့မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသွားတာပါပဲ(မှန်ပါ့)။

အသက်ရှုတဲ့ စိတ္တဇဝါယောက (ဝိညာဏ်)ပဲ၊ (ဝိညာဏ်) မဖြစ်ရင် အသက်မရှုဘူး၊ အသက်ရှုတာလည်း (ဝိညာဏ်)ထုတ်တာလည်း (ဝိညာဏ်)ဖြစ်တော့၊ အသက်ရှုရင် ထုတ်ရင် ဤဟာ (ဝိညာဏ်)ပဲလို့သိနိုင်တယ် (မှန်ပါ့) မျက်စေ့နဲ့မြင်ရင် (စက္ခုဝိညာဏ်)၊ နားနဲ့ကြားရင် (သောတဝိညာဏ်)၊ နှာခေါင်းနဲ့နံရင် (ဃာနဝိညာဏ်)၊ ပါးစပ်နဲ့စားရင် (ဇိဝှာဝိညာဏ်)ကိုယ်နဲ့ထိတွေ့ရင် (ကာယဝိညာဏ်)၊ ကြံတွေးတဲ့ (မနော)နဲ့ (ဓမ္မာရုံ) နဲ့တွေ့ရင် (မနောဝိညာဏ်) တို့က ၆ပါးဝိညာဏ်ပဲ၊ ဘယ် (ဝိညာဏ်) ပေါ်ပေါ် သိရုံ (ဝိညာဏ်) အနေနဲ့ပဲရှုပါ။ (ဝိညာဏ်)ထက်ပိုမသွားပါစေနဲ့၊ စေတသိက် (သင်္ခါရ) ဝင်ရင် ပိုသွားပါတယ်၊ (မှန်ပါ့)၊ ပညတ်ပါရင် (စေတသိက်) ဝင်လာပြီး ခန္ဓာငါးပါး (ရုပ်နာမ်) ရပြီး (ဒုက္ခသစ္စာ)ရတော့တယ်၊ ဒီတော့ (ခန္ဓာ)

ရတဲ့နေရာမှာ (ခန္ဓာငါးပါး) အထိမရောက်အောင် (ဝိညာဏ်) ခန္ဓာပဲ ဖြတ်တတ်အောင် ဤဟာ (ဝိညာဏ်) လို့ပဲရှုပါ (မှန်ပါ့ဘုရား)၊

- (ဥပါဒါရုပ်)အဆက်အသွယ်လုပ်
- တမဟုတ် (ဝိညာဏ်) ဖြစ်သတည်း
- (ဝိညာဏ်) ဖြစ်ရာ (ခန္ဓာ) မှာအဟုတ်အိမ်နှင့်တူသတည်း
- အိမ်နှင့်တူရာဧည့်သည်လာကိစ္စထွေပြာများသတည်း
- ကိစ္စတွေပြာများသည့်အခါ ဤတွင် (ဒုက္ခ) ဖြစ်သတည်း

လို့ဘုန်းကြီးစပ်ထားတယ် (မှန်ပါ့)။

(ရုပ်) တွေကတော့ စွဲလန်းမှုတွေဖြစ်နေတဲ့ (ရုပ်) (ဥပါဒါရုပ်) တွေနဲ့ပဲတွေ့ထိ ဆက်သွယ်နေကြတာမဟုတ်လား (မှန်ပါ့)၊ ကိုယ်နဲ့ နီးစပ်ရာ (ရုပ်) တွေနဲ့ဆက်သွယ်မှုရှိနေတော့ (ရုပ်) နှစ်ခုတွေ့တိုက် တော့ (ဝိညာဏ်) ဖြစ်တယ်၊ (ဝိညာဏ်) ဖြစ်တဲ့ (သိစိတ်) လေးဟာ (အိမ်)နဲ့တူနေတယ်၊(အိမ်)ဆိုရင်ဧည့်သည်လာတတ်သလိုပဲ (ဝိညာဏ်) သိစိတ်(နာမ်)ခန္ဓာကလေးကလည်း သူချည်းမဖြစ်ဘူး၊ သူနဲ့ဖြစ်ပေါ် ဖြစ်ဘက်ချုပ်ဖော်ချုပ်ဘက်စေတသိက်(နာမ်)ခန္ဓာတွေက ဝင်လာပြီး (ဝိညာဏ်၊နာမ်ရုပ်)ဖြစ်တယ်၊ မြင်ရင်ဘာမြင်တာ၊ ဘယ်လိုဘယ်ချမ်း သာဆိုရင်၊ ကြားရင်ဘာကြားတာ ဘယ်လိုဘယ်ချမ်းသာ ိုရင် နံ့ရင် လည်းဘာနံ့၊ ညာနံ့နဲ့ ဘယ်လိုနံ့တယ်ဆိုရင် (စေတသိက်) ဖြစ်တဲ့ ဖဿ၊ သညာ ဝေဒနာ စေတနာ၊ ခံစားမှုတွေ၊ စေ့ဆော်မှုတွေဖြစ်တဲ့

ညှော်သည်တွေလာတော့တာပေါ့၊ (တဏှာ) ဆိုတဲ့တပ်မက်မှု၊ (ဥပါဒါန်) ဆိုတဲ့စွဲလန်းတဲ့ကိစ္စတွေ များလာတော့ တယ်၊ (ကံ) ဆိုတဲ့ကမ္မဘဝတို့ ဇာတိဇရာမရဏတွေရပြီး (ဒုက္ခ) ဖြစ်တော့တာပေါ့ ဒကာကြီး (မှန်ပါ့)။

ဒါကြောင့် (ဝိညာဏ်) ဖြစ်တဲ့ (ခန္ဓာ) အိမ်ကို (တဏှာ) လက်သမားက ပြန်ပြန်ဆောက်တယ်၊ ဒါကြောင့် (ဝိညာဏ်) ခန္ဓာစရတဲ့အိမ်နဲ့တူတဲ့ (ဝိညာဏ်) ခန္ဓာမှာညှော်သည် (သင်္ခါရ) စေတသိက်တွေမလာအောင်၊ ကိစ္စဝိစ္စတွေမရှိအောင် (ဝိညာဏ်) အိမ်ကို ညှော်သည်မလာအောင် (ဝိညာဏ်) သိထက်ပိုမသွားအောင် ဣတိဝိညာဏ် = ဤဟာဝိညာဏ်၊ ဣဒံဝိညာဏံ = သိတတ်တဲ့သဘောဟာ(ဝိညာဏ်)ပဲ၊ ဧတ္တကံဝိညာဏံ=ဝိညာဏ်ဟာ ဒီမျှလောက်ပဲဆိုပြီး (သင်္ခါရ)စေတသိက်တွေဖြစ်တဲ့ သညာ၊ ဝေဒနာ၊ စေတနာတွေမဝင်အောင်(ဝိညာဏ်)စိတ် (ပရမတ်) အစစ်ကိုမြင်အောင်ရှုမှ ဒုက္ခခန္ဓာသမုဒယောတဲ့ (ဒုက္ခ)တွေမရတော့မှာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

(ဥပါဒါရုပ်) နဲ့အဆက်အသွယ်လုပ်တော့ တမဟုတ် (ဝိညာဏ်) ဖြစ်လာတယ် (ဝိညာဏ်) ဖြစ်ရင် (နာမ်ရုပ်) ခန္ဓာငါးပါး ရလာတော့တယ်၊ စိတ်အသိပြည့်စုံတဲ့ စိတ်ခန္ဓာငါးပါး (မနောစိတ်) ရောက်လာတာပေါ့၊ (မှန်ပါ့) အဲ့ဒီသဘောနဲ့ ကိုယ့်သန္တာန်မှာ စိတ်အမျိုးမျိုးတွေဖြစ်ပေါ်နေတာကို (ငါ့) စိတ်လို့မလုပ်လိုက်နဲ့၊ ဒါက

(ဓမ္မ)သဘောလေးတွေပေါ်လာတာ (မှန်ပါ့)၊ ဒီ (ဓမ္မ) သဘာဝလေးတွေပေါ်လာတာကို (ရုပ်) လို့ပဲမှတ်မှတ်၊ (ဝိညာဏ်) လို့ပဲမှတ်မှတ်၊ (စိတ်) လို့ပဲမှတ်မှတ်၊ (သင်္ခါရ) လို့ပဲမှတ်မှတ်၊ ဘာကိုပဲဖြစ်စေ (ဖြစ်) ခါလေးမျှကိုပဲ သိပေးနေရင် (ခန္ဓာငါးပါး) ဒုက္ခလည်းမရဘူး (အဝိဇ္ဇာ၊ တဏှာ) လည်းမဖြစ်တော့တဲ့အတွက် (ရာဂ၊ ဒေါသ၊ မောဟ) တွေပါးပါးလာပြီး ကုန်ဆုံးတဲ့ (နိဗ္ဗာန်) သင်္ခါရတွေမဝင်နိုင်တော့ (သင်္ခါရ) တွေ ကုန်ပျောက်တဲ့ (နိဗ္ဗာန်) ရပြီပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)၊

(ဓမ္မာနုပဿနာ) ရှုပွားတဲ့နည်းဖြစ်တဲ့ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) လို့ (ပရမတ်) တစ်ခုခုကို ဒီလိုသိသိပြီးရှုပွားနေရင် (နိရောဓ ဓမ္မ) တွေ (မဂ္ဂင်)တွေဖြစ်နေတာပေါ့၊ ဖြစ်ပေါ်လာတဲ့ ဇာတိ (အဖြစ်)ဓမ္မ(ခန္ဓာ)လေးတွေလည်း ဆက်ဖြစ်ခွင့်မရဘူး (ခန္ဓာငါးပါး) လည်းဖြစ်ခွင့်မရပဲ (နိရောဓ ဓမ္မ)ချုပ်ချုပ်သွားပြီပေါ့(မှန်ပါ့)၊ (အာရုံ) တွေ(ရုပ်)တွေနဲ့အဆက်အသွယ်မလုပ်မိတော့(ဝိညာဏ်)ကနေ (နာမ်ရုပ်)ခန္ဓာငါးပါးဒုက္ခမရပဲ၊ ရတဲ့(ခန္ဓာ)လေးပဲ ပျောက်သွားတဲ့ (နိရောဓ ဓမ္မ) ဖြစ်နေတာပေါ့ဒကာကြီး (မှန်ပါ့ ဘုရား)၊

(ကိလေသာ) လည်းမဖြစ်ပဲ၊ ကိလေသာမီးတွေ ကိုယ့်သန္တာန်မှာမဖြစ်တော့ပဲ ကိလေသာဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) မီးတွေမဖြစ်ရာ (နိဗ္ဗာန်) ကို မျက်မှောက်ပြုတာပေါ့၊ ဒါဟာ ပထမတန်းတရားပဲဒကာကြီး (မှန်ပါ့ဘုရား)

(ခန္ဓာငါးပါး) ဖြစ်ခွင့်မရတော့ ကိုယ့်သန္တာန်မှာ ငြိမ်းငြိမ်းကြီးဖြစ်နေတာပေါ့၊(ခန္ဓာဒုက္ခ)တွေဖြစ်ခွင့်မရလို့ ငြိမ်းငြိမ်းကြီးဖြစ်နေတဲ့(နိရောဓ ဓမ္မ)ကနေ အစဉ်ဖြစ်ခွင့်မရတဲ့(ခန္ဓာဒုက္ခ)မဖြစ်ရာမပျက်ရာ(သင်္ခါရဒုက္ခ)မရှိရာအစဉ်ငြိမ်းတဲ့(နိရောဓသစ္စာ)ဘက်ရောက်တော့တာပေါ့ (မှန်ပါ့ဘုရား)၊

(ဓမ္မာနုပဿနာ)ကမိမိသန္တာန်မှာဒီ(နိရောဓ ဓမ္မ)လေးတွေရအောင် ဇာတိ (ဖြစ်) ခွင့်မရအောင် ဒီ (ဉာဏ်) မျိုးအစဉ် ရအောင်ကိန်းနေအောင်(ဉာဏ်)နဲ့ လေ့ကျင့်နေရတယ်၊ ဘာမှမခက်ဘူး၊ (သတိ)(ဝီရိယ)လေးပဲလိုတယ်၊ (သတိ)ဖြစ်တော့(ပညတ်)မဝင်အောင်ပိုင်းခြားလိုက်တော့(ဉာဏ်)ဖြစ်တယ်၊ (ဉာဏ်)က(ရုပ်)အသိပဲ၊ (ဝိညာဏ်)အသိပဲဖြစ်အောင်(ပညတ်)မဝင်ရအောင်(သမ္မာသက်ပ္ပ) ဆိုတဲ့ကောင်းစွာကြံခြင်းမျိုး၊ မှန်စွာကြံခြင်းမျိုးနဲ့ ကြံပေးရတယ်(မှန်ပါ့)၊ (သတိ)ကလေးနဲ့(ဉာဏ်)ကလေးနဲ့ထိန်းပြီး(ရုပ်)(ပရမတ်) ထက်မပိုရအောင်(ဝိညာဏ်)စိတ်(ပရမတ်)ထက်မပိုရအောင်(ပရမတ်)ပဲသိအောင်(ဉာဏ်သိ)သိပေးရတယ် ဒကာကြီး(မှန်ပါ့ဘုရား)၊

မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိတွေ့သမျှ၊ ကြံတွေးသမျှတွေမှာ ဖြစ်ပေါ်လာတဲ့ (ရုပ်ဓမ္မ၊ နာမ်ဓမ္မ) လေးတွေအပေါ်မှာ (ရုပ်) ကိုပဲအသိလိုက်လိုလျှင် ဖြစ်စေ၊ နာမ် (ဝိညာဏ်) ကိုပဲ အသိလိုက်လိုလျှင်ဖြစ်စေ (ကလာပ်ရုပ်) လို့မြတ်စွာဘုရားဟောတဲ့အတိုင်း

ဤဟာ (ရုပ်) လို့သိရမယ်၊ (ဣတိဝိညာဏံ) လို့မြတ်စွာဘုရား ရှုစေလိုသည့်အတိုင်းလည်း ဤဟာ(ဝိညာဏ်)လို့ပဲသိသိပေးရမယ်၊ ဒီအသိလေးသိရုံမျှလောက်ပဲသိရမယ်၊ ဒီ(အသိ)ထက်လွန်မသွားအောင်(ပညတ်)တွေမဝင်အောင်(သတိ)ကလေးနဲ့(ဉာဏ်)ကလေးနဲ့ ထိန်းထိန်းပြီးသိသိပေးရမယ်(မှန်ပါ့)၊

ဒီလိုအသိမျိုးနဲ့ သိသိပေးရင် (ကိလေသာ) ကြားဝင်ခွင့်မရတော့ဘူး၊ ဒီလို (ဉာဏ်) မျိုးရတော့ ငြိမ်းငြိမ်းသွားတဲ့ ငြိမ်းအေးမှုကိုရနေတာပေါ့၊ ဒါ (သံဒိဋ္ဌိကော)ပဲ ကိုယ့်သန္တာန်မှာငြိမ်းအေးမှုရနေတာကို ကိုယ်တိုင်သိတာပဲ၊ (အကာလိကော)အချိန်မရွေးအကျိုးပေးတော့မယ်၊ ဒီလို (နိရောဓ ဓမ္မ) ဖြစ်တဲ့ခဏ (နိဗ္ဗာန်) ရနေရာကအစဉ်(နိဗ္ဗာန်)ရဘို့အချိန်မရွေးအကျိုးပေးရောက်လာတော့မှာဖြစ်လို့ အမြဲငြိမ်းအေးတဲ့ (နိဗ္ဗာန်) ကြီးကိုမျက်မှောက်ပြုရတာပေါ့ (မှန်ပါ့ဘုရား)၊

အခုဆိုရင် (ဓမ္မာနုပဿနာ)ရှုနည်းအနေနဲ့ (နီဝရဏ)ဆိုတဲ့(သင်္ခါရ)စေတသိက်(နာမ်)ရှုနည်းငါးမျိုးရှုနည်းလည်းသိပြီ (ဝိညာဏ်)ဆိုတဲ့ (စိတ်နာမ်)ရှုနည်း၊ (ရုပ်)ရှုနည်းစတဲ့ (စိတ်၊ စေတသိက်၊ ရုပ်)ဖြစ်တဲ့ (ရုပ်၊ နာမ်) ခန္ဓာရှုနည်းလည်းသိပြီဆိုတော့ ပေါ်လွင်ထင်ရှားတဲ့ (နီဝရဏ) ပိုင်းနဲ့ (ခန္ဓာပိုင်း)သိဖို့လုံလောက်ပါပြီ၊ ကျန်တဲ့သုံးပိုင်းဖြစ်တဲ့ အာယတနတို့၊ ဗောဇ္ဈင်တို့သစ္စာတို့က အရင်ကဟောပြီးသားဖြစ်တော့အရင် (ပထမ) စာအုပ်မှာ ပါပြီးသားဖြစ်နေ ပြီမဟုတ်လား

(မှန်ပါ့ ဟောပြီးသားဖြစ်နေပါပြီဘုရား) ဒီလိုဆို မဟာသတိပဋ္ဌာန သုတ်တော်လာ(ဓမ္မာနုပဿနာ)ရှုနည်းငါးပိုင်း လုံးပါသွားပြီပေါ့ (မှန်ပါ့၊ အားလုံးပါသွားပါပြီဘုရား)၊

## (ဓမ္မ) သဘောတရားရှုနည်း

"ဓမ္မာနုအနုဓမ္မစာရီ" တဲ့တရားကိုလျော်စွာကျင့်လို့ရှိရင် အမှန်တရားဖြစ်တဲ့ (ပရမတ်) ဓမ္မလေးတွေကို နှလုံးသွင်းတတ်သွား တယ်၊ (ပရမတ်) ဓမ္မလေးတွေကို (နှလုံးသွင်း) တာမှန်လို့ရှိရင်လည်း တရားကိုလျော်စွာကျင့်ရာ ရောက်တာပေါ့ (မှန်ပါ့) (ပရမတ်) အမှန် တရားကို (နှလုံးသွင်းမှန်)မှလည်း တရားကိုလျော်စွာကျင့်ရာရောက်တဲ့ (သောတာပန်) ဖြစ်ကြောင်းတရားဖြစ်တာပေါ့ (မှန်ပါ့)၊

ရှိတာက (ဓမ္မ) တရားပဲရှိတာ၊ ရှိတဲ့ (ဓမ္မ) တရားလေးတွေ ကိုလျော်စွာကျင့်ဖို့(ဓမ္မ)တရားကိုလည်း တရားအားလျော်စွာသိရမယ်၊ သိရမဲ့(ဓမ္မ)တရားလေးတွေက(ရုပ်)လည်း(ဓမ္မ)ပဲ၊ (စိတ်)လည်း (ဓမ္မ) ပဲ၊ စေတသိက်လည်း(ဓမ္မ)ပဲ၊ (ပညတ်)လည်း(ဓမ္မ)ပဲ၊ (ပရမတ်)လည်း (ဓမ္မ)ပဲ၊ နိဗ္ဗာန်လည်း(ဓမ္မ)ပဲ၊ (ဓမ္မာနုဓမ္မ ပဋိပတ္တိ)ဆိုတာ(ဓမ္မ)လေး တွေပေါ်လာတာကို ဒီ(ဓမ္မ)သဘော တရားလေးတွေအတိုင်း လျော်စွာ ရှုရမယ်၊ ဒီလို(ဓမ္မ)လေးတွေပဲလို့ ရှုရမဲ့ သိရမဲ့နှလုံးသွင်းရမဲ့ကိစ္စကို (ဓမ္မ)နဲ့မဆိုင်တဲ့ (ငါ့) အပေါ်၊ (သူ့) အပေါ်အမြင်မပျောက်တဲ့ (အဝိဇ္ဇာ၊

တဏှာ၊ ဥပါဒါန်)တွေဖုံးပြီး (ပညတ်)အလိုအတိုင်း ရှုသိနေကြရင်တော့ တလွဲစီဖြစ်နေကြတော့မယ်(မှန်ပါ့)၊

(ဓမ္မာနုပဿနာ)က(ဝိပဿနာ)မှာအထွဋ်အထိပ်ပဲ၊ (ဓမ္မာနုပဿနာ)က(ပရမတ်)ကိုပဲရှုရတာ၊ (ပညတ်)အပေါ်ရှုရင်(ပညတ်)ပါရင်(အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်)ဘက်ရောက်ပြီး(ခန္ဓာ)ဖြစ်စဉ်တွေ (ပဋိစ္စသမုပ္ပါဒ်) တန်းပြီး (ဒုက္ခအစု)ရစေတယ်၊ ဒါကြောင့်(ပညတ်)ကိုဖယ်ခွာပြီးရှုရတယ်၊(ပညတ်)ကိုချန်ပြီးရှုရတယ်၊(ပညတ်)ကိုဖယ်ရှုတော့ (ရာဂ၊ဒေါသ၊မောဟ)တွေကင်းပြီး ဒုက္ခမရှိတဲ့ (နိရောဓဓမ္မ) ပဲ (မဂ္ဂင်) ပဲဖြစ်တော့တာပေါ့၊ (နိရောဓ ဓမ္မ) တွေနဲ့နေလာရင်(နိဗ္ဗာန်) ဖြစ်တဲ့ (နိရောဓ သစ္စာ) ကိုဆိုက်ရောက်တာပေါ့ (မှန်ပါ့)၊

တရားဆိုတဲ့ (ဓမ္မ) သဘောလေးတွေကိုပဲ လျှော်စွာရှုနေတဲ့စိတ်က (မဂ္ဂင်) ဖြစ်တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) တွေကင်းနေတယ်၊ ကိုယ့်သန္တာန်မှာ (ခယံ၊ ဝိရာဂံ၊ အမတံ၊ ပနိတံ) တဲ့၊ ဘုရားရှင်(ရတနသုတ်တော်) မှာဟောကြားသလို ကိုယ့်သန္တာန်မှာ (ရာဂ၊ဒေါသ၊ မောဟ) တွေ ဘယ်လောက်ထိကုန်သွားတယ်၊ ဘာတွေကုန်လို့ဘာတွေရှိသေးတယ်ဆိုတာ ကိုယ့်ဟာကိုယ်သိရတာပဲ၊ သူများကိုမေးရတာမျိုးမဟုတ်ဘူး၊ ဘေးကလူကလည်း ပြောပေးနေရတာမျိုးမဟုတ်ဘူး (ခယံ၊ ဝိရာဂံ၊ အမတံ၊ ပနိဒံ) နဲ့ကိုယ်ဟာကိုစစ်ဆေးရတာမျိုးပဲ (မှန်ပါ့)။

ခယံ = ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ရာဂ၊ဒေါသ၊မောဟ ဣသာ မိစ္ဆရိယတွေ ကုန်သွားတာကို(ခယံ)လို့ခေါ် တယ်၊

ဝိရာဂံ = ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ တွေလို့မမြင်တော့တဲ့အတွက်(ဝိရာဂ)လို့ ခေါ် တယ်၊

အမတံ = (သင်္ခါရ) တရားရဲ့နှိပ်စက်မှုမှလွတ်တယ်၊

ပနိဒံ = ကိလေသာကင်းသွားလို့ မွန်မြတ်နေတာပဲ (မှန်ပါ့)

ဒီတရားတွေက (သစ္စိကတပ္ပ) (သံဒိဋ္ဌိက) ကိုယ်တိုင်သိရတဲ့ တရားတွေ၊ သူများကိုမမေးရပါဘူး (မှန်ပါ့) ကိုယ်သန္တာန်မှာ တကယ် ဖြစ်မဖြစ် (သံဒိဋ္ဌိကော) တရားဂုဏ်နဲ့ ကိုယ်တိုင်သိရတဲ့တရားတွေ ပါ၊ (မှန်ပါ့) ကိုယ့်သန္တာန်မှာတကယ်ဖြစ်မဖြစ်ကိုယ်တိုင်သိရမှ ကိုယ်ကျင့်တဲ့တရားဟာ တရားဂုဏ်တော် (၆)ပါးနဲ့ ညီညွတ်တဲ့တရား ဖြစ်မှာပါ။ (မှန်ပါ့)။

စိတ်သန္တာန်မှာ(ရာဂ၊ဒေါသ၊မောဟ)မပေါ်အောင် ကြည့်ပေး ရတယ်၊ (ပညတ်)မပေါ်ရင် (ရာဂ၊ဒေါသ၊မောဟ)ကမဖြစ်ဘူး၊ ဒါမှ (ဓမ္မာနုအနုဓမ္မစာရီ) တရားအားလျော်စွာ ကျင့်ရာရောက်တယ်

(မှန်ပ့ါ) တရားမသိရင် (ဓမ္မစကြာ) နဲ့ညှိရတယ် (မှန်ပ့ါ) ဓမ္မစကြာမှာ (ဓမ္မစကျွံဥဒပါဒိ)တဲ့၊ ဓမ္မမျက်လုံးသည်သာ ထင်ရှား ပေါ်ပေါက်လို့သာ ပါတယ်၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါမပါဘူး။

ဘာဖြစ်လို့လည်းဆိုတော့ "ယံကိဉ္စိသမုဒယဓမ္မံသဗ္ဗတံ နိရောဓ ဓမ္မ"လို့မြတ်စွာဘုရားဟောတဲ့(ဓမ္မစကြာ)အတိုင်းပဲ(ပရမတ်) မြင်ရင်သမုဒယတွေပျောက်ပြီ(နိရောဓ ဓမ္မ)မြင်သွားလို့ပဲ (မှန်ပ့ါ)

- ပုဂ္ဂိုလ်မပါ(ဓမ္မ)သာ(ဓမ္မစက္ခု)ဖြစ်သတည်း
- ပုဂ္ဂိုလ်ပါလျှင် သူငါဝင်၊ ဤတွင် (ဒိဋ္ဌိ) ဖြစ်သတည်း
- (ဒိဋ္ဌိ)ဖြစ်လျှင်ချစ်မုန်းဝင်၊ဤတွင်လောဘ၊ဒေါသ ဖြစ်

သတည်းလို့ ဘုန်းကြီးစပ်ထားတယ်(မှန်ပ့ါ)၊ ပုဂ္ဂိုလ်ဆိုတာငါ၊သူ၊ ယောကျ်ား၊မိန်းမကို ဖယ်ကြည့်တတ်မှ (ဒိဋ္ဌိ) စင်တာ (မှန်ပ့ါ)၊ (ပညတ်) ကိုဖယ်ကြည့်ရင်(ပရမတ်)ကိုမြင်လာတယ်၊ စိတ်မှာ(ပညတ်)မကပ်စေ ရဘူး၊ အဲ့ဒီလိုရှုရတယ်၊ သိပေးရတယ်ဒကာကြီး(မှန်ပ့ါဘုရား)။

(ဓမ္မစကြာ) ဆိုတာ (ဓမ္မ) သဘောတရားကိုခေါ်တာ၊ အကြောင်းအကျိုးကိုလည်း (ဓမ္မ)လို့ခေါ်တယ်၊ (သစ္စာ) ကိုလည်း (ဓမ္မ) လို့ခေါ်တယ်၊ (ဓမ္မစကြာ) မှာမြတ်စွာဘုရားက (ဓမ္မ) သဘောတွေကို ရှင်းပြပြီး သစ္စာ၄ပါးဖြစ်တဲ့ (ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ၊ မဂ္ဂသစ္စာ) တို့ကို (သစ္စာ)ဆိုတဲ့အမှန်တရားသိအောင် ရှင်းပြ တာ (မှန်ပ့ါ) ပုဗ္ဗေအနနုဿုတေသုဓမ္မေသုအစချီပြီး ဒီ (ဓမ္မ) တရား

တွေကို ရှေးအခါကတခါတရံမျှ မကြားဘူးကုန်သော (ဓမ္မ) တရား အပေါင်းတို့မှာ -

စက္ခုံဥဒပါဒိ = မြင်နိုင်တုံဘိဉာဏ်မျက်စေ့သည် ထင်ရှား ဖြစ်ပေါ်လာ၏။

ဉာဏံဥဒပါဒိ = ထိုးထွင်းဟုတ်မှန် အသိဉာဏ်သည် ထင်ရှားဖြစ်ပေါ်လာ၏။

ပညာဥဒပါဒိ = မြင်အားသန်သော ဉာဏ်ပညာသည် ထိုးထွင်းပေါ်လာ၏။

ဝိဇ္ဇာဥဒပါဒိ = ထိုးထွင်းသိတတ်ဝိဇ္ဇာဓါတ်သည် ထင်ရှား ဖြစ်ပေါ်လာ၏။

အာလောကောဥဒပါဒိ = မောဟမှောင်ကြီးကို ထွန်းပြောင် စေတဲ့အလင်းရောင်ကြီးသည် ထင်ရှားဖြစ်ပေါ်လာပါတယ်လို့ ဒီလို (ဓမ္မ) သဘောတွေကို ရှင်းပြပြီးမှသစ္စာ (၄)ပါးကို ရှင်းပြဟောကြား ပေးတာပါ (မှန်ပ့ါ)။

ကိုယ့်သန္တာန်မှာ(ဇာတိ)ဆိုတဲ့ဖြစ်မှု(ဒုက္ခ)ဖြစ်တာဟာ (ဓမ္မ) သဘာဝတွေ ဖြစ်လိုတ်ပျက်လိုက်နဲ့ဇာတိ(ဒုက္ခ)ဖြစ်နေတဲ့အကြောင်း အမှန်ပြောတာ၊တကယ့်(ဒုက္ခ) ဖြစ်နေတာကိုဖြစ်နေတဲ့အမှန်သဘော ပြောတာကို(သစ္စာ)လို့ခေါ်တယ်၊ အဲ့ဒီ(သစ္စာ)ကိုသိရင်(သစ္စာဉာဏ်) ရတာပဲ၊ (မှန်ပ့ါ)၊ အဲ့ဒီ(ဒုက္ခ)မဖြစ်အောင်ဘာလုပ်မလဲ၊ လုပ်ရမဲ့(ကိစ္စ)

က ကိုယ့်သန္တာန်မှာဖြစ်နေတဲ့ (ရာဂ၊ဒေါသ၊မောဟ)တွေဟာ(ပညတ်) ကြောင့်ဖြစ်နေတယ်၊ (ပညတ်)ကိုဖယ်ပြီး(ပရမတ်)ကိုရှုရမဲ့(ကိစ္စ)ကို သိရင်(ကိစ္စညာဏ်)ရတယ် (မှန်ပါ့)အဲ့ဒီ(ပညတ်)ကြောင့်ဖြစ်တဲ့(ရာဂ၊ ဒေါသ၊ မောဟ)တွေကို ဖယ်လိုက်တော့(ဒုက္ခ)ကလွတ်သွားပြီပေါ့၊ လွတ်သွားတော့ (ကတညာဏ်) လို့ ဒီလို (ဓမ္မသဘော)တွေ သိပြီးတော့ (သစ္စာ၄ပါး) နဲ့ ဓမ္မစကြာမှာ သစ္စာညာဏ်၊ ကိစ္စညာဏ်၊ ကတညာဏ်နဲ့ (နိဗ္ဗာန်) ရောက်အောင်မြတ်စွာဘုရားဟောပါတယ် (မှန်ပါ့)

(ဓမ္မာနုပဿနာ) က (ဓမ္မ) သဘောတရားတို့ရဲ့ (လက္ခဏာ) ကိုသိရတာပဲ၊ (ဓမ္မာနံ) သဘောတရားတို့ကိုညာဏံ (ညာဏ်) နဲ့ကြည့် တာကို (ဓမ္မာနုအနုဓမ္မစာရီ) လို့ခေါ်တယ်၊ တရားသဘောတို့ကို အသိကပ်ပြီးတရားအားလျော်စွာ (ညာဏ်) နဲ့သိနေတာပဲ (မှန်ပါ့)၊ ဒီလို (ဓမ္မာနုအနုဓမ္မစာရီ) တရားနဲ့လျော်စွာ အသိလိုက်ပြီးသိနေတဲ့ အခါ (လောဘ၊ ဒေါသ၊ မောဟ) ဖြစ်တဲ့ (ရာဂ၊ ဒေါသ၊ မောဟ) တွေကိုပယ်နေပါတယ် (မှန်ပါ့)

ဓမ္မေစပဇာနာတိ (ဓမ္မာရုံ) ကိုလည်းသိရတယ် (သဗ္ဗေဓမ္မာ) ကိုသိရမှာက ဓမ္မေစပဇာနာတိပေါ့၊ သဗ္ဗံဘိက္ခဝေအဘိညာယံပေါ့ (မှန်ပါ့) တရားသဘောတို့ရဲ့လက္ခဏာကိုသိအောင် လုပ်ပါဆိုတာနဲ့ အတူတူပေါ့ (မှန်ပါ့) (ဓမ္မာရုံ) က (အာရုံ) နဲ့သဘောလက္ခဏာနှမှန် ဖြစ်နေတာက (ဓမ္မာရုံ)ပဲ၊ဒါကိုမသိတာ(မောဟ)ခေါ်တယ်၊ ဒါကြောင့်

ကိုယ့်အာရုံမှာ(ဓမ္မ)သဘောတရားလေးတွ ဖြစ်နေတဲ့(ဓမ္မာရုံ)ဖြစ်နေတာကိုဖြစ်နေမှန်းသိပါ(မှန်ပါ့)၊ အသိများလာရင်(မောဟ)တွေများများကွာတော့တယ်၊(အမောဟ)ဆိုတဲ့(မောဟ)မရှိတဲ့စိတ်ဖြစ်မှ (မဂ်စိတ်) များများဖြစ်တယ်၊ ရှေ့ပြေးမဂ်ခေါ် တယ် (မှန်ပါ့)။

(ဓမ္မာနုပဿနာ) ဆိုတာဝင်လာတဲ့ (အာရုံ) လေးတွေမှာ (ပညတ်) မဖြစ်အောင်ရှုရတာ (မှန်ပါ့)၊ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သညာ)၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (သင်္ခါရ) လို့လည်းသိပေးရတယ်၊ ဒါခန္ဓာရဲ့သဘောဓမ္မလေးတွေကို စိစစ်ကြည့်တာ (မှန်ပါ့)။

(ပညတ်)က(ဒိဋ္ဌိ) ဖြစ်နေလို့(ပညတ်)ခွါမှ (ဒိဋ္ဌိ)ကလည်းလွတ်သည်၊(ရာဂ၊ဒေါသ)ကလည်းလွတ်တယ်(ပညတ်)မပါတော့မှ(ဓမ္မ)ဆိုတဲ့သဘောလက္ခဏာလေးတွေကိုကြည့်တတ်တယ် (မှန်ပါ့)၊(ပညတ်)နဲ့(ပရမတ်)နဲ့ကွဲချင်ရင်(ပညတ်)မပါမှ(ပရမတ်) ဖြစ်တယ်၊(ပရမတ်)က(ပညတ်)မပါတာ၊(ခန္ဓာ)သဘောက (ပရမတ်)ပဲ၊ (ခန္ဓာ)ကလွတ်တော့မှ (နိဗ္ဗာန်)ပဲ(မှန်ပါ့)။

(အာရုံ) နဲ့ (စိတ်) ကိုလည်းကွဲရတယ်၊ (အာရုံ) ကရုပ် ၂ခု ပေါင်းလို့ (အာရုံ)ပဲ(စိတ်)ကနာမ်ပဲ၊ (ရုပ်)(၂)ခုတွေ့တိုက်တော့(ရုပ်) မြင်တဲ့စိတ် (နာမ်) ရတာပေါ့ (မှန်ပါ့)၊ ဒီစိတ် (နာမ်)ဟာအကြောင်း

၂ခုတိုက်ဆိုင်လို့ သိရတဲ့(အကြောင်းအကျိုး)မျိုးကို (ဓမ္မ)ခေါ်တယ်၊ (ဓမ္မ)ဆိုတာ(သဘာဝ)ပဲ၊ "အကြောင်းအားလျော်စွာဖြစ်လေတာ မှတ်ပါသဘာဝ"တဲ့၊အဲ့ဒီသဘာဝက(ဓမ္မ)ပဲ၊(ဓမ္မသဘာဝ)လို့ပဲ မြင်ရမယ်၊ ရှုရမယ်၊ (ငါ၊သူ၊ယောကျ်ား၊ မိန်းမ၊ပုဂ္ဂိုလ်၊သတ္တဝါ) လို့မမြင်ရဘူး၊ မရှုရဘူး၊ မျက်စေ့(ရုပ်)နဲ့အဆင်း(ရုပ်)၂ခုက အကြောင်းပြုလို့မြင်တာက(မြင်စိတ်)အကျိုး(သဘာဝ)၊နား(ရုပ်)နဲ့အသံ(ရုပ်)၂ခုကအကြောင်းပြုလို့ကြားတာက(ကြားစိတ်)အကျိုး(သဘာဝ)၊ နား(ရုပ်)နဲ့ အသံ(ရုပ်)၂ခုအကြောင်းပြုလို့ကြားတာက(ကြားစိတ်) အကျိုး(သဘာဝ) ဓမ္မပဲ၊ ဒီလိုအကြောင်းအားလျော်စွာ ဖြစ်လာတဲ့ သဘာဝ(ဓမ္မ)ကိုပဲရှုရမယ်။ မြင်ကာမတ္တ၊ကြားကာမတ္တ၊သိတာကသဘာဝ(ဓမ္မ)လေးတွေရှုတော့(ပညတ်)မပါတော့ (ဓမ္မာနုပဿနာ) ဖြစ်တာပေါ့ (မှန်ပ့ါ)။

မျက်စေ့ (ရုပ်) နဲ့အဆင်း (ရုပ်) တို့အကြောင်းအားလျော်စွာဖြစ်လေတကာက အကျိုးမြင်စိတ် (ဝိညာဏ်) ပေါ့၊ အဲဒါ (သဘာဝဓမ္မ) ပေါ့၊ နား (ရုပ်) နဲ့အသံ (ရုပ်) တို့အကြောင်းအားလျော်စွာဖြစ်လေတကာကကြားစိတ် (ဝိညာဏ်) ပေါ့၊ အဲ့ဒါ (သဘာဝဓမ္မ) ပေါ့၊ ဒါကို ပုထုဇဉ်တို့က ငါမြင်တာ၊ ငါကြားတာလုပ်တော့ ငါ၊ သူ၊ ယောကျ်ား မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိလုပ်နေကြတော့ ဒီအသိအမြင် (ဒိဋ္ဌိ)အမြင်ဟာ အမှားမြင်ဖြစ်တော့ ဒီအမြင်(ဒိဋ္ဌိ)ကိုခွါရဖို့ ရှိတာပေါ့၊ ဒိဋ္ဌိအမြင်က(တဏှာ၊ ဥပါဒါန်) ဖြစ်သွားတော့လောက(ဒုက္ခသစ္စာ)

ရတာပေါ့၊လောကကလွတ်မြောက်ကြောင်း(နိဗ္ဗာန်)ရောက်ကြောင်း မဖြစ်ဘူးပေါ့၊လောကသံသရာထဲက မလွတ်မြောက်နိုင်ဘူးပေါ့(မှန်ပါ့)

ရှင်သာရိပုတ္တရာဟာ အစကအများနည်းတူပဲ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ပဲသိနေတာပဲ၊ (ယေဓမ္မာ)ကို (ဟေတုပ္ပဘဝါ)လို့မသိဘူး၊ (ရှင်အဿဇိ) က ဟောပြမှ "ယေဓမ္မာ ဟေတုပ္ပဘဝါ" အကြောင်းကြောင့် အကျိုးဖြစ်နေတဲ့ အကြောင်း အကျိုးကိုသိသွားတယ်၊ ရှင်သာရိပုတ္တရာတရားစသိတာ (ဓမ္မ) အကြောင်းအကျိုးနဲ့ (ဓမ္မာနုပဿနာ) နဲ့တရားစသိပြီး ငါ၊ သူ၊ ယောကျာ်း၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင် (ဒိဋ္ဌိ)ကွာလို့ (သောတာပန်) ဖြစ်တာပဲလို့ ပြောရင်မမှားဘူး၊ ဘာကြောင့်လဲဆိုရင် အကြောင်း အကျိုးဖြစ်တဲ့ (ဓမ္မ) သဘောကိုသိသွားလို့ ဒီ (ဓမ္မ)သဘောကို (ဉာဏ်) ထက်သူဖြစ်တော့ ဉာဏ်ကြီးနဲ့ရှုတော့ (သောတာပန်) တည်တာပေါ့ (မှန်ပါ့)။

**(ဓမ္မ) ဆိုတာနဲ့ ငါ၊ သူ၊ ယောကျာ်း၊ မိန်းမအမြင်မရှိတော့ဘူး (သဘော)ပဲမြင်တော့တယ်၊ သဗ္ဗေဓမ္မာ၊ သဗ္ဗေသင်္ခါရ လို့ဒီလိုသိသွားတယ်၊ (ယေဓမ္မာ) ဆိုရင် (ဓမ္မာနုပဿနာ) ဖြစ်ပြီး (သဘာဝ) ကိုရောက်သွားပြီ၊ (ပညတ်)တွေမရှိတော့ဘူး (မှန်ပါ့)၊ ယေဓမ္မာ-အကြင်သဘာဝသဘောတရားတို့သည် ဟေတုပ္ပဘဝါ- အကြောင်းရင်းအစရှိကုန်၏တဲ့ "ဓမ္မောတိသဘာဝေါ"တဲ့ ဓမ္မော-**

**ဓမ္မသည်သဘာဝေါ(ဘာဘာဝ)တရားပဲ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ မဟုတ်ဘူး၊ (ပညတ်)မရှိတဲ့ရုပ် (ဓမ္မ)၊ နာမ် (ဓမ္မ)ရုပ်သဘော၊ နာမ်သဘောသဘာဝတရားတွေ အကြောင်းအကျိုးပြုနေတဲ့ သဘောအမှန်ကိုသိတယ် (မှန်ပါဘုရား)။**

(သတ္တဝါ) ဆိုတာဘုံသုံးပါးလို့ခေါ်တဲ့ လူဘုံ၊ နတ်ဘုံ၊ အပါယ်ဘုံမှာ (အာရုံ)ကိုတပ်မက်ဝဲ့စိတ်ရှိကြသူတွေ (အာရုံ)နောက် လိုက်တတ်သူအားလုံးကို (သတ္တဝါ)လို့ခေါ်ဝေါ်သမုတ်ထားတာ၊ တကယ်မရှိဘူး၊ အရိယာကလွဲလို့လူလည်းသတ္တဝါ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်လည်း (သတ္တဝါ) လို့ခေါ်တယ်၊ (လူ)ဆိုတာအခေါ်အဝေါ် ဖြစ်သလို (သတ္တဝါ) ကလည်းအခေါ်အဝေါ်ပဲ၊ အမှန်တကယ်မရှိဘူး၊ ရှိတာက ပရမတ္ထတရား ၄ပါးဖြစ်တဲ့ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်) ပဲရှိတာ (မှန်ပါ)။

(ဓမ္မာနုပဿနာ) ဆိုတာသဘောတရားတွေကို ဆင်ခြင်တာ ပဲ၊ သိတာပဲ၊ (ရာဂ၊ ဒေါသ၊ မောဟ) ဖြစ်စေတဲ့ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) ဘက်ရောက်တဲ့ လူအမြင်၊ သတ္တဝါအမြင်၊ ယောကျ်ား၊ မိန်းမအမြင်မရှိဘူး၊ (ဓမ္မ) သဘောပဲမြင်တယ် "ဓမ္မောတိသဘာဝေါ" ဆိုသလို(သဘောသဘာဝဓမ္မ)ပဲမြင်တယ်(မှန်ပါ)။

(ဓမ္မ)ဆိုတဲ့(သဘာဝတရား)ဆိုတာဖြစ်ခါလေးမျှပဲ၊

အကြောင်းအားလျော်စွာဖြစ်ခါလေးမျှကို သဘာဝ(ဓမ္မ)ခေါ်တယ် (မှန်ပါ့)ဘာဖြစ်ခါလေးမျှလည်းဆိုရင် အောင်းမေ့တာတို့၊ အမှတ်ရတာလေးမျိုးမှာကြည့်ရင် ဘယ်တုန်းကတော့ ဘယ်လိုနေခဲ့တာပေါ့ဆိုတဲ့ အောင်းမေ့တဲ့(ဝိညာဏ်)စိတ်မှာ(သညာ၊ဝေဒနာ၊တဏှာ)ဖြစ်နေတယ်၊ အဲ့ဒါလည်း (ဓမ္မ)သဘာဝပဲ(မှန်ပါ့)လူနဲ့ရောတော့ အဲ့ဒီတုန်းက ဘယ်သူကဘယ်လိုဆိုပြီး ဟိုတုန်းက အဖြစ်အပျက်ကလေးတွေမှာ အချိန်နဲ့နေရာလည်းပါတယ်၊ ဘယ်သူဘယ်ဝါ၊ ဘယ်လို ဘယ်ချမ်းသာဖြစ်တယ်ဆိုတာတွေ လူနဲ့ရောတော့ လူသတ္တဝါတွေပါတဲ့ (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်)တွေပါနေတဲ့ အောင်းမေ့မှု၊ အမှတ်ရမှုအတွေးတွေဟာ (သမုဒယသစ္စာ)ပေါ့၊ ပြန်စဉ်းစားတဲ့ အတွေးကိုခံစားတာက (ဒုက္ခသစ္စာ)ပေါ့(မှန်ပါ့)။

အကြောင်းအားလျော်စွာဖြစ်ခါမျှကို(ဇာတိ)လို့ခေါ်တယ်၊ (ဖြစ်တာ)ကို(ဇာတိ)လို့သဘောပေါက်ရင်၊ (ဇာတိပိဒုက္ခာ) ဆိုတော့(ဇာတိ)ကဒုက္ခပေါ့၊ ဖြစ်တာက(ဒုက္ခ)ပေါ့၊ ဖြစ်ချင်တာက (သမုဒယ)ပေါ့။ မဖြစ်ချင်တာက(မဂ္ဂ)ပေါ့၊ မဖြစ်တာက (နိရောဓ) ပေါ့(မှန်ပါ့)ဒီတော့(ဖြစ်ချင်ရင်ဖြစ်တာပဲ)၊ (မဖြစ်ချင်တော့မဖြစ်) ဘူးပေါ့ (မှန်ပါ့)။

(ဖြစ်ချင်တာ) က (သမုဒယ)နဲ့အကြောင်းရှာလို့ (ဖြစ်တော့)

(ဒုက္ခ)နဲ့ပြန်ခံစားရတာပေါ့ (မှန်ပါ့) အမှတ်ရတော့တွေးတော့ (သမုဒယနဲ့ဒုက္ခ) ကိုပြန်ခံစားတဲ့ (ခန္ဓာငါးပါး) လိုချင်တာရယ်၊ (ခန္ဓာငါးပါး)ရတာရယ်ကဖြစ်ချင်တာနဲ့ ဖြစ်တာပဲ (မှန်ပါ့)။

သိချင်တာလည်း (ဖြင့်ခြင်း)ရဲ့အကြောင်းပါတယ်၊ ဘာမဆို (ချင်) တာလေးပါရင် သမုဒယ (တဏှာ)ဖြစ်သွားပြီ၊ (ချင်) တာက (အဝိဇ္ဇာ၊ တဏှာ) ဒါကြောင့် (အဝိဇ္ဇာ၊ တဏှာ) ဖြစ်တဲ့ (သမုဒယ) တွေအစပျိုးနေကြတဲ့သဘောတွေဆိုရင် ပယ်ကိုပယ်ရမယ်၊ ဒါဟာ (ဓမ္မသဘော) တွေနော် (မှန်ပါ့)။

အဲဒီလိုပယ်ပြီးရင် (အရိယာ)အမြင်ရှိပြီပေါ့၊ ဖြစ်ချင်နေတာက သမုဒယ (လောဘ၊ တဏှာ) ပါနေပြီ၊ ဖြစ်ချင်တော့ဖြစ်တယ်၊ ဖြစ်တော့ (ဒုက္ခ) တွေဖြစ်တယ်၊ မဖြစ်တော့ (ဒုက္ခ) တွေမဖြစ်တော့ဘူးပေါ့ (မှန်ပါ့)၊ ဖြစ်တာက (အဝိဇ္ဇာ၊ တဏှာ) သမုဒယကြောင့်ဖြစ်တာ၊ (အဝိဇ္ဇာ၊ တဏှာ) မရှိရင်မဖြစ်တဲ့ (ဒုက္ခချုပ်ငြိမ်း) တဲ့ နိရောဓ (နိဗ္ဗာန်) ပေါ့၊ ဒါကအလွန်လေးနက်တယ်နော် (မှန်ပါ့)။

(သစ္စာ၄ပါး) ကိုသိချင်ရင်ဒီဖြစ်ချင်တဲ့(သမုဒယ) နဲ့ဖြစ်တဲ့ ဒုက္ခ (ဇာတိ) နဲ့စပြောရမယ် (မှန်ပါ့)။

"ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်မဖြစ်၊ သစ္စာ၄ပါး၊ ၁၂စစ်" ပေါ့ (မှန်ပါ့)။

ဖြစ်ချင်တာက = သမုဒယသစ္စာ
ဖြစ်တာက = ဒုက္ခသစ္စာ
မဖြစ်ချင်တာက = မဂ္ဂသစ္စာ
မဖြစ်တာက = နိရောဓသစ္စာပေါ့ (မှန်ပါ့)။

ဇာတိ (ဖြစ်တာ) ကဒုက္ခရောက်တာ (ခန္ဓာငါးပါး)ရတာ၊ (ဒုက္ခသစ္စာ) ဖြစ်တာက (ဖြစ်ချင်)လို့ဆိုတော့ (အဝိဇ္ဇာ၊ တဏှာ) ပါတော့ (သမုဒယ သစ္စာ)၊ မဖြစ်တာက (နိရောဓသစ္စာ)၊ ဘာကြောင့် (နိရောဓ) ရသလဲ မဖြစ်ချင်တဲ့ (မဂ်) ဉာဏ်နဲ့ထိန်းတော့ (မဂ္ဂသစ္စာ) ပေါ့၊ ဘာမဆို (ဖြစ်တာ) က (ဇာတိ၊ သမုဒယ၊ ဥပ္ပါဒေါ၊ သင်္ခါရ) ဒါတွေဟာ ပါဠိလို (ဖြစ်တာ) တို့ သူ့နေရာနဲ့သူဘုရားဟောတာ၊ (အဖြစ်) တို့ (ဖြစ်တာ) တို့ဆိုတာ (ခန္ဓာငါးပါး) ရတာပဲ၊ (ခန္ဓာ)ရတော့ ဥပါဒါနက္ခန္ဓဒုက္ခာ၊ ဒုက္ခဇာတိရတာပေါ့ (မှန်ပါ့)။

(ပရမတ်) အနေနဲ့ပြောရရင် -

ဖြစ်၊မဖြစ်(ပရမတ်)အစစ်တဲ့၊ခန္ဓာ(ဖြစ်တာ)လည်း (ပရမတ်) ပဲ၊ ခန္ဓာ(မဖြစ်)တာလည်း(ပရမတ်)ပဲပေါ့၊ (ဖြစ်တာ)လေးကလည်း (ခန္ဓာ)ရတဲ့ သမုဒယဓမ္မာ(ပရမတ်)ပဲ၊(မဖြစ်တာ)လေးကလည်း ဝယ ဓမ္မာ(ပရမတ်)ပဲ၊ခန္ဓာမရတဲ့(နိရောဓဓမ္မ)ပေါ့၊အစဉ်မဖြစ်တော့ (နိရောဓသစ္စာ)(နိဗ္ဗာန်)ရပြီပေါ့၊ဒီလို(ဓမ္မသဘာဝ)ကိုကောင်းကောင်း နားလည်သွားရင် သစ္စာ၄ပါးသိပြီး(နိဗ္ဗာန်)ဝင်တော့တာပေါ့(မှန်ပါ့

ဘုရား) ဘယ်နေရာပဲဖြစ်ဖြစ် (သစ္စာ၄ပါး)နဲ့လွတ်တဲ့တရားမရှိဘူး (မှန်ပါ့)။

(နိဗ္ဗာန်) အသင်္ခတက မဖြစ်တာကိုခေါ်တယ် (ခန္ဓာဒုက္ခ) လည်းမဖြစ်ဘူး (နေရာနဲ့အချိန်) လည်းမဖြစ်တော့ဘူး၊ ဒါကြောင့် (အသင်္ခတ) လို့ခေါ်ရတာပေါ့၊ (မှန်ပါ့)၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင်ပျောက်ပြီး (အဝိဇ္ဇာ၊ တဏှာ) မရှိတော့ပဲ (နိဗ္ဗာန်) ပဲ၊ (အဝိဇ္ဇာ၊ တဏှာ) မဖြစ်လို့ (ရာဂ၊ ဒေါသ၊ မောဟ) မဖြစ်တဲ့ (အငြိမ်း) ပဲပေါ့ (မှန်ပါ့)၊ (မောဟ) ဆိုတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအမြင်က (ဒိဋ္ဌိ) အမြင် (မောဟ) အမြင် (အဝိဇ္ဇာ) အမြင်တွေပါတယ်။ ဒီအမြင်မရှိမှ (ဒိဋ္ဌိ) ကမဖြစ်တော့ဘူး (မှန်ပါ့)။ (မဟာန္တာ)ကြတော့ (မောဟ) ပြုတ်တာပေါ့၊ (ဒိဋ္ဌိ) ပြုတ်တာ (သောတာပန်)၊ လောက၊ ဒေါသပြုတ်တာ (အနာဂါမ်) ပေါ့ (မှန်ပါ့ဘုရား)။

အချိန်၊ နေရာကြည့်လေပါ၊ သိတာကသဘာဝ (ဓမ္မ) ပဲ၊ သိတာမှာအချိန်နေရာပါတယ်၊ (အချိန်နဲ့နေရာ) ကိုအသိလိုက်ပေးနေရင် (ဖြစ်တာ၊ ပျက်တာ) ကို သိလာတယ်၊ အချိန်နဲ့နေရာလည်း မရှိ၊ ပုဂ္ဂိုလ်သတ္တဝါအမြင်လည်း မရှိတော့ရင် မဖြစ်တာ (ဇာတိ) မရတာ၊ ဘာမှမဖြစ်တာ၊ ဖြစ်တာတွေမရှိတာသိလာတယ်၊ (အသင်္ခတ ဓမ္မ) ပေါ့။ အဲ့ဒီမှာအငြိမ်းဓါတ်တွေပါလာတယ်၊ သဘောပေါက်

အောင် စဉ်းစားနော်၊ ကြံ့ကြည့်ရမယ်နော် (မှန်ပါ့ဘုရား)။

တရားဆိုတဲ့ (ဓမ္မ)လေးတွေဟာ (ဇာတိ၊ ဇရာ၊ မရဏ) လေးတွေပဲ၊ (ဥပါဒ်၊ ဌီ၊ ဘင်) လို့ပြောလည်းရတယ်၊ (ဇာတိ) ဖြစ်ပြီးရင် (အနိစ္စ) ပျက်တာပေါ့၊ (ဇာတိ၊ ဇရာ၊ မရဏ) တွေဟာ အခုပစ္စုပ္ပန်မှာ စိတ် ၆ပါးဖြစ်လေရာ နေရာတကာမှာ (ဖြစ်ပျက်) နေတာတွေပေါ့ (မှန်ပါ့)။

ကိုယ့်ကိုယ်ကို မိမိ (စိတ်) ကိုအမြဲစစ်ဆေးနေပါ၊ မိမိ (စိတ်) ကိုစစ်ဆေးနေရင်းနဲ့ တရားကတိုးတက်လာတယ်၊ ဟန်ကြလာတယ် (မှန်ပါ့) (စိတ်) ပေါ်တာကိုစစ်ဆေးလိုက်ရင် (စိတ်) က (အချိန်၊ နေရာ) ကနေပျောက်သွားတယ် (မှန်ပါ့)။

**ကိုယ့်ကိုယ်ကိုစစ်ဆေးလိုက်ရင် ကိုယ့်ကိုယ်ဆိုတာ မရှိဘူး၊ ကိုယ့်ကိုယ်ကြီးဟာ(စိတ်)ဖြစ်သွားတယ်၊အဲ့ဒီ(စိတ်ခန္ဓာ) က(နေရာ)ဖြစ်သွားတယ်၊ အဲ့ဒီ(နေရာ)ကပျောက်သွားတယ်၊ (သဘာဝဓမ္မ)တွေမဖြစ်ရာ၊မပျက်ရာကိုရောက်သွားတယ်၊ဒါ (ဉာဏ်)ပဲနော်၊ အမိပ္ပါယ်က(ပထမတန်း)နော်၊(ပထမတန်း)ဖြစ်တဲ့ တရားကိုပေးတာ နော်ဒကာကြီး (မှန်ပါ့ဘုရား)၊**

မြင်တာလေး၊ ကြားတာလေးနဲ့ စိတ်ဆိုးတယ်ဆိုရင် (ငါ့) စိတ်ဖြစ်သွားတယ်၊ ငါ့စိတ်ထင်ရင် (သတ္တဝါ) အသိဖြစ်သွားတယ်၊

**"အာရုံကိုသိမကပ်ငြိလွတ်၏သတ္တဝါ"** တဲ့ ငါ၊သူ၊ယောကျ်ား၊မိန်းမ၊ ပုဂ္ဂိုလ်အသိက (အာရုံ)ကိုကပ်ငြိတဲ့ (သတ္တဝါ)အသိလို့တစ်လုံးထဲ သုံးထားတာပါ။ **"စိတ်ဆိုး၊ စိတ်ညစ်ကိုယ်ကြောင့်ဖြစ် ပယ်ပစ်သူ တကာ"** တဲ့ ၊ **"စိတ်ညစ်ပယ်ချိုး စိတ်မဆိုးရောက်ရိုး နိဗ္ဗာန်တာတဲ့"** အလိုမကျတာတို့ စိတ်ကသိကအောက်ဖြစ်တာတို့ စိတ်ဓါတ်ကျတာတို့ မကျေမနပ်ဖြစ်တာတို့ စတဲ့စိတ်ဆိုးစိတ်ညစ်တွေဟာ(စိတ်)ကို စိတ် အတိုင်းဉာဏ်ဟာ(ဝိညာဏ်)လို့မသိကြပဲ(ငါ့စိတ်)ဖြစ်သွားတော့ စိတ်ဆိုး စိတ်ညစ်တွေဖြစ်တာပေါ့၊ စိတ်ဆိုးစိတ်ညစ်ဖြစ်တာက(အာရုံ)တွေကို ကပ်ငြိတော့(သတ္တဝါ)အသိရောက်သွားလို့ပေါ့၊ (သတ္တဝါ)အသိဖြစ် သွားတာပေါ့။(သတ္တဝါ)အသိကိုသေသေချာချာမှတ်ထားနော် ဒကာကြီး (မှန်ပါ့ဘုရား) **(သတ္တဝါ)အသိကလွတ်ချင်ရင်(အာရုံ)တွေကို မကပ်ငြိရဘူး၊ သိရုံသာသိရမယ် ဒကာကြီး (မှန်ပါ့ဘုရား)။**

(သတ္တဝါ) အသိရောက်သွားတာက ငါ့ကိုသူကဘာပြောတယ်၊ ဆဲတယ်စသည့် (ငါ) ကိုသူကဆိုရင် (သတ္တဝါ)အသိပေါ့၊ လောက အမြင်နဲ့ကိစ္စတွေများပြားပြီး အမျိုးမျိုးသိနေကြတာတွေဟာ (အာရုံ)ကို ငြိကပ်ပြီးသိတာ၊ အာရုံနောက်လိုက်ပြီး သိနေတာဖြစ်တော့ (သတ္တဝါ) အသိဖြစ်တယ်လို့ တစ်လုံးထဲနဲ့အားလုံးပါသွားအောင် ဒရိုးရောက် အောင် (သတ္တဝါ) အသိလို့မြတ်စွာဘုရားသုံးထားတာပေါ့။ (မှန်ပါ့)၊ ဒါကြောင့် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်စတဲ့အသိ (ပညတ်)

**အသိတွေက အာရုံကိုကပ်ငြိပြီးသိလို့ (သတ္တဝါ) အသိလို့လည်း မှတ်ထားပေါ့ (မှန်ပ့ါ) (ဒိဋ္ဌိ)ကအမြင်ပဲ၊ ဒါပေမဲ့ပုထုဇဉ်တွေက (သတ္တဝါ) အသိနဲ့အမှားမြင်နေကြတော့ ဒီအမြင်ကမှားတော့ (ဒိဋ္ဌိ) ခွါရမယ်လို့ ပြောရတာပေါ့၊အမှန်မြင်အောင် အမြင်ပြောင်း ခိုင်းတာပေါ့ (မှန်ပ့ါ)**

(သတ္တဝါ) အသိကမမှန်ဘူး၊ မဟုတ်ဘူး၊ အမှန်တရားမဖြစ်ဘူး၊ ငါပဲ၊ သူပဲ၊ ယောကျ်ားပဲ၊ မိန်းမပဲ၊ ပစ္စည်းပဲ၊ ဘာပဲ၊ ညာပဲနဲ့အာရုံနောက်ကိုလိုက်ပြီး (သညာ)နဲ့သိတာ (မှန်ပ့ါ)၊ တကယ်အမှန်တရားကအမှန်အသိက မျက်စေ့ကိုဖွင့်တဲ့အခါကြည့်ပါ၊ ကြည့်တာက (စက္ခုဝိညာဏ်စိတ်) မြင်တာက (ဥပါဒါရုပ်) ဝိညာဏ်စိတ် (နာမ်) နဲ့ (ရုပ်) ပဲ၊ အဲ့ဒါ (ရုပ်နာမ်)ပဲ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ကိုခေါ်တဲ့ (သတ္တဝါ)မဟုတ်ဘူး၊ အမှန်တရား (သမ္မာဒိဋ္ဌိ) ကစိတ်ပေါ်ဖြစ်တိုင်း (ရုပ်နာမ်) ပဲ၊ ဒီလိုအမှန်မြင်လို့ပဲသိရမယ်၊ ဒီလို (ရုပ်နာမ်) ကိုခွဲပြီး သိရမယ်၊ ဒါဆိုရင် (ရုပ်နာမ်) ကွဲပြီပေါ့ (မှန်ပ့ါဘုရား)။

ဒကာကြီးရဲ့ (စိတ်) က ဘယ် (အာရုံ)ကိုမှမကပ်ငြိနဲ့၊ ကိုယ့်အမြင်မှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်ဆိုတဲ့ (သတ္တဝါ) မဟုတ်ဘူး (ရုပ်နာမ်)ဆိုတဲ့အမြင်ရောက်သွားရင် (ဒိဋ္ဌိ)ခွါပြီးသားဖြစ်နေတယ်၊ (ရာဂ၊ဒေါသ၊မောဟ)ကနေလွတ်သွားပြီ၊ (ရာဂ၊ဒေါသ၊မောဟ) ကနေလွတ်ရင်(နိဗ္ဗာန်)ကိုကိုယ့်ဟာကိုယ်သိပြီ၊ ဘယ်သူဆီမှအစစ်မခံရပါဘူး၊ ခယံ၊ ဝိရာဂံ၊ အမတ္တံ၊ ပနိတံကိုယ်တိုင်ရတာပဲ(မှန်ပ့ါ)၊ ဒါကြောင့်

ဒွါရ၆ပါးက စိတ်၆ပါးဖြစ်တိုင်း စိတ်ထဲမှာ(သတ္တဝါ)တွေမဟုတ်ဘူး ဆိုတဲ့(အသိ)ကိုစိတ်ဝင်စားစွာ လိုက်စားဘို့လိုတယ်(မှန်ပါ့)၊ ဒီအသိ တစ်လုံးကအရေးကြီးဆုံးပဲ၊ ကိုယ့်အမြင်မှာ(သတ္တဝါ)အမြင်ရှိနေရင် (အဝိဇ္ဇာ၊ သင်္ခါရာ၊ တဏှာ၊ ဥပါဒါန်၊ ကံ) တွေဖြစ်နေပြီ (အာသဝေါ) တွေဖြစ်နေတာပေါ့ (မှန်ပါ့)။

ဒါကြောင့် (ပညာ)နဲ့ကြည့် (ပညာ)နဲ့မြင်ရမယ်၊ "ပညာနဲ့ရှု ပညာနဲ့မြင်လေလျှင် ကိလေစင်" တဲ့၊ ဒါကြောင့် (ပညာ) ဆိုတဲ့ အသိဉာဏ်ပညာနဲ့မြင်ရမယ်၊ (ပညတ်)နဲ့ (သတ္တဝါ) အမြင်နဲ့မမြင်ရ ဘူး (မှန်ပါ့)၊ မျက်စေ့ကမြင်တာကို မြင်တာမှာပဲထား၊ နားကကြား ရတာကိုကြားတာမှာပဲ ပစ္စုပ္ပန်တည့်တည့်ထား၊ စိတ် ၆ပါးလုံးဖြစ်တဲ့ နေရာမှာ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်) ဤဟာ (သင်္ခါရ) ပဲလို့ မြင်ရင် (ပရမတ်) အမြင်ရလို့ (ကိလေသာ)တရားတွေလည်း ကင်းစင် ပြီး ဒီလိုအသိပဲဖြစ်ရင် (ပထမတန်း) စားဖြစ်ပြီပေါ့ ဒကာကြီး (မှန်ပါ့)။

(သတ္တဝါ) အမြင်ဆိုတာ " (စိတ်) ထဲမှာအရိပ်စွဲတာတခဏ (သင်္ခါရ) ဆိုတာနဂိုလ်မရှိ၊ အပျိုရှိလို့အရိပ်မြင်၊ စိတ်ထဲထင်လို့ပါးစပ် ပြောတဲ့အတိုင်းပဲ၊အမှန်မရှိတဲ့ (အာရုံ)နောက်လိုက်လုပ်နေကြတာ (သတ္တဝါ)အမြင်ပဲ၊ စိတ်အမြင်အမှားကြီးပေါ့ ပိုးဖလံမျိုးမီးကိုတိုး သလိုပေါ့၊ (မှန်ပါ့)။ သမ္မာဒိဋ္ဌိနဲ့ အမှန်မြင်တာမဟုတ်ဘူး၊ (ဉာဏ်)နဲ့၊

မြင်တာမဟုတ်ဘူး၊ မြတ်စွာဘုရားက "ယထာပညာယပဿတိ" (ပညာဉာဏ်)နဲ့ရှုပါလို့ဟောတာ(သတ္တဝါ)အမြင်ပျောက်အောင်လို့ပေါ့(မှန်ပါ့ဘုရား)။

နှလုံးသွင်းရင် (သတ္တဝါ) မဟုတ်ဘူးလို့အမှန်မြင် အသိစွဲသွားရင် (ပရမတ်) ကသူ့ဟာသူပေါ်လာတယ်၊ (သတ္တဝါ) ဆိုရင် (ပညတ်)တွေမြင်လို့ ဟိုရောက် ဒီရောက်နဲ့ (ခန္ဓာငါးပါး)ရပြီး ခန္ဓာဖြစ်စဉ် (ပဋိစ္စသမုပ္ပါဒ်) အကြောင်းအကျိုးတွေတန်းပြီး သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေနဲ့ (ဒုက္ခ) တွေ့ပဲရတော့တယ်၊ ဒါကြောင့်စိတ်ထဲမှာ (သတ္တဝါ) အသိ (သတ္တဝါ) အမြင်မရောက် စေနဲ့ (သတ္တဝါ) ပျောက်မှ (အာသဝ) ပျောက်တယ်ဒကာကြီး (မှန်ပါ့ဘုရား)။

" (သတ္တဝါ) ကုန်၊ အတ္တမြဲ့သည်သာ (အရိယာ)" ဆိုတော့ (အရိယာ)ဖြစ်တော့ (နိဗ္ဗာန်) ရောက်တာပေါ့ (မှန်ပါ့) (ရဟန္တာ) တို့မှာ (သတ္တဝါ) အသိအမြင်ရယ်လို့ ဝမ်းထဲမှာမရှိကြဘူး၊ ဒါကြောင့် (ရာဂ၊ ဒေါသ၊ မောဟ) မရှိကြတာပေါ့ (မှန်ပါ့)။

(သတ္တဝါ) အမြင်ဖြစ်တဲ့ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ယူတာက (အဝိဇ္ဇာ) အသိရှိနေကြလို့ (အဝိဇ္ဇာ) ဆိုတဲ့ အမှားသိဖြစ်နေကြလို့ မြင်နေကြလို့ (အဝိဇ္ဇာ) ဖြစ်ရင် (တဏှာ) ဖြစ်ရတာပဲ၊ (အဝိဇ္ဇာ၊ တဏှာ) က ဒွေးမူလ၊ သံသရာလည်ကြောင်း

မူလ၂ပါးပဲ၊ (အဝိဇ္ဇာ၊ တဏှာ)ကလွတ်မှ (ဝိဇ္ဇာဥဒပါဒိ) တို့ (ဝိဇ္ဇာ) တို့ (ဝိမုတ္တိ) တို့ဖြစ်ရတာ (မှန်ပါ့)။

(သတ္တဝါ) မဟုတ်၊ ပုဂ္ဂိုလ်မပါ (ဓမ္မ)သာ (ဓမ္မစက္ခု) ဖြစ်သတည်း၊ ပုဂ္ဂိုလ်ပါလျှင် သူငါဝင် ဤတွင် (ဒိဋ္ဌိ) ဖြစ်သတည်း၊

(ဒိဋ္ဌိ)ဖြစ်လျှင် ချစ်မုန်းဝင် ဤတွင်(လောဘ၊ ဒေါသ၊ မောဟ)
ဖြစ်သတည်းလို့ ဘုန်းကြီးစပ်ထားပါတယ် (မှန်ပါ့)၊

(သတ္တဝါ) ဆိုတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်အမြင်အသိတွေပေါ့ (မှန်ပါ့)

စိတ်နဲ့ကြံတာ သတ္တဝါ (ပညတ်) တွေလည်းပါရတာ
မကြံတာက (နိဗ္ဗာန်) နဲ့ (ပရမတ်) တွေကိုမကြံမိတာပေါ့ (မှန်ပါ့)

စိတ်က (သတ္တဝါ) ပဲကြံစည်မိနေတော့ တကယ်ကြံရမဲ့အရှိတရား (ပရမတ်) ကိုမကြံနိုင်ကြတော့ (နိဗ္ဗာန်) နဲ့ (ပရမတ်) ကကျန်နေတယ်လို့ပြောရတာပေါ့ (မှန်ပါ့)၊ (ပရမတ်) ကိုကြံဖို့က (သမ္မာသက်ပ္ပ) အမှန်ကြံရမယ်ဆိုတဲ့ ပညာမဂ္ဂင်ကြီးက (ပရမတ်) ကိုသိအောင်မြင်အောင် (ပညာ၊ ဉာဏ်) နဲ့ကြံရမှာ (မှန်ပါ့) ဒါကြောင့်-

စိတ်ကကြံစဉ် (ရုပ်) ရောက်လျှင်
(ဉာဏ်) တွင်လူမရှိ၊

လူမရောက်လျှင် (ရုပ်နာမ်)ပင် ဤတွင်(ဖြစ်ပျက်)ရှိ၊ (လူ) မရောက်ပဲ(သတ္တဝါ)မရောက်ပဲ (ရုပ်နာမ်)ရောက်အောင်၊ သိအောင် ကြံတတ်ရင်(ဖြစ်ပျက်)ကိုတွေ့ပါတယ်၊ (ရုပ်နာမ်)ရောက်သွားရင် (ဖြစ်ပျက်)တွေ့သွားပါတယ် (မှန်ပါ့)(ရုပ်)ပဲ(နာမ်)(ဝိညာဏ်) ဖြစ်တာ ပဲလို့ သိလိုက်တာက(ဖြစ်တာ)ဥဒယဉာဏ်၊ ဒီ(ရုပ်)ပဲ(နာမ်)ပဲလို့ အသိ ပျောက်သွားတာက(ပျက်တာ)ဝယဉာဏ်ပေါ့(မှန်ပါ့)

## ပညတ်နဲ့ပရမတ်

(ပညတ်) နဲ့ (ပရမတ်) ကိုပြောရမယ်ဆိုရင် (ပညတ်) မရှိမှ (ပရမတ်)ဖြစ်တာ၊(ပညတ်)မရှိရင်(စိတ်)လည်း(ပရမတ်)ဖြစ်သွားတယ်၊ စိတ်က(ပရမတ်)ဖြစ်သွားရင် နူးညံ့သိမ်မွေ့သွားတယ်၊ နူးညံ့သိမ်မွေ့ တော့(စိတ်)ကိုစောင့်ရှောက်ရာရောက်သွားတယ်၊ ဒီလိုစောင့်ရှောက် ရာရောက်တဲ့ စိတ်ကလေးဟာ ချမ်းသာရာ(နိဗ္ဗာန်)ဘက်ကိုရောက် ရောက်သွားတယ်(မှန်ပါ့)၊ ဒါကြောင့်(ပညတ်)နဲ့(စိတ်)နဲ့ကွဲအောင်လုပ် ရတယ်၊ (အာရုံ) နဲ့ (စိတ်) နဲ့လည်းကွဲ အောင်လုပ်ရတယ်၊ (စိတ်)နဲ့ (စေတသိက်)ကိုလည်း ကွဲအောင်လုပ်တတ်ရတယ်၊အဲ့ဒါ(ဓမ္မာ နုပဿနာ)ဖြစ်တာပဲ(မှန်ပါ့)

(ဝိပဿနာ) က "ပညာတ္တိံ ဌပေတွာ အနိစ္စဒီကာ ရနေ၊ ဝိဝိဓံပဿတီတိဝိပဿနာ" ဖြစ်တော့ (ဝိပဿနာ) က (ပညတ်)

ကိုခွာပြီး ကျော်ပြီးရှုရတယ်၊ (ဓမ္မာနုပဿနာ) ကလည်း (ပညတ်) ကိုခွာပြီး (ပရမတ်)အနိစ္စပဲရှုရတော့ (ဓမ္မာနုပဿနာ)က(ဝိပဿနာ) မှာ ပထမတန်း ဝိပဿနာပေါ့၊ (မှန်ပါ့)၊ (ပညတ်) ကိုကျော်ပြီးရှု တယ်ဆိုတာ (ဉာဏ်)ရှိမှဖြစ်တာ၊ (ဉာဏ်) ရှိမှ (ပညတ်)ကိုကျော်ပြီး (ပရမတ်)ကိုရှုနိုင်တာ၊ (ဉာဏသအနုဓမ္မစာရီ)ဖြစ်တယ်၊ ဉာဏသ= ဉာဏ်ဖြစ်၍အနုဓမ္မစာရီ = လောကုတ္တရာတရားအားလျော်စွာ ကျင့်တတ်ရင် (ရာဂ၊ ဒေါသ၊ မောဟ) တရားတွေပယ်နိုင်ပြီး (နိဗ္ဗာန်) ရောက်တယ် (မှန်ပါ့)။

(ရာဂ၊ ဒေါသ) ဆိုတာ (မောဟ)ကြောင့်ဖြစ်ရတာ (မောဟ) ဆိုတာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ (ပညတ်)တွေ ရှိနေရင် (မောဟ) တွေဖြစ်နေလို့ပဲ၊ (မောဟ)ရှိရင် (ရာဂ၊ ဒေါသ) ကဖြစ်တာပဲ၊ "(ရာဂ၊ ဒေါသ) ဖြစ်လေရာ (ပညတ်) တွေလည်း ပါရတာပဲ" လူဆိုတာ၊ မိန်းမ၊ ယောကျ်ားဆိုတာ (ပညတ်) နိမိတ်ကြီး ပဲ၊ မျက်နှာ၊ ခြေ၊ လက်၊ ကိုယ်တို့ဆိုတာ နိမိတ်သေးပဲ၊ နိမိတ်သေးက နိမိတ်ကြီးထဲဝင်လာတာပဲ၊ အဲ့ဒီနိမိတ်သေး၊ နိမိတ်ကြီးတွေဟာ (ပညတ်)ပဲ (မှန်ပါ့ဘုရား)။

(ပညတ်) တွေမရှိရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေပျောက် တယ်၊ (ရာဂ၊ ဒေါသ၊ မောဟ) ကသံသရာလည်တာ၊ (အပါယ်ဇာတိ) ရတာမျိုးပဲ (မှန်ပါ့)(ပညတ်)မရှိလို့ (ရာဂ၊ ဒေါသ၊ မောဟ)တွေမရှိရင်

(နိဗ္ဗာန်)ပေါ့(မှန်ပါ့)၊ဒါကြောင့်(ပညတ်)ကိုမရှုမိဖို့ ဘယ်လောက်အရေးကြီးသလဲဆိုတာပေါ်ပြီမဟုတ်လား ဒကာကြီး (မှန်ပါ့ပေါ်လာပြီဘုရား)။

သမုတိသစ္စာ(ပညတ်)ပျောက်တော့(အရိယာသစ္စာ) ပရမတ်ရောက်တာပေါ့။ (ပဋိစ္စသမုပ္ပါဒ်) တန်းသာ (ခန္ဓာ) ဖြစ်တာက (ပညတ်) ကြောင့်ဖြစ်ရတာ၊ ဒါကြောင့်(ခန္ဓာ)မဖြစ်အောင်(ပညတ်)မဖြစ်အောင် သတိသမ္ပဇဉ်(ဉာဏ်)နဲ့ရှုမြင်နေရ တယ်၊ (စိတ်)ဆိုတာ(ပညတ်) တွေပါနေတယ်၊ (ပညတ်)မပါသော စိတ်နဲ့နေရင်(ဉာဏ်)ဖြစ်တဲ့အတွက် (ခန္ဓာဒုက္ခ) မရဘူးပေါ့ (မှန်ပါ့)။

မျက်စေ့နဲ့မြင်တာကအဆင်း (ရုပ်)၊ ပရမတ်ကိုမြင်တာ၊ (ရုပ်)၊ ရောက်မှမှန်တာ၊ (ရုပ်) လို့မမြင်ပဲ (ရုပ်) ကိုမိန်းမ၊ ယောကျ်ားရယ်လို့ (ပညတ်) အသိကကိုယ့် (နာမ်)မှာလာကပ်တာ၊ ကိုယ့်မှာလာကပ်တာ (ရုပ်)လို့ (ဝိညာဏ်)လို့မြင်တာက သိတာက (ပညတ်) မကပ်တဲ့စိတ် (ဝါ) ပညတ်မပါသောစိတ်ပေါ့။ (မှန်ပါ့)၊ ပညတ်တွေမကပ်ရအောင် သတိသမ္ပဇဉ်၊ ဉာဏ်၊ ပညာ (အသိဉာဏ်) နဲ့ (ပညတ်) တွေကိုဖယ်ထုတ်ပြီး (ပရမတ်) ကိုသိမှ (နိဗ္ဗာန်) ကိုတန်းသွားတယ် (မှန်ပါ့)။

မြင်တာက (ရုပ်) ပရမတ်၊ (ပညတ်)တွေမဝင်နိုင်အောင်

ဖယ်ပြီး၊ (ရုပ်)ပဲလို့ (ပရမတ်) ကိုမြင်ရင် မြင်ကာမတ္တ (ဒိဋ္ဌေဒိဋ္ဌမတ္တံ) ဖြစ်တာပေါ့ (မှန်ပ့ါ) (ပညတ်) တွေကိုမဖယ်နိုင်ရင် ဘယ်သူ၊ ဘယ်ဝါ၊ လှတယ်၊ ဆိုးတယ်၊ ဘာမြင်တာပဲ၊ ဘယ်လိုဘယ်ချမ်းသာဖြစ်တာပဲနဲ့ ကြိုက်မကြိုက်ဖြစ်တဲ့ (စက္ခုသံဖဿဝေဒနာ)တွေဟာ ကိုယ့်ဝိညာဏ် (စိတ်) နာမ်မှာလာကပ်တော့ (တဏှာ၊ မာန) တွေ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တော့ (နိဗ္ဗာန်)နဲ့ဆန့်ကျင်ဘက် (အပါယ်) ဇာတိ ရတာပေါ့ (မှန်ပ့ါ)

မြင်တာမှာ (ရုပ်)ပရမတ်ကိုမြင်မှ လောကကနေ လွတ်မြောက်တဲ့ (နိဗ္ဗာန်) ကိုသွားမှာ (ရုပ်)ပရမတ်ကိုမမြင်ကြပဲနဲ့ ကိုယ့် (နာမ်) က (သညာ)နဲ့မှတ်ထားတဲ့ မိန်းမ၊ ယောကျ်ား၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဖြစ်တဲ့ (ပညတ်) အမြင်တွေချည်းမြင်ကြတော့ (ပညတ်) တွေလာဖုံး တာပေါ့ (မှန်ပ့ါ)၊ ဉာဏ်ထဲမှာဖြစ်ရမှာက (ရုပ်)နဲ့ (ဝိညာဏ်)ပဲ၊ ဒါမှ သင်္ခတ (ပရမတ်) တွေမြင်ပြီး အသင်္ခတ (ပရမတ်) နိဗ္ဗာန်ရောက် မှာပေါ့ (မှန်ပ့ါ)

မြင်မှုကို အမှန်သိရတဲ့အတိုင်းပဲ ကြားမှုမှာလည်း ကြားတဲ့ အသံ (ရုပ်) ကလည်း လေလှိုင်းထဲကလာတဲ့အသံ၊ (ရုပ်)ကလေးတွေ ပဲ၊ နားအကြည် (ရုပ်)ကိုလာထိတာ (ရုပ်) ကလေးပဲ၊ ဒါကြောင့် အသံ ဟာလည်း (ရုပ်) ပရမတ်ပဲ၊ ကြားမှုအသံကိုလည်း(ရုပ်) လို့ပဲသိရမယ်၊ ကားဟွန်းသံ၊ စပီကာသံ၊ ဆဲသံ၊ မကောင်းပြောသံ၊ ဘာသံ၊ ညာသံ

ရယ်လို့ (ပညတ်)တွေနဲ့မသိရဘူး၊ အသံကိုလည်း (ရုပ်) လို့ပဲသိပါ။

ကျန်တဲ့ (အာရုံ) တွေဖြစ်တဲ့ နံမှု၊ စားမှု၊ ထိတွေ့မှု၊ ကြံတွေးမှုတွေမှာလည်း ဘာနံ့၊ ညာနံ့ရယ်လို့မသိနဲ့ (ရုပ်) ပဲလို့သိကာမတ္တထား၊ စားမှုမှာလည်း ဝက်သား၊ ကြက်သား ဘာစားတာရယ်လို့ (ပညတ်) မကပ်ပဲ (ရုပ်)ပဲလို့သိကာ မတ္တထား၊ ထိတွေ့တာမှာလည်း (ရုပ်) နဲ့ပဲထိတွေ့တာပဲသိ၊ ကြံတွေးတာမှာလည်း ပေါ်လာတဲ့ဓမ္မာရုံကို (ရုပ်) လို့ပဲသိ၊ ကြံတွေးတာမျိုးဆိုတာ (ပညတ်) နဲ့မကြံရဘူး၊ တရားဓမ္မသာကြံရတာမျိုးပဲ (မှန်ပဲ့)။

(ပညတ်) ကိုဖယ်လိုက်ရင် (စိတ်) ဆိုတဲ့ (ပညတ်) တွေနဲ့နှိပ်စက်တဲ့ (စိတ်) လောကကြီးကလည်း ဆိတ်သုန်းသွားတဲ့ငြိမ်းအေးတဲ့ (သုညတ)ဆိုက်တာပေါ့ (မှန်ပဲ့)၊ ဘုရား၊ ရဟန္တာတို့ရဲ့အာရုံက-

“သုညတော၊ အနိမိတ္တောစ၊ ဝိမောက္ခော၊ တေသံဂေါစရော” တဲ့ (ပညတ်) မပါဘူး (သုညတ) အာရုံပဲရှိတော့တယ်၊ (မှန်ပဲ့)

လောကီစိတ်ဆိုတာ (ပညတ်)ပါမှလောကီစိတ်ဖြစ်တာ (မှန်ပဲ့) (ပညတ်)မပါရင်လောကီစိတ်မဖြစ်ဘူး၊ (ပညတ်) မဖက်သော (လောကုတ္တရာ) စိတ်ဖြစ်တာ၊ “ပရမတ္တစိတ္တံ ဝိညာဏခန္ဓော” ဆိုတဲ့ (ပညတ်) မဖက် (ပရမတ်) သက်သက်ဖြစ်သောစိတ်ဖြစ်ရတာ (မှန်ပဲ့) မြတ်စွာဘုရားဆိုရင် (သမုတိသစ္စံနိရုဇ္ဈန္တေပရမတ္တတောတိဗုဒ္ဓံ)

ဖြစ်သလို(သမုတိသစ္စာ)ကိုပယ်သော(ပရမတ္ထော)သဗ္ဗညုတ ဉာဏသအတွေ့ဂေါစရောဆိုတဲ့ သဗ္ဗညုတဉာဏ်အာရုံနဲ့ဘုရားဖြစ်သွားတာပေါ့(မှန်ပ့ါ)။

ထွက်လေ၊ ဝင်လေ ဝင်တာသိ၊ ထွက်တာသိလုပ်နေပါဆိုတာ (ဝိညာဏ်)စိတ်ကလေးကိုသိနေပါဆိုတော့ (ပညတ်) မပါသော (စိတ်) ၊ ပညတ်မပါသော (ဝိညာဏ်) ခန္ဓာလေးကို (ဉာဏ်)နဲ့ သိနေတာလေးနဲ့ပဲနေခိုင်းတာဆိုတော့ (ဝိညာဏ်သိ) က (ပရမတ်) ပဲဖြစ်နေတာပေါ့၊ ဒီလိုနေတော့ (ပညတ်) ကိုပယ်ပြီးသားဖြစ်နေတော့ (ဝိညာဏ်သိ) နဲ့နေတော့ (ပရမတ်) ကိုသိမြင်နေတာဖြစ်နေတော့ (ငြိမ်း) နေတာပေါ့ (မှန်ပ့ါ)၊ ပညတ်မပါသော (ရာဂ၊ ဒေါသ၊ မောဟ) ကိုပယ်ပြီး တရားအားလျော်စွာ ကျင့်ရာရောက်လို့ (ပရမတ္ထ) တရားဖြစ်နေတာပေါ့ (မှန်ပ့ါ)။

(ပရမတ်) တရားဟာ (ဓမ္မ) ပဲ၊ အဲ့ဒီ (ပရမတ်)လေးနဲ့ရှုသိနေတော့ (ဓမ္မာနုအနုဓမ္မစာရီ) တရားအားလျော်စွာ ကျင့်တာဖြစ်နေတာပေါ့ (မှန်ပ့ါ)၊ ဝင်လေထွက်လေလေး ထွက်တာသိ၊ ဝင်တာသိရှုကြည့်နေတာကလည်း (သတိသမ္ပဇဉ်) နဲ့ရှုတော့ (ဉာဏ်) အဆင်အခြင်ရှိနေတာဖြစ်လို့ (ဓမ္မ) ပရမတ် (ဝိညာဏ်) ကိုပဲသိနေတာဖြစ်လို့ (ရာဂ၊ ဒေါသ၊ မောဟ) ကနေ ကောင်းစွာလွတ်မြောက်နေတာဖြစ်လို့ (ပညတ်) တွေချုပ်နေတဲ့ (နိရောဓ ဓမ္မ) ကနေ

(နိရောဓသစ္စာ) ကိုဆိုက်ရောက်နိုင်တာပေါ့ (မှန်ပါ့)။

(ဓမ္မာနုပဿနာ)က (သတိ) နဲ့ (ဉာဏ်) ပြဋ္ဌာန်းတယ် (နုပဿနာ) ရောက်သွားတယ်၊ သတိသမ္ဗောဇ္ဈင်ဉာဏ်ပါတော့ (သတိ) က (ပညတ်) မှန်းသိလို့ (ပညာ)နဲ့ခွါပေးတော့ (ဉာဏ်) အမြင် (ပရမတ်) ရောက်တာပေါ့ (မှန်ပါ့) (ဓမ္မာနုပဿနာ) က (ပညတ်) မကပ်အောင် (အဝိဇ္ဇာ)မဖြစ်အောင်နေရတော့ (သတိ) ကအမြဲရှိနေတာပေါ့၊ သတိ၊ သမ္ဗောဇ္ဈင်ဆိုတဲ့ (ဉာဏ်ပညာ) လည်း ရှိနေတယ်၊ (အိန္ဒြေ) တွေလည်းရှိနေတာပေါ့၊ အိန္ဒြေရှိတော့ (ပညိန္ဒြေ) စိတ်ဖြစ်ပြီး (အဝိဇ္ဇာ) ကိုပယ်တော့ ဝိဇ္ဇာဥပဒပါဒိ၊ ဉာဏ်ဥဒပါဒိ၊ ပညာဥဒပါဒိ ဖြစ်သွားတာပေါ့ (မှန်ပါ့)။

(အိန္ဒြေ) ပါတဲ့ စိတ်ဖြစ်တော့ ပညိန္ဒြေ၊ သတိန္ဒြေစတဲ့ (သတိ) နဲ့ (ပညာ)တွေက (ရာဂ၊ ဒေါသ၊ မောဟ) ကိုနည်းအောင်ပြုတယ်၊ သစ္စာ၄ပါးကိုလည်းသိအောင်ပြုတယ်၊ မောဟနဲ့ဥဒိစ္စကိုလည်း ကွာစေတော့တာပေါ့ (မှန်ပါ့ဘုရား)။

(သတိ) ကနေ (ဉာဏ်) ဖြစ်တယ်ဆိုတာ (ပညတ်)ခွါ တတ်လို့ (ဉာဏ်)ဖြစ်တာ၊ (ပညတ်)ကွာသွားရင် (ဉာဏ်) ဖြစ်တာ ပဲ (မှန်ပါ့)၊ (ပညတ်) ကွာသွားရင် ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါအသိ (ဒိဋ္ဌိ) ပြုတ်တဲ့ (သောတာပန်) တည်တာ ပဲ၊ (မှန်ပါ့)၊

ဓမ္မာနုပဿနာကဉာဏ်အလွန်သွားရတယ်၊ (ဉာဏ်) ကောင်းရင် (ပထမတန်း) ဖြစ်တာပဲ (မှန်ပါ့ဘုရား)။

ဒါကြောင့် (ဓမ္မာနုပဿနာ)က (ပညတ်)ကိုမမြင်ပဲ (ပညတ်) ကိုခွာပြီး (ပရမတ်) အမြင်ဖြစ်တဲ့ ဤဟာ (ရုပ်)၊ ဤဟာ (ဝိညာဏ်)၊ ဤဟာ (သညာ)၊ ဤဟာ (ဝေဒနာ)၊ ဤဟာ (သင်္ခါရ)လို့လည်း ပေါ်လာတဲ့ (ဓမ္မ) လေးတွေကို ပိုင်းခြားစိစစ်ပြီးလည်းသိရတယ် (မှန်ပါ)၊ ဒီလိုသိတော့ (ဓမ္မာဝိစယသံဗောဇ္ဈင်) လည်းဖြစ်တာပေါ့ (မှန်ပါ)။

(ဓမ္မနုပဿနာ) ကဉာဏ်စဉ်မရှိတာမဟုတ်ဘူး (ဉာဏ်) နဲ့သွားရတဲ့တရား၊ (ဉာဏ်စဉ်)တွေပိုင်းခြားမထားဘူး၊(ဉာဏ်) ကိုပဲ ရှုရတဲ့တရားဖြစ်လို့ ဘုရားလက်ထက်က တရားနာရင်း (ဉာဏ်)နဲ့ရှုရင်း (ပထမတန်း) ဖြစ်ကြတဲ့တရားပဲ (မှန်ပါ့ဘုရား)။

## နာမသန္တာန်မရောက်ရန် အမှန်သတိပြု

(ပညတ်) က (နာမည်) တွေ (သန္တာန်) တွေပါတဲ့(ကိလေသာ) တွေပဲ (မှန်ပါ့) (ပညတ်) ကိုအတိုချုပ်သိချင်ရင် (နာမသန္တာန်) ဟာ (ပညတ်) လို့ပဲမှတ်ထား (မှန်ပါ)၊ (ပညတ်) က (နာမ ပညတ်၊ (သန္တာန်) ပညတ်တွေပဲ၊ (နာမ) ကနာမည် (သန္တာန်) ကပုံပန်းသန္တာန်

ပေါ့၊ (မှန်ပါ့) (ပညတ်) ဆိုရင်နာမည်ကော သဏ္ဌာန်ကောပါတယ်၊ လူဆိုရင် (နာမ)ကလူ၊ (သဏ္ဌာန်) ကသိတဲ့အတိုင်းပဲ၊ ဟိုလူ ဒီလူပေါ့၊ မိန်းမဆိုရင် (နာမည်) က မိန်းမ၊ (သဏ္ဌာန်) ကကိုယ်သိတဲ့ပုံပန်း သဏ္ဌာန်လိုက်လို့ပေါ့၊ ယောကျ်ားလည်းဒီလိုပဲ၊ ပစ္စည်းနဲ့ဆိုရင်ရွှေဆိုရင် နံမည်ကရွှေ၊ သဏ္ဌာန်ကအဝါရောင်မျိုးပေါ့ (မှန်ပါ့) (ပညတ်) တွေမှာ (နာမသဏ္ဌာန်)က အဓိကကျတာပေါ့ (မှန်ပါ့)။

(စိတ်) ဆိုတာ (နာမည်)တို့ (သဏ္ဌာန်)တို့နဲ့ (ပညတ်စိတ်) ဖြစ်ရတာ၊ (စိတ်) ဆိုရင်သိပျက်ရှုရတယ်၊ (စိတ်)ကိုသိလိုက်တာနဲ့ (ပျက်)သွားတော့ နာမသဏ္ဌာန် (ပညတ်) မရောက်နိုင်ဘူးပေါ့ (မှန်ပါ့)၊ (စိတ်) ကို (ပညတ်) နဲ့ရော၊ မရောသိပေးရတယ်၊ တကယ်တော့ **(ပညတ်)ပါသောစိတ်မရောက်အောင် " (နာမသဏ္ဌာန်) မရောက် ရန်အမှန်သတိပြု" နေရင် အဲ့ဒီစိတ်က (ပညတ်) မပါတော့ဘူး၊ (စိတ်) ကိုသိပျက်ရှုရာလည်းရောက်တယ် (မှန်ပါ့)။**

တွေးစိတ်ဆိုတာ (ပညတ်)ပါလို့တွေးတာ၊ (ပညတ်) မပါရင် မတွေးဘူး၊ (အတွေးအာရုံ) ရောက်လာတယ်ဆိုတာ (ပညတ်) ပါလို့ ရောက်လာတာ၊ (တွေးစိတ်) ဆိုတာ (ပညတ်)မပါရင် ရောက်မလာ ဘူး (မှန်ပါ့)၊ ဒီ (ပညတ်) တွေထဲမှာ (နာမသဏ္ဌာန်) တွေပါတယ်၊ ဒီတော့ (နာမသဏ္ဌာန်) မရောက်ရန်အမှန် (သတိပြု) နေရင် (ပညတ်) ပါတဲ့တွေးစိတ်မဖြစ်တော့ဘူး၊ အတွေးအာရုံတွေကိုယ့်ခေါင်းထဲ

မဝင်တော့ပဲ (ပညတ်) မပါသော (ပရမတ်) စိတ်၊ ဟာလာဟင်းလင်းနဲ့ငြိမ်းပြီးနေလို့ကောင်းနေတယ် (မှန်ပါ့ဘုရား)။

**(ပညတ်) နဲ့ (ပရမတ်) ကိုဘယ်လိုခွဲရမှန်းမသိကြလို့ ခွဲတတ်ကြအောင် (ပညတ်) ကိုခွဲထုတ်တဲ့ (ပညတ်) ခွါတဲ့ "နာမသဏ္ဌာန်မရောက်ရန်အမှန်သတိ" ပြုနေရင် (ပညတ်၊ ပရမတ်) ကွဲရုံမကဘူး (ပရမတ်) နဲ့နေနိုင်လာတယ် (မှန်ပါ့ဘုရား)။**

"(နာမသဏ္ဌာန်) မရောက်ရန်အမှန်သတိပြု "နေပါဆိုတဲ့၊ ဒီဆောင်ပုဒ်အတိုင်း သတိပြုနေရင် (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်တော့ဘူး၊ (နာမသဏ္ဌာန်) ပညတ်တွေဟာ (ရာဂ၊ ဒေါသ၊ မောဟ) တွေဖြစ်ခြင်းရဲ့ အကြောင်းရင်းပဲ၊ ဒါကြောင့် (နာမသဏ္ဌာန်) မရောက်အောင် (နာမသဏ္ဌာန်) တွေကိုယ့်ခေါင်းထဲနှလုံးထဲမဝင်ရအောင် သတိ) ပြုနေရင် ပညတ် (စိတ်)မဖြစ်တော့ဘူး၊ ငြိမ်းငြိမ်းချည်းနေတာပေါ့၊ ခန္ဓာမရတော့လို့ (နိရောဓဓမ္မ) ဖြစ်နေတာပေါ့၊ နောက်တော့ စိတ်ခန္ဓာမရတဲ့ ခန္ဓာဒုက္ခမဖြစ်ရာမပျက်ရာ (နိဗ္ဗာန်) ရောက်တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

(ခန္ဓာ) မရတော့ (သင်္ခါရ) ချုပ်တာပေါ့ (သင်္ခါရ) ချုပ်တော့ (အဝိဇ္ဇာ) ချုပ်တာပေါ့၊ (ခန္ဓာ) ချုပ်တော့ (ဒုက္ခ) ချုပ်ရာ (သင်္ခါရ) ကုန်ပျောက်ရာ၊ မဖြစ်ရာ မပျက်ရာ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြု

တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

(နိဗ္ဗာန်) ရောက်ကြောင်းတရားမှာ လိုရင်းကတော့ (ပညတ်) ခွါပြီး (ပရမတ်) ဖြစ်ဖို့ပဲ (မှန်ပါ့)၊ (နိဗ္ဗာန်) ကိုတကယ်မျက်မှောက်ပြုချင်ရင် လမ်းလွဲမလိုက်ကြနဲ့၊ မျက်စေ့နဲ့မြင်မြင်၊ နားကပဲကြားကြား၊ နှာခေါင်းကပဲနံနံ၊ ကိုယ့်ဒွါရ ၆ပါးမှာ စိတ် ၆ပါးဖြစ်တဲ့အခါမှာ စိတ်တစ်ခုစီဖြစ်တဲ့နေရာမှာ ဘယ်ဒွါရကပဲ (စိတ်) ဖြစ်ဖြစ်၊ အဲ့ဒီဖြစ်ပေါ်တဲ့စိတ်တစ်ခုစီမှာ (နာမသဏ္ဌာန်) ဘက်မရောက်ရင် (ပညတ်) ကွာနေတယ်၊ (ကိလေသာ) ကုန်တယ်၊ အေးငြိမ်းတဲ့ဘက်ရောက်တယ်၊ “(နာမသဏ္ဌာန်) မရောက်ရန်အမှန်သတိပြု” နေတဲ့အလေ့အကျင့် (ဉာဏ်) တည့်ပေးရင်ကြာတော့ (နာမသဏ္ဌာန်) ပညတ်တွေချုပ်ပြီး (ပရမတ်) နဲ့နေတဲ့အေးချမ်းမှုကိုသိလာမယ်၊ ဒါက (သင်္ခတပရမတ်) ပဲ ရှိသေးတယ်၊ (သင်္ခတပရမတ်) နဲ့အနေကြာရင် (အသင်္ခတပရမတ်) နိဗ္ဗာန်ကြီးကို (ဓမ္မ) ကပဲကူးဝင်သွားလိမ့်မယ် (မှန်ပါ့ဘုရား)။

“သဏ္ဌာန်နာမ မရောက်ကညွတ်ကြတယ်မရှိတဲ့” (မှန်ပါ့) (နာမသဏ္ဌာန်)ပညတ်တွေကို စိတ်ထဲမှာမရောက်လာဘူးဆိုရင်(တဏှာ၊ ဥပါဒါန်) မရှိလို့ (ကာမ၊ ရာဂ) ဘက်ကိုမညွတ်တော့ဘူး (အဝိဇ္ဇာ) လည်းမဖြစ်ဘူး၊ (ကိလေသာ) ရော၊ (အာသဝေါ) ရော တဖြည်းဖြည်း ကုန်တော့တယ်ဒကာကြီး (မှန်ပါ့ဘုရား)၊ (ပညတ်) ရှိမှ (တဏှာ) ရှိတယ်၊ (တဏှာ)ရှိမှညွတ်တယ်၊ ညွတ်ရင် (သံသရာ) လည်ပြီပေါ့

ဒကာကြီး (မှန်ပါ့ဘုရား)။

(နာမသန္တာန်) မရောက်ရန် အမှန်သတိပြု၊ (သန္တာန်၊ နာမ) မရောက်ရန်၊ ရောက်ပြန် (ဉာဏ်)နဲ့ရှုရတဲ့၊ ဘယ်အာရုံပဲဖြစ်ဖြစ် (အာရုံ)တွေမှာ (နာမသန္တာန်) ပါတဲ့ (ခန္ဓာငါးပါး)ပါတဲ့ (ပညတ်) အာရုံ (စိတ်) တွေဖြစ်နေတယ်၊ ဒါကို (ပညတ်) ပါသော (စိတ်) မှန်း သိရတယ် (မှန်ပါ့)၊ ဒီ (နာမသန္တာန်) ပညတ်တွေပါတဲ့ (ခန္ဓာ) ရတဲ့ (အာရုံ) တွေကိုမရအောင် (ဉာဏ်) နဲ့သိသိပေးရင် ဒီ (ခန္ဓာ) ရလာတာတွေကို ငြိမ်းငွေ့လာတယ်။ ငြိမ်းငွေ့လို့မလိုချင်တော့ (သင်္ခါရုပေက္ခာ) ဉာဏ်အရင့်စားကို တန်းရောက်တာပေါ့၊ နောက်တော့ (နိဗ္ဗာန်)ကို(ဉာဏ်)နဲ့မြင်တာပေါ့။ (မှန်ပါ့)။

(နာမသန္တာန်) မရောက်ရန်အမှန် (သတိ) ပြုနေရင် (သမုဒယသစ္စာ) လည်းချုပ်၊ (ဒုက္ခသစ္စာ) လည်းချုပ်ပြီး (ဒုက္ခ)မဖြစ်တဲ့ (ပရမတ်)စိတ်နဲ့ ငြိမ်းနေတော့ (နိရောဓ ဓမ္မ)ပေါ့ (မှန်ပါ့)၊ ဒီ(နိရောဓ ဓမ္မ)တွေနဲ့အနေများလာရင် ဒီ(ဓမ္မ)လေးတွေက(နိရောဓသစ္စာ)ဆိုက် တော့တာပေါ့(မှန်ပါ့)။

အချစ်ဆိုတာဘာတုံး (အချစ်) ဆိုတာ (နာမသန္တာန်) ကလွဲ လို့ရှာမတွေ့နိုင်ပါဘူး၊ တကယ်တော့ (နာမသန္တာန်) ကိုချစ်တာ၊ အဲ့ဒီ ချစ်တဲ့စိတ်က (နာမသန္တာန်) ဖြစ်တဲ့ (ပညတ်)ကိုချစ်နေတာပဲ(မှန်ပါ့)

အသဲနာတယ်ဆိုတာက ဘာကနာတာတုန်း၊နာမသညာ္ဍာန်(ပညတ်) ကြောင့်နာတာပဲမဟုတ်လား။ ဒီမိန်းခလေးကြောင့် ဟိုယောက်ျားလေး ကြောင့်ဆိုတဲ့ (နာမသဏ္ဌာန်)(ပညတ်)ကလွဲလို့ ရှာမတွေ့နိုင်ပါဘူး (မှန်ပါ့)။

ဒါကြောင့် (နာမသဏ္ဌာန်) မရောက်ရန် အမှန်သတိပြုနေ ကြရင် (ပညတ်) ကွာနေကြတဲ့အတွက် အသဲနာတာတို့၊ အသဲကွဲတာ တို့ ဒေါသဖြစ်တာတို့ ချစ်တာတို့ မုန်းတာတို့ဆိုတဲ့ (လောကီဒုက္ခ) မရရုံတင်မကတော့ဘူး (ခန္ဓာဒုက္ခ) တွေလည်းလွတ်ငြိမ်းတဲ့ (နိဗ္ဗာန်) ကြီးကိုမျက်မှောက်ပြုနိုင်ကြပါတယ် (မှန်ပါ့)။

(လောဘမူစိတ်) ဖြစ်ရတာစိတ်မှာ (နာမသဏ္ဌာန်) ပညတ် တွေပါနေလို့ (ဒေါသမူစိတ်) ဖြစ်ရတာလည်းစိတ်မှာ (နာမသဏ္ဌာန်) ပညတ်တွေပါနေလို့ (မောဟမူစိတ်) ဖြစ်ရတာလည်း (နာမသဏ္ဌာန်) ပညတ်တွေပါနေလို့မှတ်ပါ (မှန်ပါ့)၊ (နာမသဏ္ဌာန်) ဖြစ်တဲ့ (သတ္တဝါ) ဆိုတဲ့ ငါ၊ သူ၊ ယောက်ျား၊ မိန်းမ၊ ပုဂ္ဂိုလ်စတာတွေသိနေကြရင် (ပညတ်)တွေဖြစ်နေကြလို့ စင်ကြယ်တဲ့မနောမဖြစ်နိုင်ဘူး၊ (နိဗ္ဗာန်) ကစင်ကြယ်တဲ့မနောနဲ့မှ ရတာမျိုးပဲဒကာကြီး (မှန်ပါ့ဘုရား)။

"ရာဂေါနိမိတ္တကာရဏံ" တဲ့၊ ရာဂေါ = တပ်မက်ညှိတွယ်တဲ့ (ရာဂ) သည် နိမိတ္တကာရဏံ = (နိမိတ်) တို့ (သဏ္ဌာန်) တို့ကိုပြုတတ်

၏တဲ့ (မှန်ပါ့)၊ ရာဂစိတ်ဝင်ရင် (နိမိတ်သဏ္ဌာန်) တွေဖန်ဆင်းတော့တယ်၊ (နိဗ္ဗာန်) က (အနိမိတ္တ) နိမိတ်မရှိဘူး (မှန်ပါ့)။

(သဏ္ဌာန်)မရှိ မရှေ့ဘိငြိမ်း၏
ထို(နိဗ္ဗာန်)တဲ့(မှန်ပါ့)
(နိဗ္ဗာန်)ကအနိမိတ္တပစ္စုပဋ္ဌာန်(နိမိတ်)မရှိဘူး(မှန်ပါ့)

ဒါကြောင့် (သဏ္ဌာန်၊ နာမ) မရောက်က ညွတ်ကြတယ်မရှိဖြစ်လို့ မိမိရှုမဲ့ (ဝိပဿနာ) သည် (နိမိတ်၊ သဏ္ဌာန်၊ နာမ) မရှိတဲ့ (အနိမိတ္တဘာဝနာ) ဖြစ်ရတယ် (မှန်ပါ့)။

လောကောနိမိတ္တကာရန်=လောကသည် (နိမိတ်တို့သဏ္ဌာန်) တို့ကိုပြုနေ၏တဲ့။ ရာဂေါမိုမိတ္တကာရန် = (ရာဂ)သည်လည်း (နိမိတ်) တို့ (သဏ္ဌာန်) တို့ကိုပြုနေပါတယ် (မှန်ပါ့)၊ ရာဂဖြစ်ရင် မိန်းမရုပ်ယောကျ်ားရုပ်တို့ချစ်ခင်စေတဲ့ (ပီယရုပ်)တို့ပေါ်တယ်၊(လောဘမူစိတ်) ဖြစ်တယ်၊ဒါကြောင့်(ပညတ်)ဖြစ်တဲ့(နာမသဏ္ဌာန်) ရောက်အောင်ရှုဖို့ဆိုတာပေါ့၊ (နာမသဏ္ဌာန်) ရောက်အောင်ရှုရင် "သဗ္ဗေသင်္ခါရအနိစ္စယထာပညာယပဿတိ" ဖြစ်နေတာပေါ့ (မှန်ပါ့) "ဓမ္မာနုအနုဓမ္မစာရီ" တရားအားလျော်စွာကျင့်တဲ့အကျင့် (ဝါ) ဓမ္မာနုဓမ္မပဋိပတ္တိရာနဲ့ ယောနိသောမနသိကာရ ဖြစ်နေတာပေါ့ (မှန်ပါ့ဘုရား)။

(တဏှာ၊ မာန၊ ဒိဋ္ဌိ) တို့က ဘယ်ကဖြစ်ကြသတုံး (နာမည်)

တို့ (သန္တာန်) တို့ဖြစ်တဲ့ ပညတ် (နာမသန္တာန်) ကဖြစ်တာ၊ (နာမည်) တို့ (သန္တာန်) ပညတ်တွေပါလာရင် (တဏှာ) ဖြစ်တော့တာပေါ့၊ (မှန်ပါ့)၊ မျက်စေ့ကမိန်းမပျိုလေးကို မြင်လိုက်ရင် သားစိတ်၊ မယား စိတ် (တဏှာ) ဝင်ပူးတော့တာပဲ၊ မိန်းကလေးက အကိုရဲ့ ဦးရဲ့ဆိုရင် မခွာနိုင်တော့ဘူး စွဲလန်းပြီ (ဥပါဒါန်) ဝင်ပြီ၊ ဒါကြောင့် (ဉာဏ်) နဲ့ စောင့်စည်းတာအကောင်းဆုံးပဲ၊ ဘယ်လိုစောင့်စည်းရမလဲဆိုရင် (နာမသန္တာန်) မရောက်အောင် (ဉာဏ်) နဲ့နေရင် စောင့်စည်းပြီး ဖြစ်နေပါကယ် (မှန်ပါ့)၊ (နာမသန္တာန်) မရောက်အောင် (ဉာဏ်)နဲ့ တားထားရမယ်၊ (မှန်ပါ့)၊ ဒါကြောင့် (နာမသန္တာန်) မရောက်ရင် (တဏှာ)ပါ်သွားမယ်၊ ပျောက်မယ်၊ ပညတ် (ဒိဋ္ဌိ) လည်းပျောက်ပြီ (သောတာပန်) ကစပြီး အထက်မဂ်တွေရောက်တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)

(နာမသန္တာန်) မရောက်ရင် (ပညတ်) တွေကွာပြီးဖြစ်တဲ့ အတွက် (ပရမတ္ထတရား) ဖြစ်တာပေါ့၊ (အရိယာ) တရားလည်း ဖြစ်တာပေါ့၊ (ဓမ္မ) ဆိုတဲ့ (စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်၊ ပညတ်) ကိုရှုကြည့်တဲ့ (ဓမ္မာနုပဿနာ) တရားလည်းဖြစ်တာပေါ့၊ (ဧဝယျခံ) တရားလို့လည်း ခေါ်တာပေါ့၊ (ပညတ်)မဘက်သော(ပရမတ်)ကိုသာ ရှုကြည့်တဲ့သူတော်ကောင်းတရားလို့လည်း ခေါ်တာပေါ့၊ သူတော် ကောင်းတရားဖြစ်မှ (အရိယာသစ္စာနံဒဿနံ)ခေါ်ရတာပေါ့၊ အရိယာ

သစ္စာနံ့ဒဿနံ့ဖြစ်မှ (နိဗ္ဗာနသစ္စိကရိယာ) နိဗ္ဗာန်ကို မျက်မှောက်ပြု တော့တာပေါ့ ဒကာကြီး (မှန်ပါ့ဘုရား)။

ကဲ တရားသိပြီဖြစ်တဲ့အတွက် ကြိုးစားပေတော့ (မှန်ပါ့ ဘုရား)

**ဓမ္မာနုပဿနာ (တတိယတွဲ)ပြီး၏**

ဦးကံညွန့်

# ကျမ်းကိုးစာရင်း

၁။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော (ဓမ္မာနုပဿနာ) တရားတော် (တိတ်ခွေ)

၂။ ဆရာကြီး ဦးကြည်ရေးသားဟောကြားသော

(က) ဒိဋ္ဌဓမ္မော

(ခ) မဟာဒုက္ခက္ခန္ဓသုတ်အဖွင့်

(ဂ) မရှိမညာဏ်သိဖို့ရန်

(ဃ) သိတာနှင့်သိစရာများ

(င) ဗုဒ္ဓ၏အနတ္တ


(စ) တရားခွေများ


၃။ ပခုက္ကူဆရာတော်ဘုရားကြီးဟောကြားတော်မူသော (ဓမ္မာနုပဿနာ) တရားတော် (ပထမထုတ်)


ဦး... ထားသော တရားစာအုပ်များ

THANK YOU

၁၉၉... ၁၉၉၆ ၁၉၉၇ ၁၉၉၈















၁၉၉၉ ၁၉၉၉ ၂၀၀၀







၂၀၀၀ ၂၀၀၂ ၂၀၀၃







